

www.burmeseclassic.com
BURMESE CLASSIC .com
လမင်းရိုရို
ကွေ့သောလမ်းလည်း တချို့ ပြေ့သောလမ်းလည်း တချို့
www.burmeseclassic.com

www.burmeseclassic.com





# လမင်းမို့မို့




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

“မင်း လုပ်ျကြီးလုပ်ပြီး မနေနိုင်ဘူးလား သက်ဖူး”

သက်ဖူးညွန့်က ဖခင်ဖြစ်သူ ကွန်ပျူတာကိုင်နေတဲ့ စားပွဲပေါ် လက်ဖက်ရည်ပန်းကန်ကို ချပေးလိုက်ရင်းက ...

“အာ ... မလုပ်နိုင်ပါဘူး ဒက်ဒီကလည်း၊ ဘာဖြစ်လို့လုပ်ရမှာလဲ၊ အဓိပ္ပာယ်မှမရှိတာ”

ဦးနေထွတ်ညွန့်က အောင့်သက်သက်နှင့် ခပ်မဲ့မဲ့ပြုံးရင်း ...

“မင်းလည်း ဘာထူးလဲ၊ ယောက်ျားတွေထဲက တကယ့်သာမန်ယောဘုယျယောက်ျားတစ်ယောက်ပါပဲ”

“အဲဒါဘာဖြစ်လဲ ဒက်ဒီရဲ့၊ သာမန်ယောဘုယျယောက်ျားမဟုတ်လို့ ဘယ်လိုယောက်ျားမျိုး ဖြစ်ရဦးမှာလဲ၊ ကဲ ... အဲဒါဖြင့် ဒက်ဒီကကော ဘယ်လိုယောက်ျားလဲ ပြောပါဦး”

ဦးနေထွတ်ညွန့်က သက်ဖူးညွန့်ကို မျက်ထောင့်တစ်ချက်နှင့် ပေစောင်းစောင်း ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောနေတာပေါ့၊ ငါက မင်းကို ငါ့ထက်သာစေချင်တာ"

"မသာချင်ပါဘူးဗျာ ... ဒက်ဒီကလည်း"

"ဟော့ကောင်"

"ဒက်ဒီ့လောက်ဆိုရင်ပဲ တော်တော်ကောင်းနေ တော်နေပါပြီ ... ဟဲ ဟဲ"

"မင်း ရှူးသလို ပေါသလို လုပ်မနေနဲ့၊ ကဲ ... ပြောပါဦး၊ မင်းအသက်က ဘယ်လောက်များ ရှိနေသေးလို့လဲ"

"ဟာ ... နှစ်ဆယ့်ရှစ်နှစ်တောင် ရှိနေပြီလေ ဒက်ဒီရဲ့"

"နှစ်ဆယ့်ရှစ်နှစ်တောင် မဟုတ်ပါဘူးကွာ၊ နှစ်ဆယ့်ရှစ်နှစ်ထဲပဲ ရှိသေးတာပါ၊ သုံးဆယ်တောင် မပြည့်သေးဘူး၊ ယောက်ျားပဲကွာ၊ သုံးဆယ်ကျော်မှ မိန်းမယူလည်း အရွယ်မနှောင်းသေးပါဘူး"

သက်ဖူးက သူ့အဖေမျက်နှာနား ခါးကိုင်း၍ကြည့်ကာ ...

"ဒက်ဒီ ... စဉ်းစားလည်းပြောပါ ဒက်ဒီ၊ ကျွန်တော့်ကို မွေးတော့ ဒက်ဒီ့အသက် ဘယ်လောက်ပဲ ရှိသေးလဲ"

"အဲဒါကိုပဲ ပြောနေတာပေါ့ကွ"

"နှစ်ဆယ့်နှစ်နှစ်တောင် မပြည့်သေးဘူး၊ နှစ်ဆယ့်တစ်ကျော် ရှိလေ၊ အဲဒါကြောင့် ဒက်ဒီ အခု ငါးဆယ်မပြည့်သေးတာပေါ့"





"အေး... ငယ်ငယ်ရွယ်ရွယ် မိုက်ရူးရဲ မှားခဲ့လို့လည်း အခု ဘယ်လိုဖြစ်သလဲကြည့်လေ၊ အဲဒီအိမ်ထောင်ရေးက နိုင်မြဲလို့လား၊ ပြိုကွဲတယ် မဟုတ်လား သက်ဖူး၊ ဒါ ... မသုံးခဲ့တာလေ"

နေထွတ်ညွန့်က သူ့နားထင်သူ လက်ညှိုးနှင့်ထောက်ကာဆိုသည်။

"ဒါချည်းပဲလည်း မဟုတ်ပါဘူး ဒက်ဒီရာ၊ လူ့အပေါ်လည်း မူတည်ပါသေးတယ်၊ ပြီးတော့ အိမ်ထောင်ရေးဆိုတာ ထီထိုးသလိုပဲတဲ့၊ ဦးနှောက် ဘယ်လောက်ပဲသုံးပြီးတွက်တွက် ပေါက်ဂဏန်းထွက်တာမှ မဟုတ်တာ၊ ကြိုက်ဂဏန်းရွေးထိုးတဲ့သူချည်းပါပဲ"

"ဘာပဲဖြစ်ဖြစ် ခေါင်းတော့သုံးရမှာပဲလေ ... ဟော့ကောင်"

"ကျွန်တော် ခေါင်းလည်းသုံးပါတယ်၊ အချစ်တစ်ခုတည်းနဲ့ မျက်စိမှိတ်ရွေးထားတာမှ မဟုတ်တာ၊ ပိုးက လှလည်းလှတယ်၊ အသိုင်းအဝိုင်းမိဘမျိုးရိုးလည်း ကောင်းတယ်၊ ဉာဏ်လည်းထက်မြက်တယ်၊ အလုပ်အကိုင်ကလည်း ဆရာဝန် အကျင့်စာရိတ္တလည်း ကောင်းတယ်"

"ကျန်တာတွေ ပြောချင်ပြော၊ အကျင့်စာရိတ္တတော့ ထည့်မပြောနဲ့"

"ဟာ ... ဘာလို့မပြောရမှာလဲ၊ ဒက်ဒီကလည်း"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အကျင့်စာရိတ္တဆိုတာ ဒီနေ့ထိ ကောင်းပေမယ့် နက်ဖြန်အတွက် ဘယ်သူ့ကိုမှ ကြိုယုံလို့ရတဲ့ကိစ္စ မဟုတ်ဘူး သက်ဖူး၊ သူခိုးဆိုတာလည်း ဒီနေ့ သူ ပစ္စည်းတစ်ခု စ,ခိုးလိုက်လို့ သူခိုးဖြစ်သွားပေမယ့် မနေ့ကအထိ သူခိုးမဟုတ်သေးဘူးကွ၊ လူလိမ်ဆိုတာလည်း သူလိမ်လိုက်မှ လူလိမ်ဖြစ်သွားတာ၊ မလိမ်ဖူးခင်အထိ လူလိမ်မဟုတ်ဘူး ...

အဲဒီလိုပဲ အကျင့်ပျက်မယ့် ဖောက်ပြန်မယ့်သူတွေဟာလည်း အမေ့ဝမ်းက ကျွတ်ကတည်းက ငါကြီးလာရင် ဖောက်ပြန်မယ် အကျင့်ပျက်မယ်လို့ ကြိုကြံလာတဲ့သူတစ်ယောက်မှ မပါဘူး၊ ငါကြီးရင် သူခိုးလုပ်မယ်၊ လူသတ်မယ်လို့ ဘယ်သူမှ ကြိုတင်ကြံစည်ချက်ကြီးနဲ့ မွေးဖွားမလာဘူး သက်ဖူး ...

အကြောင်းကြောင်း တိုက်ဆိုင်လို့ ဖြစ်မှုတစ်ခုကို ကျူးလွန်မိသွားတဲ့ အချိန်မှာ ဒီလူဟာ လူလိမ်လည်းဖြစ်ရင် ဖြစ်သွားမယ်၊ လူသတ်သမားလည်း ဖြစ်ရင်ဖြစ်သွားမယ်၊ အကျင့်ပျက်လည်း ဖြစ်ရင်ဖြစ်သွားမယ်၊ မလုပ်ခင်အထိပဲ လူကောင်း၊ ဒါကြောင့် အကျင့်စာရိတ္တကို တစ်သက်ထည့်မပြောနဲ့ ... ဟော့ကောင်"

သက်ဖူးက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ဒက်ဒီပြောတာ မမှားပါဘူး၊ ဒါပေမဲ့ ဒါကို ကြိုတွေးကြိုစိုးရိမ်ပြီး ကြိုပူနေရရင် အိမ်ထောင်ပြုဖို့မပြောနဲ့ သူငယ်ချင်းပေါင်း ပေါင်းဖို့တောင် လူရှိမှာမဟုတ်တော့ဘူး ဒက်ဒီ၊





လူတစ်ယောက် ပျက်စီးဖို့က ဆေးပတ်ဝန်းကျင်က တွန်းပို့တဲ့အခြေအနေတွေ အများကြီး ပါပါသေးတယ်၊ ပတ်ဝန်းကျင်ကောင်းမှာ ကြီးပြင်းကျင်လည်နေတဲ့သူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကျင့်တရားလေးကို ပုံမှန်တန်ဖိုးထားထိန်းသိမ်းတတ်တဲ့ စိတ်ရှိရင် တော်ရုံတန်ရုံပစ်စလက်ခတ်ဖြစ်စရာ အကြောင်းမရှိပါဘူး"

"အဲဒီလိုတော့ ယေဘုယျတွက်နိုင်တာပေါ့ကွာ၊ ဒါပေမဲ့ ယေဘုယျတွေ ထုံးစံတွေကနေ သွေဖီသွားတဲ့ အဖြစ်အပျက်ကိစ္စရပ်တွေ အများကြီးရှိသေးတယ် သက်ဖူး"

"အဲသလောက်ထိတွေ ပူနေရရင် နေစရာမရှိတော့ဘူး ဒက်ဒီ"

ဦးနေထွတ်ညွန့်က ကစားလက်စ စစ်တုရင်ပွဲကို ရပ်ပစ်လိုက်ရင်း ...

"မင်းမှာ ဆင်ခြေချည်းပဲ၊ တစ်ခွန်းမှ လက်ခံနားဝင်ပုံမရဘူး၊ ခေါင်းလည်း တော်တော်မာတဲ့ကောင်"

သက်ဖူးက မှုန်တေတေဖြစ်နေတဲ့ ဖခင်ကိုကြည်ကြည်လင်လင်ပြုံးပြီးကြည့်ရင်း ...

"ဒက်ဒီ ... ပိုးက ကျွန်တော့်အတွက် အရမ်းကောင်းတဲ့ချစ်သူလေးပါ၊ ပြီးတော့ ကျွန်တော် သူ့ကို သိပ်ချစ်တယ်"

"အချစ်ဆိုတာ စိတ်နာကြည်းစရာ ခွင့်မလွှတ်လောက်စရာကိစ္စမျိုး ပေါ်လာရင် ဆပ်ပြာဘူဖောင်းကို ဖောက်ခွဲချက်ချင်းပေါက်ပြီး ပျောက်သွားတတ်တာမျိုးပါကွာ"

www.burmeseclassic.com



"အခု ပိုးအပေါ် စိတ်နာကြည်းစရာလည်း ဘာမှမရှိ၊ ခွင့်မလွှတ်လောက်စရာလည်း သူဘာမှမလုပ်ဘူးလေ ဒက်ဒီရာ၊ ကျွန်တော့်အချစ်တွေ ဘယ်လိုလုပ်ပြီး ဖောက်ခနဲ ပျောက်လို့ရပါ့မလဲ"

"မင်းမိန်းမတစ်ယောက်ကို အဲသလောက် မချစ်နဲ့ သက်ဖူး"

"ဒက်ဒီကလည်း ချစ်နေတဲ့ဟာကို မချစ်လို့ရမလား"

"တောက် ... ဒီခွေးကောင်၊ ငါ ကန်မိတော့မယ်"

ဦးနေထွဋ်ညွန့်က တကယ် ကန်တော့မလို ခြေတစ်ဖက်မြှောက်၍ ရွယ်လိုက်တာမို့ သက်ဖူးက ရယ်ကျဲကျဲနှင့် ကိုယ်ကိုယ့်ရှောင်လိုက်ပါသည်။

"ကဲ ... ဒက်ဒီ ပြောပါ"

"ဘာပြောရမှာလဲ"

"ခုနမေးထားတာလေ၊ အိမ်ဘယ်နေ့ခေါ်လာရမလဲ၊ ဒက်ဒီနဲ့ မိတ်ဆက်ပေးဖို့"

ဦးနေထွတ်ညွန့်က စုပုပ်ပုပ် မှုန်တေတေ လုပ်နေပါသည်။

"တကယ်တော့ ဒက်ဒီက များသောအားဖြင့် အိမ်မှာရှိတာများတော့ ဘယ်တော့ခေါ်လာခေါ်လာ အဆင်ပြေမှာပါ၊ ဒါပေမဲ့ ကျွန်တော်က ဒက်ဒီ့ခွင့်ပြုချက်နဲ့ ဒက်ဒီ့ရက်ချိန်းကို လိုချင်လို့ပါ"





"ငါ ခုတလော သိပ်နေမကောင်းဘူး ဟေ့ကောင်၊ နှလုံးက နည်းနည်းဖောက်ချင်နေတာ၊ နေဦး ... ခေါ်မလာနဲ့ဦး၊ ဖြည်းဖြည်းပေါ့"

"ဒက်ဒီ သိပ်နေမကောင်းရင် ပိုပြီးမြန်မြန်ခေါ်လိုက်မယ်၊ နက်ဖြန် သန်ဘက်ခါလောက်၊ ပိုးလည်း ဒက်ဒီ့ကို နည်းနည်းစမ်းသပ်ပေးကြည့်ပေးလို့ ရတာပေါ့"

"ဟေ့ကောင်"

"ဒက်ဒီကလည်းဗျာ၊ ကတ်ဖိုးကတ်ဖဲ့နဲ့"

"ခွေးကောင် ... မင်းက ဖအေကို ကတ်ဖိုးကတ်ဖဲ့လေး ဘာလေး သုံးနှုန်းစရာလား"

"တခြားသုံးစရာ စကားလုံး ရှာမတွေ့လို့ပါ"

"တော်ကွာ ... နားငြီးတယ်"

"ကျွန်တော်လည်း လျှာညောင်းနေပါပြီ၊ ဒက်ဒီ တစ်ရက်ချိတ်ပေးလိုက်ရင် ရပါပြီ ဒက်ဒီရာ"

ဦးနေထွတ်ညွန့်သည် ရင်ထဲမှာ ခုလုတုတုနှင့် ဖြစ်နေသည်။ သူ့ရဲ့ဘဝရဲ့ တစ်ဦးတည်းသော အဖော်မွန်ရတနာလေး တစ်ဦးတည်းသောသားလေး သက်ဖူးညွန့် ချစ်သူစရကတည်းက ရင်နာနေတာပါ။ ချစ်သူရည်းစားဆိုတာကတော့ ခုခေတ်ကြီးထဲမှာ ပြတ်ရင်လည်း ပြတ်သွားမှာပါလို့ ဖြေသိမ့်ထားတာ။

ငယ်ငယ်ကလည်း ဒီကောင် တွဲသလိုလို အိသလိုလို ကောင်မလေးတွေရှိခဲ့ အဆက်ပြတ်ခဲ့တာပဲလေ။ အခု ဒီကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့်ကျတော့ ဒီလိုဖြစ်မလာတော့ဘဲ သားကစွဲစွဲမြဲမြဲ မြတ်မြတ်နိုးနိုး တည်မြဲနေခဲ့သည်။ ဒီကောင်မလေးကို လက်ထပ်မည်လို့ စတင်အသိပေးကတည်းက ဦးနေထွတ်ညွန့် ရင်ထဲမကောင်း။

နေပဲမကောင်းသလိုလို စိတ်ပဲတိုသလိုလို ဝမ်းပဲနည်းသလိုလို။ ခုတော့ သူတို့ကိစ္စက ခိုင်သထက်ခိုင်မာကာ လက်ထပ်ကြတော့မို့ တိုင်ပင်တဲ့အထိ ဖြစ်လာပြီ။ ချစ်သူသက်တမ်လည်း နှစ်နှစ်ရှိလာပြီလေ။ သားဖြစ်သူဆိုရင် ဟိုဘက်ကောင်မလေး အိမ်ကိုဝင်ကာထွက်ကာ ကောင်မလေး မိသားစုဝင်တွေနဲ့တောင် ရင်းနှီးခင်မင်မှု ရပြီးနေပြီ။

သူ့ဘက်ကသာ သူက "ခေါ်မလာစမ်းပါနဲ့ဦးကွာ" လုပ်ထားလို့ ကလေးမလေး ရောက်မလာရသေးတာ။ ဒီရက်ပိုင်းတော့ သားက တကျိုကျို တကျာကျာနှင့် သူ့ကောင်မလေးကိုခေါ်လာပြတော့မည်။ လူကြီးချင်း သွားစကားပြော နားဖောက်ပေးတော့ စသဖြင့် ပူဆာမှုစိပ်လာတာ။

"ပြီးတော့ ... ရှိသေးတယ်"

သူ့ရဲ့အင်တင်တင်လေသံကြီးကြောင့် သက်ဖူးကမျက်ခုံးတွန့်သွားရပြန်ကာ ...

"ဘာရှိပြန်ပြီလဲ ဒက်ဒီရဲ့"

"မင်းကောင်မလေး နာမည်က ... ဘာ ..."

"ပိုးပုလဲဖွေးဥ"

"အောင်းမယ့်လေးလေး ... နာမည်ကိုက"





"နာမည်က ဒက်ဒီသိပြီးသားလေ၊ ဘာဖြစ်လို့လဲ"

"ကြာသပတေးသမီး မဟုတ်လား"

"ဟုတ်တယ်လေ ဒက်ဒီ"

"စနေနဲ့ ကြာသပတေး ဓာတ်မတည့်ဘူး သက်ဖူး"

"ကျွန်တော်က သောကြာလေ"

"ငါက စနေကွ"

သက်ဖူးညွန့်က ခေါင်းတစ်ချက် ယမ်းဆတ်လိုက်ပြီး ...

"ဟား ... ဘာဆိုင်လဲ ဒက်ဒီရ၊ ဒက်ဒီ ယူရမှာ ကျနေတာပဲ၊ ကန်တော့ ... ကန်တော့ပါရဲ့"

"ဟကောင် ... ငါ ကန်ပြန်ဦးမယ်၊ ဖအေကိုပြောပုံက၊ ယူယူ မယူယူကွ၊ တစ်အိမ်တည်းနေရမှာ၊ မင်းပဲ ယူပြီးရင် ငါနဲ့ခွဲမသွားဘဲ ဒီမှာပဲနေမယ်ဆို"

"ဟုတ်တယ်လေ၊ သူတို့အိမ်မှာ သူ့အစ်ကိုလူပျိုကြီးတို့ ညီမအပျိုတို့ရှိသေးတော့ သူ့အိမ်မှာလည်း မနေဘူး၊ အိမ်ခွဲနေဖို့ကျတော့လည်း ဒက်ဒီကိုသနားလို့လေ"

"အေး ... အဲဒါပြောတာလေ၊ ငါနဲ့ ကြာသပတေးဓာတ်မတည့်ဘူး သက်ဖူး"

သက်ဖူးညွန့်က အဖေလုပ်သူကို ခပ်ပေပေစိုက်ကြည့်နေလိုက်ပါသည်။ ဒက်ဒီ ရှာကြံရစ်နေပြန်ပြီလေ။

"ဒါဖြင့်လည်း လက်ထပ်ပြီးရင် အိမ်ခွဲနေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်တော့ မခွဲရဘူး၊ ငါ့မှာ တစ်ကမ္ဘာလုံး တစ်လောကလုံး ပြေးကြည့်၊ မင်း တစ်ယောက်ပဲရှိတာ"

"ဒက်ဒီ့ဟာက ခွဲလည်းမနေရဘူး၊ အတူနေလည်း ခေါင်းမတည့်ဘူးဆိုတော့ ဘာလုပ်ရမှာလဲဗျ"

"ခေါင်းတည့်မယ့်မိန်းမ ရှာရမှာပေါ့ကွ"

"ဟာ ... ဒက်ဒီ့ဉာဏ်တွေ မသိဘူးများ ထင်လို့လား၊ ကျွတ် ...၊ ခုမှ နောက်တစ်ယောက် ထပ်ရှာရင် ရှည်းစားသက်တမ်းနဲ့ ဘာနဲ့ နောက်နှစ်နှစ်လောက်တော့ နောက်ဆုတ်သွားမှာပဲလို့ တွေးနေတာ မဟုတ်လား"

"ဟောကောင် ... စနေနဲ့ ကြာသပတေး ခေါင်းမတည့်လို့ ပြောနေတာက မင်းအမေ ကြာသပတေးသမီး မေသက်တင်၊ ငါနဲ့ ခေါင်းမတည့်တာ တွေ့တယ်မဟုတ်လား"

"ဟာ ... မာမိက ဒက်ဒီ့မိန်းမလေ၊ ဘာဆိုင်လဲ၊ ခုဟာက ကျွန်တော့်မိန်းမ ဖြစ်မှာလေ"

"မင်းအမေ မေသက်တင် ကြာသပတေးနံ တစ်လုံးတည်းနဲ့တောင် ငါ့ဘဝကို ဘယ်လောက်ဒုက္ခပေးသွားတယ်၊ မင်းအသိပဲ၊ အခုကြည့်စမ်း ပိုးပုလဲဖွေးဥ၊ ကြာသပတေးနံ သုံးလုံးပူးနဲ့ ... ဖျား ... ဖျား ... ဖျား"

ဦးနေထွတ်ညွန့်က "ဘုရား"တ,သံကို ဟန်ပါပါ ရေရွတ်လိုက်ပြီးမှ ...

"နောက်ဆုံးစာလုံးကလည်း 'ဥ'တဲ့"





"ဥ ... ကကော ဘာဖြစ်ပြန်လို့လဲ"

"ဥဆိုတာ တနင်္ဂနွေ၊ တနင်္ဂနွေက ငါ့အညွန့်"

"ဗျာ ... ဒက်ဒီ ဗေဒင်ဆရာတော့ လုပ်မစားသေးပါဘူးနော်၊ နေ့နံတွေ အညွန့်တွေ ပြောဆိုပြီး ဘာတွေဖြစ်နေတာလဲ"

"ကြာသပတေးနံသုံးလုံးနဲ့ ငါ့ရဲ့အညွန့်နဲ့ အဆုံးသတ်ထားတဲ့ နာမည်ပိုင်ရှင်ဟာ ငါ့ကို ဒုက္ခကောင်းကောင်းကြီးပေးမှာ ငါ ကြိုသိနေတယ် သက်ဖူး၊ မင်းအဖေ ဒုက္ခရောက်မှာနော် ... ဟောကောင်"

"အာ ... ဒက်ဒီကလည်း ဘာမှမဆိုင်ပါဘူးဗျာ၊ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး၊ တမင်သက်သက် ဒက်ဒီရစ်နေတာ ကျွန်တော်သိပါတယ်၊ ရန်ကုန်သလောက် ရှောင်လွှဲပြီး ကဖျက်ယဖျက် လုပ်နေတာ နားလည်ပါတယ် ဒက်ဒီရာ၊ ဒါပေမဲ့ ဒီကိစ္စက ပျက်မယ့်ကိစ္စမဟုတ်ဘူး ဒက်ဒီ၊ မဖြစ်မနေ မလွှဲမသွေဖြစ်လာမယ့် ကိစ္စပါ၊ ဒက်ဒီ စိတ်လျှော့ပေးပါ၊ ကျွန်တော့်မျက်နှာကိုထောက်ပြီး ကျွန်တော် စိတ်ချမ်းသာအောင် လိုက်လျောပေးလိုက်ပါ ဒက်ဒီရာ"

ဦးနေထွတ်ညွန့်က သားဖြစ်သူ သက်ဖူးညွန့်မျက်နှာလေးကို ဖျတ်ခနဲလှမ်းကြည့်ပြီး မျက်လုံးလွှဲထားလိုက်ပါသည်။ သူ ချစ်ရလွန်းတဲ့ သားလေးလေ၊ ဘယ်စိတ်ဆင်းရဲစေချင်ပါ့မလဲ။ သားတစ်သက်မှာ သူတစ်ဦးတည်း ပြုစုပျိုးထောင်စောင့်ရှောက်ခဲ့ရတဲ့ သက်တမ်းပင်လျှင် ကြာခဲ့လှပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



သား စိတ်ချမ်းသာတာ ပျော်ရွှင်တာကိုသာ ကြည့်ချင်မြင်ချင်တာ။ အခုကိစ္စကတော့ သူ နှမြောတသ ရင်နာရတဲ့ အိမ်ထောင်ရေးကိစ္စ ဖြစ်နေလို့။ အိမ်ထောင်ရေး ကံမကောင်းခဲ့တဲ့ ဦးနေထွတ်ညွန့်က ဖြစ်နိုင်ရင် သူ့သားလေးကို အိမ်ထောင်ကို မပြုစေချင်တာ။ လူပျိုကြီးသာ လုပ်စေချင်တာ။

သူ့တုန်းကလို အိမ်ထောင်ရေးဒုက္ခ နာကြည်းချက်ကြီးမျိုး၊ အရှက်တကွဲ အကျိုးနည်းမှုမျိုး၊ တစ်သက်လုံး အသားမသေတော့တဲ့ နှလုံးသားဒဏ်ရာဒဏ်ချက် ဟက်တက်ကွဲမျိုး မကြုံရစေချင်၊ မခံစားရစေချင်တဲ့ တစ်ယူသန် စိုးရိမ်မှုပန်မှုကြီးက ရင်ထဲထုတ်ချင်းခတ် ရှုံးဖော ်နှစ်ဝင်နေတာပါ။

"မင်းကို ငါက လုံးဝကန့်ကွက်နေတာ မဟုတ်ပါဘူး သက်ဖူးရာ"

"ဒါဖြင့်လည်း ပြီးရောပေါ့ ဒက်ဒီရ"

"ဒီထက် အချိန်ယူ စဉ်းစားစေချင်သေးတဲ့ သဘောပါ"

"နှစ်နှစ်ကျော်ပြီလေ ဒက်ဒီ၊ ဒီထက်အချိန်ယူနေဖို့က မိန်းကလေးဘက်လည်း ထည့်တွက်ရဦးမှာပေါ့၊ သူ့မိဘတွေဆန္ဒလည်း ထည့်တွက်ရဦးမှာပေါ့"

"သူ့မိဘတွေကလည်းကွာ ကိုယ့်သမီးလေး ခုမှ နှစ်ဆယ့်ခြောက်နှစ်ဆို၊ မြန်မြန်ပေးစားချင်နေပြီလား ... စံပါပဲကွာ"





"မြန်မြန်ပေးစားချင်တာတော့ ဘယ်ဟုတ်မလဲ ဒက်ဒီရ၊ ကျွန်တော်တို့ အသက်အရွယ်တွေက သင့်တင့်လျောက်ပတ်တဲ့အရွယ်တွေ ဖြစ်နေတာကိုး၊ အရမ်းစိတ်သဘောကောင်းတဲ့မိသားစု ဒက်ဒီရ၊ ကျွန်တော့်ကိုလည်း သိပ်ချစ်ခင်ကြတာ၊ ဘယ်ဘက်ကကြည့်ကြည့် ကျွန်တော့်အတွက် အကောင်းဆုံး အိမ်ထောင်ဖက်ပါ ဒက်ဒီရာ"

ဦးနေထွတ်ညွန့်က သက်ဖူးကို မျက်စောင်းကြီးတစ်ချက်ရွယ်ရင်း ...

"အင်းလေ ... မင်းအခြေအနေက ဖျက်လို့လည်းမရတော့ပါဘူး"

"ဟုတ်တယ်လေ ... ဒက်ဒီရ"

"ဖျက်မရတဲ့တူတူ ငါလည်းမဖျက်တော့ပါဘူး၊ ဒါပေမဲ့ မင်းတစ်ခုတော့သိထား သက်ဖူး"

"ဟုတ်ကဲ့ ... ဒက်ဒီ"

"ဒီကောင်မလေးဟာ ငါ့နှလုံးသားကို ဖြုတ်ယူသွားမယ့် ကောင်မလေးဆိုတဲ့ အမြင်အံတွေးကိုတော့ ငါဘယ်တော့မှ ဖျောက်လို့မရနိုင်တာ မင်း သိထား"

"ဒက်ဒီကလည်းဗျာ"

"အိမ်ကိုလည်း ရောက်လာဦးမှာဆိုတော့ ငါ့မျက်စိအောက်တော့ အပိုးကျိုးပစေ၊ ထိပ်တိုက်တွေ့စရာ ဘယ်တော့မှ ဖြစ်မလာစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ဒီကလည်း မဖြစ်နိုင်ပါဘူးဗျာ၊ ဗိုးက အရမ်းစိတ်ကောင်းတော့မှရှိတဲ့ မိန်းကလေးပါ၊ ခက်ဒီ့ကိုလည်း အဖေတစ်ယောက်လို သူက ချစ်မှာပါ"

"မလိုဘူး ယော့ကောင်း၊ ငါမှာ သားတစ်ယောက်ပဲရှိတယ်၊ မင်းပဲရှိတယ် သက်ရှူး၊ ခုနေ မိုးပေါ်က နတ်သမီးဆင်းလာလည်း ငါသိးနေရတော့ ငါကလေးမေယ် မထင်နဲ့၊ ဈေးတော ဈေးမဲပေါ်ကွ၊ အဲဒီတွေ မလုပ်စမ်းနဲ့"

"ခက်ဒီကတော့ ဘုဝ်"

"အေး _ ဟုတ်တယ်ကွာ၊ မူနေတဲ့ ဘုဝ်၊ သဘောပေါက်ရင် ပြီးရော"

"ဒါဖြင့် နက်ဖြန် ခက်ဒီ့ဆီ ခေါ်လာတော့မယ်"

ဦးနေထွတ်ညွန့်က ပါးစပ်လှုပ်စိလှုပ်စိနှင့် သားဖြစ်သူကို အသံတိတ် ခဲဆိုလေသည်။



## [ ၂ ]

ဒီကောင်မလေး လှလွန်းလှချည်လားလို့ ဦးနေထွတ်ညွန့် အံ့အားတသင့် ယက်ရှူးခါရသည်။ ဒါကြောင့်လည်း သက်ရှူး တန်းတန်းစွဲ ရူးသွပ်တာ။ ရူးမယ်ဆိုလည်း ရူးလောက်စရာပါပဲ။ သားရဲ့ချစ်သူ ကောင်မလေးကို သူတို့တွဲနေတာ နှစ်နှစ်ရှိတဲ့အထိ တွေ့ဖူးအောင်လည်း မကြိုးစားခဲ့၊ တွေ့လည်း မတွေ့ဖူးခဲ့တာမို့ ခုမှပဲတွေ့ရတာပါ။

တော်တော်လှတာကို ယံကဲသင့်ခဲ့ရပေမယ့် ဒီအချက်ကို အမှတ်ပေးရမယ့်အချက်လို့တော့ ဦးနေထွတ်ညွန့်က မသတ်မှတ်ပါ။ ချောမောလှပခြင်းဟာ သူ့အတွက်တော့ အမှတ်တောင် နှုတ်ချင်သေးတဲ့အချက်ပါ။ မိန်းမလှ မိန်းမချောတို့ဟာ သူတို့အလှအပေါ် ဂုဏ်မောက်ပြီး အလှကို ကိုးစားအနိုင်ယူချင်တတ်ကြတယ်လို့ ဦးနေထွတ်ညွန့်က သတ်မှတ်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးရဲ့မျက်နှာလေးက လှပတဲ့အပြင် ကြည်ကြည်လင်လင်လည်းရှိသည်။ မျက်လုံးများက တောက်ပပြီး ဖြတ်ထိုးဉာဏ်ထက်မြက်မည့် အသွင်သဏ္ဍာန်။ စူးစူးရဲရဲ ဝံ့ဝံ့စားစားရှိလှသည်။ အဲသလောက် စူးရဲဝံ့စားတာကို ဦးနေထွတ်ညွှန့် မနှစ်မြို့။ ရှင်းရှင်းပြောရလျှင် ပိုးရဲ့မျက်ဝန်းများက မေသက်တင် မျက်ဝန်းများနှင့် ဆင်တူသည်။

ပိုးကို မြင်တွေ့လိုက်ရချိန်မှာ မေသက်တင်ကို များစွာအမှတ်ရစေသည်။ အဲဒါကိုက သူ့အတွက် စိတ်အနှောင့်အယှက်ပင်။

"ဒက်ဒီ ... ဒါ ပိုးပဲ၊ ပိုးက အခု Physiology ဌာနမှာပဲ ဆရာမပြန်ဝင်လုပ်ရင်း အမ်အက်စီစီဖြေဖို့ စာဖတ်နေတယ်၊ ပိုး ... ဒါ ကိုယ့်ဒက်ဒီ ဦးနေထွတ်ညွှန့်"

"ဟုတ်ကဲ့ ဒက်ဒီ၊ တစ်နေ့နေ့တော့ ဒက်ဒီနဲ့ ဆုံကိုဆုံတွေ့ရမှာ သေချာပေမယ့် သမီးက အစောကြီးကတည်းက တွေ့ချင်နေတာ၊ ဒက်ဒီနဲ့တွေ့ပေးဖို့ ကိုကို့ကိုပူဆာပေမယ့် ကိုကိုက ဒက်ဒီ အဆင်သင့်ဖြစ်မှပဲ တွေ့လို့ရမယ်ဆိုတာနဲ့ ဒီနေ့ ဒီအချိန်ကို သမီး တောက်လျှောက် စိတ်ရှည်လက်ရှည် စောင့်လာတာပါ၊ နောက်ဆုံးတော့လည်း ဒီနေ့က ရောက်လာရတော့တာပဲ၊ တွေ့ရတာ အရမ်းဝမ်းသာပါတယ် ဒက်ဒီ"





ကရားရေလွှတ် တတွတ်တွတ် ဆိုတာလို ဖွယ်ဖွယ်ရာရာ စီကာပတ်ကုံးပြောနိုင်တဲ့ ပိုးပုလဲဖွေးဥကို ဦးနေထွတ်ညွှန့်က စိုက်ပြီးကြည့်နေခဲ့မိသည်။ စကားကဘော ဘာကြောင့် ဤမျှဘတ်ရတာလဲလို့ တွေးနေမိပါသည်။ သူ့ဘက်က ဘာမှပြန်မပြောနိုင်အောင် ဝန်လေးဆွံ့အနေခဲ့မိသည်။

"ဒက်ဒီ နေကောင်းရဲ့လား၊ ဟာ့ထ်က ဘယ်လိုနေပါလဲ"

နှလုံးမကောင်းကြောင်း အာချောင်ထားမှာဖြစ်တဲ့ သက်မှူးကို ဖျတ်ခနဲ လှမ်းကြည့်ရင်း ...

"ဘာမှမဖြစ်ပါဘူး ဟာ့ထ်က၊ ကောင်းပါတယ် အေးဆေးပါပဲ"

"ဟုတ်ကဲ့ ... ဟာ့ထ်နဲ့ ပတ်သက်လို့ အရမ်းတော်တဲ့ သမီးရဲ့ဆရာကြီးတွေလည်း အများကြီးရှိပါတယ် ဒက်ဒီ"

"မလိုပါဘူး၊ ပြလက်စ ပြနေကျ သမားတော် ရှိပြီးသားပါ"

"ဟုတ်ကဲ့ ဒက်ဒီ၊ လိုအပ်တာရှိရင် ပြောပါနော်"

"လိုအပ်တာ မရှိပါဘူး"

"ဒက်ဒီက သူ့စိတ်နဲ့ သူ့ကိုယ်၊ သူ့ဆုံးဖြတ်ချက်နဲ့သူပဲ ပိုး၊ တော်ရုံတန်ရုံ ဘာမှပြောမှာတိုင်ပင်မှာ အကူအညီတောင်းမှာ မဟုတ်ဘူး ပိုးရဲ့"

"လူကြီးဆိုတော့ ဒီလိုပါပဲ ကိုကိုရယ်"

အမယ် ... သူက။ နားလည်ပေးနိုင်ပါတယ်ဆိုတဲ့ လေသံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူတို့စကားဝိုင်းလေးက သက်ဖူးနှင့်ဖိုးတို့ရဲ့အပြန်အလှန် အပေးအယူ အတုံ့အလှည့်စကားတို့နှင့်သာအသက်ဝင်ခဲ့ရတာဖြစ်ပြီး ဦးနေထွတ်ညွန့်ကတော့ ခပ်မဆိတ်တိတ်လို့သာနေခဲ့ပါသည်။

သားဖြစ်သူ သက်ဖူးကတော့ သူ့ကိုဘယ်လောက်အားမလို အားမရ အသည်းယားလိမ့်မည်မသိ၊ ထမင်းဟင်းလာချက်ပေးသူ ဒေါ်ချစ်ကြီးကပင်လျှင် မနေနိုင် မဆိုင်နိုင်ဖြစ်ကာ ဖိုးပြန်တဲ့အခါ ...

"ကလေးမလေးက ချစ်စရာလေးရယ်ပါ ဆရာကြီးရယ်"

အောင့်အည်းပြီး တစ်ယောက်တည်းကျိတ်ကာ စိတ်ဖုနေသော သူ့မလိုတမာမှုက ဒေါ်ချစ်ကြီးထံ လမ်းလွှဲပုံကျကာ ...

"ဘာတုံး ဒေါ်ချစ်ကြီး၊ ကျွန်တော်က ဘာပြောနေလို့လဲ"

"သြော် ... ကျွန်မက ချစ်စရာလေးပါလို့ပဲ ပြောတာပါ"

"ဘာဖြစ်လို့လဲ၊ ကျွန်တော်ကကော မုန်းစရာကြီးလို့ပြောမိလို့လား"

"သြော် ... ဆရာကြီး မကျေနပ် မကြည်ဖြူဘူးလားလို့ပါ"

"ခင်ဗျားကို ကျွန်တော် အဲသလို ပြောလို့လား"

"မပြောပါဘူး၊ ကျွန်မဘာသာ အဲသလိုထင်တာပါ"

"ထင်တာတွေကို လျှောက်ပြီးထုတ်ပြောမနေနဲ့ ဒေါ်ချစ်ကြီး၊ စိတ်ထဲက ထင်ချင်သလိုထင် စိတ်ထဲပဲထား၊ သဘောပေါက်လား"





"ဟုတ်ကဲ့ ... ပေါက်ပါတယ်"

"ပေါက်ရင်ပြီးတာပဲ"

ဒေါ်ချစ်ကြီးက ဖြူးတုံ့တုံ့ကြီးနှင့်ပင် ဘာမှစကားမဆက်တော့။ သူ့ပုံစံကလည်း သူ့အိမ်ရှင်သခင်ကို နားလည်ခွင့်လွှတ်တဲ့ပုံစံ။ သူကလွဲရင် ကျန်တဲ့သူအားလုံးပုံစံက သူ့ကိုနားလည်ပေးပါတယ်လေဆိုတဲ့ သဘောထားကြီးသူကြီးတွေပုံစံ ချိုးနေကြတာကိုက ဦးနေထွတ်ညွန့်စိတ်ကို ကသိကအောက် အောင့်သက်သက် ဖြစ်စေသည်။

သူက ဘာဖြစ်နေလို့လဲ သူကဘာများကောပြောနေလို့လဲ။ ငြင်းလို့လည်းမရနိုင်တော့တဲ့ သားဖြစ်သူရဲ့မင်္ဂလာကိစ္စအတွက် နှုတ်ပိတ်တိတ်ဆိတ်ပြီးတော့ပဲ နေပေးနေတာ မဟုတ်လား။ ဒါဆို မရသေးဘူးလား။

"ဒက်ဒီ ... ဖိုးက ပြန်ခါနီး ကားပေါ်တက်တော့ ဘာပြောသွားလဲ သိလား"

"ဘယ်သိမလဲ ဘာတဲ့လဲ"

"ဒက်ဒီ့ကို ပြောသွားတာ"

"အောင်မာ၊ ဒီငတိမက ငါ့ကို ငါ့သားဆီ ဘာအပုပ်ချအတင်းတုတ်သွားသေးတာလဲ"

"အပုပ်ချရအောင် ဒက်ဒီက ပုပ်နေလို့လား၊ အတင်းတုတ်ရအောင်ရော ဒက်ဒီက အတင်းပြောစရာလုပ်လို့လား ဒက်ဒီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ရှင်းရှင်းပြောစမ်း၊ ရိသဲ့သဲ့ လုပ်မနေနဲ့၊ ငါ့ကို ဘာတဲ့လဲ၊ ဒီကောင်မလေးက"

"ဒက်ဒီက အရမ်းချစ်ဖို့ ကောင်းတာပဲတဲ့"

"ဟော့ကောင် ... မင်း ငါ့ကို အရွဲ့တိုက်မနေနဲ့"

"ဟင် ... ဒက်ဒီကတော့ စံပဲ၊ ဒက်ဒီချစ်ဖို့ကောင်းတယ်ဆိုတာကို ဒက်ဒီက အရွဲ့တိုက်တယ် ထင်တယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ချစ်ဖို့မကောင်းဘူး၊ စိတ်ပျက်ဖို့ကောင်းတယ်လို့ ဒက်ဒီက ထင်နေတဲ့သဘောလား"

"မထင်ပါဘူး ... ဟုတ်မှမဟုတ်တာ၊ ငါ သူ့ကို တတ်နိုင်သမျှ လိုက်လျောဆက်ဆံလိုက်သားပဲ"

"ဩော် ... ဒါက ဒက်ဒီ အတော်လိုက်လျောဆက်ဆံလိုက်ကာပေါ့နော်"

"ဟုတ်တယ်လေ"

"ဒါဖြင့် ပိုးက အဲဒါကို နားလည်သဘောပေါက်လို့ ဒက်ဒီကိုချစ်ဖို့ ကောင်းတယ်လို့ ပြောတာနေမှာပေါ့"

"သက်ဖူးနော် ... သက်ဖူး၊ စကားပြောတာ လိမ်ကောက်ကွေ့ပတ်နေတာပဲ"

"ပိုးက တကယ်ပြောသွားတာပါ ဒက်ဒီရ၊ ပိုးက အပြုသဘောဆောင်တဲ့ အကောင်းမြင်ဝါဒီသမားပါ၊ လိမ်လည်းမပြောတတ်ပါဘူး"

"ငါကတော့ အပျက်သဘောဆောင်တဲ့ အဆိုးမြင်ဝါဒီပေါ့လေ"





"ဟောဗျာ ... ဒက်ဒီက အခုကိုပဲ အဆိုးမြင်နေတာ၊ ဒက်ဒီ အခုထက်ပိုပြီး အကောင်းမြင်တတ်ဖို့ လိုနေသေးတယ်"

"ငါက အဆိုးလည်းမမြင်ဘူး၊ အကောင်းလည်း မမြင်ဘူးဟော့ကောင်၊ အရှိကို အရှိအတိုင်းပဲ မြင်တယ်"

"အဲလောက်ဆို ရပါပြီ ဒက်ဒီရဲ့"

"ဒါပေမဲ့ မင်း ကောင်မလေးကို ဒီနေ့ အကဲခတ်လို့ရသလောက်က ဒီကောင်မလေးက ငါ ကြိုက်မယ်ထင်တာတွေချည်း ရွေးပြောသွားတယ်၊ အဲလိုကျတော့ သူ့စိတ်ထဲအမှန်တကယ်ရှိတာကို ငါ ဘယ်သိရတော့မလဲ၊ သူ့ကို မင်းပြောထားလိုက်၊ ငါ့ကို ဖားပြီးဆက်ဆံစရာမလိုဘူးလို့ ... ကြားလား"

သက်ဖူးက ခေါင်းတညိတ်ညိတ် ရယ်ကျဲကျဲနှင့် ...

"ဒက်ဒီသဘောထားက အဲသလို သေချာရင် ပြီးတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်ဟာ အိပ်ခန်းလေးခန်းပါတဲ့အိမ်ဖြစ်ရာ နဂိုကတည်းက နှစ်ယောက်အိပ် မာစတာဘက်ဒ်ရွမ်းက ဦးနေထွတ်ညွန့် ယူထားပါသည်။ သက်ဖူးညွန့်ရဲ့ တစ်ယောက်အိပ်ခန်းကို မင်္ဂလာပွဲနီးတဲ့အခါ ကျယ်အောင်ချဲ့ဖို့အတွက် ဘေးချင်းကပ်လျက် တစ်ယောက်အိပ်ခန်းနှင့် အလယ်နံရံဖြိုကာ တစ်ဆက်တည်းမှုပေါင်းပစ်လိုက်ပါသည်။

နံရံဖြိုကာ ဂယ်ခုံးကလေးဖြစ်အောင်လုပ်၊ နံရံကပ်ဗီရိုတွေ နံရံကပ်မှန်တင်ခုံတွေပါလုပ်တဲ့အတွက် ရည်ရွယ်အလုပ်သမားတွေဝင်ကာ အပေါ်ထပ်တစ်ထပ်လုံးက ရှုပ်ပွနေသည်။ ဘိလပ်မြေမှုန့် သဲမှုန့် အုတ်မှုန့်တွေ လွှစာမှုန့်တွေဟာ အဲဒီအခန်းထဲပဲ လုပ်နေတာဖြစ်ပေမယ့် ဝင်ချည်ထွက်ချည် ခြေထောက်တွေက တစ်ဆင့် လေကတစ်ဆင့် ပျံ့နှံ့ကာ အပေါ်တစ်ထပ်လုံး ညစ်ပတ်နေပါသည်။

ပြင်ဆင်နေတဲ့ရက်တွေအတွင်း သက်ဖူးက အဖေဖြစ်သူအခန်းထဲ အတူလာပေါင်းအိပ်နေ၍ ဦးနေထွတ်ညွန့်မှာ ဝမ်းသာဝမ်းနည်း ကြည်နူးမှုတစ်မျိုးကိုလည်း ခံစားနေရပါသည်။





သူ့ရဲ့တစ်ဦးတည်းသော သားလေး။

သူ့ဘဝရဲ့တစ်ခုတည်းသော ရှင်သန်မှုရောင်ခြည်လေး။ သက်ဖူး ဆယ်နှစ်သားမှာ သူ့အမေ မေသက်တင်နှင့် နေထွတ်ညွန့်တို့ လမ်းခွဲခဲ့ကြတာ။ လမ်းခွဲတယ်ဆိုတာထက် မေသက်တင်က သူတို့သားအဖကို စွန့်ပစ်ထားရစ်တာလို့ဆိုလျှင် အဖြစ်မှန်နှင့် ပိုမိုနီးစပ်ပါလိမ့်မည်။

အဲဒီကတည်းက သက်ဖူးလေးဟာ အမိမဲ့၍ ကြီးပြင်းခဲ့ရသည်။ အဲဒီတုန်းက နေထွတ်ညွန့်ရဲ့မိခင်ကြီးက သက်ရှိထင်ရှား ရှိသေးတော့ နေထွတ်ညွန့် သင်္ဘောပေါ်တက်သွားရတဲ့အချိန်တွေမှာ သက်ဖူးက အဖွားနှင့်နေရသည်။ အမေကစွန့်ပစ်ခဲ့ပြီး အဖေက အဝေးမှာအလုပ်တာဝန် ထမ်းဆောင်နေရတာဖြစ်၍ သက်ဖူးဘဝလေးက အထီးကျန်သင့်သလောက် ကျန်ခဲ့မှာပင်။

အမေမရှိ အဖေနှင့် အချိန်ပြည့်မနေခဲ့ရပေမယ့် သက်ဖူးညွန့်က မပျက်မစီးဘဲ လိမ္မာရေးခြားနှင့် ပြည့်စုံသော လူငယ်ကလေးတစ်ယောက် ဖြစ်ခဲ့သည်။

"ဒက်ဒီ ... နွားနို့လား တီးလား"

"ဒီည စောစောအိပ်မယ်ကွာ၊ နွားနို့ပဲ"

သက်ဖူးညွန့်က နေထွတ်ညွန့်အတွက် နွားနို့ဘူးထဲမှ နွားနို့ထည့်ယူလာကာ သူ ဗီဒီယိုကြည့်နေတဲ့အနား လာချသည်။

"အင်း ... ဒီအလုပ်တွေ ငါ့သား နောက်ထပ်သိပ်လုပ်ရတော့ဘူးပေါ့"

www.burmeseclassic.com



သူတို့အိမ်မှာ ယောက်ျားသားနှစ်ယောက်ပဲ နေတဲ့အိမ်ဖြစ်တဲ့အတွက် ထမင်းဟင်းချက် အဝတ်လျှော်ပေးတဲ့ ဒေါ်ချစ်ကြီးက အိမ်မှာအတူနေတဲ့အကူ မဟုတ်ပါ။ မွန်းလွဲပိုင်းလောက် အလုပ်ပြီးချိန်ဆိုပြန်သည်။ ညနေဘက်တွေကျ ကိုယ့်ဟာကိုယ် ဟင်းနွေးခူးခပ်စား ဆေးကြောကြရတာပါ။

"ဘာဖြစ်လို့လဲ ဒက်ဒီ"

"မင်းမိန်းမ ရှိလာပြီလေ"

"အဲဒီတော့ ! "

"မင်းမိန်းမ လုပ်ပေးလိမ့်မပေါ့ ... မဟုတ်ဘူးလား"

"ဒယ်ဒီကလည်း ကိုယ့်အဖေအလုပ် ကိုယ်လုပ်မှာပေါ့၊ ပိုးနဲ့ဘာဆိုင်လဲ"

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ။ သူလည်း ငါ့ချွေးမဖြစ်လာပြီလေကွာ"

"ချွေးမက ချွေးမလေ၊ ကျွန်တော်က သားလေဒက်ဒီရ"

နေထွတ်ညွန့်က သက်ဖူးကို တစ်ချက်မော့ကြည့်ကာ ...

"ဘာလဲ သက်ဖူး၊ မင်းမိန်းမကို ခိုင်းလို့မရဘူးဆိုတဲ့ သဘောလား"

"ဟော ... ကြည့်၊ ဒက်ဒီကတော့ ရစ်ခန်းစဖွင့်ပါပြီ"

"မဟုတ်ဘူးလေ၊ ငါမေးတာ ရှင်းတယ်လေ၊ မင်းမိန်းမကို မခိုင်းရဘူးလား၊ အဲလိုလား"





"မခိုင်းရဘူးတော့ မရှိဘူးပေါ့ ဒက်ဒီရ၊ ခိုင်းလို့ရပါတယ်၊ ဒါပေမဲ့ ဒက်ဒီ့ဝေယျာဝစ္စကို ကျွန်တော် လုပ်ပေးတာ ပို သဘာဝမကျဘူးလား၊ ဥပမာ ဒက်ဒီရာ ပိုးတို့အိမ်မှာဆိုရင် ပိုးအဖေက ကော်ဖီတစ်ခွက် ယူခဲ့စမ်းပါဟေ့ ဆိုရင် သူ သွားယူရမလား ကျွန်တော်သွားရမလား ... ကဲ"

"ဟ ... မင်း အဲလိုကပ်ပြောရင်တော့ ဖြစ်တာပေါ့၊ ခုဟာက ငါရယ် မင်းရယ် သူရယ် တစ်အိမ်တည်း တူတူနေပြီး တစ်မိသားစုထဲ ဖြစ်ကြပြီလေ၊ သမီးရေ ... ပိုးရေ ... လက်ဖက်ရည်တစ်ခွက် ဖျော်ပေးစမ်းပါကွာလို့ ငါခိုင်းရင် မဖြစ်ဘူးလား"

"ဖြစ်ပါတယ်"

"အေး ... အဲဒါကိုပဲ သိချင်တာ"

"ဒါပေမဲ့ အဲဒီ နိစ္စဓူဝကိစ္စဟာ ပိုးတာဝန် ဖြစ်သွားပြီ၊ ကျွန်တော်လုပ်ဖို့ မလိုတော့ဘူးဆိုတဲ့ စကားကိုပဲ ကျွန်တော်က လက်မခံတာပါ"

"ဟော့ကောင် ... မင်းကို ငါ တစ်နေ့တခြား အမြင်ကတ်လာပြီကွာ၊ မင်းက မင်းကောင်မလေးအပေါ် ဘာတစ်ခုမှ အပြောမခံပါလားကွ"

"မဟုတ်ပါဘူး ဒက်ဒီရာ၊ ကျွန်တော်က အခု အေးရင်ပြီးရောလို့ မထားလိုက်ချင်လို့ ခုရှုပ်မှနောင်ရှင်း ဆိုသလို

www.burmeseclassic.com



နောက်ကျမှ ခက်ဒီ နားလည်မှုလွဲစရာ ဖြစ်မှာစိုးလို့ အခု ပြန်ပြောပြနေတာပါ၊ ဗိုးက ကျောင်းမှာ စာသင်ခန်းဝင်ရ တာတစ်ဖက်၊ နောက် သူ့ အိမ်မ်အကိစ္စဖြစ်ဖို့ စာကျက်နေရတာကတစ်ဖက်နဲ့ ခက်ဒီရ ...

သူ့အိမ်မှာဆိုလည်း သူဘာမှလုပ်ရတာ မဟုတ်ဘူး လေ စာပဲကျက်တာ။ ကျွန်တော်နဲ့ တူပြီးတော့မှ အိမ်မှု ကိစ္စတွေ သူ့ကို တာဝန်ယူခိုင်းတာမျိုးတော့ မဖြစ်ဘူး ခက်ဒီရေ၊ ကျွန်တော်က အဲဒါကို ဆိုလိုတာပါ"

နေထွက်ညွန့်က မကျေမချမ်း နှုတ်ဆိတ်လိုက်ပါ သည်။

ကြည့်စမ်းပါဦး။ ချွေးခေါ်သူက အိမ်ကိုရောက်လာ လျှင် အချိန်ပြည့် စာရည်းပဲကျက်နေမယ်ဆိုတဲ့ သဘောမျိုးပါ လား။ သက်ဖူးရဲ့အဆိုက ခိုင်းပါနဲ့လို့ ယဉ်ယဉ်လေး လှည့်ပတ် ပြောတဲ့ သဘောပဲပေါ့။ အင်း ... သူမရဲ့အမြင်မှာခရုရှိလေးလို့ သူမ ကို ပြန်မမြင်ရနေရရင် ကောင်း။

ဉာ ... သူမ စာကျက်နေရင် ကိုယ်က ထက်ဝက်ရည် သွားမဖို့ရ ကောင်း။ သက်ဖူး ... သက်ဖူး။ သူ့မိန်းကလေးကို ချစ်လိုက် ကြင်နာလိုက်တာတုန်းလို့ ထင်ပါရဲ့။ အဲ့သလို တုန်နေ အောင် သူလည်း ချစ်ဖူးသားတာပဲ။ နောက်တော့လည်း ဒါတွေ က မှုပြင်ပါပြီ။





မေသက်တင်ကို မခိုင်းရက် မစေရက် မပြောရက် မဆိုရက် သူ အရူးအမူးဖြစ်ခဲ့ဖူးတာပဲလေ။ မိခင်ကြီးက "သမီး ရေ ... ဟိုဟာလေးလုပ်ခဲ့စမ်းပါ" ဆိုတာလောက်လေး ခိုင်းမိလျှင်ပင် သူက ပြေးလုပ်တာ အမှောက်ကလေးရှင်း ...

"အမေ ... သက်က ကျွန်တော်တို့အခန်း ရှင်းနေလို့ပါ"

အဲ့သလို ကာဆီး ကာဆီး ထိမ်ညာကာကွယ်တာ မျိုးလည်း ရှိခဲ့ပါရဲ့။

အဲသတွေသား။ လူညီ။ နေထွက်ညွန့်က စိတ်တိုတို နှင့် တိုးတိုးကျိတ်ကျိတ် တွေးနေမိသည်။ မိန်းမကိုချစ်လွန်းအား ကြီးလို့ သည်းသည်းလှုပ်မှုက လွှမ်းပါသည်။

အဲဒီ သည်းသည်းလှုပ်တို တစ်ချိန်ချိန်မှာ ပြန်ရှော ချမိဖို့သာ ခက်ခဲတာ။

"ဟင်း"

ဦးနေထွက်ညွန့်က သက်ပြင်းရှည်ကြီးတစ်ချက်ချ လိုက်မိလျှင် ...

"ခက်ဒီ ဘာဖြစ်လို့သက်ပြင်းတွေ ချနေတာလဲဗျ"

"အော် ... ရင်လေးတာပါကွာ၊ ရင်လေးတာပါ"

"ရင်လေးစရာ ဘာရှိလို့လဲ ခက်ဒီရာ၊ ဗိုးရောက်လာတာ ကလွဲရင် အခြေအနေအားလုံးဟာ အရင်ကအတိုင်း ပုံမှန် လည်ပတ်နေမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုးရောက်လာတာကိုက အရင်ပုံမှန်ထက် ထူးသွားပြီလေ ကွာ၊ ဒါပေမဲ့ ကျန်တာအားလုံးက ပုံမှန်ပဲဆိုတာကိုက ပုံမှန် မဟုတ်တာ"

"ဒက်ဒီ ဟိုတွေး ဒီတွေးနဲ့ အစိုးရိမ်လွန်နေတာပါ၊ တကယ်တမ်း ပိုးရောက်မလာသေးလို့ပါ၊ ကျွန်တော်တို့သားအဖ နှစ်ယောက်ထဲ နေလာတာ နှစ်ပေါင်းများစွာဆိုတော့ ပြောင်းလဲသွားတဲ့ အခြေအနေတစ်ခုအပေါ်ကို Adapt လုပ်ဖို့အတွက် ဒက်ဒီ ကြိုစိုးရိမ်နေတာပါ"

တကယ်တော့ သူ့ရင်ထဲမှာ ဒီထက်ပိုတာ သားဖြစ်သူ မသိပါ။ သူ့မှာစိုးရိမ်နေတာတွေ မဖြစ်သေးဘဲ ကြိုတွေးရင် မောနေတာတွေ အများကြီးရှိပါသည်။ သူလည်းပဲ တစ်ချိန်က ငယ်ရွယ်စဉ်ကတော့ သူ့ရဲ့အိမ်ထောင်ရေး ဘဝရေ့ရေး သူတည်ဆောက်မယ့် မိသားစုဘဝတစ်ခုအတွက် ရည်ရွယ်ချက် မျှော်လင့်ချက်တွေဟာ စိတ်ကူးယဉ် မွမ်းမံချက်တွေနှင့် အရောင်တောက် လှပခဲ့ဖူးတာပဲ။

နောက်ဆုံးတော့ အလဲအကွဲ အရှုံးတွေနှင့် သူ့စိတ်ကူးယဉ်ကမ္ဘာဟာ ပြိုပျက်ဆိတ်သုန်းခဲ့ဖူးတာပဲ။ အဲဒီအဖြစ်အပျက်ကြီးဟာ သူ့ဘဝမှာ ဒဏ်ရာဒဏ်ချက် အနာရွတ်ကြီးတစ်ခုဖြစ်ခဲ့ရသည်မှာ ခုချိန်ထိကိုပဲ အမြစ်ပြတ် မပျောက်ကင်းနိုင်သေးဘဲ တတိတိတရိရိ လှိုက်စားနာကျင်နေရတုန်းဆိုရင် သူကပဲ ခံစားတတ်လွန်းလို့လို့ လူတွေက ထင်ကြမလား။





သူ့ အလွန်ချစ်မြတ်နိုး တန်ဖိုးထားတဲ့ သားကလေး သက်ဖူးညွှန့်အလှည့်မှာ သူ့လိုဝေဒနာမျိုး ဘယ်လိုနည်းလမ်းနဲ့မှ မကြုံရစေချင်တာဟာ သူ့ရဲ့အကြီးမားဆုံးဆန္ဒပင်။ ပိုးနဲ့မေသက်တင်ရဲ့တူညီတဲ့အချက်ကတော့ အလွန်တရာ လှပခြင်းနှင့် သူ့ဆန္ဒတစ်ခုကို လုပ်ကိုလုပ်ရမှ ဖြစ်ကိုဖြစ်ရမှဆိုတဲ့ ခေါင်းမာတဲ့ စိတ်တို့ပင်။

"ငါ တစ်ခုမေးပါဦးမယ် သား၊ မင်းနဲ့ ပိုးနဲ့ကြားထဲမှာရှိတဲ့ အရေးကိစ္စတွေမှာ မင်းဆန္ဒအတိုင်း ဖြစ်လိုက်ရတယ် ဆိုတာမျိုးရော ရှိရဲ့လား"

"ဒက်ဒီမေးတာ ကျွန်တော် သိပ်နားမလည်ဘူး"

"ဥပမာကွာ ... မင်္ဂလာဝတ်စုံကို အဝါဖျော့ဖျော့ပဲ ဝတ်မယ် ဆိုတာမှာ မင်းဆန္ဒကကော ထပ်တူကျတာလား"

သက်ဖူးက ပြုံးရင်း ...

"ဘာလဲ ... ဒက်ဒီက ဒက်ဒီ ပန်းနုရောင်ဝတ်စေချင်တာကို ပိုးကငြင်းလိုက်လို့ မကြည်မလင် ဖြစ်နေတာလား"

"........."

ဦးနေထွတ်ညွှန့်က မဖြေဘဲ နှုတ်ဆိတ်နေလိုက်ပါသည်။ သူက အကြံပေးမိတာပါ။ ဒါ့အပြင် သူနဲ့ မေသက်တင်တို့ရဲ့ မင်္ဂလာဝတ်စုံဟာ မေသက်တင် ဆန္ဒအရ အဝါနုရောင်လေး ဖြစ်ခဲ့ရတာဟာ အခုမင်္ဂလာပွဲနှင့် တစ်ထပ်တည်းကျနေတာကိုလည်း စိတ်အနှောင့်အယှက် ဖြစ်နေရတာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ယောကျ်ားလေးဆိုတော့ ဒက်ဒီရယ်၊ ဘာရောင်ဝတ်ချင်တယ်ဆိုတဲ့ဆန္ဒ လုံးဝမရှိပါဘူး။ အဲဒီတော့ ပိုးကြိုက်တာ ဝတ်ပါစေလို့ပဲ ရောရောရှုရှု သဘောတူထားတယ်၊ ဒါ ဖွတ်အတင်း ကိုယ့်စိတ်ကို ဆန့်ကျင်ပြီး လိုက်လျောပေးရတာလည်း မဟုတ်ပါဘူး ...

ပိုးအမေက ခရမ်းရောင် သိပ်ကြိုက်တော့ သူ့သမီးကို ခရမ်းရောင်လေးဝတ်ဖို့ အကြံပေးသေးတယ်၊ မရဘူး၊ ပိုးက ငြင်းတာပဲ၊ ပိုးက အဝါရောင်ကို အရမ်းကြိုက်တာလေ၊ ကြိုက်ကိုကြိုက်တာ ဒက်ဒီရဲ့"

"အင်းပေါ့လေ ... သူက သတို့သမီးဖြစ်နေတော့ သူ့ဆန္ဒကို လိုက်လျောကြရမယ်ပေါ့၊ အဲသလို ဖြစ်နေတာပေါ့"

"အဝါနုလေး သူ ရွေးထားတာလေးလည်း လှပါတယ် ဒက်ဒီရဲ့"

"မင်္ဂလာဝတ်စုံအရောင်ကတော့ ထားပါတော့ကွာ၊ ဒါပေမဲ့ မင်းတို့အခန်းကို အရင်အရောင် ပြန်မသုတ်ရဘဲ အဝါရောင် ဖျော့ဖျော့ သုတ်ရမယ်ဆိုတာကတော့ တစ်မျိုးကြီးပဲ၊ အိမ်မှာ ဒီတစ်ခန်းထဲပဲ အဝါနုရောင်။ အခန်းက အဝါနုရောင် ဆိုတာ နည်းနည်းလူကို အနှောင့်အယှက် မဖြစ်စေဘူးလား"

"မဖြစ်ပါဘူး ဒက်ဒီရ၊ အိမ်တွင်းဆေးကို အဝါရောင်အဖျော့ သုတ်ကြတာ အများကြီးပါ။ သုတ်ကြပါတယ်၊ ထူးဆန်း





တဲ့အရောင်ကြီးလည်း မဟုတ်ပါဘူး၊ ဒက်ဒီက အမြဲတမ်း တစ်အိမ်လုံး အဖြူရောင်ပဲ သုတ်လာနေကျမို့လို့ တစ်မျိုး ဖြစ်နေတာပါ၊ အဝါနုလေးလည်း လှပါတယ်"

"ဪ ... အေးလေ၊ မင်းလှတယ်ဆိုရင်လည်း ဘာမှမပြောတော့ပါဘူးကွာ၊ ငါလည်း ဟိုတစ်နေ့က သူ့ကိုပြောပြီးပါပြီ၊ သမီး အဝါနုရောင်အခန်းက လူရဲ့စိတ်ကို သက်သောင့်သက်သာ ရှိစေပါ့မလားလို့၊ သက်သောင့်သက်သာ ရှိပါတယ်တဲ့၊ လင်းလည်း လင်းပါတယ်တဲ့၊ ပိုး အဲဒီအရောင်ပဲ ကြိုက်တယ်တဲ့၊ မင်းသဘောလည်း တစ်ထပ်တည်းဆိုရင် ပြီးတာပါပဲကွာ"

ဦးနေထွတ်ညွန့်က ခေါင်းတညိတ်ညိတ်နှင့် စကားကို ရပ်လိုက်ပါသည်။

❢ ✦ ❢

www.burmeseclassic.com

www.burmeseclassic.com



## ၃

"ဒက်ဒီ … ပိုးတို့အိမ်ကို လိုက်ခဲ့ဦးနော်"

သက်ဖူးကပြောတော့ သူက အံ့သြရကာ …

"အိမ်ကို တန်းမပြန်ရဘူးလားကွ"

"ဟိုမှာ ကန်တော့ခံဦးလေ ဒက်ဒီရ၊ နှစ်ဖက်မိဘကို ကန်တော့ကြမှာလေ"

"နှစ်ဖက်မိဘက ကန်တော့မှာ ဟိုအိမ်မှာမှလားကွ၊ ငါ့အိမ်လိုက်လို့ရော မဖြစ်ဘူးလား"

"ဟား ဟား … ဒက်ဒီကလုပ်ပြန်ပြီ၊ သူတို့က လိုက်လာရင် နှစ်ယောက်လိုက်လာရမှာလေ၊ ဒက်ဒီ လိုက်လာရင် တစ်ယောက်ပဲ လိုက်ရမှာ"

"ဟော့ကောင် … အဲဒါ ဘာမှမဆိုင်ဘူး၊ တစ်ယောက်လိုက်လိုက် နှစ်ယောက်လိုက်လိုက် တစ်ပြုံကြီးလိုက်လိုက် တူတူပဲ"





"ဒီကနေ ပန်းတွေ ဘာတွေ သယ်သွားတာလည်း ဟိုအိမ်ကိုပဲဆိုတော့ ဟိုကိုပဲ အားလုံး လိုက်လိုက်ကြတဲ့သဘောပါ"

တကယ်တော့ သူ ဟိုအိမ်လိုက်ရတာအတွက်လည်း ဘာမှအရေးမကြီးပါ။ သူ ဘာကြောင့် ဒီလိုစကားတွေပြောဖြစ်နေတယ် မသိ။ မင်္ဂလာသတို့သားဝတ်စုံနှင့် ချောမောသန့်ပြန့်ခန့်ညားလှတဲ့ သားဖြစ်သူကို သူ့မျက်စိထဲ ကြည့်လို့တောင်မဝသလို ငေးမောကြည့်နေမိတာပါ။

ပွဲထွက်ကာ လျှောက်လာကြတော့ သူ့နံဘေးမှာ ယှဉ်တွဲလျှောက်ဖို့ သူ့ညီမဝမ်းကွဲက လျှောက်ပေးရမလား မေးပေမယ့် သူ ငြင်းလိုက်ပါသည်။ ဘာလို့ အဒေါ်တွေ ဘာတွေ ထည့်လျှောက်နေမလဲ။ အဖေတစ်ယောက်ပဲရှိတာ တစ်ယောက်ပဲပေါ့။ အံ့သြစရာကြီးလျှမှာနေနေတဲ့ မေသက်တင်က မလာခဲ့ပါ။ ဖိတ်စာပို့ကတည်းကလည်း မလာဘူးဆိုတာ သားရော သူပါ သိပြီးသားပါ။ သားက ကိုယ့်ဘက်က တာဝန်ကျေအောင် ပို့လိုက်မည်ဆိုကာ အသိပေးတဲ့ သဘောသာပို့တာပါ။

ဟိုမှာ သူလည်း နောက်အိမ်ထောင်နှင့် သမီးလေးနှစ်ယောက်နှင့် အလုပ်တစ်ဖက်နှင့် သူ့ဘဝနဲ့သူ ရှုပ်ယှက်ခတ်နေပြီပဲ။ သူနဲ့တော့ သားဆယ်နှစ်သားအထိသာ အိမ်ထောင်ရေးကမြဲခဲ့ပြီး နောက်အိမ်ထောင်နှင့်ကျတော့ ဆယ့်ရှစ်နှစ်မြဲနေတာဟာ သူညံ့လို့ပဲလား။ ရေးရေစက် ဖူးစာက်ဆိုတာကြောင့်ပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ပိုးတို့အိမ်ရှေ့ခြေ်ခန်းက ဆိုဖာရှည်ကြီးမှာ မိဘသုံးဦး ယှဉ်တွဲထိုင်ကာ ကန်တော့ခံတော့ နေထွတ်ညွန့်သည် ဝဲရစ်ချင်သလိုရှိလာတဲ့ မျက်ရည်တို့ကို မနည်းမျက်တောင်ပုတ်ခတ်ထိန်းရသည်။ ဟိုဘက် အဖေအမေကတော့ သမီးဖြစ်သူ အိမ်ထောင်ကျတာကို ရွှေထုပ်ကောက်ရတဲ့အလား တပျော်တပါးကြီး ပျော်ရွှင်မြူးထူးနေကြပါသည်။

တစ်ဆွေလုံး တစ်မျိုးလုံး တဟေးဟေး တဟားဟား တဝါးဝါးနှင့် အတော်ပျော်နေပုံရနေကြတာကိုကြည့်ပြီး သူ့မှာ အထီးကျန်သလိုတောင် ခံစားလာရသည်။ သူ့ဘက်က အတော်ရင်းချာရင်းနှီးတဲ့ ဆွေမျိုးတို့ဟာလည်း ဒီအိမ်ကိုတော့ လိုက်မလာကြပါ။ နေထွတ်ညွန့် အိမ်ကသာ သွားစောင့်နေကြသည်။

လက်ဖွဲ့ပစ္စည်းတွေကျတော့ သားတို့နေကြမည့် ဟိုအိမ်ကိုပဲ ပို့တာမို့ ဟိုအိမ်ကိုလည်း နှစ်ဖက်အမျိုးတွေ သယ်ပို့နေကြပါသည်။ ဒီအိမ်မှာတော့ သူတို့ဘက်က သူတစ်ယောက်တည်းပင်။ အားတော့င ငယ်ရမလိုလို။ သူတို့ ရယ်မောနေကြတဲ့ဟာသတွေ စကားတွေကလည်း သူ့အတွက် မရယ်ရတော့ လိုက်ရယ်ဖို့လည်း အခက်နှင့် အူကြောင်ကြောင် ဖြစ်နေသည်။

"ကိုနေထွတ် ... အိုက်နေပြီလား၊ လူတွေများတော့ အဲကွန်းလည်း မနိုင်တော့ဘူးဗျို့"

"ရပါတယ် ... ရပါတယ် ... မအိုက်ပါဘူး"

"ဟိုဘက်က အဲကူလာကြီးပါ ဒီဘက်ရွှေ့လာစမ်းဟေ့"





"ဦးနေထွတ် ဗိုက်ဆာနေပြီလား"

"မဆာပါဘူး အစ်မကြီး"

"ဟိုမှာ စိတ်ကများနေတာနဲ့ ဘာမှ သေချာဗိုက်ထဲမဝင်ခဲ့ဘူး၊ ဆာနေရောပေါ့၊ ကျွန်မတို့လည်း ဆာနေပြီ၊ ဟဲ့ ... စန်းစန်းတို့ မုန့်တွေသယ်ခဲ့သေးတယ် မဟုတ်လား၊ ယူခဲ့ကြစမ်းဟယ်"

"ဟုတ်ကဲ့"

"ကော်ဖီလည်းဖျော်ခဲ့"

"ပူပါတယ် မိန်းမရာ၊ ဂျူ့စ်လုပ်ပါ"

"အအေးဖျော်ဖို့ ရှိသေးရဲ့လား၊ ကုန်နေပြီထင်တယ်။ ခုတလော စားလည်းဒီစိတ် သွားလည်းဒီစိတ်နဲ့ အိမ်မှာ ဟိုဟာကုန် ဒီဟာကုန် လစ်ဟင်းနေတာလည်း မပြောနဲ့တော့ လက်ဖက်တောင် ကုန်နေတယ်"

"လက်ဖက်က မန္တလေးကနေ ကြီးကြီးမြ တစ်ပုံကြီးယူလာတာကို မေမေကလည်း၊ နှစ်ပြန်ကြော်တွေလည်းရှယ်"

"ဟယ် ... ဟုတ်သားပဲ ... ကြည့်စမ်း၊ ညကတည်းက စားချင်တာ၊ မရှိဘူး ထင်နေတာ၊ ငါတော့ ကော်ဖီနဲ့မုန့်မစားဘဲ ထမင်းနဲ့ လက်ဖက်လေးစားရင် ကောင်းမယ်ထင်တယ်၊ ဆာတာမှ ရင်တောင်ပူနေတယ်"

"ဒီမှာ မုန့်တွေထည့်ခဲ့ပြီ အန်တီလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေထွတ်ကိုကျွေး၊ ငါ လက်ဖက်နဲ့ ထမင်းပဲ စားတော့မယ်၊ အဖေကြီးရော ဘာစားမလဲ"

"မုန့်တွေက တစ်ပုံကြီးဟာ၊ ဦးနေထွတ်နဲ့ မုန့်ပဲစားတော့မယ်၊ အအေးမရှိလည်း ကော်ဖီယူခဲ့ကြလေ"

"ဖျော်နေပါပြီ ဘဘကြီး၊ လာတော့မယ်"

ရှေ့နားလေးမှာ ထိုင်နေတဲ့ သက်ဖူးညွန့်ကို ဦးနေထွတ်ညွန့် လှမ်းကြည့်မိသည်။ ဒက်ဒီက ကော်ဖီမသောက်ဘူး၊ လက်ဖက်ရည်ပဲ သောက်တာလို့ မင်း ဘာဖြစ်လို့ ဝင်မပြောပေးတာတုံး။ မင်းယောက္ခမအိမ်လေ။ ဘာမှအားမကိုးရဘူး ... တောက်။

ဦးနေထွတ်ညွန့်က သားကို စိတ်ခုခုနှင့်ပင် သတို့သမီးအဖေ ဦးမင်းစိုးဘက်လှည့်ကာ ...

"ကျွန်တော် မုန့်ပဲစားပါ့မယ်၊ ကော်ဖီမသောက်တတ်လို့ပါ"

"ဟင် ... မုန့်ချည်းပဲစားလို့တော့ ဘယ်ဖြစ်မလဲ၊ အိုဗာတင်းသောက်မလား ဦးနေထွတ်"

"တော်ပါပြီ အစ်မကြီး၊ ရေပဲသောက်တော့မယ်"

"ဒါဖြင့် တစ်ယောက် ကားနဲ့ထွက်စမ်း၊ အအေးပုလင်းသွားဝယ်စမ်း"

"နေပါစေ၊ ကျွန်တော် အအေးလည်း သိပ်မသောက်တတ်လို့ပါ"

"ဒါဖြင့် ဘာသောက်လေ့ရှိလဲ ဦးနေထွတ်"

ဇနီးသည်အမေးကို ခင်ပွန်းသည်က ...





"ဝီစကီထင်တယ်၊ ဟား ဟား ဟား"

ဟိုကရယ် ဒီကရယ်။ ဒါက သူတို့လင်မယားတင် ပြောနေတဲ့စကား။ သူတို့အုပ်စုနဲ့သူတို့ ကိုယ့်အတွက် အရေးကြီးတာ စိတ်ဝင်စားတာကို ပြောနေကြတဲ့ လူအစုအစုပေါင်းများစွာ အသံပေါင်းများစွာ။ ပြောသမျှကလည်း ကျယ်ကျယ်လွင့်လွင့် အော်ဟစ်ပြောနေကြ၍ နေထွတ်ညွန့် အာရုံတွေပင် နောက်လာသည်။

"မမပိုး ... ဟိုအခန်း ရှင်းထားပြီ အဝတ်ဝင်လဲလို့ရပြီ"

"ဟဲ့ ... သမီး၊ ညည်းတို့စုံတွဲလည်း ဗိုက်ဖြည့်ဦး"

"ဟုတ်ကဲ့ပါ မေမေရဲ့၊ သိပ်မဆာသေးဘူး၊ ဗိုက်ထဲမှာလေတွေပြည့်နေသလိုပဲ"

"လေတွေဟုတ်ရဲ့လား၊ အပျော်တွေ မဟုတ်ဘူးလား"

"သဖင်နော်၊ အေး ... အပျော်တွေဟုတ်ဘယ်၊ ဘာဖြစ်လဲ"

"သိနေတယ်လေ"

"ဟဲ့ ... သမီး၊ ဟို ... မမကြည် လက်ဖွဲ့တဲ့ယုန်မွေးစောင်ထုပ်ကြီးတော့ မေမေ့ပေးစမ်းပါအေ"

"အို ... မိန်းမကလည်းကွာ"

"အို ... ဘာဖြစ်လဲ ရှင်ကလည်း၊ ကိုယ့်သမီးလက်ဖွဲ့ရတာ ကိုယ်တောင်းတာပဲဟာ၊ ဘာဖြစ်လဲ"

"နောက်မှ ဖြည်းဖြည်းတောင်းလည်း ရပါတယ်ကွာ၊ စကားမစပ် ဘာမစပ်"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ဆုံး သတိရတုန်း တောင်းထားတာ ... အဟင်းဟင်း"

"ဟိုအိမ်ပါသွားပြီလေ မေမေ၊ နောက်နေ့မှ လာပေးမယ်"

"သူတို့မင်္ဂလာဦးပစ္စည်းကို မင်းကလည်း၊ ကိုယ့်ဟာကိုယ် ဝယ်လည်း ရတဲ့ဟာ"

"အို ... မရပါဘူး၊ သူ့ကာလာလေးက အဝါနုနုလေး၊ ဒီမှာဝယ်လို့ရတာတွေက အရောင်ရင့်ရင့် အပွင့်ကားကား အဆင်ကြီးတွေ၊ ဒီမှာဝယ်မရဘူး၊ မမကြည် ကိုရီးယားက သယ်လာတာ၊ တရုတ် မဟုတ်ဘူး၊ အဝါနုလေး လှမှလှ"

ဩော် ... အမေရော သမီးရော အဝါနုကြိုက်ကြတာကိုးလို့ နေထွတ်ညွန့် သိရသည်၊ အင်း ... သိတာကို သိတယ်လို့ မှတ် ... မှတ်။ ခေါင်းကွေတောင် မူးလာတော့မည်။

"ဟယ် ... ဟိုမှာမုန့်တွေ ပူစီတက်စားနေပြီ"

"ဟောတော် ... အုပ်ဆိုင်းမထားဘူးလား ဒုက္ခပါပဲ"

ဒေါ်ခင်ပိုးဥ ပဝါကြီးမ,ကာ အလောတကြီး ထ,ပြေးလျှင် ...

"အမယ်လေး မိန်းမ၊ ချော်လဲပါဦးမယ်ကွာ၊ ဖြည်းဖြည်း လုပ်စမ်းပါ"

"ကြောင်နှစ်ကောင် မီးဖိုထဲသိမ်းမလို့၊ လူတွေအများကြီးတွေ့ပြီး ကျွန်မကြောင်လေးတွေ လန့်နေပါဦးမယ်"

"ကြီးကြီးကြောင်တွေလား လန့်မှာ"





"မိမိ ... မိမိ ... ပူစီ ... မိမိမိ"

"ကလင် ... ကလင် ... ကလင်"

"ဖုန်းကိုင်ကြပါဟေ့ ... ဖုန်း"

"ငါဆိုရင် နောက်မှ ပြန်ဆက်မယ်လို့၊ နာမည်လေး သေချာမေးထားကြပါဦး၊ အကျီလဲတော့မယ်၊ မဖြစ်ဘူး အသက်ရှူ ကျပ်လှပြီ"

"အန်တီခင် ပန်းတွေက ဒီအတိုင်း အိုးလိုက်ထားရမှာလား"

"အန်တီဒေစီတဲ့ ဒီနေ့ မင်္ဂလာဆောင်မလာလိုက်နိုင်လို့ လက်ဖွဲ့လွှတ်ပို့ခိုင်းလိုက်တယ်တဲ့၊ မလာနိုင်တာက ..."

ဦးနေထွတ်ညွန့် တကယ်ပင် ခေါင်းတွေမူးနောက်လာပါသည်။ တစ်သက်လုံးနီးပါး အိမ်မှာ အထီးကျန်ကျန်တိတ်တိတ်ဆိတ်ဆိတ် နေခဲ့ရတဲ့သူမို့ ဒီလောက် ရုံးစု ရုံးစု ဖြတ်စဖျင်းတောင်း ဆူညံနေတာကို မျက်စိတွေနောက်ကာ နားတွေအူလာပါသည်။ သွေးတောင် တိုးလာပလားထင်သည်။

"ဦးမင်းစိုး တခြားကိစ္စလည်း မရှိတော့ဘူးဆိုတော့ ကျွန်တော် အိမ်ပြန်လိုက်တော့မယ်"

"ဟာ ... မဟုတ်တာ၊ ခုလောလောဆယ် မုန့်စားပါဦး၊ ညနေကျရင် ဒန်ပေါက်မှာမလို့၊ ဒီလူအုပ်နဲ့ ချက်ပြုတ်နေဖို့ မနိုင်ဘူးလေ၊ ဆွေမျိုးတွေက ညနေစောင်းမှ ပြန်ကြမှာ"

"ကျွန်တော် မစားတော့ဘူး၊ အိမ်မှာလည်း ဒေါ်ချစ်ကြီးက ထမင်းဟင်း ချက်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေများလွန်းလို့ ကိုနေထွတ် ငြီးစီစီဖြစ်နေပြီထင်တယ်၊ ဒါတောင် ... ဒင်နာက နောက်တစ်ရက် ခွဲလုပ်ထားလို့၊ ဒီတစ်ရက်တည်း ညနေပိုင်းသာ ဆက်လုပ်ရင် လူတွေပင်ပန်းပြီး လဲကုန်မယ်၊ မင်္ဂလာဆောင်တစ်ခုဆိုတာ လွယ်တာမဟုတ်ဘူးဗျနော်"

"ဟုတ်ကဲ့"

"သားနဲ့သမီးကလည်း ညမှပြန်မှာပြောတယ်၊ ဦးနေထွတ်လည်း ညမှပြန်လိုက်ပါလား"

အမယ်လေး ... သေရချည်ရဲ့။ ဒီလို ရှုပ်ယှက်ခတ်မှုးနောက်ပြီး ညအထိသာ နေရရင် တကယ်ပဲ အသက်ပါထွက်နိုင်သည်။ မမောနိုင် မပန်းနိုင် ရှန်းရှန်းကြွ အုန်းအုန်းထနေတဲ့ပိုးရဲ့တစ်ခွေမျိုးလုံးဟာ ရုပ်တွေလည်း ခပ်ဆင်ဆင်၊ တစ်ယောက်မကျန် ချောမောလှပလွန်းကြပြီး တရင်းတနှီး တပျော်တပါးနေတတ်ကြပုံလည်း ပေါ်ပါသည်။ သို့ပေမဲ့ ဒါဟာ သူ့ပုံစံမဟုတ်၍ သူ့အတွက်တော့ ကျဉ်းကျပ်သည်။

"ညနေအထိတော့ မနေတော့ဘူး၊ ဟိုဘက်အိမ်မှာလည်း လက်ဖွဲ့တွေ ထားကြသိုကြနဲ့ အလုပ်ရှိဦးမှာဆိုတော့ ကျွန်တော် ပြန်လိုက်တော့မယ် ခင်ဗျ"

ဖွတ်ပင် ပြောလည်းပြော ထလည်းထ အတင်းပြန်မှပဲ ပြန်ခွင့်ရပါတော့သည်။

"ကျွန်တော် ပြန်တော့မယ်ဆိုတာ သက်ဖူးကို နည်းနည်းပြောပေးပါဦး"





အိမ်တံခါးဝရောက်မှ ဦးနေထွတ်ညွန့်က လှည့်၍ပြောတဲ့အခါ ...

"မောင်သက်ဖူးရော ... မောင်သက်ဖူး ခေါ်လိုက်ကြပါဦး"

ခမည်းခမက် ဦးမင်းစိုးက လှမ်းပြောလိုက်၍ လူငယ်တစ်ယောက်က အိမ်အပေါ်ထပ် ပြေးတက်သွားရာ ဦးနေထွတ်ညွန့်က ရပ်စောင့်နေလိုက်ပါသည်။ ခဏကြာပြီးတဲ့အခါ တက်သွားတဲ့လူငယ်လေးလည်း အပြေးပြန်ရောက်လာကာ ...

"အန်ကယ်လ် ... ကိုသက်ဖူးက အဝတ်လဲပြီး သူ ရေချိုးနေလို့ ဆင်းမလာတော့ဘူးတဲ့၊ ညနေမှပဲ ပြန်လာတော့မယ်လို့ ပြောပေးပါတဲ့"

"သြော် ... ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဖြင့် ကျွန်တော် ပြန်လိုက်တော့မယ် ဦးမင်းစိုး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ နောင်လည်းအိမ်ကို မကြာမကြာဝင်ထွက်လာလည်ပါ ကိုနေထွတ်၊ ချိန်းပြီးစားရသောက်ရအောင်လေဗျာ"

"ဟုတ်ကဲ့"

ဦးနေထွတ်ညွန့်သည် သူ့ကားကို သူမောင်းကာ ပြန်လာနှင့်လိုက်ပါသည်။ လမ်းမှာ သူ့ရင်ထဲ ခုတုတု ခံစားလာရသည်။ နဂိုကတည်းကပဲ ကိုယ့်သားကို နမြောနေလို့ပဲလား မသိပါ။ သူ့သားကို သူ မပိုင်တော့သလို လက်လွှတ်ဆုံးရှုံးလိုက်ရသလိုပဲ စိတ်ထဲခံစားရသည်။ ဒီကောင်ကလည်း မိန်းမရမည်မကြာ



www.burmeseclassic.com

www.burmeseclassic.com



သေး၊ မိန်းမအမျိုးတွေဘက် ခပ်ပါပါ။ အဖေတစ်ယောက်လုံး ဒြန်မှာတောင် ထွက်မလာတော့ဘဲ ညနေမှပြန်လာတော့မယ်ဆိုတာကို ကြားလူနှင့်ပဲ အကြောင်းကြားသည်။

သူ့ကိုပြောရင်တော့ ညနေကျ အိမ်ပြန်လာမှာပဲဟာ ဒက်ဒီနဲ့ပဲ ဒက်ဒီ့အိမ် တစ်သက်လုံးနေမှာပဲဟာလို့ ဆင်ခြေစကားထွက်လာမှာမလွဲ။ ဒါတော့ ဒါပေါ့။ ဒီအိမ်ကိုလာတောင်းရမ်းတာ တစ်ခါ စေ့စပ်ပွဲအတွက် စကားပြောဆိုစဉ်ကတစ်ခါ နှစ်ကြိမ်နှစ်ခါသာ ခမည်းခမက်တွေနှင့် ဆုံဖူးသေးတဲ့ ဖအေကို စိမ်းစိမ်းကားကားပဲ ပစ်ထားလိုက်တာ အနေအထားတောင်မနေ။ အလကားကောင်။

❖ ✦ ❖





# ၄

လက်ထပ်အပြီး နှစ်ရက် သုံးရက်။

ထမင်းစား စားပွဲကို ရောက်လာသော သက်ဖူးညွန့်ကို ဦးနေထွတ်ညွန့်က အတော်အမြင်ကတ်ကတ်နှင့် မော့ကြည့်ရင်း ...

"ဟော့ကောင် ... မင်းကို ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ... ဒက်ဒီ၊ ပြောလေ"

"မင်းမိန်းမက ဘယ်လိုလဲကွာ"

"ဗျာ ... ဘာဖြစ်လို့လဲ ဒက်ဒီ"

"ငါ စောင့်ကြည့်နေတာ နှစ်ရက် သုံးရက်ရှိပြီ။ အိမ်ရောက်ပြီး နောက်တစ်မနက်ကတည်းကပဲ၊ အိပ်ရာမထ,ပါလား၊ စကားကပ်ပြီး ထ,ပါတယ် မပြောနဲ့၊ အိပ်ရာထ နေမြင့်လွန်းတယ်၊ ဘယ်လိုလဲကွ သူက၊ သူ ဆယ်ရက်ခွင့်ယူထားတယ်ဆိုတော့ မနက် ကျောင်းမသွားရဘူးဆိုပေမယ့် ကစ်နေကုန်ရော၊ ညရော ဘာအလုပ်တာဝန်မှလဲ မရှိဘဲ မနက်စောစောမထနိုင်တာ ဘာသဘောလဲကွ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းက နည်းနည်းပါးပါး ပြောသင့်တာပေါ့၊ ဟော ... မနက်ဆို ငါက အစောကြီးထ,ရတယ်၊ ဒေါ်ချစ်ကြီးလာရင် တံခါးထဖွင့်ရတာ ငါ၊ ပြီးရင် အပင်လေး ဘာလေး ငါ ရေလောင်းပြီးမှ မင်းထလာ၊ သူက နောက်ဆုံးမှ အိပ်ရာထဲကထွက်တာ ဘာအချိုးလဲကွ၊ နည်းနည်းပါးပါး သိတတ်မှ သူ့ဘာသာရှိဖို့ ကောင်းတယ်"

သက်ဖူး မျက်နှာက စိတ်ရှုတ်ရှုံ့မဲ့ကာ ...

"ဒက်ဒီကလည်း တကယ်ပဲ"

"ဘာတကယ်လဲ၊ ငါပြောတာ ဘာမှားလဲ"

"သူလည်း မနက်လုပ်စရာ .:. ၁မှမှမရှိတာ"

"ဟော့ကောင် ... လုပ်စရာရှိရှိ မရှိရှိ သူက အိမ်ရှင်မတစ်ယောက် ဖြစ်နေပြီကွ"

"ဟုတ်ပါတယ် ဒက်ဒီရ၊ ဒါပေမဲ့ ပိုးက ညကျ နှစ်နာရီ သုံးနာရီမှ အိပ်ရတာ ဒက်ဒီရ၊ အိပ်ရာဝင် ညဥ့်နက်လို့ပါ"

"ဘာဖြစ်လို့ ညဥ့်နက်ရတာလဲ"

"သူ စာကျက်နေရတယ်လေ ဒက်ဒီရ၊ ညတိုင်းစာကျက်တာ၊ နေ့လယ်တွေ အခန်းထဲအောင်းနေလည်း စာပဲဖတ်နေကျက်နေတာပါ၊ ကျောင်းဖွင့်ရင် သူ့စာသူကျက်ချိန်နည်းတယ်လေ၊ အခု ဒီခွင့်ဆယ်ရက်ထဲမှာ စာတော်တော်များများလေး ပြီးအောင် သူစာကျက်ချင်လို့ပါ"





ဦးနေထွတ်ညွန့်မှာ ဘာဆက်ပြောရမှန်းမသိ ဖြစ်ရသည်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ကျေတော့ မကျေနပ်။ အိမ်ကိုချွေးမ တစ်ယောက် ရောက်လာပါသည်။ မနက်ကျမထ နေ့လယ်ကျ အခန်းအောင်း။ ယောက္ခထီးရော ခင်ပွန်းရော သူ့ထက်အရင်အိပ်ရာထကာ ဘရိတ်ဖတ်စ်စားပြီးတော့မှ သူက မှန်နန်းဆောင်မှ ဆင်းသက်ကြွချီတော်မူလာသည့် ဘုရင့်သမီးတော် ကျနေတော့တာပင်။

"ပြီးတော့ ဒေါ်ချစ်ကြီးလာရင် တံခါးထဖွင့်တယ် ဆိုတာက အရင်ကလည်း ဒက်ဒီပဲ တောက်လျှောက်လုပ်လာတဲ့ ကိစ္စပဲလေ၊ အခုမှ လုပ်ရတာမှ မဟုတ်တာ"

"ဟော့ကောင် ... မင်းရဲ့အဲဒီအရင်ကနဲ့ အခုမှဆိုတဲ့စကား နှစ်လုံးကို ငါ တော်တော်နားကြားပြင်းကတ်နေပြီ၊ ဘာပဲပြောလိုက် ပြောလိုက် အရင်ကလည်း ဒီလိုပဲ၊ အခုမှမှ မဟုတ်တာဆိုတာက မင်းရဲ့လက်သုံးစကားကို ဖြစ်နေပြီ၊ အရင်က ဘာပဲ ဘယ်လိုပဲဖြစ်ဖြစ် အခုက အခုပဲ၊ အရင်က ငါတို့အိမ်မှာ အိမ်ရှင်မ မရှိဘူးကွ၊ အခုက အိမ်ရှင်မ ရှိတယ်၊ မင်းမိန်းမက အခု အိမ်ရှင်မလေကွာ"

သက်ဖူးက ဘာပြောရမှန်းမသိတော့ဘဲ အဖေဖြစ်သူမျက်နှာကိုသာ စိတ်ရှုပ်လက်ရှုပ် ငေးကြည့်နေလိုက်မိပါသည်။ ပထမတော့ ဒက်ဒီဟာ သူ မိန်းမယူမှာကို နှမြောကာ သဝန်တိုကာ ကတ်သီးကတ်သတ်တွေ လိုက်ပြောနေတာလို့ ထင်ခဲ့သည်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက ကတ်သီးကတ်သတ် လုပ်ရရုံမဟုတ်ဘဲ တကယ်ကို ပိုး ကို အိမ်ရှင်မ ပီပီသသကြီး လုပ်စေချင်နေသလိုပါလားလို့ ယူဆ လာရပါပြီ။

"ညကျ စာကိုညဥ့်နက်ကျက်မယ့်အစား စောစောအိပ်ပြီး မနက်ကျ စောစောထကျက်လို့လည်း ရပါတယ်ကွာ"

ဒါပေမဲ့ စာကျက်ဖို့ စိတ်ပါတဲ့ အာရုံစူးစိုက်မှုရတဲ့ ကာလကဲ့ရှင်စိတ်ကြည်လင်တဲ့အချိန် ကျက်ချင်တဲ့အချိန်ဆိုတာ လည်း ရှိသေးတယ်လေ ဒက်ဒီရယ်လို့ စိတ်ထဲက စောဒကတက် နေမိပါသည်။ မနက်စောစော ထစာကျက်ရမယ်ဆိုပြီး ဒက်ဒီကျေ နပ်မည့်အိမ်ရှင်မကိစ္စမျိုးတွေ လုပ်နေရင်တော့ကော ခေါင်းရှင်းရှင်း နဲ့ စာဖြောင့်ဖြောင့်ကျက်လို့ ရပါဦးမလား။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အဓိကပြောချင်တာက ဒေါ်ချစ်ကြီး ကို မင်းမိန်းမ တံခါးထဖွင့်ပေးရမယ်လို့လည်း မဟုတ်ပါ ဘူး၊ မင်းက အိမ်ထောင်သည် အိမ်ထောင်ဦးစီးယောကျ်ား တစ်ယောက် ဖြစ်နေပြီဆိုတဲ့ အချိန်မှာ ကိုယ့်မိန်းမကို အိမ်ထောင်ရှင်မကောင်းတစ်ယောက်အဖြစ် ပုံစံတကျနေရာ ချနိုင်ဖို့ မင်းမှာ လုံးလုံးလျားလျား တာဝန်ရှိတယ် သက်ဖူး...

ဒီစကားက အပြောလွယ်ပေမယ့် တကယ်တမ်း ဆောင်ရွက်နိုင်ဖို့ ခက်တယ်ကွ၊ မင်းက ပုံစံချနိုင်ရင်တောင် ဟိုဘက်က လိုက်နာနိုင်ဦးပါမှ၊ မင်းကိုက ပုံစံမချနိုင်ဘူး ဆိုရင် ပိုဆိုးတော့မပေါ့၊ အရင်က သူ ဘယ်လိုပဲနေနေ"





ဦးနေထွတ်ညွန့် စကားသံက တစ်ဝက်တစ်ပျက်ပြတ် သွား၍ သက်ဖူးက ကော်ဖီထုပ်ကိုဖောက်ကာ ရေနွေးဓာတ်ဘူး လောင်းထည့်နေရာမှ မျက်လွှာတစ်ချက် လှန်ကြည့်လိုက်လျှင် ဦးနေထွတ်ညွန့်မျက်နှာက အိုးတိုးအမ်းတမ်းနှင့် တစ်မျိုးကြီးဖြစ်ကာ နေလေသည်။

"ဒက်ဒီ ... သမီး နောက်ကျသွားတယ်ထင်တယ်၊ အိပ်ရာ ထတာ"

ပိုးပုလဲဖွေးဥ။ နာမည်လေးနှင့် လိုက်ဖက်အောင် အိပ်ရာထအလှ ဖွေးဖွေးဥဥ နုနုမွတ်မွတ်လေးနှင့် ရောက်လာပါ သည်။

"အင်း ... ကိုးနာရီ"

ဦးနေထွတ်ညွန့်က နာရီတစ်ချက်မော့ကြည့်ကာ ခပ်အမ်းတန်းတန်းနှင့် ပြောလိုက်ပါသည်။ သူ ပြောနေလက်စ နောက်ဆုံးစကားပိုဒ်တွေကိုတော့ ပိုး ကြားသွားမှာ သေချာတဲ့ အတွက် အနည်းငယ်တော့ မျက်နှာပူဟာ အမှန်ပင်။

"သမီး ညက သုံးနာရီမှ အိပ်လို့ပါ ဒက်ဒီ"

ပိုးက သက်ဖူးနံဘေးခုံ ဆွဲထုတ်ထိုင်ကာ အပြုံးလေး နှင့် ပြောလိုက်ရင်း တစ်ဆက်တည်းလှမ်းကာ ...

"ဒေါ်ချစ်ကြီး ... သမီး ဘာစားရမှာလဲဟင်"

"ပေါင်မုန့်မီးကင်လေးနဲ့ ထောပတ်နဲ့ ဂျမ်နဲ့ ကြက်ဥပြုတ် ကြော်လေး စားချင်လည်းရတယ် ပိုး၊ ပဲပြုတ်နဲ့ ထမင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကြက်သွန်နီနဲ့ မွှေးမွှေးလေး ကြော်ထားတာလည်းစား
ချင်ရင် ရှိတယ်”

ဦးနေထွတ်ညွန့်က ဒေါ်ချစ်ကြီးကို ဖျတ်ခနဲတစ်ချက် လှမ်းကြည့်လိုက်ပါသည်။ ပါးစပ်ကြီးနားရွက်ချိတ်မတတ် ပြုံးရယ်ကာ ချစ်စနိုး တယုတယ ရှင်းပြပြောပြနေလိုက်တာ ရက်ပိုင်းမျှပဲ တွေ့ဆုံရသေးသူနှင့် ပြောနေတာနဲ့မတူ သူ့လက်ပေါ်ကြီးပြင်းလာတဲ့ကလေးမလေးလို အရိပ်တကြည့်ကြည့် ဂရုတစိုက်ပြောဆိုနေတာပင်။

“ဟယ် ... နှစ်ခုလုံး ဒေါ်ချစ်ကြီး အပြောနဲ့တင် စားချင်
လိုက်တာ”

ပိုးက လက်ဝါးလေးနှစ်ဖက်ပင် ရိုက်ဆုပ်ကိုင်ကာ ထိုင်နေရင်းက ခုန်ဆွဆွလေးဖြစ်မတတ် ဝမ်းသာအယ်လဲသဏ္ဍာန်ကလေး လုပ်လိုက်ပါသည်။ အင်း ... မယ်တော်ကလည်းကဲကဲ ကြက်တူရွေးကလည်းသည်းသည်း။ နှစ်ဦးနှစ်ဖက် လိုက်ဖက်ညီ အပေးအယူကိုတည့်လို့။

“ကိုကို ဘာစားလဲ”

“ကိုယ် ခုမှ စဉ်းစားနေတာ ဘာစားရင်ကောင်းမလဲလို့”

“ဒါဖြင့် ကိုကို ပေါင်မုန့်ကင် ထောပတ်ဂျမ်သုတ်ကို
ကြက်ဥမွှေလေးနဲ့စား၊ ပိုးက ပဲပြုတ်ထမင်းကြော်၊ ပြီးရင်
တစ်ယောက်ဟာတစ်ယောက် နည်းနည်းစီ လဲစားမယ်၊
အဲဒါဆို နှစ်မျိုးလုံးလည်း စားရရောပဲ”





“အင်း ... ကောင်းတယ်၊ ဒေါ်ချစ်ကြီး ကြားလား”

“ကြားတာပေါ့ မောင်သက်ဖူးရဲ့ ... ဟင်း ဟင်း ဟင်း”

ဟင် ...။

သူ့ကိုများ အရွဲ့တိုက်တဲ့ပြဇာတ် က,နေကြရော့သလား။ အချိုတွေ အချဉ်တွေ အတိုင်တွေ အဖောက်တွေနှင့် ဟုတ်နေတာပင်။ မောင်သက်ဖူးကလေးကလည်း မိန်းမစီမံခန့်ခွဲတဲ့အတိုင်း ခေါင်းကလေးညိတ်လို့ လိုက်နာလို့ပါလား။ ဒေါ်ချစ်ကြီးကလေးကလည်း နှစ်မျိုးနှစ်ဖုံ စီစဉ်ပေးရမှာကို ရွှေဒင်္ဂါးကောက်ရတဲ့အလားပါလား။ မပိုးပုလဲဖွေးဥကလေးကလည်း သူ့ကိုယ်သူ ယောက္ခမအိမ်ပေါ် တက်လာတဲ့ ချွေးမရယ်လို့ သဘောမထားဘဲ ဟိုတယ်စားသောက်ခန်းထဲ စားပွဲထိုးလုလင်ကို မှာချင်တိုင်းမှာနေတဲ့ အတိုင်းပါလား။

“ဒေါ်ချစ်ကြီး”

“ရှင့် ... ဆရာကြီး”

“ခိခိ ... ခိခိ”

ဦးနေထွတ်ညွန့်က ပိုးကို အံ့အားတသင့် ငဲ့ကြည့်လိုက်ရင်း ...

“ဘာတုန်း”

“သြော် ... ကန်တော့ပါ ဒက်ဒီ၊ ခိခိ ... ဒေါ်ချစ်ကြီးက
ဒက်ဒီ့ကို ဆရာကြီးလို့ ခေါ်လိုက်တိုင်း သမီး ဘယ်လိုရယ်
ချင်မှန်း မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးလွန်းပြန်တော့လည်း ကန်တော့တဲ့ကိစ္စပင် "ပါ"ဆိုတာ ထည့်လိုက်သေးတဲ့အခါကျတော့ ကန်တော့ပါဒက်ဒီ ... ဖြစ်ရသည်။

ဒက်ဒီကပဲ လက်အုပ်ချီရတော့မလိုလို။

"ဩော် ... ဟော်ဟော်၊ ဒေါ်ကြီးက နှုတ်ကျိုးနေပြီသမီးရဲ့"

"ဒက်ဒီက ဆရာကြီးမှ မဟုတ်တာကို မိခ်ိ"

"ရှိသေလေးစားသမှုနဲ့ပါ ... ပိုးရယ်"

"ကဲ ... ကဲ ... ရှိသေရင်လည်း ကျွန်တော့်ဖို့ပါ ပဲပြုတ်ထမင်းကြော်လေး ထပ်ထည့်ခဲ့ဦး ဒေါ်ချစ်ကြီး"

"ဟုတ်ကဲ့ ဆရာကြီး"

"ဒေါ်ချစ်ကြီးက ဘာလုပ်လုပ် ဘာချက်ချက် စားလို့ကောင်းတယ်နော် ကိုကို"

"အင်း"

"စိတ်လည်း အရမ်းရှည်တာပဲ"

"အင်း"

"သန့်သန့်ပြန့်ပြန့်လည်း ရှိတယ်"

"ဟုတ်တယ်"

သူပြောမှပဲ ငါးနှစ်တာသက်တမ်းလောက် သူတို့အိမ်ကို မနက်လာ မွန်းလွဲပြန် လုပ်နေတဲ့ ဒေါ်ချစ်ကြီးရဲ့ကောင်းကွက်တွေ တန်းစီသိရသလို ဖြစ်နေသည်။





"ပါးကြီးက ဖြူဖြူဖွေးဖွေးနဲ့ သနပ်ခါးကြီးတွေနဲ့ ချစ်စရာကြီး၊ မွေးပစ်ချင်တာ"

"ဟင်း ဟင်း ဟင်း"

သက်ဖူးက ကိုယ်ကိုလှုပ်ရှုလှုပ်ရှုရယ်ကာ ဒက်ဒီ့ကို လှမ်းကြည့်မိသည်။ စကားပြောရင်း သူ့အိမ်မှာရော သက်ဖူးကိုပါ ခပ်ချွဲချွဲ ခပ်နွဲ့နွဲ့လေး ပြောလေ့ရှိတဲ့ ပိုးကို သူကတော့ သူ့ချစ်သူ သူ့မိန်းမမို့ ချစ်စနိုးရှိလှပေမယ့် ဒက်ဒီကတော့ နားမျက်စိနောက်နိုင်သည်။

ဒက်ဒီ့မျက်နှာက နားကြားပြင်းကတ်တဲ့ပုံပင်။

"ဒေါ်ချစ်ကြီးက ပိုးကို ငယ်ငယ်ကထိန်းတဲ့ ဒေါ်မနော်ကြီးနဲ့လည်း အရမ်းတူတာပဲ သိလား"

ပိုးက ဒေါ်ချစ်ကြီး လာချပေးတဲ့ ပေါင်မုန့်မီးကင်ကို တစ်ချပ်ဆွဲယူကာ စထရော်ဘယ်ရီယိုပုလင်းမှ ဓားချွန်လေးနှင့် ကလော်သုတ်ရင်း စကားဆက်ပြောနေပါသည်။

"အဲဒါကြောင့်လား မသိဘူး၊ ဒေါ်ချစ်ကြီးကို မြင်မြင်ချင်း ချစ်တယ် ... အဟင်း၊ သိလား ဒေါ်ချစ်ကြီး"

ထမင်းကြော်ပန်းကန် လာချတဲ့ ဒေါ်ချစ်ကြီးက ပြုံးပြုံးကြီးနှင့် ...

"ဒေါ်ကြီးကလည်း ချစ်ပါတယ် သမီးရယ် ... အဟင်းဟင်း"

"ဒက်ဒီ"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရုတ်တရက် ခေါ်လိုက်၍ ဦးနေထွတ်ညွန့်က လန့်သွားသလို ကယောင်ကတမ်း ထူးလိုက်ပါသည်။

"ဒက်ဒီ ... ဒေါ်ချစ်ကြီးကိုလေ ..."

"အင်း"

ပိုးက စကားရပ်ထား၍ ဦးနေထွတ်ညွန့်က ထောက်ပေးလိုက်တာပါ။

"အိမ်မှာ အပြီးခေါ်ထားပါလားဟင်"

"ဟင်"

"ဟိုလေ ... မနက်လာ နေ့လယ်ပြန် မဟုတ်ဘဲ၊ အိမ်မှာပဲ ထားလိုက်ပါလားလို့ပါ"

ဦးနေထွတ်ညွန့်က ပိုးကို စိုက်ကြည့်နေမိသည်။ ဒီတစ်ခါ ပိုးစကားက သက်ဖူးကိုပါ အနေခက်သွားစေပါသည်။ အိမ်ရောက်လာတာ ဘယ်နရက်မှ မရှိသေးဘဲ အိမ်ရဲ့အရေးကိစ္စကို ဝင်ကာ စီမံခန့်ခွဲနေရာ ရောက်နေတာမို့ပင်။

"ဘာဖြစ်လို့လဲ ပိုးရဲ့"

"အားလုံး အဆင်ပြေတာပေါ့ ကိုကိုရဲ့"

"အခုလည်း အဆင်ပြေနေသားပဲ ပိုးရဲ့"

ဦးနေထွတ်ညွန့်က မျက်ခုံးကိုတွန့်မိရင်း ...

"နေပါဦး သက်ဖူး၊ ဒက်ဒီ မေးပါရစေ"

သူ့သားကို တားလိုက်ကာ ...





"အင်း ... ပြောပါဦး၊ အခု သမီးအဆင်မပြေတာ တစ်ခုခု ရှိလို့လား"

"အဆင်မပြေတာ ရှိလို့တော့ မဟုတ်ပါဘူး ဒက်ဒီ၊ အိမ်မှာပဲ ထားလိုက်ရင်တော့ ဒီထက်အဆင်ပြေသွားမှာ သေချာလို့ပါ"

ဒေါ်ချစ်ကြီးဟာ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ဦးနေထွတ်ညွန့်ကို မေးဖူးပါသည်။ သူ ဒီမှာလာနေလို့ ရမလားဆိုတာ။ ကိုယ်တိုင် အပျိုကြီးဖြစ်ကာ ရွှေပြည်သာမှာ ညီမဖြစ်သူ မိသားစုနှင့် အတူနေတဲ့ ဒေါ်ချစ်ကြီးက အသွားအပြန်လုပ်မနေရဘဲ ဒီမှာနေခွင့်ရလျှင် သူ့အတွက် ပိုအဆင်ပြေတယ်ဆိုတာ ပြောဖူးပါသည်။

ဒေါ်ချစ်ကြီးကို ခင်လည်းခင်မင် သဘောလည်းကျပေမယ့် သူတို့သားအဖယောကျ်ားနှစ်ယောက်တည်းနေတဲ့အိမ်ဖြစ်၍ စာရင်းဖယား ရှုပ်ပါတယ်လေဟု သူ ဆုံးဖြတ်ကာ ဒေါ်ချစ်ကြီး တောင်းဆိုမှုကို ငြင်းပယ်လိုက်တာပါ။ ရွှေပြည်သာကို ပြန်နေရတဲ့အတွက် လမ်းစရိတ်လည်း အပိုကုန်သေး၍ ဦးနေထွတ်ညွန့်အဖို့ရာလည်း လခပိုပေးရတာပါ။ ဒီမှာနေခွင့်ရရင်တော့ သူ့ကို လခကြိုက်သလောက် လျှော့ပါဆိုတာအထိ ဒေါ်ချစ်ကြီးက ပြောဖူးခဲ့တာပါ။ သူကသာ ငြင်းဖြစ်ခဲ့တာ။

"ကိုယ်တို့က သားအဖနှစ်ယောက်တည်း နေကြတာဆိုတော့ အရင်ကတည်းက ဒေါ်ချစ်ကြီး ပြောဖူးပေမယ့် အိမ်မှာညီ မသိပ်ဖြစ်တာ ပိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပိုးလည်း အဲလိုပဲ သဘောပေါက်ပါတယ်၊ ဒါပေမဲ့ အခုက ကိုကိုတို့သားအဖနှစ်ယောက်ထဲမှ မဟုတ်တော့ဘဲ၊ ပိုးလည်းရှိပြီလေ၊ အိမ်မှာ မိန်းမဖော်လည်းရှိတာမို့လို့ ပိုးက ပြောတာပေါ့"

"ဒေါ်ချစ်ကြီးက သမီးကို ပြောခိုင်းတာလား"

စားပွဲနား လိုတာလုပ်ကိုင်ပေးနေသည့် ဒေါ်ချစ်ကြီးက မျက်လုံးဝိုင်းကာ ...

"အို ... ကျွန်မ မပြောခိုင်းရပါဘူး ဆရာကြီးရဲ့"

ပိုးကလည်း မျက်ခုံးလေးပင့်ကာ ...

"ဟုတ်ပါတယ်၊ ဒေါ်ချစ်ကြီး ဘာမှမပြောခိုင်းပါဘူး ဒက်ဒီရဲ့၊ သမီးဘာသာ ပြောတာပါ၊ သမီးက အဲသလိုဆိုရင် ပိုအဆင်ပြေသွားမယ်ထင်ပြီး ပြောလိုက်တာပါ"

တကယ်တမ်းက အဲသလိုဆိုရင် ပိုအဆင်ပြေသွားမှာ အမှန်ပင်။ တကယ်တော့ သက်ဖူးလက်ထပ်မယ်ဆိုကတည်းက ဦးနေထွတ်ညွန့် ဒီအကြံကိုရရမှာ။ သူတို့သားအဖချည်းပဲတုန်းက အမျိုးသမီးတစ်ယောက် အိမ်ခေါ်မထားချင်ပေမယ့် သက်ဖူးရဲ့ မိန်းမ ရှိလာပြီဆိုတဲ့အခါ ဒေါ်ချစ်ကြီးအဖို့လည်း နေလို့တင့်တယ်ပြီဖြစ်ရာ အိမ်မှာအမြဲထားလိုက်ရင် ပိုအဆင်ပြေနေတာပါ။

ကိုယ်က ခေါင်းထဲမတွေးမိဘဲ မေ့လျော့နေတုန်း ပိုးက ဝင်စီမံခန့်ခွဲလိုက်သလိုဖြစ်တော့ တစ်မျိုးကြီး ခံစားလိုက်ရတာတော့ အမှန်ပင်။





"အင်းပေါ့လေ ... နေ့လယ်ပိုင်းပြန်တော့ ညနေစာလည်း ချက်သွားတယ်ဆိုပေမယ့် စားခါနီး နွှေးရပူရ ထမင်းခူးရ ထမင်းပွဲသိမ်းရ၊ ဆေးကြောရဆိုတဲ့ကိစ္စတွေက ရှိနေသေးတော့ သမီးအတွက် အဆင်မပြေဖြစ်တယ် ထင်တယ်"

"အဲလိုကြီး အဆင်မပြေလောက်အောင်တော့ မဖြစ်ပါဘူး ဒက်ဒီ၊ ညနေစာစားသောက်ပြီးရင်လည်း သမီးက ဆေးမယ်ဆိုတာတောင် ကိုကိုက သူလုပ်နေကျဆိုပြီး သူချည်းဆွဲလွဲဆေးကြော ရှင်းလင်းပစ်လိုက်တာ သမီး ဘာမှမလုပ်ကိုင်ရပါဘူး၊ သမီးက ပိုအဆင်ပြေလိမ့်မယ်ထင်တာကိုပဲ ပြောကြည့်တာပါ၊ ဒေါ်ချစ်ကြီး ညပါအိပ်တော့ ကိုကိုလည်း သက်သာတာပေါ့၊ ဒက်ဒီလည်း မနက်စောစောကျ ဒေါ်ချစ်ကြီးကို တံခါးထဖွင့်မပေးရတော့ဘူးပေါ့ ... အဟင်း ဟင်း"

ရိုးရိုးပြောတာလည်း ဖြစ်နိုင်ပေမယ့် ပိုးစကားက သူ့ကို နောက်သလိုလို ပြောင်သလိုလို နှနက သူ့စကားတွေကို ကြားလိုက်ရလို့ပဲ တမင်တကာ ပြောတာလိုလို ဖြစ်နေပါသည်။ ဘာဖြစ်လို့များ ဒီကိစ္စကို သူ အရင်မစဉ်းစားမိပါလိမ့်။ ခေါင်းထဲ အလေးအနက် မရှိလိုက်တာပင်။ အဲသလို စီစဉ်လိုက်လျှင် ဒေါ်ချစ်ကြီးကလည်း အတိုင်းထက်အလွန် ဝမ်းသာအားရ လက်ခံမှာဖြစ်သလို သူတို့အိမ်အတွက်လည်း အရင်ကထက် အဆင်ပြေ ရှိသွားမှာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးမအသစ်စက်စက်လေးရဲ့ စိမ်ခန့်ခွဲမှုကို အလွယ်တကူ ခေါင်းမညိတ်ချင်တဲ့ ညစ်စိတ်လေး ဦးနေထွတ်ညွန့်ရင်ထဲ ရှိနေပေမယ့် ငြင်းလိုက်ဖို့ကျတော့လည်း အကြောင်းပြချက်ကောင်းကောင်း သူ့၌မရှိပြန်ပေ။





## ၅

"ငါတို့ ဒီပရယ်တီကယ်လ်အချိန်ပြီးရင် ပြီးပြီ၊ တော်ဝင်အသစ်ဖွင့်ထားတာ မသွားဖူးရသေးဘူး၊ သွားကြရအောင်လားဟင်"

သဥ္ဇာ့စကားကြောင့် ပိုးက ညိုသွေးကို လှည့်ကြည့်လိုက်ပါသည်။ သူတို့သုံးယောက်လုံး ဆေးတက္ကသိုလ်သက်တမ်းတစ်လျှောက်မှာ အတူတူ ခင်မင်တွဲလာခဲ့တာမျိုးတော့ မဟုတ်ပေမယ့် ကျောင်းပြီးတဲ့နောက် Teaching ပိုင်းကို အလုပ်ဝင်ကာ အမ်အက်စီဖြေဖို့ ကြိုးစားကတည်းက စတွဲဖြစ်ကြတာပါ။

သို့ပေမဲ့ ညိုသွေးနှင့်ကတော့ အပြင်မှာ မိဘချင်းခင်မင်ရင်းနှီးတာမို့ အရင်ကတည်းက သိကျွမ်းနှင့်တာပါ။

"နင်တို့သွားရင် သွားလိုက်တော့လေ"

"အာ ... နင်ကလည်း ဘာကိစ္စရှိလို့လဲ၊ ဘာမှမရှိဘူး မဟုတ်လား၊ လိုက်ခဲ့ပါဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးက ညိုသွေးနားကပ်ကာ ...

"ဟယ် ... ညိုသွေးရယ် လိုက်ခဲ့ပါနော်၊ ငါတို့ ရှော့ပင်မသွားဖြစ်တာ ကြာပြီပဲ"

ညိုသွေးက ပိုးကိုပြုံးကြည့်ရင်း ...

"သွားမယ့်သွားတော့လည်း နင်တို့က ကျောင်းကနေဆိုတော့ ရင်ဖုံးအင်္ကျီနဲ့"

"ဘာဖြစ်လဲဟယ်၊ ငါတို့က လှပြီးသားပဲ ဟီး ဟီး"

ညိုသွေးက တကယ့်ကို လှလွန်းသော ပိုးကို မျက်စောင်းလေးရွယ်ကာ ...

"သူကလှတော့ ပြောအားရှိတာပေါ့"

"ဟဲ့ ... နင်လည်း လှတာပဲလေ ညိုသွေးရဲ့၊ ပိုးတို့တော့ ပြောမနေနဲ့ သူတို့လောက် တစ်မိသားစုလုံးချိုပြီး လှလွန်းတာတော့ တွေ့ကိုမတွေ့ဖူးဘူး၊ တစ်ယောက်မကျန် အရမ်းလှနေတာ၊ အလကားနေရင်းနဲ့ လှနေတာ၊ မောင်နှမသုံးယောက်လုံးကလည်း ငေးကြည့်ယူရတယ်၊ ပိုးနဲ့ သူ့ညီမ ပန်ပန်တော့ မိန်းကလေးတွေမို့ ထားလိုက်ပါဦး၊ အစ်ကိုလုပ်တဲ့သူကလည်း ယောကျ်ားတန်မယ့်နဲ့ လင်းလက်သန့်ထွက်နေလိုက်တဲ့ရုပ်၊ မင်္ဂလာဆောင်နေ့ကဆို ကျူပ်မှာ ညည်းအစ်ကို,ကိုပဲ မေးထောက်ငေးနေရတယ် ပိုးရေ၊ သတို့သားထက်ကို ချောနေတာ၊ စိတ်တော့မဆိုးနဲ့"

ပိုးက ပြုံးစိစိလေးနှင့် ...





"စိတ်ဆိုးစရာလားဟဲ့၊ ငါ့ယောကျ်ားထက် ပိုချောတယ်ဆိုတဲ့သူက ငါ့အစ်ကို ဖြစ်နေတော့ ခွင့်လွှတ်ပါတယ်"

"ကဲ ... ကဲ ... သွားမယ်ဆိုလည်း သွားကြတာပေါ့ဟယ်"

ညိုသွေးက စကားဝိုင်းကို ဖြတ်လိုက်ပါသည်။ ပရယ်တီကယ်လ်အချိန်ပြီးတော့ ကားငှားကာ သူတို့ တော်ဝင်ခင်တာဘက် လာခဲ့ကြသည်။ ကားပေါ်မှာ ပိုးက ဖုန်းထုတ်၍ ဆက်သည်။

"ဟယ်လို ... ကိုကိုလား"

"ပိုး ... ပြော"

"ကိုကို ရုံးက ဘယ်အချိန်လောက် ပြန်မလဲ"

"ငါးနာရီခွဲ ခြောက်နာရီပေါ့၊ ပိုး ဘာလုပ်ချင်လို့လဲ"

"အဲဒါဆို ကိုကို ပိုးကို တော်ဝင်မှာ လာကြိုပေးပါလား"

"ဩော် ... အသစ်ဖွင့်တဲ့ တော်ဝင်စင်တာလား"

"ဟုတ်"

"လာကြိုလိုက်မှာပေါ့ ပိုးရဲ့"

"အဲဒါဆိုရင် အဲဒီအချိန်ထိ ပိုးတို့ အေးအေးဆေးဆေးပတ်နေလို့ ရတယ်၊ ပိုး သူငယ်ချင်းနှစ်ယောက်လည်းပါတယ်၊ ကိုကို ပြန်ပို့ပေးနော်"

"အင်းပါ ... ပို့ပေးမှာပေါ့ ပိုးရယ်"

"ဒါဆို ဒါပဲလေ၊ ကိုကို လာပြီဆိုရင် ဖုန်းဆက်လိုက်နော်၊ ကား ဘယ်နားရပ်ထားမလဲ လှမ်းပြောပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... အင်းပါ ... ကောင်းပါပြီ"
"ကိုကို ... တာ့တာ"
"တာ့တာ"
ပိုး ဖုန်းပိတ်လိုက်လျှင် သဥ္ဇာက မျက်စောင်းလေး နနနှင့် ...
"နားထဲမှာ ဖာလူဒါသောက်ရတဲ့အတိုင်းပါပဲ ပိုးရယ်"
"ဟိ ဟိ"
"ချွဲကိုချွဲတယ်၊ နင်က ကံကောင်းပါတယ်၊ ယောကျ်ားက ချစ်လိုက်တာလဲ တုန်နေတာပဲ၊ ပြီးတော့ ယောက္ခမလည်း မရှိဘူး၊ ယောက္ခထီးပဲ ရှိတယ်ဆိုတော့ မပြေလည်စရာ အကြောင်းလည်း အထွေအ ထူးရှိမှာ မဟုတ်ဘူး"
"ဟား ဟား"
ပိုးက ခေါင်းလေးမော့ကာ ရယ်လိုက်ပါသည်။
"ဘာရယ်တာလဲ"
"အဲဒီယောက္ခထီးက ယောက္ခမနှစ်ယောက်စာဟဲ့"
"ဟင် ... တကယ်လား"
"အင်း ... အဟီး"
"ဒါပေမဲ့ နင် အဟီးလို့ ရယ်နိုင်ပြီး ပြောတာဆိုတော့ အရမ်းဆိုးဆိုးဝါးဝါး မဖြစ်နိုင်ပါဘူးဟာ"
"အဟင်း ... အဲလိုပြောလည်း ရပါတယ်၊ သူက ကလေး ဆိုးကြီးလိုဟဲ့၊ ဂျစ်ခပ်ကျကျနဲ့ တစ်မျိုးကြီး၊ ရယ်ရတယ်၊ လူကတော့ လူဖြောင့်ကြီးပါ"





"လူဖြောင့်စိတ်တိုလား"
"လူဖြောင့်စိတ်ကောက် ... ဟိ"
"ဟယ်"
"သူ့သားကိုလည်း အရမ်းချစ်တော့ နည်းနည်းတိုချင်တာ ပေါ့ဟာ၊ သူ့မှာ မိန်းမလည်းမရှိ ဒီသားကလေးတစ်ယောက် ပဲရှိတာကိုး၊ ဒါလေးက မိန်းမယူပြီး မိန်းမနားချည်း ကပ်နေတော့ သိပ်မကြည်ချင်ဘူး ဖြစ်မှာပေါ့"
"ဒါလောက်လေးများဟယ် ... ပါးပါးလေးပါ"
"ခက်တာက သူကလည်း သူ့စိတ်နဲ့သူကိုယ်၊ ငါကလည်း ငါ့စိတ်နဲ့ ငါ့ကိုယ် သဥ္ဇာရဲ့၊ ဒါပေမဲ့ ငါက ချွေးမဆိုတော့ ဘာပဲဖြစ်ဖြစ် ရိုရိုသေသေ လေးလေးစားစား ဆက်ဆံပါ တယ် သူ့ကို"
"အဲဒါဆို ပြီးတာပဲလေ"
"တစ်ဦးတည်းသော သားတွေနဲ့ ယူမိရင် နောက်ပိုင်းဆက် ဆံရေးက ပုံမှန်ထက် နည်းနည်းတော့ ညှိယူရမယ့်သဘော ရှိတာပဲလေ၊ ဒီလိုမိဘတွေမှာ ဒီတစ်ယောက်မဟုတ်လည်း နောက်တစ်ယောက်ဆိုတာမှ မရှိတာ"
"လက်စသတ်တော့ ညှိသွားလည်း တိတ်တိတ်ဆိတ်ဆိတ် နဲ့ တစ်ဦးတည်းသောသား တစ်ယောက်ယောက်နဲ့များ ကြည်နေသလားပဲ"
"မကြည်ပါဘူး သဥ္ဇာရယ်၊ သဘောပြောပြတာပါ၊ ငါက အပျိုကြီးလုပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နင့်ဟာကလည်း အပြောစောလိုက်တာ၊ ကိုယ့်အသက်လေးကဖြင့် ငယ်ငယ်လေးရှိသေးတာကို အပျိုကြီးလုပ်မယ် ပြောစရာလားဟဲ့၊ ဖူးစာရှင် ပေါ်လာမှာပေါ့၊ ကိုယ်က သုံးဆယ်ကျော် လေးဆယ်ကြီး ဖြစ်နေလို့ ပြောရရင် ဟုတ်သေးတယ်"

"ဟင့်အင်း ... အပျိုကြီးပဲလုပ်မှာ"

"ဟောတော် ... ဖွတ်ပဲ"

သဉ္ဇာက ရယ်မောနေသေးပြီးမှ ...

"ကျောင်းတက်နေတုန်းကလည်း နင့်ကို တစ်ယောက်ယောက်နဲ့ တွဲတာမျိုး၊ ပြတ်သွားပြီး အသည်းကွဲတာမျိုးတွေ မကြားဖူးပါဘူး၊ လောကီကိစ္စ စိတ်ကုန်နေတဲ့သဘောလား၊ ဟင်း ဟင်း ... သီလရှင်တော့ မဝတ်ပါဘူးနော်"

သဉ္ဇာက စကားများတဲ့ ကောင်မလေးပင်။ စိတ်ရင်းသဘောကောင်းကာ ပုပုလုံးလုံးလေးနှင့် မျက်နှာလေးက အရုပ်ကလေးနှယ် ချစ်ဖို့ကောင်းပါသည်။ ညိုသွေးကတော့ အေးချမ်းငြိမ်သက်လှတဲ့ စရိုက်ရှိပြီး သူ့တစ်သက် ဘယ်သူ့ကိုမှ ဘယ်တော့မှ မကြိုက်ကစား ဆန့်ကျင်စကားပြောမှာ မဟုတ်တဲ့ မိန်းကလေးမျိုးဖြစ်သည်။

သိပ်မဖြူလှတဲ့ အသားအရေလေးက သန့်ရှင်းစင်ကြယ်ပြီး မျက်နှာလေးက နူးညံ့သိမ်မွေ့စွာ ယဉ်စစနိုင်သူကလေးပါ။ ပိုးတစ်ယောက်ကတော့ ဆေးကျောင်းသက်တမ်းတစ်လျှောက်





လုံးလည်း ကွင်းဘွဲ့ခံယူခဲ့ရပြီး တစ်ကြိမ်ထက်ထပ်မံ လည်ပြန်အောင် ဘယ်သူမဆို ကြည့်မိတဲ့အထိ ချောမောလှပလွန်းသူလေးပါ။

"သီလရှင်တော့ မဝတ်ပါဘူး သဉ္ဇာရယ်"

"ညိုသွေးကလေ အေးစိအေးစက်ကလေးနဲ့ အသည်းယားစရာလေးတော့၊ ကျောင်းတက်တုန်းက နင့်ကိုလည်း လိုက်တဲ့သူတွေ အများကြီးနော်၊ အားလုံးကို ခါချပစ်တယ်၊ ငြင်းပစ်တယ်"

"ဟင် ... နင် ဘယ်လိုသိလဲ"

"ဩော် ... ညိုသွေးရယ်၊ သဉ္ဇာပါဟယ်၊ ငါ့ဆီမှာလေ ဘယ်နှစ်က ဘယ်သူက ဘယ်သူ့ကိုလိုက်၊ တွဲကြ၊ ဘယ်လောက်ကြာတော့ ပြန်ကွဲကြ၊ ယူဖြစ်တဲ့စုံတွဲ ကွဲသွားတဲ့စုံတွဲ ဘယ်သူက ဘယ်သူ့ကိုလိုက်တဲ့စာရင်း၊ စိတ်ဝင်တစားနဲ့ကို မှတ်တမ်းကိုတင်ပြီး ပြုစုထားတာ ... ဟီး ဟီး၊ အကုန်ရှိတယ်"

"အမယ်လေးတော် ... သူ့မှာ အလုပ်မရှိ အလုပ်ရှာအားအားယားယား"

"ဟုတ်တယ်လေ ပိုးရဲ့၊ စပ်စုချင်တာကိုး၊ ပိုးကို ရှင့်ဘဲဘဲကြီး ကိုသက်ဖူးညွှန့်က ဖိုင်နယ်ပါ့ထိဝမ်းတက်တက်ချင်း သဲသဲမဲမဲ လာပိုးတော့တာ၊ ဒါလည်းမှတ်မိထားတာပဲ၊ ပိုးလည်းပဲ သူ့ကိုလိုက်တဲ့ အယောက်တစ်ရာလောက်ရှိတဲ့ကြားက ဒီတစ်ယောက်ကိုမှမ မငြင်းနိုင် မဆန်နိုင်ပျော့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပါသွားတာ ငါသိတယ်၊ နင့်ရဲ့ဖတ်စ်လပ်ဗ်ပဲ မဟုတ်လား ပိုးရဲ့၊ ရည်စားဦးပဲ မဟုတ်လား"

"အဟင်း ဟင်း ... အေးပါ ဟုတ်ပါတယ်"

"ငါ့မှာ ကျောင်းက ချောတဲ့လှတဲ့ နာမည်ကြီးတဲ့ယောက်ျား လေး မိန်းကလေးတွေရဲ့ ရည်းစားစာရင်းလည်း ရှိတာပဲ လေ ... အဟီး၊ ပိုးလေးက ရှင်းရှင်းလေး တစ်ယောက်ဆို မှ ဒီတစ်ယောက်တည်း"

"ညိုသွေးက ပိုရှင်းသေး၊ တစ်ယောက်မှမထားဘူး၊ ပြီးရော"

"ဒါပေမဲ့လေ ညိုသွေး၊ ငါက နင်နဲ့ သိပ်မခင်လို့ သိလား၊ နင့်ကိုကြည့်ပြီး ငါက အသည်းကွဲထားဖူးတဲ့ ကောင်မလေး လို့ပဲ အမြဲထင်နေတာ"

"မကွဲဖူးပါဘူးဟယ်"

ညိုသွေးက ခပ်သွက်သွက်လေး ငြင်းပါသည်။

"အင်းလေ ... ခုနောက်ပိုင်း ခင်သွားတော့ သိသွားပြီလေ၊ နင့် နဂိုနေပုံစံလေးကိုက ဆွေးဆွေးလေးလို ဖြစ်နေတယ် ဆိုတာ၊ အရင်က ထင်တာကို ပြောတာပါ၊ နင့်ကို ကိုဗညား ခုထိလိုက်တုန်း မဟုတ်လား ညိုသွေး"

ညိုသွေးက ငြိမ်ပြီးမဖြေ။

"ဟဲ့ ... ဟုတ်တယ် မဟုတ်လား"

ကိုဗညားဆိုတာ ပိုးတို့ထက် နှစ်တန်းကြီးပြီး နှစ်နှစ် စော ဆရာဝန်ဖြစ်တဲ့ အစ်ကိုကြီးတစ်ယောက်ပါ။





"လိုက်တုန်း ... လိုက်တုန်း"

ပိုးက ပြုံးစိစိလေး ဝင်ဖြေလိုက်ပါသည်။

"အဲဒါမျိုး လက်ခံလိုက်တာ မဟုတ်ဘူး၊ အသည်းယား တယ် မလှုပ်တစ်စီနဲ့၊ ကိုဗညား ဘိုးဘွားတွေက မန္တလေး မှာ အရမ်းချမ်းသာတာဟဲ့"

စကားဖောင်ဖောင်ပြောရင်း တော်ဝင်ကိုရောက်လာ ကြပါသည်။ လျှောက်ကြည့်ကြရင်းက ဒုတိယထပ်မှ အမျိုးသား ဝတ် ဆိုင်တစ်ဆိုင်မှာ ချိတ်ထားတဲ့ စပို့ရှပ်တစ်ထည်ကို မျက်စိ ကျကာ ပိုးက လှမ်းမေးရင်း ...

"ဘယ်လောက်လဲဟင်"

"သုံးသောင်းခွဲပါ"

"လျှော့ဦးမလားဟင်"

"ကပ်ထားတဲ့ဈေးပါပဲ အစ်မ"

"နည်းနည်းတော့ လျှော့လေ"

အဖြူ အနက် မီးခိုးရောင် ကာကီရောင်လောက် ကလွဲရင် ကြောင်ကြောင်ကျားကျား အရောင်တွေမဝတ်တဲ့ သက်ဖူး အတွက် ဒီစပို့ရှပ်အနက်ကလေးကို ဝယ်လိုက်ချင်ကာ ဈေးလျှော့ လာအောင် ပိုးက မက်မက်မောမော ကြိုက်နေပုံကိုလျှော့ပြီး ဘခြားအဝတ်အထည်တွေကို ပတ်ကြည့်နေလိုက်ပါသည်။

ခဏနေမှ လှည့်ပြီး ...

"မလျှော့တော့ဘူးလား ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အစ်မ၊ ဟိုအစ်ကိုတောင် ယူလိုက်ပြီထင်တယ်"

"ဟင်"

ပိုးက မှုလိုက်မိတာ နှမြောသွားပြီး ငွေချေတဲ့နေရာ ဆီကြည့်လိုက်မိလျှင် အဲဒီက လူတစ်ယောက်ကလည်း စကားသံကြားလိုက်တာမို့ ပိုးထံ လှည့်ကြည့်လာသည်။

"ဟာ ... မပိုး"

သူက ကြိုးပေမယ့် အမြဲပဲ ခေါ်လိုက်ရင် "မပိုး"။ ပိုးက စိတ်ရှုပ်သွားသော်လည်း မျက်နှာပေါ်မှာတော့ အပြုံးလေးပဲ တပ်ဆင်လိုက်ကာ ...

"သြော်"

"မပိုး ယူဖို့လုပ်ထားတာလား"

"မလုပ်ပါဘူး၊ ဈေးမေးကြည့်တာပါ၊ ရပါတယ်"

"မပိုး ယူရင်ယူလိုက်လေ"

"ဟင့်အင်း ... ရတယ်၊ မယူပါဘူး"

"ယူလိုက်ပါ ... ရော့ပါ"

"ဟင့်အင်း ... နေပါစေ၊ ကိုဝင်းကိုကို ငွေတောင်ချေပြီးနေပြီကို"

"ရပါတယ် ငွေချေပြီးလဲ၊ ဘာမှမဖြစ်ဘူး၊ မင်းမင်းအတွက်လား"

သူက မင်းမင်းလို့ ရည်ညွှန်းသည်မှာ ပိုးရဲ့အစ်ကိုအကြီး မင်းဝဏ္ဏဦး ကိုဖြစ်ပါသည်။





"မဟုတ်ပါဘူး၊ ပိုးရဲ့အမျိုးသားအတွက်ပါ"

"သြော် ... ဟုတ်သားပဲ၊ အဲဒါမတွေးမိဘူး၊ အခု မပိုးက အမျိုးသားအိမ်မှာ လိုက်နေတာနော်"

"ဟုတ်ကဲ့၊ သွားဦးမယ်နော်"

"ဟုတ်ပြီ ... ဟုတ်ပြီ"

ပိုးက ဆိုင်အပြင်ပြန်ထွက်ဖို့ လှည့်လာချိန်မှာ သဉ္ဇာက ကက်ပ်ဦးထုပ်တစ်လုံးကို သူ့ရဲ့မောင်လေးအတွက် ကြည့်ရှုမေးမြန်း ဈေးဆစ်နေသည်။

"ဈေးများတယ်"

"မယူရင် သွားရအောင် သဉ္ဇာ"

"ဈေးမလျှော့ဘူးဟဲ့"

"အေးပါ ... နောက်တစ်ဆိုင် ကြည့်ကြတာပေါ့"

သဉ္ဇာက ပိုးရဲ့အလောတကြီးဟန်လေးကို ငဲ့ကြည့်ရင်း ...

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"တခြားဆိုင် သွားကြည့်ကြတာပေါ့"

စပ်စုမလေး သဉ္ဇာက ခုန ပိုးနှင့် စကားပြောနေတဲ့ ဝင်းကိုကို့ကို တစ်ချက်လှမ်းကြည့်ပြီး လက်ထဲကဦးထုပ်လေးကို ချထားလိုက်ပါသည်။ ပိုးနောက်က အသာလိုက်လာရင်း ...

"ဟဲ့ ... အဲဒါ ဘယ်သူလဲ"

"ဘယ်သူမှ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဘယ်သူမှ မဟုတ်တာတော့ ဘယ်ရှိမလဲ၊ တစ်ယောက်ယောက်ပေါ့"

"ကိုကိုကြီး သူငယ်ချင်းပါဟာ"

"ဩော် … နင့်အစ်ကို ဆော်ဒါလား၊ နင့်ကို ကြိုက်မှုးတာလား"

"ဟယ် … နင်ကလည်း ယောကျာ်းတစ်ယောက် ပေါ်လာတာနဲ့ ငါ့ကိုကြိုက်မှုးတဲ့သူ ဖြစ်စရာလား၊ တကယ်ပဲ၊ ဘာမှမဆိုင်ဘူး မကြိုက်မှုးဘူး၊ စကားမပြောချင်လို့ပါဆို"

ညိုသွေးကတော့ ဘာမှမမေးမပြောဘဲ ဆေးကအေးဆေးတိတ်ဆိတ်စွာပဲ ပါလာပါသည်။ သဉ္ဇာကတော့ ဝသီအတိုင်း ချက်ချင်းမရပ်တန့်နိုင်သေးဘဲ …

"နင်တို့မိသားစု ချောရုံလှရုံမကဘူး၊ နင်တို့နဲ့ အသိဖြစ်တာနဲ့လည်း အရမ်းကို ချောနေတော့တာပဲနော်"

❖





၆

ပိုးက သက်မှုးဖယ်လိုက်တဲ့ မျက်နှာသုတ်ပဝါစိုထပ်ထပ်ကို လှမ်းယူကာ တန်းမှာလှန်းလိုက်ပြီး တန်းကို အိပ်ခန်းအပြင်ဘက်ဝရန်တာဆီ လေသလပ်နိုင်ဖို့ ထုတ်ယူပို့လိုက်ရင်း …

"ဒီလကုန်လောက် ကျူရှင်စတက်ရလိမ့်မယ် ကိုကိုရဲ့၊ သိလား"

"ဟုတ်လား … ဟား ဟား၊ အမ်အက်စီဖြေဖို့လည်း ကျူရှင် တက်ရတာပဲလား၊ ပိုးတို့က"

"တက်ရမယ် ကိုကိုရဲ့၊ ဘာပဲဖြစ်ဖြစ် ကိုယ်ဖြေတာ စည်းစနစ်မှန်ဖို့ နည်းလမ်းတကျဖြစ်ဖို့ လိုအပ်သေးတာပေါ့"

"ဘယ်အချိန်တွေလဲ ပိုး"

"ညဘက်တွေ ဖြစ်ဖို့များတယ်၊ ဒါမှမဟုတ်လည်း မနက်အစောကြီး ဖြစ်မှရမှာ"



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ပိုးကို သက်ဖူးက မနက်တိုင်း ကျောင်းကိုပို့သည်။ ကျောင်းဆင်းချိန်ကျ ထွက်ကြိုပေးနိုင်ဖို့ မလွယ်၍ လိပ်ခုံးဆေးကျောင်းနှင့်နီးတဲ့ ပိုးရဲ့မိဘတွေအိမ်က ဒရိုင်ဘာနှင့် ကားလွှတ်ကာ ကျောင်းကြိုပေးပါသည်။

တကယ်တော့ အိမ်မှာ ကားနှစ်စီးရှိ၍ တစ်စီးက ဒက်ဒီ၊ တစ်စီးက သက်ဖူး။ သီးသန့်ကားမောင်းသူ မရှိ။ သားအဖနှစ်ယောက်ထဲ နေတာမို့ ကိုယ့်ကားကိုယ်မောင်းကြတာပင်။ သို့သော် ဒက်ဒီမှာ ပုံမှန်နေ့စဉ် အပြင်ထွက်တာဆိုတာမျိုးမရှိဘဲ တစ်ခါတစ်ရံ သူ့သူငယ်ချင်းဟောင်းတွေနှင့် တွေ့ဆုံတာလောက် စစ်တိုးမှာထဲလေး အိုးရှင်းလေး ဘာလေး ဈေးဝယ်တာလောက်သာ ရှိတာမို့ ဒက်ဒီ့ကားက အားလပ်နေတာများပါသည်။

ဒါကြောင့်လည်း သက်ဖူးကပင် တိုက်တွန်းဖူးပါသည်။

"ပိုး ကျောင်းကို ဒက်ဒီ့ကား မောင်းသွားပါလား။ ပိုးလည်း ကားမောင်းတတ်နေတာပဲ၊ ဒက်ဒီကလည်း ဘယ်မှသိပ်မသွားတာ၊ ဒက်ဒီသွားစရာရှိတဲ့နေ့ကျမှ ကားမယူသွားဘဲနေပေါ့၊ ဒါဆို အပြန်လည်း ပူစရာမလိုတော့ဘူး"

"အို ... မလုပ်ပါနဲ့ ကိုကိုရယ်"

"ဘာဖြစ်လို့လဲ ပိုးရဲ့"

"ပိုးရောက်လာမှ သူ့သားတင်မက သူ့ကားပါ အုပ်သွားတယ် ဖြစ်နေပါ့မယ်၊ မေမေတို့ကားကို ကြိုခိုင်းမယ်၊ မေမေတို့ မအားတဲ့နေ့ကျလည်း အဆင်ပြေသလိုပဲပြန်





လိုက်ပါ့မယ်၊ တော်ကြာ ဒက်ဒီက သူ့ဟာသူ သွားချင်စရာ ရှိတာတောင် ပိုး ကျောင်းသွားနေရလို့ဆိုပြီး ဒီနေ့မယူနဲ့ ပြောဖို့ အားနာနေပါဦးမယ်"

"ဒက်ဒီလား အားနာမှာ ဟား ဟား၊ ဒက်ဒီက အားနာတတ်တဲ့ Type မျိုးမှ မဟုတ်တာ"

တကယ်တော့ ဒက်ဒီဟာ သူ့နှလုံးရောဂါအခြေအနေကြောင့် လူက အသက်မကြီးလှသေးဘဲနှင့် အလုပ်မှ နားလိုက်ရသူပါ။ ငယ်ငယ်ကတည်းက သင်္ဘောလိုက်ခဲ့ပြီး စာမေးပွဲဆွဲ မြန်မြန်ဖြေဆိုအောင်မြင်ကာ လေးဆယ်ကျော်မှ ကက်ပတိန်ဖြစ်ခဲ့တဲ့ ဒက်ဒီဟာ အလုပ်မှအနားယူလိုက်ရတာအတွက်လည်း သူ့ကိုယ်သူ အားမလိုအားမရနှင့် အိမ်မှာပဲ နေနေရတဲ့ သူ့ဘဝသူ မကျေနပ်နိုင်သူပါ။

ဒက်ဒီ့နှလုံးသွေးကြောတစ်ချောင်းက အလွန်ကျဉ်းမြောင်းနေ၍ "စတဲန့်"ထည့်ထားရပါသည်။ ပင်ပင်ပန်းပန်းလုပ်ကိုင်ရတာ စိတ်လှုပ်ရှားရတာမျိုး အဖြစ်မခံနိုင်ဘဲ ထပ်မံကျဉ်းနေတဲ့ နောက်ထပ်သွေးကြောတစ်ချောင်းအတွက် ကိုယ့်ကိုယ်ကိုယ် ယုယုယယ နေရသူပါ။ ဆရာဝန်တွေက ဝေးဝေးလံလံကားမောင်းတာမျိုး ကားသိပ်ရှုပ်ကျပ်တဲ့နေရာမျိုးကို မောင်းတာမျိုးပင်မလုပ်စေလိုပါ။

ဒက်ဒီဟာ သူ့ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောထ လမ်းလျှောက် ပြန်လာရင် အနည်းငယ်သော ပန်းပင်ပန်းအိုးလေးတွေ ရေလောင်း အချိန်မှန် စားသောက်နေထိုင်ရသူ

www.burmeseclassic.com



ပ ၊ အရက်တော့ မသောက်ဖြစ်တော့ဘဲ လက်ဖက်ရည်တော့ ကြိုက်တတ်၍ သက်ဖူးက ခပ်ကျဲကျဲ ပေါ့ပေါ့လေး ဖျော်ပေးရပါသည်။

"ကျောင်းက အိမ်ပြန်ရောက်ပြီးမှ ညနေဘက် ကျူရှင်တက်ရမယ် ဆိုရင်တော့ ကိုယ်မပို့ မကြိုနိုင်တဲ့အခါဆိုရင် ဒက်ဒီကားသာယူသွား ပိုးရာ၊ ကိုယ်ပို့နိုင်ကြိုနိုင်တဲ့အခါတော့ ကိုယ် ပို့ကြိုမှာပေါ့ ... နော်"

"အင်းပါ၊ လကုန်တော့ အခြေအနေ ကြည့်သေးတာပေါ့"

"ပိုးပြီးရင် ဆင်းခဲ့တော့၊ ကိုယ် ဆင်းနှင့်မယ်"

"ဟုတ်"

ယောကျ်ားသားဖြစ်တဲ့ သက်ဖူးက အကျီလဲလှယ်ပြီးတာနှင့် ပြီးသွားပေမယ့် ပိုးက ဆံပင်လေးပြင် နားဆွဲလေးတပ်နှင့် မပြီးသေး။ သက်ဖူး အောက်ဆင်းလာတော့ ဒက်ဒီက ထုံးစံအတိုင်း လက်ပ်တော့ပ်တစ်လုံးနှင့် ချက်စ်ထိုးနေသည်။

"ဒက်ဒီ လယ်ဗယ်လ်ဘယ်လောက်လဲ"

"ငါးဆယ့်လေး"

"ဟာ ... ဒက်ဒီကလည်း ဟိုတစ်နေ့ကလည်း ငါးဆယ့်လေးပဲ"

"ဟောကောင် ငါးဆယ်ကျော်လာရင် ဘယ်လောက်ခက်လာပြီး တစ်ဆင့်ကျော်ဖို့လည်း ဘယ်လောက်ခဲယဉ်းလဲ မင်းသိလို့လား"





"ဘယ်သိမလဲ ဒက်ဒီရ၊ ကျွန်တော်မှ ချက်စ်ထိုးတာ ဝါသနာမပါတာကို"

"လာစမ်းပါကွာ လယ်ဗယ်တစ်ဆယ်လောက် မင်းဖွင့်ကစားကြည့်စမ်း၊ တမွဲလောက်"

"အာ ... ဝါသနာမပါပါဘူးဆို"

"လာစမ်းပါ ဟေ့ကောင်ရ၊ မင်းအရည်အချင်းကြည့်ရအောင်"

"ချက်စ်မထိုးနိုင်တာနဲ့တော့ အရည်အချင်းမရှိတဲ့သူ မဟုတ်ဘူးနော် ဒက်ဒီ၊ လူတစ်ယောက်မှာ တခြားအရည်အချင်းတွေလည်း ရှိသေးတယ်"

"ဟဲ ဟဲ ဟဲ ... အေးပါကွ၊ လာပါ ... တစ်ပွဲလောက်"

ဦးနေထွတ်ညွန့်သည် သူ့အနား သားကပ်လာလျှင် နဂိုကတည်းက အင်မတန်သဘောကျတတ်ကာ အခုလို အိမ်ထောင်ကျပြီး မိန်းမနားပဲ အချိန်ကုန်နေတယ်လို့ သူ ခံစားရသောအချိန်မျိုးမှာ သူ့သားကပ်လာတာကိုတော့ ပိုလို့တောင် သဘောကျပါသည်။

"ကိုကို ... ပိုးပြီးပြီ"

လှေကားမှ ပြေးဆင်းလာသောအသံကြောင့် ဧည့်ခန်းထဲမှာ ရှိနေသော ဦးနေထွတ်ညွန့်က လှည့်ကြည့်လိုက်ပါသည်။ ညနေငါးနာရီခွဲကျော် ခြောက်နာရီနားနီးမို့ သူတို့ အပြင်ထွက်ကြလိမ့်မည်လို့ ထင်မထား။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေထွတ်ညွန့်က ဒူးအထက်နားရောက်နေတဲ့ စကတ်အနက်တိုတိုလေးနှင့် တီရှပ်ပန်းဆီရောင်လေးဝတ်ကာ ပဝါထူထူလေးတစ်ဖက် အိတ်တစ်ဖက်ကိုင်ထားတဲ့ ဝင်းပကြော့ရှင်းနေသော ချွေးမရဲ့အလှအပကိုမြင်ကာ စိတ်ထဲမှာ သိပ်ပြီးမနှစ်သက်နိုင်လှကာ ...

"ဘယ်တုန်း ... မင်းတို့က"

"ရှပ်ရှင် ဒက်ဒီ"

"ဟုတ် ... ရှပ်ရှင်ပြီးရင် အပြင်မှာပဲ ထမင်းစားခဲ့ကြတော့မလို့ ဒက်ဒီ၊ ဒက်ဒီ ဘာမှာဦးမလဲဟင်"

"အပြင်မှာစားမယ် ! "

"ဟုတ် ... ဒက်ဒီ"

"အိမ်မှာထမင်းတွေ ဟင်းတွေ ချက်ထားတာကွာ၊ ဒေါ်ချစ်ကြီးနဲ့မှ လေးယောက်ရှိတာ နှစ်ယောက်မစားတော့ရင် တစ်ဝက်တိတိ ပိုနေမှာပေါ့"

ခုတော့ ဒေါ်ချစ်ကြီးက အိမ်မှာပဲ အတူနေနေပါပြီ။

"ဒေါ်ချစ်ကြီးကို ညနေစာ တစ်ဝက်လျှော့ချက်ဖို့ သမီးမနက်ကတည်းက မှာထားပါတယ် ဒက်ဒီ"

ကြိုတင်စီစဉ်ပြီးသား။ အပြစ်ကင်းကင်း ကွင်းလုံးကျွတ် လွတ်သွားပြန်ပြီ။ ဦးနေထွတ်ညွန့်က အကွက်ချေလှတဲ့ ပိုးကို မလိုတမာဖြစ်မိကာ အလျှော့မပေးချင်ဘဲ ...

"သမီး ... ဒါက သွားဖို့အသင့်လား"





"ဟုတ်"

"သမီးက ဆရာမတစ်ယောက်ဆိုတော့ အခုဝတ်စားဆင်ယင်ပုံက မအပ်စပ်ဘူးလားလို့၊ အိမ်မှာမို့ ဒီလိုဝတ်စားရင်တော့ ကိစ္စမရှိဘူးလေ"

"ဒက်ဒီ"

"ဘာတုန်း သက်ဖူး"

"ဒက်ဒီကလည်း သူ ဆရာမဆိုတာ မှန်ပေမယ့် ခုကကျောင်းသွားမှာမှ မဟုတ်ဘဲ"

"အေးလေ ... ရှပ်ရှင်သွားမှာဆိုတာ ငါ သိသားပဲ"

"ကျောင်းကိုဆို ထဘီနဲ့ရင်ဖုံးအင်္ကျီ ဝတ်တာပဲလေ ဒက်ဒီရဲ့၊ အခုက အပျော်အပါးလမ်းမျိုးသွားလို့ပါ၊ ဒက်ဒီကလည်းဗျာ"

"ဟ ... ငါက လူကြီးတစ်ယောက်အနေနဲ့ ပြောကြည့်တာပါကွာ"

"ပိုးက သူ့ဟာသူ ဘာဖြစ်ဖြစ် အသက်ငယ်ငယ်လေးပဲရှိပါသေးတယ်"

"အစိတ်ကျော် နှစ်ဆယ့်ခြောက်က အသက်ငယ်ငယ်လေးလို့ပြောလို့ မရနိုင်တော့ပါဘူး သက်ဖူးရာ"

"ဒက်ဒီ သက်သက် ဂျစ်ကျနေတာပါ ... ဟား ဟား"

"ကိုကို ... ဒက်ဒီက ဂျစ်ကျတာ မဟုတ်ပါဘူး၊ လူကြီးဆိုတော့ ကိုယ့်သားသမီးတွေကို ဒီစကားမျိုးတွေ ပြောခွင့်ရှိတာပဲလေ ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေထွတ်ညွန့်က ပိုးကို ဘဝင်ကျတဲ့ရုပ်နှင့် တစ်ချက် ဖျတ်ခနဲကြည့်သည်။

“ဒါပေမဲ့ ဒက်ဒီ၊ သမီးက ကိုကိုနဲ့ အလည်အပျော်သွားရင် လူကြီးမလုပ်ချင်လို့ပါ၊ ကလေးလိုပဲ လုပ်ချင်တာ၊ ပြီးတော့ ဒီလိုဝတ်ရင် သမီးပိုလှတယ်လို့လည်း ကိုကိုက ပြောတယ် ... အဟင်း၊ အလုပ်ခွင်တို့ အလှူအတန်းပွဲလမ်းတို့ကျ သမီး ဒီလိုမဝတ်ပါဘူး ဒက်ဒီ ... နော်၊ ခုတော့ ဒီလိုပဲဝတ်မယ်နော် ဒက်ဒီ”

ကြည့်။

သူ့စကားကို အလေ ဘားသလိုလို ပြောပြီးမှ သူလုပ်ချင်သလိုလုပ်မည်ဆိုတာ အတိအလင်း ကြေညာပြန်သည်။

“အင်းလေ ... ဒက်ဒီကလည်း ဝတ်ခွင့်မပြုဘူးလို့ မပြောပါဘူး၊ အမြင်မတော်ဘူးလားလို့ ဝတ္တရားအရ သတိပေးဆုံးမတာပါ”

“ဒက်ဒီကလည်းဗျာ၊ ပိုး ဝတ်ထားတာက အမြင်ရိုင်းလောက်စရာလည်း မဟုတ်ဘူး”

“ဟကောင်ရ ... စကတ်က ဒူးအထက်ရောက်အောင် တိုတာလေ”

“တိုပေမယ့် အမြင်ရိုင်းလောက်အောင် မတိုပါဘူးလို့ပြောတာပါ”





“အေးပါ၊ ငါကလည်း ပြောပြီးပါပြီ၊ လူကြီးသူမဝတ္တရားကြောင့်သာ ပြောတာပါလို့၊ ငါက ဖအေလည်းမဟုတ်ပါဘူး ယောက္ခမလေ၊ မလုပ်ရဘူးလို့ မင်းမိန်းမကို ယတိပြတ် မတားမြစ်ပါဘူး”

“ဒက်ဒီ ... ဒက်ဒီ စေတနာနဲ့ပြောတယ်ဆိုတာ သမီးသိပါတယ်၊ Really appriciate it ပါ ဒက်ဒီ၊ ယောက္ခမလည်း အဖေပါပဲ ဒက်ဒီရဲ့”

သူက ကျေနပ်သလိုတောင် မျက်နှာဝင်းဝင်းပပလေးနှင့် ပြောနေလိုက်သေး။ တကယ်တော့ စေတနာနဲ့ ပြောတာကို မဟုတ်ဘူးဟေ့၊ ရစ်တာပဲ၊ ရစ်တာ။ နှစ်ကိုယ်တူ ရွှေလက်တွဲလည်ပတ်ကြမယ့် သားစုံတွဲကို မနာလိုအမြင်ကတ်လို့ ရစ်တာဟေ့။

❣ ✦ ❣



www.burmeseclassic.com

www.burmeseclassic.com



ဦးနေထွတ်ညွန့်သည် ကားကိုပါကင်မှာရပ်ခဲ့ကာ Ocean ရဲ့အောက်ထပ် စားသောက်ကုန်အထပ်ထဲသို့ ဆင်းလာခဲ့ပါသည်။ ခြင်းလေးလေးပင်ပင် သူ မဆွဲနိုင်၍ တွန်းလှည်းကိုယူကာ စားသောက်ကုန် အတန်းတွေကြားထဲ ကြည့်ရင်းရှုရင်း ဖြည်းဖြည်းတွန်းလာသည်။

အိမ်မှာဈေးဝယ်တဲ့တာဝန်ဟာ သူ့တာဝန်ပင်။ အစစအရာရာ အိမ်မှာသားငါးမီးဖိုချောင်သုံးပစ္စည်းကစ၍ အိမ်သုံးရေချိုးခန်းသုံး ... ဆေးဝါး ... အစားအစာ တစ်အိမ်လုံးစာလိုအပ်တာမှန်သမျှ သူပဲဝယ်ခြမ်းရတာပါ။ ပိုးအရင်ကတည်းက သူဒီမှာရှိလျှင် သူပဲ ဝယ်ခြမ်းဖြည့်ဆည်းသည်။

ဦးနေထွတ်ညွန့် မရှိမှသာ သူ့အမေ ဝယ်ခြမ်းပါသည်။ ခုလည်း အိမ်မှာ လိုအပ်တဲ့ပစ္စည်းကို သူ စာရင်းလုပ်လာသည်။ မီးဖိုချောင်ထဲက အခြောက်အခြမ်း သားငါးလိုအပ်တဲ့စာရင်းကိုတော့ ဒေါ်ချစ်ကြီး လုပ်ပေးလိုက်သည်။ တစ်တန်းဝင် တစ်တန်းထွက် လိုအပ်တဲ့ပစ္စည်းဆွဲယူ ခြင်းထဲပစ်ထည့်ရင်းက ...





"ဟေး ... နေထွတ်"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်လျှင် သူ့အနားဘလွှားလွှား လျှောက်လာတဲ့ ငယ်သူငယ်ချင်း ကျော်မင်းကိုတွေ့လိုက်ရပါသည်။

"ဟော့ကောင် ကျော်မင်း"

"အေး ... နေကောင်းလား နေထွတ်"

"ကောင်းပါတယ်ကွ ... မင်းကလည်း၊ ငါ့ကို လူမမာကျနေတာပဲ"

"မဟုတ်ဘူးလေကွာ၊ မင်းနှလုံးသွေးကြောက စတဲန်ထည့်ထားရတယ်ဆို"

"ကြာပါပြီကွာ"

"အေးလေ ... နေကောင်းလားဆိုတာက ရိုးရိုးပဋိသန္ထာရစကားလည်း ဖြစ်ပါတယ်၊ မင်းကလည်း၊ မင်းကို လူမမာလို ဆက်ဆံတာ မဟုတ်ပါဘူး၊ မင်းက အလအနကောက်တဲ့အကျင့်က မပျောက်ဘဲကိုး"

"မင်း ဘယ်တုန်းက ပြန်ရောက်လဲ"

"တစ်ပတ်ပဲ ရှိသေးတယ်ကွ၊ အလုပ်လေးတွေ ရှိနေသေးလို့၊ အေးဆေးမှာကျမှ ငါတို့သူငယ်ချင်းတွေစုပြီး တွေ့ကြရအောင် သောက်ကြရအောင်လို့ ချိန်းမလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... တွေ့တာပေါ့၊ ငါကသောက်လို့တော့ မဖြစ်ဘူး၊ စကားပြောရတာပေါ့ကွာ၊ မင်း အခုလာတော့ မာလာက နေခဲ့လား ပါလာလား"

"ပါတယ် ... ပါတယ်၊ ငါ့သား မင်္ဂလာဆောင်လည်းရှိလို့ ကြာဦးမှာ၊ မင်္ဂလာဆောင်ပြီးမှပြန်မှာ၊ မင်းသားမင်္ဂလာ ဆောင်တုန်းက ငါတို့မရှိလိုက်ကြဘူး၊ ငါ့သားမင်္ဂလာဆောင် တော့ လာခဲ့ဦးနော်၊ ဖိတ်စာရမှ လာဖိတ်မယ်"

"အေး ... လာရမှာပေါ့ကွာ၊ သက်ဖူးဆောင်တော့ မင်းအစ်မ အိမ် ငါသွားမေးသေးတယ်၊ မင်းတို့ပြန်လာဖို့ရှိလားလို့၊ မလာဖြစ်သေးဘူးဆိုတာနဲ့ မင်းအစ်မကိုပဲ ဖိတ်စာပေးခဲ့ လိုက်တယ်"

"မမ ပြောတယ်၊ အိမ်မေးလ်ပို့တယ်လေ"

"အေး ... ငါတော့ မင်းတို့မလာနိုင်တဲ့တူတွေဆိုပြီး မေးလ် လည်းပို့မနေဖြစ်တော့ဘာလေ"

ကျော်မင်းက သူ့ကို စေ့စေ့ကြည့် အကဲခတ်ရင်း ...

"မင်း ဘယ်လိုလဲ"

"ဘာကို ဘယ်လိုလည်းလဲ"

"မင်း လုံးဝကို အဖော်မရှာဘဲ တစ်ကိုယ်တည်း အထီးကျန် နေနေတာလား"

"ဟော့ကောင်"





နေထွတ်ညွန့်က တွန်းလှည်းလက်ကိုင်ပေါ်ကလက် ကို ဖယ်လိုက်ပြီး ခါးကိုနှစ်ဖက်စုံကျကျ အကျအနထောက်လိုက် ကာ ...

"မင်းက ဘာသဘောနဲ့ မေးတာလဲကွ"

"ဩော် ... မင်းနဲ့တော့ ခက်တော့နေပါပြီ ဒီကောင်၊ မင်း တစ်ယောက်တည်း နေနေနိုင်သလားလို့ မေးတာလေ၊ ဘာများလို့လဲ"

"ငါ့ဟာငါ အဖော်မရှာဘဲနေတာ၊ မင်းတို့က အတိတ်ကို တမ်းတလို့ မဆုံးသေးဘူးလို့ ယူဆနေတာလား"

"ဘာမှမယူဆပါဘူး နေထွတ်ရာ၊ ငါရိုးရိုးမေးတာပါကွာ"

"ရိုးရိုးမေးတာ သေချာရင်ပြီးရော၊ တစ်ယောက်တည်းနေ ရတာလောက် နားအေးတာရှိသလားကွာ၊ ပစိပစပ်သံလည်း မကြားရ၊ နောက်ဆန္ဒတစ်ခုနဲ့လည်း မညှိနှိုင်းရ၊ ကိုယ် ကြိုက်တာကို ကိုယ်ကြိုက်တဲ့အချိန်မှာ လုပ်နိုင်တယ်၊ ဟော ..."

နေထွတ်ညွန့်က နံဘေးက ဖြတ်သွားသော ကောင်မ လေးရွှယ်ရွှယ် နှစ်ယောက်ကို တမင်တကာ မျက်ခုံးပင့် မျက်လုံး ပြူးကာ နောက်ကကြည့်ရင်း ...

"ခုလိုလေးတွေတွေ့လည်း ကိုယ့်ဟာကိုယ် ကြည့်ချင်သလို ကြည့်ခွင့်ရှိတယ်ကွာ"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ မင်းဆို ကြည့်ရဲလား၊ ဘေးက မာလာ ပါလာရင် အခန့်မသင့်ရင် ဗိုက်တောင်လိမ်ဆွဲခံရဦးမယ်၊ ငါက ဘယ်သူ့အုပ်ချုပ်မှုအောက်မှ ဝင်စရာမလိုဘူး၊ အေး အေးဆေးဆေးပဲ၊ ငါ့သဘောနဲ့ငါ"

"အေးပါ ... ဟုတ်ပါတယ်ကွာ"

"ဦးကျော်မင်း ... ဘယ်ကျန်ခဲ့လဲလို့၊ ဟင် ... ကိုနေထွတ်ကြီးပါလား"

အသံတစ်ခုနှင့်အတူ အနားမှာ ဘွားခနဲပေါ်လာသူကား ကျော်မင်းရဲ့ဇနီး ခင်မာလာပင်ဖြစ်သည်။ နောက်ကျန်ခဲ့တဲ့ ယောကျ်ားကို အပြစ်တင်လိုသံနှင့် ခေါ်လိုက်ပြီးမှ နေထွတ်ကိုမြင်လျှင် အာရုံပြောင်းကာ ဝမ်းသာအားရ နှုတ်ဆက်လိုက်ပါသည်။

"ဟုက်ကဲ့ ခင်ဗျာ၊ မာလာ လှလို့ ဝလို့ပါလား"

"ဝတာပြောစရာမလိုဘူးလေ၊ သက်ဖူးလေး မင်္ဂလာဆောင်သွားပြီဆို"

"ဟုတ်တယ် ... မာလာ"

"သူ့အစ်မပြောလို့ သိတယ်လေ၊ ခုလည်း သားမင်္ဂလာဆောင် လာရတာ၊ လုပ်ရကိုင်ရ ဆောင်ရွက်စီမံရတာတွေမှ ပွထနေတာပဲ၊ အလုပ်ရှုပ်လိုက်တာ၊ ကိုနေထွတ်တစ်ကိုယ်တည်းနဲ့ ဘယ်လိုများ ကြဲလိုက်သလဲ"

"မိန်းကလေးဘက်က သဘောရှိ ကြည့်ကျက်လုပ်သွားကြတာပါပဲ၊ ကျွန်တော်က သားတော်မောင် မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး အလိုက်သင့်မျောရုံပါပဲ ... ဟင်းဟင်း"





"လေသံကြီးက စိတ်တိုင်းမကျရိပ်တွေ ပါနေသလိုပဲ၊ သက်ဖူးက တူတူနေလား၊ အိမ်ခွဲသွားလား ကိုနေထွတ်"

"တူတူနေပါတယ်"

"တော်သေးပါရဲ့၊ နို့မို့ ကိုနေထွတ်ကြီး တစ်ယောက်တည်း အထီးကျန်နေဦးမှာ"

"တစ်ယောက်တည်း ဖြစ်တာနဲ့ပဲ အထီးကျန်နေလိမ့်မယ်လို့ ထင်တတ်တာကတော့ ခင်ဗျားတို့လို နှစ်ယောက်တွဲတွေရဲ့ အောက်ခြေလွတ်တဲ့ စိတ္တဇပဲထင်တယ်"

"ဟင်း ဟင်း ဟင်း ... ကိုနေထွတ်ကြီးက အရင်အတိုင်းပဲ၊ ကဲ ... သူငယ်ချင်းနှစ်ယောက် စကားပြောရင်ပြောဦး၊ ဒရိုင်ဘာလေး ညီမအိမ်ပြန်လွှတ်ပေးရမှာမို့လို့၊ မာလာ အပြေးအလွှား ဝယ်လိုက် ခြမ်းလိုက်ဦးမယ်၊ ဦးကျော်မင်းရေ ... ပြီးရင် Frozen အတန်းဘက် လိုက်ခဲ့တော့"

"အေး ... အေး"

ခပ်သွက်သွက်နှင့် အိပဲ့ပဲ့ လှုပ်လဲ့လဲ့ ထွက်သွားတဲ့ မာလာ့ကိုကြည့်ရင်း နေထွတ်ညွန့်စိတ်ထဲ မရည်ရွယ်ဘဲ မေသက်တင်ကို ဖျတ်ခနဲ သတိရလိုက်မိပါသည်။ သူ့ရောပဲ ဒီလိုပဲ ဝဖြိုးနေပြီလား၊ ဒါမှမဟုတ် အရင်လိုပဲ သွယ်လျကြော့ရှင်း အဆီကင်းကာ ချပ်ရပ်စိုပြည်နေတုန်းလား။

မေသက်တင်နှင့် မာလာတို့က သူငယ်ချင်းတွေပါ။ သက်တူရွယ်တူတွေလည်းဖြစ်ကာ နေထွတ်ညွန့်တို့ထက် နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်သာ ငယ်ကြတာ။ သူတို့အသက်တွေလည်း မငယ်ကြတော့ပြီ။ ဟိုးအရင်ကတော့ မျက်တောင်တစ်ဖျတ်ခတ်ဖို့တောင် နှမြောနေခဲ့တဲ့အထိ မေသက်တင်ရဲ့အလှကို အရိပ်တကြည့်ကြည့် ဖူးမြော်ကာ တစ်သက်လုံး ဒီအလှလေးဟာ အိုမင်းရင့်ရော် ရုပ်ဆိုးမသွားတော့ဘူးလို့ပဲ ထင်ခဲ့သည်။

အဲဒီအလှလေးကို လိုအပ်တာထက်ပိုပြီး ကိုးကွယ်မြတ်နိုး ချစ်ခဲ့တာပါ။

"နေထွတ်"

"အေး"

"မေသက်တင် ပြန်လာဖို့ရှိတယ်"

"ဘာ"

နေထွတ်ညွန့်က အလန့်တကြား အံ့သြသွားပြီး...

"ဘာလုပ်ဖို့လဲ"

"မန္တလေးမှာ သူတို့အမွေဆိုင်ခြံ ရှိတယ်လေ"

"အဲဒါရောင်းပြီးပြီ မဟုတ်လား"

"လွန်ခဲ့တဲ့ငါးနှစ်လောက်က ရောင်းတာကတစ်ခြံ၊ အခုကကျန်တဲ့ခြံကိုရောင်းဖို့ရယ်၊ သူ့သားအငယ်လေးကို ရှင်ပြုဖို့ရယ်တဲ့၊ ခြံရောင်းတာကတော့ အက်စ်ပီကို နိုတြီလုပ်ပြီး လက်မှတ်ပို့ထိုးခိုင်းလိုက်လို့ ရတယ်ဆိုလား၊ ငါသေချာမသိဘူး၊ ဒါပေမဲ့ သူ့သားကိုလည်း ရှင်ပြုချင်တာမို့လို့ သူပြန်လာမယ်တဲ့"





နေထွတ်ညွန့်ရဲ့မျက်နှာက အကြောဆိုင်တွေ တင်းခန့်ကာ မျက်နှာထားက အေးစက်လာပါသည်။ လူတစ်ကိုယ်လုံးက သွေးတွေဆူပွက်လာသလို တစ်ကိုယ်လုံး ထူထူပူပူဖြစ်လာပါသည်။

နှလုံးသားကလည်း တဒုတ်ဒုတ်မြည်အောင် ခုန်တိုးကာ အသက်ရှူသံပင် ယောက်ယက်ခတ်မောပန်းလာသည်။

"နေထွတ်"

"........."

"မင်း ရရဲ့လား"

"ဘာကိုရရမှာလဲကွ၊ ကျွတ် ... မင်းကလည်းကွာ"

"မင်းမျက်နှာကြီးက တစ်မျိုးကြီးဖြစ်သွားလို့ပါကွာ၊ နေကောင်းရဲ့လားလို့"

"ဘာမှမဖြစ်ဘူး ဟောကောင်၊ ဒါနဲ့ သူက ဘယ်တော့လာမှာတဲ့လဲ"

"ဩဂုတ်စ်လောက်ဖြစ်မယ်ထင်တယ်၊ သူ့သားကျောင်းအပိတ်နဲ့ ချိန်ပြီးလာရမှာဆို့တော့လေ"

ရောက်ရင်တော့ မန္တလေးကိုပဲ တန်းသွားကြမှာထင်တယ်။ ရန်ကုန်မှာတော့ မေသက်တင်ရဲ့ဆွေမျိုးရင်းတော့မရှိ။ သား သက်ဖူးကိုရော လာများတွေ့ဦးမလား။ ခွဲခွာပစ်ထားသွားတည်းက လုံးဝငုံ့မကြည့် လှည့်မကြည့်ဘဲ နေစိမ့်လွန်းလှတဲ့ မေသက်တင်ကို အသစ်တစ်ဖန် နာနာကြည်းကြည်း သတိရလာရပါသည်။

www.burmeseclassic.com



တစ်ချိန်တည်းမှာပဲ လုံးဝမတွေ့ရတာ ကြာလွန်းလှပြီဖြစ်တဲ့ မေသက်တင်ကိုလည်း တွေ့ပဲတွေ့ချင်သလိုလို၊ မတွေ့ချင်ဘူးပဲလိုလို မရေရာတဲ့စိတ်တစ်မျိုးနှင့် သူ့စိတ်တို့ လှုပ်ရှားတုန်ယင်မိလေသည်။ နှုတ်က ခပ်ပေါ့ပေါ့လေသံမျိုးနှင့် ...

"သူ ရုပ်ပြောင်းသွားလား၊ ဝတုတ်လာလား၊ ရင့်တော့ရင့်ရော်ရောပေါ့"

"သိပ်မရင့်ဘူးကွ၊ ဝလည်းမဝလှဘူး၊ မေသက်တင်ကလှတုန်းပဲ"

နေထွက်ညွန့်ရင်ထဲ စူးစူးနင့်နင့် ဆွေးဆွေးလျလျလဲလဲပြိုပြို ခံစားလိုက်ရပါသေးသည်။





၇

သက်ဖူးက မတ်တတ်ထရပ်ကာ ရှေ့ကလူကို လက်ဆွဲနှုတ်ဆက်လိုက်ရင်း ...

"ဟုတ်ကဲ့ ... ကိုဝင်းကိုကို၊ ကျွန်တော် ပြန်ဆက်သွယ်လိုက်ပါ့မယ် ခင်ဗျ"

"ကောင်းပါပြီ ကိုသက်ဖူးညွန့်၊ အလုပ်လုပ်ဖြစ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေပါ၊ ခုလိုသိကျွမ်းရတာ ဝမ်းသာပါတယ်"

"ကျွန်တော်လည်း ဝမ်းသာပါတယ်ဗျာ၊ ပိုးတို့မိသားစုရဲ့မိတ်ဆွေက ကျွန်တော့်မိတ်ဆွေပဲပေါ့၊ အလုပ်လည်း လုပ်ဖြစ်ဖို့များပါလိမ့်မယ် ကိုဝင်းကိုကို"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ကိုသက်ဖူးညွန့်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



သက်ဖူး Import လုပ်ထားတဲ့ ကားအင်ဂျင်သုံး စက်ဆီတစ်မျိုးကို ဖြန့်ချိရေးအတွက် ကိုယ်စားလှယ်ပေးဖို့ အေးဂျင့်ရှာဖွေဆက်သွယ်တဲ့အခါ နေရာသုံးခုနှင့် စကားပြောဖြစ်ပါသည်။ အဲဒီထဲကတစ်ဦးက ကိုဝင်းကိုကိုဆိုတဲ့သူ ဖြစ်နေကာ စကားပြောဖြစ်ရင်းက သူက ပိုးရဲ့အစ်ကို မင်းဝဏ္ဏဦးရဲ့သူငယ်ချင်းဖြစ်ကြောင်း သိလိုက်ရပါသည်။

စကားပြောလည်း ရည်မွန်ယဉ်ကျေးကာ ပါစင်နယ်လတီလည်း ကောင်းလှတဲ့ ဝင်းကိုကို့ကို သက်ဖူးက သဘောကျပါသည်။ ပိုးတို့မိသားစုရဲ့မိတ်ဆွေ ဖြစ်နှင့်ပြီးသားလည်းဖြစ်၍ ဒီလူကိုပဲ ရွေးချယ်လိုက်မလားလို့ သူ စဉ်းစားမိကာ ညနေအိမ်ပြန်ရောက်တော့ ထမင်းဝိုင်းမှာ အဲဒီအကြောင်း အာလာပသလ္လာပ ပြောဖြစ်သည်။

"အဲဒါ ... အဲဒီ ကိုဝင်းကိုကို့ကိုပဲ ကိုယ်ရွေးလိုက်တော့မလားလို့ အခု တွေးနေတာ ပိုးရဲ့"

"ကိုကိုက ပိုးတို့မိတ်ဆွေဆိုတဲ့အချက်ကြောင့် သူ့ကိုရွေးလိုက်မယ် စဉ်းစားတာ မဟုတ်လား"

"ဟုတ်တယ်လေ ပိုး"

"အဲဒီအချက်ကြောင့်တော့ ကိုကို သူ့ကိုမရွေးပါနဲ့"

"ဟင်"

သက်ဖူးကလည်း အံ့သြသွားသလို ဦးနေထွတ်ညွန့်လည်း ထမင်းစားနေရာမှ မသိမသာ ခေါင်းမတ်နားစွင့်သွားရပါသည်။





"ဘာဖြစ်လို့လဲ ပိုး၊ ဒီလူက အလုပ်လုပ်ဖို့ မယုံကြည်ရလို့လား"

ပိုးက ခေါင်းလေးယမ်းရင်း ...

"အလုပ်တွဲလုပ်ဖို့ ယုံရလား မယုံရလား ပိုး သေချာမသိပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ပိုး အဲဒီလူကို သဘောမကျလို့"

ပိုးက သက်ဖူးကို စေ့စေ့မကြည့်ပါ။ မျက်လုံးများကို ထမင်းပန်းကန်ႏ ‘ သို့သာ စိုက်ချထားရင်း မပွင့်တပွင့်ပြောတဲ့ ပိုးရဲ့ပုံစံကို ဦးနေထွတ်ညွန့်က အထူးတဆန်းဖြစ်ကာ မသိမသာ အကဲခတ်မိသည်။ ဒီကလေးမဆီမှာ ဒီလိုဟန်ပန် အမူအရာမျိုး ဘယ်တုန်းက တွေ့ရဖူးလို့လဲ။

အမြဲသွက်လက် ဖျတ်လတ်တက်ကြွကာ တီတီတာတာ စီစီစာစာနှင့် သူ့ပုံစံလေးက အမြဲပင် သူ့ကိုယ်သူ Confidance လည်းအပြည့်။ အမြဲလည်း ရွှင်လန်းမြူးထူးနေတဲ့ ကလေးမက ဒီအမူအရာမျိုး ဘာကြောင့်ရှိရတာလဲ။

"ဘာကိုသဘောမကျတာလဲလို့၊ အလုပ်နဲ့ပတ်သက်လို့လား အကျင့်စာရိတ္တလား၊ စိတ်နေသဘောထားကိုလား"

"အဲသလိုတော့ ပိုးခွဲမပြောတတ်ဘူး ကိုကို၊ ဒါပေမဲ့ သူ့ကိုတော့ ပိုးသဘောမကျဘူး၊ သူနဲ့ ခင်မင်ပေမယ့် လိုလိုလားလား ခင်တာမျိုးလည်း မဟုတ်ဘူး၊ ကိုကိုအလုပ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အရမ်းသင့်လျော်နေတယ်ဆိုရင်တော့ ပိုးဖွတ်မ တားပါဘူး၊ ဒါပေမဲ့ အဲသလိုမဟုတ်ရင်တော့ ပိုးတို့မိတ်ဆွေဆိုပြီး မရွေးပါနဲ့၊ တခြားတစ်ယောက်ကိုပဲရွေးပါ”

သက်ဖူးညွန့်က ဘာစကားမှ မဆက်တော့ပါ။ ဦးနေထွတ်ညွန့်မှာ သားဖြစ်သူရဲ့ စပ်စပ်စုစုမနိုင်မှု၊ ရောင့်ရောင့်ရဲရဲရှိမှုတို့ကို အသည်းတယားယား ဖြစ်ရသည်။ ဆက်မေးလေကွာ၊ ရအောင်မေးလေကွာ။ လူတစ်ယောက်ကို သဘောမကျဘူးဆိုတာ ခိုင်လုံသောအကြောင်းရင်းတစ်ခုခု ရှိကိုရှိရမည်။

ဘာရယ်မဟုတ် သဘောမကျဘူးဆိုတဲ့ပုံစံက ထိမ်ချန်မှုပါဝင်နေသည်လို့ထင်သည်။ ဂုပ်လပ်တစ်ခု လိုနေသလိုပင်။

“ကိုယ်က ပိုးတို့မိတ်ဆွေဆိုတဲ့ တစ်ချက်ကြောင့်ပဲ သူ့ကို ရွေးဖို့ စဉ်းစားလိုက်တာ၊ ကျန်တဲ့နှစ်ဦးလည်း မဆိုးပါဘူး၊ သဘောကျပါတယ်၊ အတူတူပါပဲ”

“ဒါဖြင့် သူများကိုသာ ရွေးလိုက်ပါ ကိုကိုရာ”

“အင်းလေ ... ပိုး အဲသလို သဘောထားရှိရင်လည်း တခြားတစ်ယောက် ရွေးလိုက်မယ်၊ ကိုယ့်အတွက်ကအရေးမကြီးပါဘူး”

“အဟမ်း”

ဦးနေထွတ်ညွန့်က သားကိုအမြင်ကတ်ကတ် မျက်ထောင့်နင့်ကြည့်ကာ ထမင်းစားရင်းက လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး ...





“ဒါပေမဲ့ သမီးပိုးက အကြောင်းရင်းကို ဒီထက်ပြည့်ပြည့်စုံစုံလေးတော့ ပြောပြသင့်တယ် ထင်တယ်”

ပိုးက ခေါင်းမော့မလာ။ ထမင်းသာ ငုံ့စားနေသည်။ အဲဒါကိုက ပုံမှန်ကို ဟုတ်ကိုမဟုတ်တာ။ သူတောင် အတူနေတာ ဘာမှမကြာသေးတဲ့ ချွေးမရဲ့မူမှန်ပုံစံနှင့် မူမမှန်ပုံစံကို ခွဲခြားရိပ်မိသေးတာ နှစ်တွေချီကြိုက်လာတဲ့ သက်ဖူးက ဒါကိုတောင်မရိပ်မိ စိတ်မဝင်စားဘူးလား။

“ဒီလူကို မရွေးစေချင်တဲ့ အကြောင်းရင်းကိုလေ”

“မယ်မယ်ရရတော့ မရှိပါဘူး ဒက်ဒီ”

“အကြောင်းရင်း မယ်မယ်ရရ မရှိဘဲနဲ့တော့ ဒီလူကိုမရွေးပါနဲ့လို့ တားနေတာက တစ်မျိုးကြီးဖြစ်နေတာ ငါ့သမီးရဲ့”

“သမီးက လုံးဝကြီးမရွေးပါနဲ့လို့တော့ ပြောတာမဟုတ်ပါဘူး၊ တခြားလူတွေထက်ထူးပြီး ပိုသင့်တော်တာမျိုးမရှိရင်သာ ရွေးမနေပါနဲ့တော့လို့”

“ဒါပေမဲ့ သိပ်ထူးထူးခြားခြား မကောင်းတဲ့အချက် မရှိဘူးဆိုရင် ယောက်ျားရဲ့အလုပ်ထဲကကိစ္စကို သမီး ဘယ်ဝင်စွက်ဖက်ပါ့မလဲ”

“ပိုး ဝင်စွက်ဖက်တာတော့ မဟုတ်ပါဘူး ဒက်ဒီ”

“စွက်ဖက်တယ်ဆိုတာ ဒက်ဒီက မကောင်းတဲ့အမြင်နဲ့ ပြောတာမဟုတ်ပါဘူး၊ ဒီစကားလုံးက ကြီးနေရင် ဝင်ထောက်ကွက်တယ် ဝင်အကြံပေးတယ်လို့လည်း သုံးရင်သုံးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ဝင်ပြောတာကိုက ပြောလောက်တဲ့အကြောင်းရှိနေပြီလေ၊ အဲဒါကြောင့်ပါ၊ အခုတော့ သမီးဘာကြောင့်တားမှန်း သက်ဖူးလည်း ရှင်းမှာမဟုတ်ဘူး၊ ဒီထက်ရှင်းရှင်းလင်းလင်းပြောနိုင်ရင် ဒီလူကိုမရွေးဘဲ ပယ်လိုက်ရတဲ့အပေါ် သက်ဖူးလည်း စိတ်ရှင်းတာပေါ့”

“ဒက်ဒီ ... ကျွန်တော်က ခေါင်းထဲဘာမှသိပ်မရှိပါဘူး၊ ဒီလူကို လုံးဝရွေးဖို့လည်း မဟုတ်ပါဘူး၊ ပိုးတို့မိတ်ဆွေမို့လို့ သူပဲရွေးလိုက်ရင်ကောင်းမလား စဉ်းစားရုံပါ၊ ပိုးကရွေးမနေပါနဲ့တော့ ဆိုတော့လည်း အေးဆေးပါပဲ၊ ဘာမှအထွေအထူး စိတ်စနောင်စနင်း မရှိပါဘူး”

“သက်ဖူး ... မင်းဟာကလည်း မဟုတ်သေးပါဘူး”

“ပိုး ဘာကြောင့် မရွေးခိုင်းပါလိမ့်ဆိုတာလည်း ကျွန်တော့်ခေါင်းထဲ သိပ်အရေးတကြီး စဉ်းစားတာမျိုး သိပ်သိချင်တာမျိုး မရှိပါဘူး”

“ဟင် ... မင်းကတော့ လူထူးလူဆန်းကိုဖြစ်နေပြီ၊ ဘာဖြစ်လို့လဲ ပိုးရဲ့ဆိုတာမျိုး တစ်ခွန်းတလေမေးတာ သိချင်တာ အပြစ်လည်းမရှိပါဘူးကွာ။ မေးရမှာလည်း ဝန်လေးနေစရာ မလိုပါဘူး၊ မသိချင်တာကိုက မှားနေတာ”

“ဝန်လည်းမလေးပါဘူး၊ ဘာမှကို စိတ်ထဲမရှိလို့ မမေးတာပါ၊ ဒါပေမဲ့ ကျွန်တော် တစ်ခွန်းတော့လည်း မေးပါတယ်၊ မယုံကြည်ရလို့လားလို့”





“မေးပေမယ့် ပိုးက ယုံရလား မယုံရလားတောင် မသိဘူးတဲ့၊ မသိဘဲနဲ့ မရွေးဖို့ပြောတာကိုက အကြောင်းတစ်ခုရှိလို့လေ”

“အဲဒီအကြောင်းက ပိုးကိစ္စပါ ဒက်ဒီ၊ သိပ်လည်းအရေးမကြီးလှပါဘူး၊ ပိုး သဘောမကျလို့လို့ ပြောသားပဲ၊ လူတစ်ယောက်ယောက်ကို အလိုလိုနေရင်း သဘောမကျဖြစ်မိတတ်တာမျိုး ရှိတာပဲ ဒက်ဒီရဲ့၊ ကျွန်တော့်မှာလည်း အလကားနေရင်း စိတ်ထဲသဘောမကျတဲ့သူဆိုတာ ရှိတာပဲ၊ ဒက်ဒီမှာလည်း ရှိကောင်းရှိနိုင်တာပဲ၊ တစ်ခါတလေကျရင် တချို့သောကိစ္စတွေက အကြောင်းပြချက် မလိုလှပါဘူး ဒက်ဒီရဲ့၊ ရှိတတ်တာပဲ”

နေထွတ်ညွန့်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ သူ့မျက်စိထဲမှာတော့ သက်ဖူးဟာ မိန်းမအပေါ် မျက်စိမိတ်ပြီးတော့ကို အကြိုက်ဆောင်နေတယ်လို့ကို မြင်နေမိပါသည်။ သူတောင် သိချင်နေတဲ့ အကြောင်းရင်းတစ်ခုကို သက်ဖူးကမသိချင်ဘူးတဲ့။ အံ့သြဖွယ်ကောင်းလိုက်လေ။

ပိုးက သားအဖနှစ်ယောက်ရဲ့အချီအချစကားတွေကြောင့် နေရထိုင်ရ ခက်လာသလို ကိုယ်လေးကို လှုပ်ရှားတွန့်သိမ်ပြီး ...

“ဒက်ဒီ ... တကယ်လို့ ကိုဝင်းကိုကို့ကို ကိုကိုကရွေးလိုက်လည်း အရမ်းအရေးမကြီးပါဘူး၊ ကိုကို့ဆန္ဒနဲ့ လုပ်ချင်သလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်လို့ရပါတယ်၊ ပိုးကလည်း ဒီလောက်ကြီး ဘာရယ် မဟုတ်လှပါဘူး”

ဒီလောက်ကြီး ဘာရယ်မဟုတ်ဘူး ဆိုတာက နည်းနည်းပါးပါးတော့ ဘာရယ်ဟုတ်တဲ့သဘောပဲ မဟုတ်လား။ တစ်ခုခုတော့ ရှိကိုရှိသည်။ အဲဒါကို ပိုးက အဲဒီတစ်ခုခုကို ဖော်မပြောဘဲ သူတော့ သိပ်သဘောမကျ၊ ကိုယ့်ဟာကိုယ် ရွေးချင်လည်း ရွေးဆိုတဲ့ သဘောမျိုးပြောတော့ မိန်းမချစ်လှတဲ့ သားတော်မောင် သက်ဖူးကလည်း မိန်းမသဘောမကျရင် မရွေးတော့ဘူး၊ အလုပ်တွဲ မလုပ်တော့ဘူး ချက်ချင်းဖြစ်တာပင်။

ဦးနေထွတ်ညွန့်အဖို့ သက်ဖူး အလုပ်ကိစ္စမှာ ပိုးဝင်စွက်ဖက်တာ၊ မစွက်ဖက်တာထက် ထူးခြားပုံရတာကို ဆဋ္ဌမအာရုံနှင့် သိနေမိတဲ့ ဒီအကြောင်းပြချက်တစ်ခုကို အသည်းအသန် စိတ်ဝင်စားနေရတာပါ။

သားဖြစ်သူ ဘာမှမဖြစ်ဘူး၊ စိတ်မဝင်စားဘူး ဆိုတာက သူ့မှာ နောက်ခံဇာတ်ကြောင်း အတွေ့အကြုံ ဘာမှမရှိခဲ့တာကိုး။

ဒီလိုအတွေ့အကြုံမျိုး ခပ်ဆင်ဆင် ကြုံဖူးတဲ့ နေထွတ်ညွန့်အဖို့တော့ ခင်မင်နေတဲ့ ယောက်ျားတစ်ယောက်ကို သဘောမကျဘူး၊ ယောက်ျားနဲ့ အလုပ်အတူ တွဲမလုပ်စေချင်ဘူးဆိုတဲ့ သဘောထားက စိတ်လှုပ်ရှားဖွယ်ရာ စိတ်စနောင့်စနင်း ဖြစ်ဖွယ်ရာ ကောင်းနေပါသည်။





ပိုးက ထမင်းတောင်မကုန်ဘဲ မြန်မြန်လက်စသတ်ကာ အပေါ်ထပ်ကို တက်သွားနှင့်သည်။ သက်ဖူးကတော့ ထမင်းခပြီးသေးတဲ့ အဖေဖြစ်သူကို ထမင်းစားပွဲမှာ တစ်ယောက်တည်း ထားရစ်ခဲ့ဖို့ အားနာပါးနာနှင့် ထမင်းပြီးသော်လည်း ဆက်ထိုင်နေလိုက်ပါသည်။

“သက်ဖူး”

“ဗျာ ... ဒက်ဒီ”

“မင်းကတော့ တစ်မျိုးကိုဖြစ်နေပြီ၊ မိန်းမရဲ့ဆန္ဒကို လိုက်လျောလိုက်ဖို့ပဲ မင်းတွေးပြီး ဘာကြောင့် ဒီလိုဆန္ဒရှိလဲ ဆိုတာကို မမေးဘဲ ကိုယ်ဘာကြောင့် လိုက်လျောလိုက်ရတယ်ဆိုတာတောင် မသိချင်ဘူး ဆိုတာကတော့ မျက်စိမှိတ်ပြီး မိန်းမပြောသမျှ ခေါင်းညိတ်တဲ့သူနဲ့ တူနေပြီ”

“အာ ... မတူပါဘူး ဒက်ဒီကလည်း၊ မိန်းမပြောသမျှ ခေါင်းညိတ်ရအောင်လည်း ပိုးက အလကားနေ အမြဲတမ်း အမိန့်တွေပေးနေတာလည်း မဟုတ်ဘူး၊ ဝင်စွက်နေတာလည်း မဟုတ်ဘူး၊ ထူးဆန်းနေတာက ကျွန်တော် မဟုတ်ဘူး၊ ဒက်ဒီ ထူးဆန်းနေတာ၊ ပိုးလုပ်သမျှ အပြုအမူ၊ ပိုးပြောသမျှစကားတိုင်းကို မျက်စိဒေါက်ထောက် နားဒေါက်ထောက် ကြည့်နေ နားစွင့်နေသလိုပဲ ...

အဲလိုမလုပ်ပါနဲ့ ဒက်ဒီရယ်၊ ပိုးခမျာ စိတ်ရောကိုယ်ရော ကျဉ်းကျပ်နေပါ့မယ်၊ သူ့ခမျာ ကျွန်တော့်တစ်မျက်



www.burmeseclassic.com

www.burmeseclassic.com



နာနဲ့ ယောက်ျားမအိမ်ပေါ် တက်လာရတာလေ ဒက်ဒီ၊ ဒက်ဒီက ဆီးကြိုအကဲခတ်ပြီး ခုလိုရစ်နေမယ်ဆိုရင် သူလည်း အနေကျုံ့တာပေါ့ ဒက်ဒီရာ"

"ဟော့ကောင်.... ငါ ရစ်နေတာ မဟုတ်ဘူး၊ မင်းအတွက် လိုက်ပြောနေတာ"

"ကျွန်တော့်အတွက် မလိုပါဘူး"

"လိုတာပေါ့ကွ၊ မင်းက မိန်းမကို အလိုလိုက်ဖို့ကလွဲရင် ဘာမှ မျက်စိတဆုံး ကြည့်တဲ့ကောင်မှ မဟုတ်ဘဲ၊ မင်း မကြည့်လို့ ငါ ကြည့်နေရတာ"

"ထားလိုက်ပါ ဒက်ဒီရာ၊ တကယ် မလိုအပ်ပါဘူး"

"လိုတယ် မလိုဘူး ဆုံးဖြတ်ဖို့ မင်းမှာလုံလောက်တဲ့ အတွေ့အကြုံ မရှိသေးပါဘူး သက်ဖူး၊ ငါ့မှာတော့ လုံလောက်တဲ့ အတွေ့အကြုံတွေ ရှိတယ်"

"အတွေ့အကြုံဆိုတာကတော့ အသက်ကြီးလေ များလေပေါ့ ဒက်ဒီရာ၊ ဒါပေမဲ့ အဲဒီအတွေ့အကြုံတွေကို လိုအပ်မှသာ သူ့နေရာနဲ့သူ ထည့်သုံးရမှာပါ၊ မလိုသေးဘဲနဲ့ ဒီအတွေ့အကြုံတွေ တစ်ထမ်းကြီးကို နေရာတကာမှာ ဒါတွေနဲ့လိုက်တိုင်းထွာပြီး အသုံးချနေရင် အချိုးမကျ ခွတီးခွကျ ဖြစ်နေမှာပေါ့"

"ဟော့ကောင်"

ဦးနေထွတ်ညွန့်က ဇွန်းကိုချလိုက်ရင်း ...





"အခုဟာက မင်းမိန်းမက ယောက်ျားတစ်ယောက်ကို ခင်မင်ထားပါရက်နဲ့ အကြောင်းတစ်ခုကြောင့် ဘာအကြောင်းကြောင့်မှန်းမသိ၊ သဘောမကျနိုင် ဖြစ်နေတာ၊ မင်းနဲ့နီးနီးနားနားမှာ အလုပ်တွဲမလုပ်စေချင်နေတာ"

"အဲဒါ ဘာဖြစ်လဲ ဒက်ဒီ၊ ကျွန်တော်လည်း လူချင်းတော့ ခင်ခင်မင်မင် ဆက်ဆံနေရပြီး စိတ်ထဲကတော့ သိပ်သဘောမကျတဲ့ အမျိုးသမီးမိတ်ဆွေမျိုးတွေရှိတာပဲ ဒက်ဒီရ"

"အေးလေ၊ အဲဒါတွေက မင်းမှာ အကြောင်းရင်းကိုယ်စီ ရှိတယ်လေ၊ ဟောင်ဖွာ ဟောင်ဖွာ အတင်းပြောလို့၊ ဝတ်တာစားတာ လော်လီလို့၊ စိတ်သဘောသေးသိမ်လို့၊ မရိုးသားလို့ စသဖြင့် မဟုတ်လား၊ သူ့မှာလည်း ဒီလိုပဲ အကြောင်းတစ်ခုခုတော့ ရှိရမယ်လေ"

"သူ့ဟာနဲ့သူတော့ ရှိရင်ရှိမှာပေါ့၊ စကားအဖြစ် ပြောပြဖို့ လွယ်ချင်မှ လွယ်မှာပေါ့ ... သို့မဟုတ် သူ မပြောချင်ပဲ လျှို့ဝှက်ထားချင်တာမျိုးလည်း ဖြစ်ရင်ဖြစ်မှာပေါ့ ဒက်ဒီ"

"မင်းမိန်းမက မင်းကို လျှို့ဝှက်ထားတာ ရှိတာကို မင်းစိတ်ထဲ ဘယ်လိုမှ မနေဘူးလား"

"မနေပါဘူး"

"လဲသေလိုက်တော့ကွာ"

သက်ဖူးက သူ့ပုံစံအတိုင်း ခေါင်းမော့ကာ တဟက်ဟက် ရယ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီက ရယ်ရတယ်၊ အားလုံး အရင်းစစ်လိုက်ရင် ဘာမှမဟုတ်ပါဘူး၊ ဒက်ဒီ ကျွန်တော့်ကို သဝန်တိုတော့ ကျွန်တော့်မိန်းမကို အလိုလိုနေရင်း သိပ်ကြည့်မရဘူး။ ဟုတ်တယ် မဟုတ်လား၊ ဘယ်ချောင်က အပြစ်ထွက်လာမလဲ၊ ဘီးစိပ်နဲ့တိုက်ပြီး ရှာနေတာလေ ... ဟား ဟား။ သိပါတယ် ဒက်ဒီရာ။ ဒက်ဒီ့သားပဲ ဒက်ဒီ့အကြောင်းမသိဘဲ နေပါ့မလား ... ဟား ဟား ဟား"

သက်ဖုးက တဟားဟား ရယ်ရင်းနှင့်ပဲ ရှုးသလိုပေါ်သလိုနှင့် ထမင်းစားပွဲမှ ထ,လစ်သွားပါသည်။ နေထွတ်ညွန့်က စိတ်ကသိကအောက်တိုနေတဲ့ကြားက သူ့သားရဲ့ပုံစံကိုလည်း ချစ်စနိုးနှင့် ပြုံးတုံ့တုံ့ အောင့်သက်သက်ကြီး ကျွန်ရစ်ခဲ့ပါသည်။

အတွေ့အကြုံဆိုတာ အသက်ကြီးလေ များလေတဲ့။ သားပြောမကားက ယေဘုယျသဘောအားဖြင့် မှန်သော်လည်း သူ့မှာတော့ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် သူ့ဘဝနဲ့ချီကာ နာကျင်ရတဲ့ အတွေ့အကြုံမျိုး ရခဲ့တာပါ။

အဲဒီအတွေ့အကြုံက မိန်းမတစ်ယောက်ကို အလွယ်တကူ မယုံကြည်မိဖို့ မျက်ခြည်မပြတ် စောင့်ကြည့်ဝေဖန်ဆန်းစစ်နေမိဖို့ အလေ့အကျင့် ရစေခဲ့တာပါ။ အဖြစ်အပျက်တို့က နုထိ ဘာကြောင့် ပူပူနွေးနွေးလိုပဲ ရှိနေရသေးတာလဲဆိုတာ နေထွတ်ညွန့် အံ့သြမိပါသည်။





မိန်းမတစ်ယောက်ရဲ့နှုတ်က ယောက်ျားတစ်ယောက်ကို "သဘောမကျပါဘူး" ဆိုတဲ့ စကားကြားရလျှင် ဒါဟာ ထူးခြားဖြစ်စဉ်တစ်ခုလို့ သူ့စိတ်ထဲ ထင်နေတတ်ပြီလေ။

ဟိုးတုန်းက သဘောတက်သွားရပြီဆိုရင် ကမ်းတစ်ခုခုကိုကပ်မှ အေးဂျင့်လာပို့ပေးတဲ့ စာတွေကို စုဖတ်ရသည်။ စာတွေလာပေးတဲ့နေ့ဆို သဘောပေါ်မှာ အားလုံးစိတ်လှုပ်ရှားမျှော်လင့်ကြရပါသည်။ ကိုယ့်စာမပါတဲ့အခါ ဝမ်းနည်းစိတ်မကောင်းရတဲ့ ခံစားချက်မျိုး နေထွတ်ညွန့်မှာတော့ သိပ်မခံစားဖူးခဲ့ရ။ မေသက်တင်က အလျဉ်မပြတ် စာရေးပို့နိုင်တဲ့မိန်းမမျိုးဖြစ်သည်။

သူ့အတွက်ရတဲ့စာ လေးငါးစောင်ထဲမှာ လွမ်းတဲ့အကြောင်း၊ သားအကြောင်း၊ ငွေရေးကြေးရေးအကြောင်း၊ မေသက်တင် ကိုယ်တိုင်ရဲ့အကြောင်း ပူဆာတာတွေ စသဖြင့် စုံစုံလင်လင် အမြဲပါတတ်ရာကနေ "လင်းဝေ" ဆိုတဲ့ လူတစ်ယောက်အကြောင်း ပါ ပါပါလာတတ်ခဲ့တာ။

ဒီနာမည် စ,ကြားဖူးပြီးတဲ့နောက် မကြာ မကြာဆိုသလို စာထဲပါပါလာတတ်ခဲ့တော့တာပါ။ လင်းဝေဟာ သူတို့ ဒီတိုက်အသစ်ဆောက်စဉ်က တစ်အိမ်လုံး မီးကြိုးသွယ်တန်းခြင်းဘက်မှာ တာဝန်ယူခဲ့တဲ့ လျှပ်စစ်အင်ဂျင်နီယာတစ်ယောက်ပါ။ အိမ်ဆောက်စဉ်ကတော့ ဆက်ဆံဖူးခဲ့ကြတာကလွဲပြီး ခင်ခင်မင်မင်ကြီး မရှိလိုက်လှ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် နေထွတ်ညွန့် အိမ်မှာမရှိဘဲ သင်္ဘော ထွက်နေရချိန် တစ်ခေါက်မှာ အိမ်မှာ ဟော့ပလိတ်မီးဖိုကစပြီး ဝါယာရှော့ဖြစ်သလို ကိစ္စတစ်ခု ဖြစ်ပွားရာမှ မီးလိုင်းတွေပြင်ဆင် စစ်ဆေးဖို့ရာ အရင်က တပ်ဆင်သွားတဲ့ အင်ဂျင်နီယာ"လင်းဇေ" ကိုပဲ မေသက်တင်က ပြန်ခေါ်ယူဖြစ်ခဲ့တာပါ။

"အဲဒီလူက စကားပြောရင်လည်း ဂျစ်ကန်ကန် ရွဲ့တဲ့တဲ့နဲ့ သေသေချာချာ ကောင်းကောင်းလုပ်ပေးပါဆိုတဲ့ စကားမျိုး တောင် သူက ကြိုက်ချင်တာ မဟုတ်ဘူး ...

ဘယ်လိုလူစားလဲ မသိဘူး၊ သိပ်အမြင်ကတ်ဖို့ ကောင်းတာပဲ ...

ကြည့်လို့ကို မရပါဘူး"

အဲသလိုစာမျိုး စပါလာခဲ့တုန်းက နေထွတ်ညွန့်က တောင် မေသက်တင်ကို ဖျောင်းဖျတဲ့စာ ပြန်ရေးခဲ့ဖူးပါသည်။

"သက်ရယ် ...

ကိုယ်သိသလောက်တော့ ဒီလူက လူဖြောင့်ခွစာပါ_

အဲဒါကြောင့် ဂျစ်ကန်ကန်နိုင်သလို ဖြစ်နေတာ ဖြစ်ပါလိမ့်မယ် ...

ကိုယ်မှာကိစ္စရှိလို့ သူနဲ့ပတ်သက်နေရတာပဲလေ_

သက် အလကား စိတ်အနှောင့်အယှက် ဖြစ်မနေ ပါနဲ့"





သူ့စိတ်ထဲမှာ ဒီလင်းဇေကို ကိစ္စရှိလို့ ပတ်သက်နေ ရတာမို့ ကိစ္စမရှိတော့ဘူးဆိုရင် ပတ်သက်ဆက်ဆံရေးက ပြီးဆုံး သွားမှာပဲလို့ပဲ ယူဆထားခဲ့တာပါ။ သို့သော် ...

"အဲဒီ လင်းဇေက အဲကွန်းပြုပြင်တပ်ဆင်တဲ့ လုပ်ငန်း တစ်ခုလည်း ထောင်ထားတယ် ကိုရဲ့၊ မေမေက ထမင်း စားခန်းထဲ အဲကွန်းတစ်လုံး ထပ်တပ်မယ်ဆိုတော့ တခြား လည်း အသိမရှိတာနဲ့ သူ့ပဲခေါ်ပေးလိုက်တယ်လေ၊ သူ ကိုယ်တိုင်တော့ လိုက်လာပေးပါရဲ့ ...

မျက်နှာထားကတော့ သိတဲ့အတိုင်းပဲ၊ တစ်လောက လုံး သူ့လုပ်စာစားနေရတဲ့ရုပ်လေ။ သက်မပြောနဲ့ မေမေ တောင် သိပ်ပြီးကြည့်လို့မရချင်ဘူး သိလား"

... ... ......

"မမမော်တို့ အိမ်အသစ်ဆောက်တာ ကို သိတယ်မဟုတ် လား၊ လျှပ်စစ်အင်ဂျင်နီယာကောင်းကောင်း အသိရှိလား ဆိုလို့ လင်းဇေနဲ့ ဆက်ပေးလိုက်တယ်၊ သူ သက်ကိုတောင် ကော်မရှင်တွေပေးဖို့ သင့်နေပြီ၊ သက်ကနေတစ်ဆင့် အလုပ်တွေ ဆက်စပ်ပေးနေတာ ဘယ်နှနေရာရှိနေပြီလဲ ... ဒါနဲ့တောင် စကားပြောရင် ခနဲ့တဲ့တဲ့ ရိသဲ့သဲ့ပုံစံထဲက မထွက်ချင်သေးဘူး၊ သူ့ကိုလေ ဘယ်လိုရေစက်လဲ မသိ ဘူး၊ လုံးဝကို သဘောမကျဘူး၊ ဘယ်လိုလူမှန်း မသိပါ ဘူး ကိုရယ်။ စကားတစ်ခွန်း ပြောလိုက်ရင် တစ်ခါအောင့်



www.burmeseclassic.com

www.burmeseclassic.com



သွားရတယ်။ ကို မသိလို့ တော်တော်မှန်းစရာကောင်းတဲ့ လူ ကိုရဲ့”

.........

ဤသို့နှင့် ... ဤသို့ဖြင့် ...။

စာဆယ်စောင်လဲလျှင် အနည်းဆုံး ခြောက်စောင် ခုနစ်စောင်တော့ လင်းဝေကို အမြင်ကတ်ကြောင်း ကြည့်မရကြောင်း ပါတဲ့စာတွေ ဖြစ်နေတတ်သည်။ နေထွတ်ညွှန့်က တော်တော်နဲ့ တော့ စိတ်ထဲဘယ်လိုမှ မနေပါ။ ဘာကြောင့်လဲဆိုတော့ စာထဲ မှာ သူ့အကြောင်းတွေ ပါလာတတ်ပေမယ့် တခြားအိမ်အကြောင်း သားအကြောင်း သက်အကြောင်း သူ ဖတ်ချင်စရာတွေကလည်း တစ်ပုံတစ်ခေါင်းကိုး။

အမြဲလို သက်နှင့် ဒီလူ အဆက်မပြတ် ဆက်စပ် ပတ်သက်နေဖြစ်တာကိုတော့ စိတ်ကသိနေကာ ဒါကို အန္တရာယ် တစ်ခုလိုလည်း ဘယ်လိုမှ မတွေးတတ်ခဲ့။ သက်က စာရေးရင် အသေးစိတ်ကအစ အိမ်ကကြောင်မှာ ခုတလော သန်းတွေရှိနေ တာမျိုးကစပြီး ခြံထောင့်နားက မြတ်လေးရဲ့ အမြစ်ခြောက်လာတာ မျိုးအထိ ဒီနေ့ ဘယ်သွားတယ် ဘာဖြစ်တယ် ဘယ်သူလာတယ် စုံစုံစေ့စေ့ရေးတတ်လွန်းတဲ့သူမို့ ဒီလိုပဲ ရိုးရိုးသားသား ညပ်ပါနေ ခဲ့တယ် ထင်တာပင်။

အဲဒီတစ်ခေါက် နေထွတ်ညွှန့် သဘောကဆင်းကာ ရန်ကုန်ပြန်လာတဲ့ တစ်ကြိမ်မှာတော့ သူ့ရဲ့မိတ်ဆွေ ငယ်သူငယ်





ချင်း နှစ်ယောက်လောက်က သူ့ကို စကားထူးစကားဆန်း ပြော လာပါသည်။

“နေထွတ်ရာ သဘောဆက်လိုက်မနေပါနဲ့ကွာ၊ အိမ်ထောင် ပြုထားပြီးတော့ မိသားစုနဲ့လည်း တူတူနေရတယ် မရှိဘဲ ခရီးချည်း ထွက်နေရတဲ့ဘဝကို မင်းမို့ကြိုက်တယ်၊ ကိုယ့် မိန်းမ ကိုယ့်သားနဲ့ နီးနီးကပ်ကပ် သိုင်းသိုင်းဝန်းဝန်းလေး မင်းမနေချင်ဘူးလား၊ တကယ်တမ်းမှာ လင်မယားဆိုတာ အတူနေတာပဲ ကောင်းတယ်ကွ”

အဲဒီလို အမိပွာယ်ရတဲ့ စကားမျိုးဆင်ဆင် နှစ် ယောက်လောက်က ပြောပေမယ့် သူ ဒုံးဝေးနေခဲ့သေးတာပါ။ သူ့ဘဝမှာ ဒီလိုအရေးကိစ္စမျိုး ရှိလာမည်၊ ဒီကိစ္စမျိုးနဲ့သူ ပတ် သက်ရလိမ့်မည်လို့ လုံးလုံးကို မထင်ခဲ့တာပါ။

တွေးကိုမတွေးမိတာပါ၊ ကိုယ့်ကံကြမ္မာကို ကိုယ်ယုံ စားလွန်းရာကျခဲ့သည်။

သူ ရန်ကုန်ပြန်နားခိုက် မေသက်တင်တစ်ယောက် ထွက်လိုက်ရတဲ့လမ်း။ သူငယ်ချင်းတွေနဲ့ ရှော့ပင်၊ သူငယ်ချင်း ကလေးမွေးနေ့၊ ဟိုက်စကူးလ်က ငယ်သူငယ်ချင်းတွေ ပြန်လည် ဆုံတဲ့ ဂါသားရင်း၊ ဟိုလူနေမကောင်းလို့၊ ဘယ်သူ့ညီမ ကလေး မီးဖွားလို့၊ ဘယ်သူ့အဖေအတွက် ဆေးကုရှာပေးမလို့၊ သူပါဝင် လုပ်ရှားတဲ့ လူမှုရေးအသင်းအဖွဲ့တချို့ရဲ့အစည်းအဝေး၊ အလှုပ် ကိစ္စ၊ ပြပွဲ ပန်းပွဲ ဈေးရောင်းပွဲ ...။



www.burmeseclassic.com

www.burmeseclassic.com



စသည် စသည် ခေါင်းစဉ်မျိုးစုံနှင့် နေ့တိုင်းလမ်းများနေတဲ့ မေသက်တင်ကို သူ ကျွဲပြီးတိုလာသည်။ ယောကျ်ားသဘော်က ဆင်းလာကာ ခဏနားတုန်းတော့ ယောကျ်ားနားကပ်ကာ နေစေချင်သည်လေ။ အပြင်ထွက်လွန်းတော့ စိတ်ထဲမကျေမချမ်း ဖြစ်လာပါသည်။

သူ့မိန်းမကလည်း အသက်သုံးဆယ့်နှစ် သုံးဆယ့်သုံးပဲ ရှိသေးကာ ဆယ်နှစ်သားရဲ့အမေလို့ ထင်ဖို့ဝေးလို့ အပျိုရှုံးအောင် အလှကြီးလုနေလိုက်တာ အပျိုတုန်းကထက်ပင် ဝတ်တတ် စားတတ် ပြင်တတ် ဆင်တတ် နေတတ် ထိုင်တတ်နှင့် ကိုယ်လုံးကိုယ်ထည်ကလည်း ပိုတောင်အချိုးကျ ပြည့်တင်းလုပ နေတာမို့ သူ့မှာ သဝန်တွေလည်း တိုရလုပါသေးသည်။

“သက်ကလည်းကွာ၊ လမ်းများလိုက်တာ”

အပြစ်တင်သလို ဆိုမိလျှင် ...

“အို ... ကိစ္စရှိလို့ ထွက်နေရတာပဲ ကိုရယ်၊ ဘာကိစ္စမှ မရှိရင် ဘယ်သူက အပင်ပန်းခံပြီး ထွက်ချင်မှာလဲ”

အင်း ...။ အဲလိုလည်း ဟုတ်တော့ ဟုတ်သားပဲ။ သူ့မှာ မိန်းမကိုလည်း အရိပ်ကြည့် ချစ်ရလွန်းအားကြီးတော့ တော်ရုံလည်း ပြောမထွက်။ မိန်းမစိတ်ခုမှာလည်း အလွန်စိုးရိမ်တတ်တဲ့သူပါ။ ထွက်သမျှလမ်းတွေအားလုံးလိုလိုကလည်း သူ တကပ်ကပ် လိုက်ပါနေဖို့ သူ့အတွက် ပျင်းစရာ အဆင်မပြေစရာ တွေ။





အဲဒီတုန်းက ဟန်းဒ်ဖုန်းတွေ မပေါ်သေးတော့ နေ့စဉ် ညနေစောင်း ညဘက်တွေကျ ကလင် ကလင်သံမွှေတွေမြည်ဟည်းကာ လာသမျှဖုန်းကို မေသက်တင်က တိုးတိုးတိတ်တိတ် ပြုံးစိစိပြောနေတတ်တာလည်း တမေ့တမောပင်။ ဟန်းဒ်ဖုန်းမဟုတ်သမယ့် အိမ်ကလိုင်းဖုန်းက ကော့ဒ်လက်စ်မို့ ခြံထဲလည်းယူသွားကာ လမ်းလျှောက်ပြောချင် ပြောနေတာ။

တစ်ညတည်း နှစ်ကြိမ် သုံးကြိမ် ဖုန်းလာတတ်ကာ သူကမေးလျှင် ...

“မိုမို့ပါ ကိုရဲ့”

“ရွှေစင်လေ ... သူ့ကိစ္စကူညီဖို့ အပူကပ်နေတာ”

“သီတာကလေ မနက်ဖြန် (......)ကို လိုက်ခဲ့ပေးဖို့ အဖော်ခေါ်တာ”

တစ်ကြိမ်တစ်မျိုး လူတွေကလည်း မထပ် မရိုးစေရ။ တစ်ရက်မှာတော့ ညနေစောင်းတစ်ခုမှာ အဲဒီ လင်းဝေ အိမ်ရောက်လာသည်။ မေသက်တင်က အိမ်ပေါ်မခေါ်ဘဲ အိမ်ရှေ့ပေါ်တီကို အောက်မှာတင် စကားရပ်ပြောနေတော့ နေထွက်ညွန့်က ထွက်လာပါသည်။ တစ်ခုခုကို အငြင်းအခုန်ဖြစ်နေပုံရတဲ့ သူတို့နှင့် လှမ်းမကမ်းမှာရပ်ကာ ...

“ကိုလင်းဝေ ... အိမ်ပေါ်မတက်တော့ဘူးလား၊ သက် အိမ်ပေါ်ခေါ်ဦးလေ”

သူက ဝင်ပြီးတော့တောင် ဖိတ်မန္တကပြုလိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ဘရာသာ၊ ကျွန်တော် မဝင်တော့ဘူး"

"ဒီမှာ … မသီဂီတို့အိမ် မီးကိစ္စလုပ်ဖို့ သူနဲ့အပ်ထားပေးတာလေ၊ အဲဒါ လုပ်စရာလေးတွေက မှန်းထားတာထက် ပိုနေလို့ ဈေးနှုန်းပြန်ညှိရမှာကို သူက ပြောရမှာ အားနာနေလို့တဲ့ သက်ကို လိုက်ပြောပေးဖို့ အပူကပ်နေတယ်"

"ဩော် … ပြောပေးလိုက်ပေါ့ သက်ရဲ့၊ သက်နဲ့ မသီဂီက အရမ်းခင်တာပဲဟာ"

"အခုလိုက်ခဲ့ဖို့ ခေါ်နေတာ၊ သိပ်တော့ မကြာပါဘူးတဲ့"

"ဩော်"

လိုက်ခဲ့ဖို့ခေါ်နေတာဆိုတော့ သူ ဘာဆက်ပြောရမှန်းမသိ။ မေသက်တင်က နေထွတ်ညွှန့်အနား ကပ်လာခဲ့ကာ လင်းဝေဘက် ကျောခိုင်းပြီး လေသံတိုးတိုး မျက်နှာရိပ်မျက်နှာခြည်နှင့် …

"ဈေးပြောကြတုန်းကလည်း သက်က မသီဂီဘက်က ဝင်ဆစ်ပေးထားတာ၊ တော်တော်နည်းသွားသလို ဖြစ်သွားလို့ အားတော့နာတယ်၊ သိပ်မကြာဘူးဆိုတော့ လိုက်သွားလိုက်ရမလား"

သက်စကားက လိုက်သွားချင်တဲ့သဘော ဆောင်နေတာမို့ သူကလည်း တိုးတိုးပင် …

"သက်သဘောလေ၊ ခဏပဲဆိုလည်း လိုက်ရင်လိုက်သွားပေါ့"





သက်က လင်းဝေဘက်လှည့်ကာ …

"ကဲ … အမျိုးသားကတော့ လိုက်သွားပေးလိုက်ပါတဲ့၊ ဒါဖြင့် ခဏလေးစောင့်လေ၊ ကျွန်မ လိုက်ခဲ့မယ်"

ပြန်တွေးတိုင်း ရှက်ဒေါသတွေ အုလိပ်လိုက်ထွက်ရသည်။ အဲဒီတုန်းကတော့ ယောကျ်ားကို ခွင့်တောင်းပြီးမှ ယောကျ်ားသဘောထားကို ရှာန်းတင်ကာ ဆက်ဆံတတ်လေခြင်းရယ်လို့ မေသက်တင်ကို ဘုရားစူး အချစ်တောင် ပိုသွားမိပါရဲ့။

ထွီ …။

ကိုယ့်မိန်းမကို ကိုယ့်ရှေ့မှာပင် မွေးကြိုင်လုပစ္စာ အသာတကြည် ခေါ်ထုတ်သွားတဲ့ကောင်။ ရှုံ့ဖို့ကောင်းတဲ့ နှစ်ယောက်။ သူ့မှာ သံပရာသီးကြီးတစ်လုံးလိုပင်။ အချဉ်ကြီးကို လှိမ့်နေလိုက်ကြတာလေ။ တစ်နေ့ ကျော်မင်းနဲ့တွေ့တဲ့အထိ။ ကျော်မင်းက သူ့ကို ဘီယာသောက်ဖို့ တစ်ရက်ချိန်းကာ ထွက်ကြရင်း ရှင်းရှင်းပွင့်ပွင့် ပြောခဲ့ပါသည်။

တခြားလူတွေလို စောင်းပါးရိပ်ခြည်မဟုတ်။ အတည့်ကြီးပြောတာ။

"နေထွတ် … မင်းမိန်းမခြေလှမ်း မငြိမ်ဘူး"

"မင်း ဘာကိုပြောတာလဲ"

"မင်း ငါ့ကို စိတ်မဆိုးနဲ့၊ ကျေးဇူးတင်ဖို့ပဲပြင်၊ မင်းကို သနားလို့ ဘယ်သူမှ မပြောရက်ကြပဲ ဖြစ်နေတာကို ငါက လူမိုက်ကြီးလုပ်ပြီးတော့ မနေနိုင်တော့လို့ ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



တာကွာ၊ မင်းမိန်းမ ကောင်တစ်ကောင်နဲ့ တွဲနေတယ် နေထွတ်"

"ဘာ"

"မင်း ကြည့်လုပ် ကြည့်ညို ကြည့်စီစဉ်ရည်၊ မင်းဟာမင်း အဖြေရှာ၊ မင်း ဘယ်အဖြေထွက်အောင် တွက်မယ်ဆို တာ မင်းအပိုင်း၊ ငါက မင်းတွက်ရလွယ်အောင် တွက်တဲ့ အခါ အဖြေမှန်နီးစပ်အောင် ပေးချက်လေးကို မှန်ကန်ပြည့် စုံအောင် လုပ်ပေးတာ၊ မင်းမိန်းမကို မျက်စိမှိတ် အိမ်ထိုင် ယုံမနေဘဲ နည်းနည်းလေး လိုက်ကြည့်လိုက်ပါ နေထွတ်၊ ကြည့်ရတာ အမြင်မတော်လာလွန်းလို့ ငါ ဖွင့်ပြောတာ...

ငါ့သတင်းမှားမှာတော့ သံသယမရှိနဲ့၊ မာလာလည်း သိတယ်၊ မင်းကိုပြောချင်တာလည်း တစ်ပိုင်းသေ၊ သူငယ် ချင်းကို သစ္စာဖောက်ရမှာလည်းခက်၊ ငါက မာလာ့ကို ပြောခဲ့တယ်၊ မင်းက မေသက်တင်ကို သစ္စာဖောက်ရမှာ စိုးတာနဲ့ပဲ မေသက်တင် သစ္စာဖောက်တာကို ငါ့သူငယ် ချင်းက စင်းစင်းကြီး ခံနေရပြီလို့၊ ငါတော့ ပြောမှာပဲလို့"

နေထွတ်ညွန့် တစ်ကိုယ်လုံးထူပူကာ ချွေးသီးချွေး ပေါက်ကြီးတွေပင် အပေါက်လိုက် အပေါက်လိုက် ကျလာသည်။ မသိစိတ်အာရုံက နှိုးဆွနေကာ သူသည် ကျော်မင်းစကားကို တစိကလေးမှ သံသယမဝင်မိပေ။ လုံးဝမသိဘဲနှင့် မျက်စိထဲချက် ချင်းပေါ်မြင်ကာ ခေါင်းထဲအဦးဆုံးပြေးဝင်လာတာက "လင်းဝေ"





ပင်။ အသားတွေ တဆတ်ဆတ်တုန်မတတ် အလူးအလဲ နာကျင် ခံစားရကာ ရက်စိတ်ကလည်း တစ်ကိုယ်လုံးကို ပူခြစ်နေစေသည်။ ဆယ်ကျော်းတစ်ယောက်ကို ဟိုးအနိမ့်ပါးဆုံး အနေအထားရောက် အောင် ထိုးချထားတဲ့လုပ်ရပ်။

"မင်း ရှုးရှုးဒိုင်းဒိုင်းတော့ မဆုံးဖြတ်နဲ့၊ ခေါင်းအေးအေး သွေးအေးအေးနဲ့ သေချာအပြန်ပြန်အလှန်လှန်ဆုံးဖြတ်ပါ နေထွတ်၊ မင်း သွေးပူရင် မင်းဘက်က တပန်းထပ်ရှုံးဦး မယ်"

လောလောဆယ်တော့ သူ့ရဲ့မျက်နှာတစ်ပြင်လုံးကို ရက်သွေးတွေနှင့် ပက်ထားသည့်နှယ် တွတ်တွတ်ရဲနေမှာသိနေ သည်။ သူ ကျော်မင်းကို ဘယ်လိုစကားတွေ ပြန်တုံ့ပြန်မိကာ ဘယ်လိုထပြန်လာမှန်းပင် မသိတော့။ ခေါင်းထဲ အရင်ဆုံးရောက် လာတာက ဟိုတလောကပဲ မေသက်တင် စကားထဲပါလာတဲ့ မသီဂီ။

လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ညနေစောင်း မသီဂီ အိမ်ကို ဈေးနှုန်းစကားသွားပြောကြဖို့ဆိုပြီး သူ့ရှေ့တင်ထွက်သွား ခဲ့ကြတာရှိသည်။ နေထွတ်ညွန့် မသီဂီဖုန်းနံပါတ် မသိ။ အိမ်ကို တော့သိသည်။ ဘောက်ထော်ဘက်က မသီဂီအိမ်ကို တရကြမ်းတန်း ၍ မောင်းချလာခဲ့သည်။

မသီဂီတို့အိမ်ရှေ့ ကားရပ်တာနှင့် ခြံကလေးထဲ ခံ့ဆည်းထိုင်ကာ စကားတပြောပြော အေးအေးလူလူ ရှိနေကဲ့



www.burmeseclassic.com

www.burmeseclassic.com



မသီဂိတို့လင်မယားကို တွေ့သည်။ သူတို့လင်မယားမှာတော့ ဒီလိုအေးအေးလူလူ သာသာယာယာ အချိန်မျိုးလေး မရှိခဲ့တာ ဘယ်လောက်တောင် ကြာနေပြီလဲ။

"မသီဂိ"

"ဟင် ... ကိုနေထွတ်၊ ဘယ်ကလှည့်လာလဲ၊ လာ ... ဝင်၊ ကားခြံထဲသွင်းလိုက်လေ"

"မဝင်တော့ဘူး မသီဂိ၊ ဒီနားမှာ အသိအိမ်တစ်အိမ်လာရှာတာ"

သူ့နှုတ်က အဆင်တပြေ စကားတချို့ ရှောရှော ရှူရှူ ထွက်သွားတာ ကျေးဇူးတင်ရပေဦးမည်။

"ဘယ်သူ့အိမ်လဲ"

"ဦးဇော်လတ် ဆိုတာ"

"ဦးဇော်လတ် ! သဘော်သားပဲလား"

"အဲ ... ဟုတ်ကဲ့"

"အစ်ကိုရေ ... ဒီနားမှာ သဘော်က ဦးဇော်လတ်ဆိုတာ များ အစ်ကို သိလား"

"ဦးဇော်လတ်တော့ မသိဘူး၊ ဦးဇော်လင်းနိုင်တော့ သိတယ်၊ သဘော်သား မဟုတ်ဘူး၊ သူက ကျူရှင်ဆရာ"

"ကိုနေထွတ်ကို ဘာလမ်းလို့ပြောလဲ"

"ကျွန်တော်လည်း လမ်းနာမည်မေ့တော့တော့ဗျာ"

"ဒီလမ်းကတော့ '........'လမ်းလေ ကိုနေထွတ်"





"ဪ ... အင်း၊ သိပ်ကိစ္စမရှိပါဘူး၊ လိပ်စာသေချာပြန်မေးလိုက်ပါဦးမယ်၊ မသီဂိတို့အိမ်၊ လျှပ်စစ်မီးကိစ္စ ပြီးသွားပြီလား"

"လျှပ်စစ်မီးကိစ္စ ! "

"ဟိုတလောက သူ့သူငယ်ချင်း လျှပ်စစ်အင်ဂျင်နီယာနဲ့ အပ်ပေးမယ်လို့ သက်ပြောနေလို့"

"ဟင် ... ကျွန်မတို့ မီးကိစ္စ ဘာမှမရှိပါဘူး ကိုနေထွတ်၊ ဘာမှမလုပ်ဖြစ်ပါဘူး၊ သက်နဲ့တောင် မတွေ့တာ တစ်လ ကျော်ပြီ၊ ဪ ... သိပြီ၊ ကိုနေထွတ် ပြောတာ မသန္တာ လား ... မသန္တာ ထင်တယ်၊ ကျွန်မတော့ မဟုတ်ဘူး"

"ဪ ... ဟုတ်လား၊ ကျွန်တော်က မသီဂိထင်နေတာ"

"မဟုတ်ဘူး ... ကျွန်မ မဟုတ်ဘူး၊ ဘာမှမလုပ်ဖြစ်ပါဘူး၊ ကိုနေထွတ် နားကြားလွဲတာ နေလိမ့်မယ်"

နေထွတ်ညွန့်က ခေါင်းညိတ်လိုက်ရင်း ...

"ဒါဆို ကျွန်တော် နားကြားလွဲတာ နေပါလိမ့်မယ်၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်၊ မသီဂိ၊ ဒီနား အိမ်ရှာရင်း မသီဂိတို့ထိုင်နေတာ မြင်တာနဲ့ ဝင်နှုတ်ဆက်တာပါ"

နေထွတ်ညွန့် အိမ်ပြန်ရောက်တော့ ထုံးစံအတိုင်း ခမသက်တင် ခြံထဲမှာ ကော့ဒ်လက်စ်ဖုန်းနှင့် ပြုံးကာရယ်ကာ ဖုန်းပြောနေသည်။ သူ့ရင်ထဲ နာကျင်မှုတစ်မျိုးနှင့် ခါးသီးထုံပုံ နေကာ ...

www.burmeseclassic.com

"ဖုန်းက ဘယ်သူလဲ"

"ဘာဖြစ်လို့လဲ၊ ကို ... ဖုန်းဆက်မလို့လား၊ မသီဂီလေ၊ ဟိုတစ်နေ့က မီးကိစ္စ အဆင်ပြေရဲ့လား မေးနေတာပါ၊ ကို ဖုန်းဆက်စရာရှိရင် ပြောလေ၊ အဝတ်အစားအရင်သွားလဲပါဦး ... သွား"

နေထွက်ညွန့် အိမ်ပေါ်သို့ ဖြည်းညင်းစွာ တက်လာခဲ့သည်။ ကိုယ့်ဇနီးသည်က ကိုယ့်အပေါ် သစ္စာဖောက်မည်လို့ သူ ဘယ်တုန်းကမှ မထင်ခဲ့။ အဲဒီနေ့ကစပြီး သူက မေသက်တင် သွားလေရာနောက်သို့ နောက်ယောင်ခံလိုက်ကာ ပျက်သောခြေလှမ်းများကို လက်ပူးလက်ကျပ် အမိဖမ်းခဲ့တာဖြစ်လေသည်။





## ၈

"အဲဒီ ဝင်းကိုကိုက ဘယ်ကပေါ်လာတာလဲ၊ သူ နိုင်ငံခြားထွက်သွားတာ မဟုတ်ဘူးလား ကိုကိုကြီး"

"........"

"မသိဘူး၊ အခု ကိုသက်ဖူးညွှန့်ဆီ ရောက်လာပြီး ပစ္စည်းတစ်ခု အေးဂျင့်ရဖို့ စကားလာပြောတယ်၊ ညီမလေးတို့ ပတ်ဝန်းကျင်ကို သူ လုံးဝရောက်မလာပါစေနဲ့၊ ကိုကိုကြီး တာဝန်ယူပါ၊ တစ်ခါတည်း ဒီမှာ ပြဿနာတွေတက်ပြီး အရှက်တကွဲ အကျိုးနည်း ဖြစ်ရလိမ့်မယ်"

"........"

"ဩော် ... ကိုကိုကြီးအတွက်ကတော့ ဘာအရေးလဲ၊ ပေါ့ပေါ့ပဲ ပြောမှာပေါ့၊ ညီမလေးအတွက်က အဲဒါ အရေးပဲ၊ ဒီကိစ္စတွေ ညီမလေးရဲ့ယောကျ်ားကို မသိစေချင်ဘူးလို့ ပြောထားပြီးသား မဟုတ်လား၊ မသိစေချင်တာတွေ အကုန်ပေါ်ကုန်မှာပေါ့၊ ညီမလေး အရှက်ကွဲမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"........"

"ဘာမှ မဖြစ်ဘူးတွေ ဖြစ်တယ်တွေ ကိုကိုကြီး မဆုံးဖြတ်ပါနဲ့၊ ညီမလေးဘက်မှာ တစ်ခုခုဖြစ်တယ် မဖြစ်ဘူး ညီမလေးပဲ ဆုံးဖြတ်မယ်၊ ကိုကိုကြီးက ဘာလို့ ဆင်ခြေဆင်လက်တွေ တက်နေတာလဲ ... တကယ်ပဲ၊ ကိုကိုကြီးကို ညီမလေး လာတွေ့ဦးမယ်၊ ဖုန်းနဲ့ပြောရတာ စိတ်ကိုမချဘူး"

"........"

"အခု ကိုသက်ဖူးညွန့်ကိုလည်း ပြောထားတယ်၊ အဲဒီဝင်းကိုကိုနဲ့ အလုပ်လက်တွဲမလုပ်နဲ့လို့၊ လုပ်လို့ဘယ်ဖြစ်မလဲ၊ တစ်နေ့မပေါ် တစ်နေ့ပေါ်မှာပဲ၊ ကိုကိုကြီး သေချာပြောဖြစ်အောင် ပြောလိုက်၊ ညီမလေးရဲ့ယောကျ်ားအသိုင်းအဝိုင်းနား လုံးဝမလာစေနဲ့ ... ဒါပဲ၊ ဟိုမှာ ကိုသက်ဖူးညွန့် လာနေပြီ၊ ဖုန်းချလိုက်တော့မယ်၊ ဒါပဲနော်"

ပိုးက ဖုန်းကိုပိတ်ကာ သက်ဖူးညွန့်ဘက်လှည့်၍ ပြုံးလိုက်ပါသည်။

"ကို ... နိုးပြီလား"

"ပိုး အစောကြီးနိုးနေတာလား ... ဟုတ်လား"

"အင်း ..."

"ပိုးကို တစ်အိမ်လုံး အနံ့ရှာနေတာ၊ ပိုး ဆင်းလာတာ ဒေါ်ချစ်ကြီးတောင် မမြင်လိုက်ဘူးထင်တယ်၊ ပိုးကအပေါ်





ထပ်မှာပဲ ရှိဦးမှာပေါ့တဲ့၊ အောက်ထပ်ဆင်းလာတာ မတွေ့ပါဘူးဆိုတာနဲ့ အပေါ်ပြန်ဆက်ရှာရသေးတယ်"

"ဟုတ်တယ်၊ ဒေါ်ချစ်ကြီး မတွေ့လိုက်ဘူး ထင်တယ်"

"ပိုး ... ခြံထဲ ဘာလုပ်နေတာလဲ၊ ဩော် ... ဖုန်းဆက်နေတာလား"

ပိုးလက်ထဲက ဟဲန်းဒ်ဖုန်းကိုမြင်ကာ သက်ဖူးကမေးလိုက်လျှင် ...

"ဩော် ... ဟိုလေ ... ရီရီပါ"

"ရီရီ ! "

သက်ဖူးက ပိုးအနားလာကာ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်ဖက်လိုက်ပါသည်။

"ရီရီ ဆိုတာ ရီရီလဲ့၊ ကိုကို မသိဘူးထင်တယ်၊ သူက ဆေးနှစ်မှာလေ၊ သူ့ဆီက နုတ်စ်တချို့ ပိုးလိုချင်တာရှိတာနဲ့၊ ကိုကို စားပြီးပြီလား"

"ဘယ်စားရဦးမှာလဲကွာ၊ မိန်းမကိုမတွေ့လို့ အရင်လိုက်ရှာနေတာပေါ့၊ မိန်းမနဲ့မှ တူတူစားမှာပေါ့"

"အဟင်း ဟင်း ... ကဲ ... ဒါဆိုလာ၊ တက်ကြစို့"

"အိုကေ"

ဦးနေထွတ်ညွန့်သည် ဝေးသွားတဲ့ ရယ်သံတွေကို နားစွင့်ရင်း လက်ထဲကစူးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ငြိမ်သက်ကျန်ရစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့ မြက်ခင်းစိမ်းလေးရဲ့ အလယ်နားမှာ နည်းနည်းကျဲနေတဲ့ နေရာတစ်ကွက်ကိုမြင်တော့ အဲဒီထဲ ပြန်ဖြည့်စိုက်ဖို့အတွက် ခြံရဲ့ထောင့်နားက အုတ်ကန့်ကြီးနံဘေးကို ရှူးတစ်ချောင်းနှင့် ရောက်နေခဲ့တာပါ။ ဒီအုတ်ကန်နားမှာ တမင်မြက်ခင်းလုပ်ထားတာ မဟုတ်ဘဲ မြက်တချို့ စိမ်းစိမ်းစိုစို ထနေတာမို့ ဒီကနေ တချို့တူးယူပြီး အိမ်ရှေ့အခင်းထဲ ဖြည့်စိုက်ဖို့ ရည်ရွယ်ချက်နဲ့ပါ။

အုတ်ကန်ကြီးက ကြွေပြားကပ်ကာ အကြီးကြီးလုပ်ထားတာမို့ တစ်ဖက်မှာ ဦးနေထွတ်ညွန့် ငုတ်တုတ်ထိုင်နေတဲ့အခါ လုံးလုံးခြုံမြုံ ကွယ်နေပါသည်။ ဒါကြောင့်လည်း သူ့ကို ပိုးမမြင်တာ။ ဖုန်းပြောရင်း အနားရောက်လာတာ။ ဒီနားက အိမ်နဲ့နည်းနည်းလှမ်းတော့ ဒီနားရပ်ကာ ဖုန်းပြောနေတော့တာမို့ နောက်ပိုင်းလုံးစေ့ပတ်စေ့ကို အားလုံး ကြားလိုက်ရတာပါ။

ဦးနေထွတ်ညွန့် ရင်ထဲတင်းကျပ်ကာ နှလုံးတွေခုန်ပြီး မောသလိုလိုနှင့်အတူ ဒေါသတွေလည်း တလိပ်လိပ် မှုပြင်းလောင်မြိုက်လာပါသည်။

ကြည့်စမ်း ...

ဘာဖြစ်လို့ ဓာတ်လမ်းသွားပုံက ဆင်တူနေရတာလဲ။ ကွာခြားမှုကတော့ မေသက်တင်တုန်းက သူနဲ့လက်ထပ်ပေါင်းသင်းပြီး ကလေးတောင် ရပြီးကာမှ ကရှေးအတော်အတန်ကြီးကာမှ ဖြစ်လာတဲ့ . ဓာတ်လမ်းသစ်။ ပိုးကတော့ အရင်ကဓာတ်လမ်းဟောင်း . ဖြစ်ပုံရသည်။





ခုခေတ်ကြီးထဲမှာ လက်ထပ်ဖြစ်တဲ့ ချစ်သူမတိုင်ခင် ဟိုးအရင်ငယ်ဘဝက ချစ်ခဲ့ ကြိုက်ခဲ့ တွဲခဲ့ ပြတ်ခဲ့ ရည်းစားထားခဲ့တာဟာ ဘာမှပြစ်မှုမြောက်တော့တာလည်း မဟုတ်ပါပေ။ သက်ဖူး ဆိုရင်လည်း ရှိခဲ့တာပဲ။ သက်ဖူးရဲ့ဓာတ်လမ်းဟောင်းတွေကိုလည်း ပိုးသိနေခဲ့တာ၊ သူတို့ပြောစကားတွေထဲ ထင်ရှားနေတာပဲ။

"အရင်ဆုံးလူ"ဖြစ်ရဖို့က ဘာမှမှအရေးမကြီးတာ။ အရေးပါတာက နောက်ဆုံးလူ ဖြစ်ရဖို့ပဲလေ။ ရည်းစားထားခဲ့ဖူးဘာလောက်ကို ဘာမှစာဖွဲ့ပြီး လျှို့ဝှက်ထားစရာ အကြောင်းမရှိဘူး။ အဲဒီအပြင် အဲဒီရည်းစားဟောင်းလုပ်သူကလည်း အိမ်ထောင်ကျသွားတဲ့ ချစ်သူဟောင်းရဲ့အနီးအနား ပြန်ချဉ်းကပ်လာစရာ အကြောင်းမရှိပါဘူး။

အဲဒီလူဟာ သက်ဖူးကို ပိုးရဲ့ခင်ပွန်းသည်မှန်းသိသိနှင့် သက်ဖူးနှင့် အလုပ်တွဲလုပ်ဖို့ ရောက်မလာသင့်ဘူးဆိုတာဆောက်တော့ နားလည်တတ်ဖို့ကောင်းသည်။ ဘာကြောင့်လာဆက်သွယ်ခဲ့တာလဲ။ ပိုးကကော ရည်းစားဟောင်း ဖြစ်နေရင်လည်းယောက်ျားမ မသိစေချင်ရင်တောင်မှ ယောက်ျားလုပ်သူကိုတော့အဲဒါကြောင့် အလုပ်တွဲမလုပ်ပါနှင့်ဟု ပွင့်ပွင့်လင်းလင်း ပြောသင့်တယ် မဟုတ်လား။

ခုတော့ ကြည့်စမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကိုလည်း တားရုံမက သူ့အစ်ကိုထံလည်း လှမ်းတားကာ တားတာကိုလည်း ယောက်ျားမသိမကြားရလေအောင် ခြံထဲဆင်းပြီး ဖုန်းပြောသည်။ ယောက်ျားက မေးတော့လည်း သူ့အစ်ကိုဆိုတာ မပြောဘဲ လိုးလွဲညာပြောသည်။ အဲဒါ ဘာသဘောလဲ။

ပြောစကားတွေထဲမှာလည်း ဆန်းကြယ်မှုတွေပါသည်။ ဒီပတ်ဝန်းကျင်ကို ဟိုလူရောက်လာရင် ပြဿနာတွေတက်ပြီး အရှက်တကွဲ အကျိုးနည်း ဖြစ်ရလိမ့်မည်တဲ့။ အဲဒါကော ဘာအဓိပ္ပာယ်လဲ။ ဒီကိစ္စတွေ ညီမလေးယောက်ျားကို မသိစေချင်ဘူးလို့ ပြောပြီးသား ... တဲ့။ မသိစေချင်တာတွေ ပေါ်ကုန်မှာပေါ့တဲ့။ ညီမလေး အရှက်ကွဲမှာပေါ့ ... တဲ့။

ဘာအကြောင်းအရာက အရှက်ကွဲစေမှာလဲ။ ဖုန်းနဲ့ပြောရတာ အားမရ စိတ်မချတဲ့အတွက် သူ့အစ်ကိုထံလည်း ကိုယ်တိုင်ကိုယ်ကျ သွားပြောသွားတားဦးမည်။ ဒါ ဘာအပြုအမူ ဘာလုပ်ရပ်တွေလဲ။ နောက်ကွယ်မှာ မုချသေချာ တစ်ခုခုသော အဖြစ်အပျက် အခြေအနေဟာ မြှုပ်ကွယ်ပြီး ရှိကိုရှိနေသည်။

သူ့အတွေးဟာ ယထာဘူတလည်းကျသည်။ ယုတ္တိလည်းရှိသည်။ ဒီကောင်မလေးမှာ သက်ဖူး မသိစေချင်တဲ့ လျှို့ဝှက်ချက် ရှိကိုရှိသည်။ ရည်းစားထားခဲ့တာက အကြောင်းမဟုတ်။ လျှို့ဝှက်ထားတာက အကြောင်း။ ဖုံးကွယ်နေတာက အကြောင်း။ ဟိုကောင်က ပတ်သက်ခဲ့မှုရှိရက်နှင့် သက်ဖူးအနားချဉ်းကပ်လာတာကလည်း အကြောင်း။





ချွေးမဖြစ်သူ အိမ်ကိုရောက်လာပြီးကတည်းက သားဖြစ်သူကို မျက်နှာပြောင်ပြောင် လိမ်ပြောလိုက်တာ ဒီတစ်ကြိမ် ပထမဆုံး နားနှင့်ဆတ်ဆတ်ကြားလိုက်ရတာဖြစ်၍ ဦးနေထွတ်ညွန့် စိတ်မကောင်း ဖြစ်နေမိပါသည်။ ဒေါသလည်း ဖြစ်နေမိပါသည်။

"ဒက်ဒီ ... ဒက်ဒီ"

အိမ်ဘက်ဆီက သက်ဖူးရဲ့အသံ ထွက်ပေါ်လာ၍ ဦးနေထွတ်ညွန့်က သက်ပြင်းပူတစ်ချက်နှင့် ထိုင်ရာမှ ထ,လိုက်ပါသည်။

"ဒက်ဒီ ... ဘယ်မှာလဲ"

"ဒီမှာကွ ... ဒီမှာ"

ဦးနေထွတ်ညွန့်က အိမ်ဆီသို့ လျှောက်လာခဲ့ပါသည်။

"ဘရိတ်ဖတ်စ်စားမယ်လေ ဒက်ဒီ၊ ဘာလုပ်နေတာလဲ"

"လာပါပြီကွာ၊ ဒီမှာ မြက်နည်းနည်းယူနေတာပါ၊ မြက်ခင်းထဲဖြည့်ဖို့"

ဦးနေထွတ်ညွန့်က သက်ဖူးနှင့်အတူ အိမ်ပေါ်တက်လာခဲ့ကာ ထမင်းစားခန်းထဲက ခုံစင်မှာ လက်ဆေးလိုက်ပါသည်။ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ရင်း ချွေးမဖြစ်သူကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ မျက်နှာလေးက ပိပိရိရိနှင့် ဝင်းဝင်းပပကြည်ကြည်လင်လင်လေးပါပဲလား။

"ဒက်ဒီ ... လက်ဖက်ရည်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ကို လက်ဖက်ရည်ပန်းကန် တိုးရွှေ့ပေးလိုက်တဲ့ ပိုးကို ဘာမှမတုံ့ပြန်မိဘဲ အသာဝင်ထိုင်လိုက်ပါသည်။ ရုပ်ကလေးက ချစ်စရာကောင်းသလောက် လင်ယောက်ျားကိုအလွယ်ကလေး လိမ်ညာနိုင်တဲ့အကျင့်ကတော့ အကျည်းတန်လှပါဘိတော့။

❖ ✦ ❖





"ဒေါက် ... ဒေါက်"

ဦးနေထွက်ညွန့်က သက်ဖူးတို့အိပ်ခန်းတံခါးကို ခေါက်လိုက်ပါသည်။

"ဒက်ဒီလား ... လာလို့ရပါတယ်"

အထဲက ချွေးမရဲ့အသံ။ ဦးနေထွက်ညွန့်က အခန်းတံခါးဖွင့် ဝင်သွားလိုက်ပါသည်။

"သား ဘယ်လိုနေတုန်း၊ သက်သာလား"

မေးခွန်းထုတ်ရင်း အပြင်သွားဖို့ အသင့်ပုံစံနှင့် လှလှပပလေး ပြင်ဆင်ထားသော ပိုးကိုလည်း တစ်ချက်လှမ်းကြည့်လိုက်မိသည်။ သက်ဖူးတစ်ယောက် ဗိုက်အောင့်နေတာနံရက်လောက်ရှိပြီးမှ အူရောင်နေတာ သိခဲ့ပါသည်။ အစာအိမ်လည်း ဖြစ်ဖူးတဲ့သူမို့ သူ့ကိုယ်သူ အလုပ်တွေပိ Stress တွေများကာ အစာအိမ်ရောဂါထတယ်ပဲ ထင်ကာ ဗိုက်လေးအောင့်ရင်းအစာအဖတ်တွေစားလိုက်ရင်းနှင့် ဗိုက်အောင့်တာ ပိုဆိုးလာပြီးမှ ချွေးမဆရာဝန်က အူရောင်နေတယ်ဟု အဖြေထုတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ ဆန်ပြုတ်ပြောင်းသောက်ခိုင်းကာသက်ဖူးကို အူရောင်တဲ့အတွက် ဆေးပေးသည်။ ဦးနေထွတ်ညွန့်ကတော့ သားကိုသာ သူ့ကမ္ဘာလုပ်ကာ သည်းသည်းလှုပ်တဲ့သူဖြစ်၍ အူရောင်နေတယ်ဆိုတာ စောစောမသိရကောင်းလားဟု ချွေးမအပေါ် သိပ်ပြီးမကြည်လင်လှ။

ဆရာဝန်တစ်ယောက်လုံးဖြစ်ပြီး ယောကျ်ားဗိုက်အောင့်ကာ သူ့ဟာသူ ခရင်းမေးလ်အက်စ်တွေ သောက်နေတာကို သိရက်နှင့် သေချာဂရုမစိုက်လို့ အူရောင်ကြောင်း ချက်ချင်းမသိတာပေါ့ဟု စိတ်ထဲက ပြစ်တင်နေမိပါသည်။

အဲဒီကနေ နောက်တစ်ရက်ကျတော့ အဖျားဝင်ကာ သက်ဖူးက အန်ပါ အန်လာပါသည်။ ဒီတော့ အူရောင်ငန်းဖျား တိုက်ဖွိုက်ဆန်ဆန်သဘော ဖြစ်သွားပြီပေါ့။ ဆန်ပြုတ်ဖြတ်ကာ အရည်သောက်ဘဝကိုရောက်တော့ သူ မနေနိုင်ဘဲ မသိမသာ အပြစ်တင်စကား ဆိုမိသေးသည်။

"လက္ခဏာတွေက တစ်ခုနဲ့တစ်ခု သိပ်မကွဲတော့ ရိုးရိုး အူရောင်တယ်ပဲ ထင်မိတာ ဒက်ဒီရဲ့၊ ကိုကိုက ချက်ချင်း ဖျားမှမဖျားတာ၊ ရုတ်တရက် မသိနိုင်ဘူးပေါ့"

သူ ရုတ်တရက်သိအောင် သက်ဖူးကပဲ ချက်ချင်း ဖျားပေးရမလိုလို။ ချက်ချင်းမဖျားတာကပဲ သက်ဖူးအပြစ်ပေါ့လို့ ဦးနေထွတ်ညွန့်က ခိုးလိုးခုလု တွေးနေမိပါသည်။ သားခမျာ အန်လည်းအန်နေ၍ ဝေဒနာ ခံစားရတာ မသက်မသာ။





"သက်သာပါတယ် ဒက်ဒီ"

သက်ဖူးကတော့ အေးအေးဆေးဆေးပဲဖြေသည်။ ချွေးမလက်ထဲမှာ အဖျားတိုင်းတံတွေ့၍ ...

"ဘယ်လောက်ရှိလဲ"

ဦးနေထွတ်ညွန့်က မေးလိုက်ပါသည်။

"အဖျားတက်လာတယ် ဒက်ဒီ"

"ဘယ်လောက်တောင်လဲ"

"တစ်ရာနှစ်"

"ဟင် ... တော်တော် တက်လာပါလား"

"ဟုတ်ကဲ့၊ အဲလိုပဲ အဖျားတက်တတ်ပါတယ်"

"ဒါနဲ့ သမီးက ဘယ်လဲ"

"ပိုး ကျူရှင်ရှိလို့ ဒက်ဒီ"

"ဟင် ... အပြင်သွားမလို့လား၊ သက်ဖူး အဖျားတက်ကြီး နဲ့ ဖြစ်ပါ့မလား"

"အဖျားကျအောင် ဆေးတိုက်ခဲ့မယ် ဒက်ဒီ၊ ကိစ္စမရှိပါဘူး"

ကိစ္စမရှိဘူးရယ်လို့ပဲ။ ကိစ္စရှိလို့ပဲ အဖျားတက်နေပြီကို။

"သမီး ကျူရှင်က တစ်ရက်တလေ မသွားလို့ မဖြစ်ဘူးလား"

စွက်ဖက်တယ်ပြောပြော ဦးနေထွတ်ညွန့်က မနေနိုင် မထိုင်နိုင် မေးလိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီကလည်း ဖျားတာပဲ ဘာဖြစ်လဲ၊ ဆေးသောက်လိုက်ရင် အဖျားကျသွားမှာပေါ့ ဒက်ဒီရဲ့၊ ပိုးရှိတော့ရော ကျွန်တော်ဖျားတဲ့နားထိုင်ပြီး ဘာလုပ်နိုင်တာမှတ်လို့၊ ပိုးရှိနေရင် အဖျားက မတက်မှာကျနေတာပဲ"

"တစ်ခုခုဆို သူက ဆရာဝန်ဆိုတော့ သက်သာရာရအောင် လုပ်ပေးနိုင်မှာမို့ပါ"

"ဆရာဝန်လည်း ရောဂါကို ဖြတ်ခနဲ ပျောက်သွားအောင်တော့ မတတ်နိုင်ပါဘူး ဒက်ဒီရာ၊ အချိန်တန်မှပျောက်မှာပေါ့၊ ဟင်း ဟင်း ... ဒက်ဒီကလည်း"

ပိုးက သူ့ကိုကြည့်၍ နည်းနည်းတော့ တစ်မျိုးလေး ဖြစ်သွားပေမယ့် ထုံးစံအတိုင်း အပြုံးလေးတစ်ခု မျက်နှာပေါ်မှာ ပွင့်စေရင်း ...

"ဒီနေ့ ဆရာကြီးပေးမယ့် လက်ချာကလည်း ပိုး လွတ်လို့ မရလို့ပါ ဒက်ဒီ၊ အသစ်သင်ပေးမှာမို့လို့ပါ"

တွေ့လား။ အသံချိုချို အပြုံးချိုချိုကလေးနှင့်ဆေ မယ့် ဘယ်တော့မှ နေထွတ်ညွှန့်စကားကို လက်ခံနားထောင်လိုက်တယ်ရယ်လို့မရှိ။ သူလုပ်ဖို့ ရည်ရွယ်ထားတာကို ဘာအကြောင်းကြောင့်မှမဖျက်၊ လုပ်ကိုလုပ်မှာဆိုတဲ့ သူ့သဘောထားနှင့်သူသာ တစ်သမတ် ရပ်တည်နေသည်။

နေထွတ်ညွှန့် မျက်နှာက သဘောမကျတာ သိသာစွာ ခပ်မှုန်မှုန် ဖြစ်နေပါသည်။





"အိမ်မှာ ဒက်ဒီလည်း ရှိမှာပဲဟာ"

"ငါ မရှိဘူးကွ"

"ဒက်ဒီက ညနေစောင်းကြီး ဘယ်သွားမလို့လဲ"

"ငါ့သူငယ်ချင်း ကိုမျိုးမြင့်ကို သတင်းသွားမေးမလို့၊ ဒီကောင်လည်း ဟိုတလောက နှလုံးဖောက်လို့ ဆေးရုံတင်လိုက်ရသေးတယ်၊ အခု ဆေးရုံကဆင်းပြီကြားလို့ ငါ ဒီညနေ သတင်းမေးသွားမလို့"

"ဩော် ... သွားစရာရှိလည်း သွားပါ ဒက်ဒီရဲ့၊ ကျွန်တော်က ကိုယ့်ဟာကိုယ် တီဗီကြည့်နေလိုက်မယ်၊ ပိုးကဆေးတိုက်ထားတော့ ခဏနေ အဖျားလည်းကျသွားမှာပဲ"

နေထွတ်ညွှန့်က ဘာမှထပ်ပြောမနေတော့ဘဲ အခန်းထဲက ထွက်လာခဲ့ပါသည်။ သက်ဖူးအတွက် လူရှိဖို့၊ သူ မသွားဘဲ နေရမလား။ အို ... သူ့မိန်းမတောင် အနားမနေတာ။ ကိုယ်လည်း ကိစ္စရှိတာကို ဖျက်မနေတော့ပါဘူး။ သွားမှာပေါ့။ အနားကထိုင်စောင့်ပေးနေဖို့ထိ မလိုမှန်းလည်း သူသိသားပေါ့။ ဒါပေမဲ့ မိန်းမကို တစ်ဆိတ် လမ်းများလွန်းကာ အိမ်မှာလည်း အိမ်မှုကိစ္စ ဘာမှမလုပ်၊ လင်ကိုလည်း မပြုစု။

အိမ်မှုကိစ္စကတော့ ဒေါ်ချစ်ကြီးရှိတယ်မို့ မလုပ်လည်းနေ ထားလိုက်ပါတော့။ လင့်ကိစ္စ လင့်ဝေယျာဝစ္စ ဘာမှ ပြုလုပ်ကိုင်ပေးတာလဲ မရှိတာမို့ တစ်ဆိတ် အသည်းတော့ယားသည်။ မေသက်တင်ပင်လျှင် ဖောက်ပြန်ကာမှသာ ဖောက်ပြန်သွားရော လင်ကိုတော့ အရေးတယူလေး ပြုစုသေးတာ။

www.burmeseclassic.com



ဦးနေထွတ်ညွန့် ထွက်သွားတဲ့တံခါးကိုပိတ်ရင်း ပိုးက မျက်နှာကလေး မသာမယာနှင့် သက်ဖူးကိုကြည့်ကာ ...

"ကိုကို ... ကိုကိုနေမကောင်းရက်နဲ့ ပိုး ကျူရှင်သွားတက်မှာကို ဒက်ဒီကြည့်ရတာ ကြိုက်ပုံမရဘူး"

"မကြိုက်လည်း ဘယ်တတ်နိုင်မလဲ ပိုးရယ်၊ တွေးမနေနဲ့ ပိုးရှိလည်း ကိုယ့်ရောဂါက ချက်ချင်းလက်ငင်း ပျောက်သွားမှာမှ မဟုတ်တာ။ ရှိလည်း ဒီနားထိုင်နေရမှာ၊ ဘာအကျိုးထူးရှိလို့လဲ၊ ဒက်ဒီက ဒီလိုပါပဲ၊ ဘာမှ စိတ်အနှောင့်အယှက် ဖြစ်မနေနဲ့၊ သွားစရာရှိတာသွား၊ ကိုယ့်ကားယူသွား"

"ဒက်ဒီက ပိုးကို ဘာပဲလုပ်လုပ် သိပ်မကြည်လှဘူးနော်"

"ကိုယ် ပြောထားပြီးသားလေ၊ ကိုယ်က ဒက်ဒီ့ကမ္ဘာ ဒက်ဒီ့ဘဝ၊ ကိုယ့်ကို ဒက်ဒီ တိုပါတယ်လို့၊ ပိုးကိုမကြည်တာ မဟုတ်ပါဘူး၊ ကိုယ့်ကို သဝန်တိုတဲ့စိတ်က ဘာကိုမှ အလိုမကျ ဖြစ်နေစေတာပါ ပိုးရာ"

"တစ်ခါတလေကျ ပိုးက စိတ်မကောင်းဘူး ကိုကိုရာ"

"စိတ်မကောင်း ဖြစ်မနေနဲ့၊ သွားတော့ နောက်ကျနေမယ်"

"နောက်တစ်နာရီလောက်ကျ အိုဗာတင်းလေးတစ်ခွက်လောက် ဒေါ်ချစ်ကြီးကို ဖျော်ခိုင်းပြီး သောက်ဦးနော် ... သိလား၊ တစ်ခုခုဆို ဖုန်းဆက်"





"ဘာတစ်ခုခုမှ ဖြစ်စရာအကြောင်းမရှိတာ ပိုးရယ်၊ ကဲ ... သွားပါ၊ ကားဖြည်းဖြည်းမောင်းနော်၊ အပြန်ကျလည်း တော်တော်မှောင်ပြီ၊ ဂရုစိုက်မောင်း"

"အင်းပါ"

❢ ✦ ❢



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ကားလာကြိုမလား ညိုသွေး"

"အင်း ... ရောက်နေလောက်ပြီ ပိုး"

"အန်တီရော နေကောင်းလား ညိုသွေး"

"အင်း ... ကောင်းပါတယ် ပိုးရယ်၊ ဆီးချိုလေးပဲ ထိန်းရတာပေါ့"

နှစ်ယောက်သား ဆရာကြီးနေတဲ့ တိုက်ခန်းပေါ်က ဆင်းလာခဲ့ကြပါသည်။ အောက်ရောက်တာနှင့် ညိုသွေးက ပိုးကို နှုတ်ဆက်ကာ သူ့အိမ်ကကားပေါ် တက်သွားလေသည်။ ပိုးက ခုနကတည်းက တွေ့ထားတဲ့ နှစ်တိုက် သုံးတိုက်ကျော်က ဆေးဆိုင်လေးဆီ လှမ်းကြည့်လိုက်လျှင် ဆိုင်ဖွင့်သေးတာတွေ့ရ၍ ဆေးဆိုင်ဘက် လျှောက်ခဲ့သည်။

မနက်ဖြန်ကုန်မည့် သက်ဖူး သောက်ဖို့ ဆေးတစ်မျိုးကို ကြိုတန်းဝယ်သွားလိုက်ဦးမည်ဟု ဆေးဆိုင်ထဲ လှမ်းဝင်လိုက်တဲ့ ပိုးသည် ...

"ဟင်"





ဆိုင်ရဲ့ကောင်တာနားမှာရပ်နေတဲ့ ငင်းကိုကို့ကိုတွေ့လိုက်ရတာမို့ ခြေလှမ်းတုံ့သွားရပါသည်။ သူကလည်း လူဝင်လာတာကို လှမ်းကြည့်နေတာမို့ ...

"မပိုး"

"ဪ ... ဟုတ်ကဲ့"

"ဘယ်လာတာလဲ မပိုး၊ မိုးတောင်ချုပ်ပြီ"

"ဒီနားမှာ ဆရာတစ်ယောက်အိမ် စာလာမေးတာပါ၊ ဆေးဆိုင်တွေလို့ ဝင်လာတာ၊ ဆေးနည်းနည်းဝယ်ဖို့ရှိလို့ပါ ကိုဝင်းကိုကို၊ ကိုသက်ဖူးညွန့် နေမကောင်းလို့လေ၊ တိုက်လက်စဆေးက ကုန်တော့မှာမို့လို့ပါ"

"ဪ"

ပိုးက လိုတဲ့ဆေးနှစ်မျိုး ပြောပြပြီး ငွေချေဖို့အတွက် ဝင်းကိုကို ရှိနေတဲ့ ကောင်တာနေရာကိုပဲ ကပ်သွားရပါသည်။

"ကျွန်တော်တောင် ဟိုတလောက မပိုး အမျိုးသားကုမ္ပဏီရုံးကို ရောက်သေးတယ်၊ အသွင်းထားတဲ့ ပစ္စည်းတစ်ခု ဖြန့်ချိဖို့ အေးဂျင့်ရမလားလို့ စကားပြောကြည့်တာလေ"

"ဟုတ်ကဲ့"

"ကျွန်တော်က နိုင်ငံခြားအိမ်သုံးဆေးတချို့လည်း ဖြန့်ချိရေးကိုယ်စားလှယ် လုပ်တယ်ဗျ၊ ဒီဆိုင်က ကျွန်တော့် သူငယ်ချင်းဆိုင်လေ၊ သူငယ်ချင်းကို အိမ်အောက်ထပ်မှာ ဆေးဆိုင်ဖွင့်ထားပါလားလို့ ကျွန်တော်ပဲ အကြံပေးခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆီကလည်း ဆေးအတော်များများ ရနိုင်တယ်ဆို တော့ သူလည်း စမ်းလုပ်ရင်း အောင်မြင်သွားတာလေ၊ သူငယ်ချင်းဆီလည်းလာရင်း ဆိုင်အခြေအနေလည်းကြည့် ရင်း၊ သူငယ်ချင်းကမရှိဘူး အပြင်သွားတယ်ဆိုတာနဲ့ ခဏစောင့်နေတာ"

ဝင်းကိုကိုဟာ ပိုးကို အမြဲအရောတဝင်ရှိချင်သူပီပီ သူ ရောက်နေရခြင်း အကြောင်းရင်းကိုပါ တရှည်တလျား ရှင်း ပြနေပါသေးသည်။

"သြော် ... ဟုတ်ကဲ့"

ပိုးကတော့ ငွေရှင်းရင်း ပြန်အမ်းတာစောင့်ရင်း မရပ်မဖြစ် ရပ်နေရတဲ့ အချိန်အတွင်း ဝင်းကိုကို့ကို အလိုက် အထိုက် ပြန်ပြောနေရတာပင်။

"အန်ကယ်တို့ အန်တီတို့ နေကောင်းလား မပိုး"

"ဟုတ်ကဲ့ ... ကောင်းပါတယ်"

"ပန်ပန်ရော စင်ကာပူသွားဖို့ လုပ်နေတာ ထွက်ဖြစ် လား"

"အင်း ... ထွက်ဖြစ်မှာပါ၊ ကိုဝင်းကိုကို ... ကိုကိုကြီးနဲ့ တွေ့ဖြစ်တယ် မဟုတ်လား၊ ကိုကိုကြီးကိုပဲ မေးကြည့်ရင် ပိုသိရမယ်၊ သူက တစ်အိမ်တည်းနေနေတော့ ပိုသိတယ် လေ၊ ပိုးကတောင် တချို့ကိစ္စတွေ အဆက်ပြတ်ပြတ်နေ တယ်၊ နောက်ကျမှ သိရတာ"





"ခုတလော မင်းမင်းတောင် သူ့ဘော့စ် ဂျပန်ရောက်နေလို့ သိပ်မအားဘူး ဖြစ်နေတယ်၊ ဟိုတစ်ပတ်ကလည်း အညာ ဘက် ခရီးထွက်ရတယ်၊ မပိုး သိသေးလား"

"ဟုတ်ကဲ့ ... သိပါတယ်"

သိသိ မသိသိ အရေးကြီးသောကိစ္စတွေလည်း မဟုတ်ပါဘဲနှင့် စကားလက်ဆုံတွေ ကျနေရတာကို ပိုးစိတ်ထဲ အနှောင့်အယှက် ဖြစ်နေကာ လှုကထွက်သွားချင်လှပြီ။ ကောင်တာ က ကောင်မလေး ငွေအကြွေအမ်းဖို့ ရှာတွေ့သွားကာ ခုနစ်ရာ အမ်းလိုက်လျှင်တော့ ပိုးက ခပ်သွက်သွက်လေး လှမ်းယူလိုက်ရင်း ...

"သွားလိုက်ဦးမယ် ကိုဝင်းကိုကို"

"ဟုတ်ကဲ့ ... ဒါနဲ့ ..."

သူက စကားတစ်ခု ဆက်လိုက်၍ ပိုးက မော့မော့ လေး ကြည့်လိုက်ပါသည်။

"ဟိုးတလောက အေးဂျင့်ကိစ္စ မပိုး အမျိုးသားက ကျွန် တော့်ကို ရွေးလိမ့်မယ်လို့ ကျွန်တော်က ထင်ထားတာဗျ၊ သူက တခြားတစ်ယောက် ရွေးလိုက်တယ်"

"သြော် ... ဟုတ်၊ သူ့အလုပ်ကိစ္စတွေတော့ ပိုးလည်းသိပ် မသိဘူး"

"ဘာရယ်မဟုတ်ပါဘူး၊ ပြောပြတာပါ၊ နောက်တစ်ယောက် နဲ့က ပြောရ ဆိုရ ညှိရ ပိုအဆင်ပြေသွားတယ် ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်တော့်ကိုကျတော့ အလုပ်သဘောညှိဖို့လေးတွေ မပိုးတို့မိတ်ဆွေဆိုပြီး အားနာတာလေးတွေ ရှိမယ်ထင်ပါတယ်လေ”

“ဟုတ်ကဲ့၊ ဟုတ်ပါလိမ့်မယ်”

“ကဲ ... မပိုး ... သွား ... သွား၊ နောက်ကျနေမယ်၊ ကိုယ့်ဟာကိုယ် မောင်းတာလား၊ ဒရိုင်ဘာပါလား”

“ကိုယ့်ဘာသာပဲ မောင်းလာတာ”

ဝင်းကိုကိုက ဆိုင်ဝအထိ ပါလာကာ ...

“ဂရုစိုက်မောင်းဦး မပိုး”

“ဟုတ်ကဲ့ ... သွားပြီနော်”

“အိုကေ ... ဘိုင်”

သူက ဆိုင်ဝကနေ လက်လေးတောင် ထောင်ပြနှုတ်ဆက်လိုက်သေးသည်။ ပိုးက ကားဆီအမြန်လျှောက်လာကာ စက်နှိုးမောင်းထွက်လာပါသည်။

ဤအဖြစ်အပျက်တွေကို အစမှအဆုံး တိုက်တိုက်ဆိုင်ဆိုင် မြင်တွေ့လိုက်သူက ဦးနေထွတ်ညွှန့်ပင်။ ဦးနေထွတ်ညွှန့်က မျက်စောင်းထိုးတိုက်တစ်တိုက်ရဲ့ ဒုတိယထပ် ဝရန်တာမှာ ရှိနေတာပါ။ ဝရန်တာက ကျယ်ကျယ်လွင့်လွင့်ရှိ၍ ခုံသုံးခုံချထိုင်ကာ ရေနွေးကြမ်းကရား လက်ဖက်သုပ်တို့နှင့် စကားထိုင်ပြောနေဖြစ်တဲ့ အချိန်ပါ။





အိမ်ရှင်သူငယ်ချင်း ဆေးရုံကအဆင်းကို သူနှင့်နောက်တစ်ယောက် အတူသတင်းလာမေးတာ။ သူငယ်ချင်းက လန်းလန်းဖြာဖြာ ထူထူထောင်ထောင် ရှိနေကာ အတူထိုင်ပြီး စကားစမြည် ပြောဆိုနိုင်၍ စကားဝိုင်းလေး ကြာရှည်ခဲ့သည်။

ဝရန်တာလေးကနေ သက်ဖူးရဲ့ကားကို ဦးနေထွတ်ညွှန့် လှမ်းမြင်ထားတာ ကြာပြီ။ ချွေးမရဲ့ကျူရှင် တည်နေရာကို မမျှော်လင့်ဘဲ သူ သိလိုက်ရတာပင်။ စကားဝိုင်းထဲ စကားအပြတ်တွေမှာ ဝရန်တာကနေ ဟိုကြည့် ဒီကြည့်နှင့် ခုနကဆေးဆိုင်လေးကိုလည်း တွေ့နေပြီးသား။ အပြန်ကျ သူ့ရဲ့အားဆေးတစ်မျိုး ဝင်ဝယ်ဦးမှလို့ စိတ်ကူးရင်း ...

“ဟိုဆေးဆိုင်လေး ဘယ်အချိန် ပိတ်လဲဗျ”

“ဟာ ... ဖွင့်တယ်၊ ဆယ်နာရီကျော်ထိဖွင့်တယ်၊ ဒီနားမှာ ဒီဆေးဆိုင်ပဲရှိပြီး ဈေးလည်းမှန်တယ်ဗျ၊ ခင်ဗျားဝယ်စရာရှိရင် ပြန်ဆင်းမှဝယ်၊ မပိတ်သေးပါဘူး”

ဒါကြောင့် သူပြန်တော့မှ ဝယ်မလို့။ ဆိုင်ထဲမှာ သူ လှမ်းကြည့်စဉ်က ထူးထူးခြားခြား သန့်ပြန့်ချောမောတဲ့ လူငယ်တစ်ယောက် ရှိနေတာလည်း သတိပြုမိထားသည်။ ဆိုင်ပေါက်ဝမှာ ခါးထောက်ရပ်လိုက် လက်ပိုက်ရပ်လိုက် ဟိုကြည့်ဒီကြည့်နှင့် တစ်ယောက်ယောက်ကို စောင့်နေတဲ့ပုံစံ။

သူ့ကို သတိပြုမိတာကတော့ ဖြူဝင်းစိုပြည်ပြီး Complexion လည်း ကောင်းလှတဲ့ သူ့မျက်နှာရဲ့ မေးရိုးတစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မှာ လုပတာယ်ဆိုရဲ့ ဆိုင်မှာပုံသွင်း တီညှပ်ထားတဲ့ ပါး မြိုင်းမွေးအတန်းလေးကြောင့်ပင်။ ခပ်လှမ်းလှမ်းက မြင်ရတာပင် စမတ်ကျလှတဲ့ လူချောတစ်ယောက်လို့ သိသာစေတဲ့ ဒီလူရွယ်ကို အထူးသတိထားစရာမလိုဘဲ သတိပြုထားမိတာပါ။

အတော်အတန်ကြာတဲ့အခါ လှေကားတစ်ခုမှဆင်း လာတဲ့ ချွေးမကို လှမ်းမြင်ရကာ အတူပါတဲ့ သူငယ်ချင်းမလေး က ကားပေါ်တက်၊ ချွေးမက ဟိုကြည့်ဒီကြည့်နှင့် ဆေးဆိုင်ဖက် ထွက်သွားတဲ့အခါ ဘာရယ်မဟုတ် လိုက်ကြည့်နေခဲ့မိတာ။ ခုန အထဲက မောင်လူချောက ပိုးဝင်လာတာ လှည့်ကြည့်၍ မြင်သော အခါ ပိုးနားတကပ်ကပ်နှင့် စကားတွေ ပြောနေတော့တာမို့ ဆက်ပြီး ဂရုတစိုက် ကြည့်နေမိသည်။

ပိုး ဆိုင်ထဲကထွက်သွားခါနီး တစ်ယောက်ကိုတစ် ယောက် မျက်နှာချင်းဆိုင်ရပ်ကာ စကားပြောကြတော့ ပိုးပုံစံလေး က စိတ်အိုက်သလို စိတ်ကျဉ်းကျပ်သလို ဖယ်တယ်တယ်။ ဟို ကောင်ကလည်း တစ်မျိုးတစ်ဖုံ ရှိုးတိုးရှန့်တန့်လိုလို။ အသက် ငါးဆယ်ဖြစ်ပေမယ့် သူ့မျက်လုံးက စာကြည့်ရင်သာပါဝါနည်းနည်း တပ်ရကာ အဝေးကိုတော့ ကြည်ကြည်လင်လင် ပြတ်ပြတ်သား သား အမြင်အား ကောင်းလှပါသေးသည်။

ပိုး ထွက်သွားတော့ လှမ်းနှုတ်ဆက်ရင်း လက်တော် ပြလိုက်သေးသည်။ နဂိုကပင် မိန်းမမှန်က အယုံအကြည်နည်းလှ ကာ ချွေးမဖြစ်သူ ပိုးကိုတော့ ဟိုတလောကပင် မသင်္ကာချင်စရာ





အလိမ်အညာနှင့်တွဲပြီး ကိုယ်တိုင်မိထားသိထားတာမို့ သံသယက ဘင်ချင်ချင်မှာ အခုအဖြစ်အပျက်လေးက သေးပင်သေးကွေးသော် လည်း ဦးနေထွတ်ညွန့်စိတ်ကို ထင့်စေသည်။

ခဏနေတော့ ခုနလူရွယ်ဟာလည်း ဆိုင်ထဲကထွက် ပြီး သူ့ကားပေါ်တက် မောင်းထွက်သွားခဲ့ပြီ။ သူတို့နှစ်ယောက် ဒီဆေးဆိုင်လေးမှာ ဟန်မပျက် ချိန်းကြတဲ့သဘောလား။ ပိုးကျူရှင် ကို ဒီကောင်က သိထားပြီး မလှမ်းမကမ်း တစ်နေရာက လာ ဆောင့်နေတဲ့သဘောလား။

ပိုးကရော နဂိုတည်းက ခဏတဖြုတ်တွေ့ဖို့ ချိန်း ဘာလား။ သူ့ကျူရှင်နေရာသိလို့ ဟိုကောင် လာစောင့်နေတာကို ပိုးက တိုက်တိုက်ဆိုင်ဆိုင် ဆေးသွားဝယ်ရင်း တွေ့တာလား။ ဒါတွေထဲက တစ်ခုခုတော့ ဖြစ်မှာပဲ မဟုတ်လား။

ခုနက ဟက်ဟက်ပက်ပက် ရွှင်ရွှင်ပျပျ စကားပြော ဆိုနေတဲ့ ဦးနေထွတ်ညွန့်ဟာ နှုတ်နည်းသွားပြီး အသက်မပါ တော့။ စိတ်ထဲလည်း ညစ်ညူးနောက်ကျိသွားပြီ။ တစ်ယောက် တည်းကျိတ်ကာ စိတ်တွေတိုလာပြီ။ မျက်နှာတစ်ခုလုံးလည်း မှုန်မှိုင်းအုံ့ဆိုင်းလာလေပြီ။

“နေထွတ် ... မင်းရော နေကောင်းရဲ့လား”

“ဟင် ... အင်း ... ကောင်းပါတယ်”

“ငါ့ကို သတင်းလာမေးကြပေမယ့် မင်းမှ ငါ့ထက်ပိုပြီးရဲ တစိုက်နေရမယ့် အနေအထားကွ၊ ဂရုစိုက်ဦး၊ ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး စကားပြောရင်း မင်းကြည့်ရတာ ပင်ပန်းလာပြီ ထင်တယ်၊ စိတ်ကဆောင်ပေမယ့် တစ်ခါတလေ လူက မဟန်နိုင်ဘူးကွ၊ ငါတို့အသက်တွေ မငယ်ကြတော့ဘူး"

"အေးကွ ... ဟုတ်တယ်၊ ငါ လှဲနေချင်သလို ဖြစ်လာတယ်၊ ပြန်ကြစို့ကွာ အောင်လတ်"

"အေး ... ပြန်မယ်လေ၊ ငါ့ရော ဝင်ပို့နိုင်သေးရဲ့လား၊ ဒါမှမဟုတ် ငါ ကားမောင်းပြီး မင်းကို ပြန်ပို့ပြီးမှ မင်းအိမ်ကနေ ငါ ကားငှားပြန်လိုက်လည်း ရတယ်၊ မင်းဖြစ်ရဲ့လား"

"ဖြစ်ပါတယ်ကွ၊ အဲသလောက်တော့ မဟုတ်ပါဘူး"

"အပြန်ကားဖြည်းဖြည်းမောင်းကြဟေ့"

"အေးပါ"





၉

ခြံထဲမှာ ပန်းပင်လေးတွေ ဆိတ်ရင်း ဆွရင်း ပြုစုရင်း နလုံးနေရာက ဆုပ်ဆွဲသလို နာကျင်အောင့်ကျိန်း တင်းကျပ်ကာ ရုတ်တရက် ဝေဒနာမသက်မသာ ခံစားခဲ့ရတာဖြစ်လေသည်။ ရွှေခြေပုလေးမှာ ထိုင်နေရာက ကုန်းအထ အကြောတွေပါ ဆွဲဆိုင်းသလိုဖြစ်ရင်း မတ်မတ်အထိ မရပ်နိုင်ဘဲ မြေပေါ်ဖင်ဒင်ရက် ပြန်ပြုတ်ကျသွားလေသည်။

"ဒေါ်ချစ်ကြီး ... ဒေါ်ချစ်ကြီး"

"........."

"ဒေါ်ချစ်"

အသံကျယ်ကျယ် အော်တာပင် မောပန်းအားကုန်သလို ခံစားရပြီး အသံက တိမ်ဝင်သွားရပါသည်။

"ဟင် ... ဆရာကြီး"

"လာ"



www.burmeseclassic.com

www.burmeseclassic.com



တိုတိုတစ်လုံးတည်းသာ လက်ယပ်ခေါ်လိုက်ရသည်။ ဒေါ်ချစ်ကြီး အိပ်ပုံပုံနှင့် အပြေးရောက်လာရင်း ရင်ဘတ်ကိုလက် တစ်ဖက်နှင့် ဖိထားသောသူ့ကိုမြင်လျှင် ...

"ဟင် ... ဆရာကြီး၊ ဘာဖြစ်လဲ ... ဘာဖြစ်တာလဲဟင်၊ မူးလဲတာလား"

"ထူစမ်းပါ"

လက်တစ်ဖက်ဆန့်ပေးကာ ခပ်တိုတိုပဲ ပြောရသည်။ ဒေါ်ချစ်ကြီးက နေထွတ်ညွှန့်လက်ကို လှမ်းဆွဲကာ ...

"ရလား ဆရာကြီး၊ ရရဲ့လား ... ဘုရား ... ဘုရား"

"နိုင်လား"

"ဟုတ်ကဲ့"

သူ့မှာ ဒေါ်ချစ်ကြီးကို အားပြုကာ ထရပ်နိုင်ဖို့ မနည်းကြိုးစားရသည်။ ဘယ်လိုပဲ တုတ်ခိုင်သည်ဖြစ်စေ ဒေါ်ချစ် ကြီးက မိန်းမအား။ အသက်ကလည်း သူ့ထက်တောင်ကြီးနေပြီ။ ပြီးတော့ သူက မဟန်နိုင်၊ ကိုယ့်ကိုယ်ကိုယ် အားမစိုက်နိုင်အောင် ဖြစ်နေတာ။

ဒီတစ်ခါ Chest Pain က အတော်ဆိုးဆိုးဝါးဝါး နာကျင်တင်းကျပ်တာပါလား။ အတန်ကြာအောင် နှစ်ယောက်သား ကြိုးစားအားစိုက်ပြီးမှ သူ ဖင်ထိုင်ရက်မှ ဒူးထောက်၊ ဒူးထောက် ရာမှ ထရပ်နိုင်သည်။

"ဆရာကြီး ရလား၊ ဖြည်းဖြည်းလျှောက်"





မြန်မြန်လည်း လျှောက်မရပါ။ တကယ့်ကို ဖြည်း ညင်းစွာ လှုပ်လီလှုပ်လဲ့ ခပ်ယဲ့ယဲ့နှင့် အိမ်ထဲဝင်လာနိုင်သည်။ သို့သော် ... အပေါ်ထပ်သို့တော့ ဘယ်လိုမှ တက်နိုင်စွမ်းမရှိ တော့ပါ။

"ကျွန်တော့်ဆေးဘူးလေး"

"ဟုတ်ကဲ့ ဆရာကြီး ... ဟုတ်ကဲ့"

ဒေါ်ချစ်ကြီး အပေါ်ထပ် အပြေးအလွှား ကမန်း ကတန်းတက်ကာ နေထွတ်ညွှန့် အခန်းထဲက ဆေးတွေထည့်ထား သော လက်ဆွဲအံဘူးလေး ယူလာပါသည်။

"ဖုန်းဆက်"

"မောင် ... မောင်သက်ဖူးဆီလား"

"အင်း"

သူ့ဆရာဝန်ကြီးကလည်း ဒီအချိန်ရှာရဖမ်းရခက် သည်။ ရှိနိုင်မည့်နေရာတွေ ရှာဖွေလိုက်ဆက်နိုင်တဲ့ခွန်အား သူ့မှာ မရှိ။ ဧည့်ခန်းက သုံးယောက်ထိုင်ဆိုဖာရှည်ရဲ့ လက်တန်းတစ် ဖက်ကို ခေါင်းအုံးကာ ဖြည်းညင်းစွာ လှဲအိပ်လိုက်ရင်း ဆေးဘူး ထဲမှ အရေးပေါ်လျှာအောက်ငုံဆေးကို ထုတ်ယူကာ လျှာအောက် သွင်းပြီး ငုံထားလိုက်ရပါသည်။

ဒေါ်ချစ်ကြီးသည် သက်ဖူးထံ အရင်လှမ်းဆက်လိုက် ပြီးနောက် ချက်ချင်းပဲ ပိုးရဲ့ဖုန်းကိုဆက်လိုက်ပါသည်။ သက်ဖူး ဘာရင်တောင် ဆရာဝန်ခေါ်တာတို့ ဆရာဝန်ဆီ ခေါ်သွားတာတို့



www.burmeseclassic.com

www.burmeseclassic.com



သာ လုပ်နိုင်မှာလေ။ ပိုးကကျတော့ ကိုယ်တိုင်ကိုယ်ကျ ဆရာဝန်မို့ ပိုးရောက်လာတာက လက်တွေ့ကျကျအကျိုးရှိသည်ဟု တွေးမိလို့ပင်။

"ဟယ်လို ... ပိုးလားဟင် ... ပိုးလား"

"ဟုတ်ပါတယ်၊ ဒေါ်ချစ်ကြီးလား ဘာဖြစ်လို့လဲ"

"ဆရာကြီး ... ဆရာကြီး ရင်ဘတ်ကိုဖိပြီး ခြံထဲမှာလဲကျတာ ပိုးရေ၊ အိမ်ပေါ်တွဲတင်ထားတယ်၊ မောင်သက်ဖူးလည်း ဆက်ပြီးပြီ၊ အဲဒါ ..."

"ဟင် ... ဒက်ဒီ"

"ဟုတ်တယ် ပိုး ... ဟုတ်တယ်၊ အဲဒါ ဒေါ်ချစ်ကြီး စိတ်ပူပြီး ပိုးကိုပါ ဆက်လိုက်တာပါ"

"ဒေါ်ချစ်ကြီး ဒက်ဒီဆေးဘူးထဲမှာ လျှာအောက်ငုံတဲ့ဆေးပြားလေးရှိတယ်၊ ဆေးဘူးယူပေးပြီး အဲဒီဆေး ဘယ်ဟာလဲလို့မေး၊ ဒက်ဒီပါးစပ်ထဲဝင်အောင်ထည့်ပေးထားလိုက်၊ ပိုး ခုပဲ ကျောင်းမှာပြောပြီး ပြန်လာခဲ့မယ်သိလား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မြန်မြန်လာနော် ပိုး၊ ဆရာကြီး ကြည့်ရတာ တော်တော်ဆိုးဆိုးဝါးဝါးဖြစ်သလိုပဲ၊ မျက်နှာကို မဲ့ပြီးပျက်နေတာပဲ"

"အခုလာပြီ၊ ပိုးပြောတဲ့ဆေးငုံခိုင်းဖို့ မမေ့နဲ့၊ ဘယ်ဆေးလဲသေချာအောင် ဒက်ဒီကိုမေး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"





ဒေါ်ချစ်ကြီးက ဖုန်းချကာ ညွှန်ခန်းဆီအပြေးပြန်သာရင်း ...

"ဆရာကြီး ... မောင်သက်ဖူးရော ပိုးပါ ဆက်လိုက်တယ်"

"အင်း"

"ဆရာကြီး နေသာရဲ့လား"

"အင်း"

"ပိုးကပြောတယ်၊ ဆေးဘူးထဲက ငုံဆေးပြားလျှာအောက်ငုံခိုင်းထားတဲ့၊ ဘယ်ဆေးလဲ ကျွန်မ ထုတ်ပေးမယ်"

"ငုံပြီးပါပြီ"

ဦးနေထွတ်ညွန့်က ခပ်လေးလေးပြောရင်း ဟွန့်ခနဲ ဘစ်ချက်ကြိတ်လုပ်မိသည်။ ဒီလောက်တော့ ငါလည်း နှလုံးရောဂါသည်ပဲ။ သိပါတယ်။

"ပိုးလည်း ခုပဲ လာမယ်တဲ့"

အမယ် ...။ ကျောင်းကနေ တစ်ဝက်တစ်ပျက်ကြီးနဲ့ ဆောင် ပြန်လာမှာပေါ့။ စိတ်တွေဘာတွေ ပူသွားတယ်ထင်ပါရဲ့။ ဒေါ်ချစ်ကြီး ဘယ်လိုပြောလိုက်လို့လဲလို့ မေးချင်သော်လည်း ပါးစပ်တောင်မဟချင်။ ဘာမှ မပြောချင်အောင် လူက ဝေဒနာဖိစီးနေ၍ မမေးဖြစ်တော့ပါ။

ဆေးငုံဖို့တောင် ဒေါ်ချစ်ကြီးကို သင်ကြားလိုက်သေးသည်။ အင်းလေ ... ဒါကတော့ သူက ဆရာဝန်ပဲ။ ရုတ်ဘရက် Chest pain အပြင်းအထန်ခံစားရလျှင် ဒီဆေးငုံရမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူလည်း ခေါင်းထဲချက်ချင်းရောက်ရမှာပေါ့။ ပိုးကပ အိမ်ပြန်လာမည်ဆို၍ သူ့စိတ်ထဲ ကျေနပ်သွားသလိုလိုတော့ သည်။

သို့ပေမဲ့ ချက်ချင်းလိုလိုပဲ ဟိုတစ်နေ့ညဦးက မြင် ကွင်းကို ပြန်သတိရကာ မကျေမချမ်း စိတ်တွေဆူဝေချင်လာပြန် သည်။ အို … ငါကလည်း တကယ်ပါပဲ။ ရင်ဘတ်အောင့်နေပါတယ် ဆိုနေမှ စိတ်လှုပ်ရှားစရာတွေ ဘာဖြစ်လို့ ခေါင်းထဲထည့်စဉ်းစား နေမိပါလိမ့်မလဲ။

ဆေးတက္ကသိုလ်လိပ်ခုံနှင့် အိမ်က နီးနီးပဲမို့ မကြာ ပင် ခြံထဲသို့ ကားဝင်လာသံ ကြားလိုက်ရပါသည်။ တက္ကစီနှင့် ထင်ပါရဲ့။ အတော်မြန်မြန်ရောက်လာသားပဲလို့ ဦးနေထွတ်ညွှန် တွေးတောဘဝင်ကျနေခိုက် …

"ဒက်ဒီ … ဒက်ဒီ"

"……"

"လမ်းမကို ကားထွက်ငှားနေရတာက ကြာနေသေးတယ် ဒေါ်ချစ်ကြီးရယ်၊ ဘယ်လိုတုန်း အခု …"

"ဟိုမှာ သမီး"

"ဒက်ဒီ"

သူက ရင်ဘတ်ပေါ်လက်တင် မျက်စိမှိတ်ကာမှိန်း နေတာမို့ ငြိမ်ပဲနေကာ ပိုးကို မျက်လုံးတောင် ဖွင့်မကြည့်မိ သို့သော် ခြေသံရှပ်ရှပ်လေးက အပြေးတိုးကပ်လာကာ သူ့မျက်ခွံပေါ်





လက်ချောင်းများ ဖျတ်ခနဲရောက်လာပြီး အပေါ်မျက်ခွံတစ်ဖက်ကို ဆွဲဖြဲဟ,ကြည့်လိုက်တာ ခံလိုက်ရပါသည်။

"ဒက်ဒီ"

"အင်း …"

"နေသာရဲ့လား"

"အင်း …"

"ဒေါ်ချစ်ကြီး … ဒက်ဒီ ငုံဆေးငုံလိုက်ရဲ့လား"

"ဒေါ်ချစ်ကြီး ပြောလိုက်တော့ ငုံပြီးပြီတဲ့"

"ဟုတ်လား … ချက်ချင်း ငုံလိုက်တာပေါ့နော်၊ တော်ပါသေးရဲ့၊ ဒက်ဒီ ရင်ဘတ်ထဲကဆိုးရင် ပြောနော်"

"……"

"ဒေါ်ချစ်ကြီး … ဒက်ဒီ ဘာလုပ်ရင်း ဘယ်လိုလဲတာ လဲ"

"ခြံထဲမှာ အပင်တွေလုပ်နေတာပဲ၊ ခေါ်သံလိုကြားလိုက် လို့ ထွက်ကြည့်တော့ မြေပေါ်မှာ ဖင်ထိုင်ရက်နဲ့ လက်တစ် ဖက်က ရင်ဘတ်ဖိ လက်တစ်ဖက်က မြေပေါ်နောက်ပြန် ထောက်ထားတာ၊ ရှုံ့မဲ့ပြီး မျက်နှာဖြူဖတ်ဖြူရော် ပျက် နေတာပဲ၊ ဒေါ်ချစ်ကြီး အတင်းဆွဲထူတာ၊ မနည်းထူရ တယ်"

"တော်ပါသေးရဲ့၊ အော်ခေါ်နိုင်လို့၊ ဒေါ်ချစ်ကြီးလည်း ချက်ချင်းကြားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ၊ ဒီနားက အပင်အိုးတွေလုပ်နေတာမို့ပေါ့၊ ဟိုး
နောက်ထဲကအပင်တွေနားဆို အသံတောင်ကြားရမှာမဟုတ်
ဘူး"

"ဒက်ဒီက အပင်တွေ ဘာလုပ်နေတာလဲ၊ ပန်းအိုးတွေဘာ
တွေ မ,လိုက်တာလား"

"ဒေါ်ချစ်ကြီး ဘာမှမသိဘူး၊ ခေါ်သံကြားမှပြေးဆင်းလာ
တာ"

အချီအချစကားတွေကို မျက်စိမှိတ်ထားရင်းမှ နား
ထောင်လျက် ဦးနေထွတ်ညွန့်က တစ်မျိုးကြီး ခံစားနေရပါသည်။
အသံက စိုးရိမ်ပူပန်မှု သိသိသာသာပျော်ဝင်နေပါသည်။ သေချာ
ပါသည်။ ဒီကောင်မလေး သူ့ကို စိုးရိမ်တကြီး ဂရုတစိုက်ရှိတာ
သူ့စိတ်ထဲ ရတ်တရက် ပို;ကို ချစ်စိတ်တောင် ပေါက်မိသွားပါ
သည်။

ချွေးမအဖြစ် ဒီအိမ်ရောက်လာပြီးကတည်းက ဒီတစ်
ကြိမ်ပဲ ပထမဦးဆုံး ချစ်ခင်စိတ်ပေါက်ဖူးတာပင်။ များသောအား
ဖြင့်က ဘာစိတ်မှမပေါက်ဘဲ သူစိမ်းတစ်ယောက်လိုသာ ခံစားရ
ပြီး အကြိမ်အတော်များများမှာတော့ အမြင်ကတ်တာ ကြည့်မရတာ
တွေနှင့် သိပ်စိတ်တိုင်းမကျ မေတ္တာမရှိခဲ့။

ခုတော့လည်း သူ့စိတ်ထဲ လှစ်ခနဲ ချစ်ခင်မိသလိုလို
အင်း ... တကယ်တော့လည်း ချွေးမဆိုတာသမီးပါပဲလေ။ ကိုယ့်
သားနှင့်စပ်မှ ချွေးမတော်ရသော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်ကျ





ဒီချွေးမက ကိုယ့်သားရဲ့ရင်သွေး၊ ကိုယ့်မြေးကလေးကို မွေးဖွား
ပေးမှာမဟုတ်လား။

"ဒက်ဒီ သက်သာလား နေသာလားဟင်"

"အင်း"

"ဒီ ငုံဆေးနဲ့ပဲသက်သာရင် ခုချက်ချင်း ဆေးရုံဆေးခန်း
မပြေးတော့ဘူး၊ အနားယူပြီး ညနေဘက်မှ ဒက်ဒီ့ဆရာကြီး
နဲ့သွားပြမယ်၊ အခြေအနေပြောမယ်လေ၊ နေသာထိုင်သာ,
မရှိရင်တော့ အရေးပေါ်ကို ပြေးမလားလို့ ဒက်ဒီ"

"ရတယ်"

"နေသာတယ်ပေါ့နော်"

"သက်သာလာပြီ"

"အမယ်လေး ... တော်ပါသေးရဲ့ ဒက်ဒီရယ်၊ သက်သာ
တာသေချာရင် ဒက်ဒီ ငြိမ်ငြိမ်လေးပဲ နားနေလိုက်တော့"

"အင်း"

"အသက်ရှူရကောင်းရဲ့လား"

"အင်း"

"ဒေါ်ချစ်ကြီး ပရက်ရှာတိုင်းတဲ့စက်လေး ယူပေးပါဦး"

"ဟုတ်ကဲ့"

"ပရက်ရှာတို့ သွေးခုန်နှုန်းတို့ မှတ်လိုက်ရအောင်၊ ဆရာ
ကြီးနဲ့သွားပြရင် ဖြစ်တုန်းကအခြေအနေလေးတွေ ပြောနိုင်
အောင်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခဏနေလျှင်တော့ ပိုးသည် ဦးနေထွတ်ညွန့်ကို ပရက်ရှာချိန်နေပါပြီ။ ပိုး ပရက်ရှာချိန်နေတုန်းပဲ ခြံထဲကားဝင်လာကာ သက်ဖူးညွန့် ပြန်ရောက်လာပါသည်။

"ပိုး ဘယ်လိုလဲ ... ဒက်ဒီ ဘယ်လိုလဲ"

"ကောင်းပါတယ် ကိုကို"

ပိုးက ဦးနေထွတ်ညွန့်လက်မှ လက်ပတ်ကို ပြန်ဖြုတ်ရင်း ...

"ပရက်ရှာလည်း မဆိုးပါဘူး၊ ပဲ့လ်စ်လည်း မဆိုးပါဘူး"

"ဒက်ဒီ ကောင်းလာပါပြီ သားရဲ့"

"အချိန်မီလည်း ဆေးငုံလိုက်နိုင်လို့ ကိုကို"

"တော်ပါသေးရဲ့၊ ပိုးအချိန်မီ မြန်မြန်ရောက်လာပေလို့ပေါ့"

ကြည့်ပါလား။ ဒီကောင်ကတော့ သူ့မိန်းမပဲ ကြိုဖန်ချီးမွမ်းဖန်းတင်ရမှ နေသာထိုင်သာရှိတဲ့ကောင်ပင်။ ဦးနေထွတ်ညွန့်က တစ်ချိန်လုံးမှိတ်ထားတဲ့ မျက်စိကို ခပ်ကျဉ်းကျဉ်းဖွင့်ကာ ...

"ငါ့ဟာငါ ငုံဆေးကို ငုံနင့်တာကွ"၊

နေမကောင်းတဲ့ကြားက သူ့ဟာသူ မထ္တာပ်တိုင်ထ တက်နေတဲ့ ဦးနေထွတ်ညွန့်ကြောင့် ပိုးက သက်ဖူးဘက်လှည့်ကာ နှာခေါင်းလေးရှုံ့ပြလိုက်ပုံက 'တွေ့လား ကိုကို့ဒက်ဒီက'ဆိုတဲ့ အဓိပ္ပာယ်မျိုးနှင့်ပင်။





"ဟုတ်တယ်၊ ဒက်ဒီက သတိရှိတယ် ကိုကိုရဲ့၊ ပိုးက ဖုန်းထဲကနေ ဒေါ်ချစ်ကြီးကို လှမ်းပြောလို့ ခေါ်ချစ်ကြီးက သွားပြောတဲ့အချိန်မှာ ဒက်ဒီက ဆေးကိုငုံတောင်ငုံထားနှင့်ပြီးပြီ၊ ကောင်းသွားမှာပါ၊ ချက်ချင်း ဆေးရုံပြေးဖို့မလိုတော့ဘူး၊ ညနေမှ အေးအေးဆေးဆေးသွားတော့မယ်လေ ...နော်"

"အင်း ... ဒက်ဒီ နေသာရင်ပြီးတာပဲ"

"သမီး ကျောင်းကထွက်လာတာ ရရဲ့လား"

ဦးနေထွတ်ညွန့်က ဘာပဲဖြစ်ဖြစ် ပိုးကို ကျေးဇူးတင်လိုမှုနှင့်မေးပါသည်။

"နေ့တစ်ဝက်ခွင့်တင်ခဲ့လိုက်တယ် ဒက်ဒီ၊ ပြန်မသွားတော့ဘူး"

"သက်ဖူးရော အလုပ်ရှိရင်ပြန်လေ၊ ဒက်ဒီ အခု သက်သာပါတယ်"

"ပြန်မလာတော့ဘူးဘဲ ရုံးမှာပြောခဲ့တယ် ဒက်ဒီ၊ ညနေလည်း ဒက်ဒီ့ကို ဆေးခန်းလိုက်ပို့မှာဆိုတော့ မပြန်တော့ပါဘူး၊ ဒက်ဒီ အိပ်ခန်းထဲသွားမလား၊ ကျွန်တော် တွဲပို့မယ်"

"အေး အေး ..."

သက်ဖူးတစ်ဖက် ပိုးတစ်ဖက် သူ့ကိုတွဲကာ အိပ်ခန်းပို့ပေးကြပါသည်။ အခန်းထဲရောက်တော့ ပိုးက အဝတ်အစားလဲပြန်ထွက်သွားကာ သက်ဖူးက သူ့ခုတင်စွန်းမှာထိုင်လျက် ကို ကြင်ကြင်နာနာကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်"

"အေးပါ သားရယ်"

"ဒက်ဒီ တစ်ခုခုအလေးအပင် မ,လိုက်သေးလား"

"မ,မပါဘူး သားရယ်၊ ဒီလိုလေးပဲထိုင်ရင်း သစ်ခွအိုးက အမြစ်လေးတွေ သန့်ပေးနေတာပါ၊ ဘာမှ ပင်ပင်ပန်းပန်း လည်းမဟုတ်ပါဘူး၊ သူ့ဟာသူဖြစ်သွားတာ"

"ဒက်ဒီ ခုတလော စိတ်ထဲမှာ အနှောင့်အယှက်တစ်ခုခုဖြစ် ရတာတွေ ဘာတွေများရှိလား"

သက်ဖူး မေးခွန်းကြောင့် ဦးနေထွတ်ညွန့်က သက်ဖူး ရဲ့ကြည်လင်သောမျက်နှာလေးကို စိုက်ကြည့်လိုက်ပါသည်။ သူ့ရဲ့ တစ်သက်တာလုံး ဘာအမှားအယွင်း ဘာအပြစ်မျိုးမှ မကျူးလွန် ခဲ့ဖူးတဲ့ သားလေး သက်ဖူးဟာ ကလေးတစ်ယောက်လို အပြစ် ကင်းစင်လှတဲ့ လူကောင်းလူလိမ္မာလေးပါ။ သာမန်ယောကျ်ား လေးတစ်ယောက်မှာ ရှိတတ်တဲ့ ရိုးရိုးအပြစ်မျိုးလေးတွေတောင် မရှိတဲ့သူ။ စီးကရက်လေးတောင်မှ မသောက် ဘီယာတောင်မှ မသောက်တဲ့လူစားပါ။

ဒါပေမဲ့ သားလေးဟာ ဆယ်တန်းအောင်ကာ အသက်ဆယ့်ခုနစ်လောက်အရွယ်မှာ သူ့သူငယ်ချင်းကောင်မလေး တစ်ယောက်နဲ့ ရည်းစားဖြစ်ကာ တွဲကြတဲ့အခါ ကောင်မလေး မိဘတွေဘက်က သက်ဖူးကို သဘောမကျဘူး သဘောမတူနိုင်ဘူး ဆိုတဲ့ အသံထွက်ပြီး သူတို့သမီးလေးနဲ့ ခွဲခွာပစ်လိုက်ကြဖူးပါသည်။





အကြောင်းရင်းကတော့ သက်ဖူးအမေကြောင့်တဲ့။ အသက်တင်ကြောင့်ပေါ့။ မိခင်ဖြစ်သူရဲ့ ကိုယ်ကျင့်သိက္ခာကို ဆောက်ပြပြီး သက်ဖူးနဲ့ပါ သဘောမတူဘူးလို့ ဆုံးဖြတ်လိုက်ကြ တာပါ။ ဒီသတင်းကို သားရဲ့သူငယ်ချင်းလေးတွေ ပြောစကား ဆိုစကားထဲက တစ်ဆင့်ကြားသိရတော့ ဦးနေထွတ်ညွန့် အကြီး အကျယ်အခံရခက်ခဲ့ဖူးပါသည်။

ဘာအပြစ်မှမရှိတဲ့ သူ့သားကို သူ့အမေကြောင့် သဘောမတူဘူးဆိုတာကတော့ အတော်မတရားတဲ့ကိစ္စပေါ့။ သက်ဖူးအပေါ်မှာ သူ့အမေရဲ့ အရိပ်ဆိုးအရိပ်မည်း လွှမ်းမိုးခံခဲ့ရတာ ကို ကရုဏာသက်စိတ်ကြောင့် သားရဲ့ဘဝမှာ စိတ်ဆင်းရဲရပေမယ့် မကောင်းသောအဖြစ်အပျက်ဆိုတာမျိုး လုံးဝမကြုံရစေချင်ခဲ့တာပါ။

"ဟင် … ဒက်ဒီ … ဒက်ဒီ့မှာ စိတ်ညစ်စရာ စိတ်အနှောင့် အယှက်ဖြစ်စရာ တစ်ခုခုရှိလား"

ရှိပါပြီလား သားရယ်။ စိတ်အနှောင့်အယှက်ဖြစ် စရာရှိပါပြီလား။ ငါ့သားကလေး အမေတုန်းကလည်း ကံဆိုးခဲ့ရ မိန်းမရတော့လည်း မိန်းမကံများဆိုးရှာမလား ကံမဆိုးရင်တောင် မိန်းမကံမှကောင်းပါ့မလားဆိုတဲ့အတွေးက သူ့ကိုနှိပ်စက်ကလူ ပြုလှတာပေါ့။

သူ့တုန်းက ရက်ခဲ့ သိမ်ငယ်ခဲ့ မျက်နှာငယ်ခဲ့ စိတ် ဓာတ်ကျခဲ့ စိတ်ဆင်းရဲခဲ့ရတဲ့ ခံစားချက်မျိုး သူ့သားကို လုံးဝ မကြုံတွေ့ မခံစားရစေချင်တာပါ။ သားလေး ကြုံတွေ့ရမှာကို စိုးရိမ်နေတာပါ။ မကြုံတွေ့ရပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး သားရယ်"

ရှိပါတယ်သားရယ် ရှိတာပေါ့။ ပိုးရဲ့ကိစ္စဟာ ဒက်ဒီ ရင်ထဲ တနုံ့နုံ့နဲ့ မတင်မကျခံစားနေရတဲ့ကိစ္စပေါ့။ ဘာမဟုတ်တဲ့ ကိစ္စလေးလိုလိုပေမယ့် ရင်ထဲနှလုံးထဲကို မသိလိုက်မသိဘာသာ တရိရိ နှိပ်စက်နေတာထင်ပါရဲ့။

"မသိပါဘူး၊ ဒက်ဒီ တစ်ခုခုများ စိတ်ညစ်စရာရှိသေးလားလို့ပါ"

"မရှိပါဘူး သား"

"ဟို ... မာမီလည်း ဒီကို အလည်လာဖို့ရှိတယ် ဆိုတော့လေ"

"သူလာတာ ဒက်ဒီနဲ့ မဆိုင်ပါဘူး၊ သား ဘယ်ကသိလဲ"

"အန်တီမာလာနဲ့ ဟိုတစ်နေ့က စကော့ဈေးမှာတွေ့တယ် ဒက်ဒီ"

"အင်း ... ဒက်ဒီနဲ့လည်းတွေ့ပြီးပြီ၊ သူတို့ပြောပါတယ်၊ ဒါနဲ့ သားကို တစ်ခုမေးမလို့"

"ဟုတ် ... ဒက်ဒီ မေးလေ"

"ဟိုတလောက သားပြောနေတဲ့ ဝင်းကိုကိုဆိုတာ မုတ်ဆိတ်ပါးမြိုင်းတွေ ပုံသွင်းထားတဲ့ ခပ်ချောချောလူလား"

သက်ဖူးက အံ့ဩသွားသလိုပြုံးရင်း ...

"ဟုတ်တယ် ဒက်ဒီ၊ ဘာဖြစ်လို့လဲ ရုတ်တရက် ဘာတွေ တွေးမိလို့လဲ"





"မဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ တွေ့ဖူးလိုက်လို့ မေးကြည့်တာ၊ အရေးမကြီးပါဘူး"

နေထွက်ညွှန့်က သက်ပြင်းတစ်ချက်ခိုးရှိုက်၍ နှုတ်ဆိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ကားမောင်းလာရင်း ဖုန်းသံမြည်လာ၍ သက်ဖူးက ...

"ကြည့်လိုက်ပါဦး ပိုး၊ ဘယ်သူလဲ မသိဘူး"

ပိုးက ထိုင်ခုံရှေ့အံကလေးထဲက သက်ဖူးဖုန်းကို လှမ်းယူကြည့်ရင်း ...

"မသိဘူး ကိုကို၊ နာမည်နဲ့မပြဘူး၊ နံပါတ်အစိမ်းပဲ"

သက်ဖူးက ဖုန်းကို လှမ်းယူကြည့်လိုက်ပြီးမှ ဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို"

"မောင်သက်ဖူးညွန့်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"မောင်သက်ဖူး ကြီးကြီးသန့်ပါ"

"ခင်ဗျာ"





"ကြီးကြီးသန့်လေ မှတ်မိသေးရဲ့လား၊ အင်းလျားမြိုင်ထဲက ကြီးကြီးသန့်လေ၊ သန့်ဇင်ဦးတို့အမေ"

"ဟာ ... ဗြော် ... ကြီးကြီးသန့်၊ ဟုတ်ကဲ့ ... ပြောပါ ကြီးကြီးသန့်၊ ကျွန်တော် ရုတ်တရက်ဆိုတော့ ဇဝေဇဝါ ဖြစ်သွားလို့ပါ"

"အေး အေး ... မတွေ့ကြတာကြာတော့ သိပ်မမှတ်မိလောက်ဘူးထင်နေတာ"

"မှတ်မိပါတယ် ကြီးကြီးသန့်၊ ကိုသန့်ဇင်နဲ့တောင် မနှစ်က စင်ကာပူမှာ သွားဆုံသေးတယ်"

"အေး ... ပြောတယ် ... ပြောတယ်"

"ကြီးကြီးသန့် နေကောင်းတယ်နော်"

"အေး ကောင်းပါတယ်၊ မင်းအဖေရော သား၊ နေကောင်းရဲ့လား၊ နှလုံးသွေးကြောကျဉ်းပြီး ခွဲစိတ်ရတာဆိုလား ကြားလိုက်သေးတယ်"

"ဟုတ် ... စတဲန့်ထည့်ထားရတာပါ ကြီးကြီးသန့်၊ ခုတော့ နေလို့ကောင်းပါတယ်"

"အေး သားကို ပြောမလို့ကွယ်၊ မင်းမာမီလေ သန်ဘက်ခါ ရောက်မယ် သား"

"ဗြော် ... ဟုတ်လား ကြီးကြီးသန့်၊ လာမယ်ဆိုတာတော့ မာမီ့သူငယ်ချင်း အန်တီမာလာပြောလို့ သိထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မေသက်က ကြီးကြီးကို လှမ်းပြောထားတယ်
သားဆီ အကြောင်းကြားပေးထားပါဆိုလို့လေ၊ သူလည်း
သားဖုန်းမသိဘူး ထင်တယ်၊ အိမ်ဖုန်းတော့ မင်းဒက်ဒီနဲ့
တိုးမှာစိုးလို့ ဆက်ရဲဘူးတဲ့၊ ဒါနဲ့ ကြီးကြီးလည်း မင်းရဲ့
ကုမ္ပဏီဖုန်းကတစ်ဆင့် သားလက်ကိုင်ဖုန်းနံပါတ်ကို လှမ်း
တောင်းရတာ"

"ဟုတ်ကဲ့ ကြီးကြီးသန့်"

"မေသက်က ရန်ကုန်မှာ သုံးလေးရက်လောက်ပဲနေပြီး
မန္တလေးသွားမယ်၊ ဟိုမှာ သူ့သားငယ် ကိုရင်ဝတ်မှာတဲ့
တစ်ပတ်လောက် ဝတ်မယ်ပြောတယ်၊ ဟိုမှာ ကြာကြာလေး
နေပြီး သူတို့အိမ်ကိစ္စလေးလုပ်စရာရှိတာလည်း လုပ်မယ်တဲ့
ပြီးရင် ရန်ကုန်ပြန်လာပြီးရင် နှစ်ရက်သုံးရက်နေပြီး ပြန်
မယ် ...

အဲဒီတော့ သား ဘယ်လိုသဘောရလဲ၊ မာမီ့ကို
တွေ့ မတွေ့"

"ကျွန်တော် လာတွေ့ပါ့မယ် ကြီးကြီးသန့်"

"အေး ... တော်ပါသေးရဲ့ကွယ်"

ကြီးကြီးသန့်ဟာ မာမီ့အစ်မတစ်ဝမ်းကွဲ။ ရန်ကုန်မှာ
မာမီ့အမျိုးက နည်းနည်းပဲရှိတာမို့ ငယ်ငယ်ကတော့ အမြဲသွား
လည်နေကျအိမ်ထဲမှာပါပါသည်။ ကြီးကြီးသန့်ရဲ့ သားကိုသန့်ဇော်
က သက်ဖူးထက် နှစ်နှစ်ကြီးပေမယ့် အတူကစားခဲ့ဖူးပါသည်





"ကြီးကြီးက ဆက်မယ့်သာ ဆက်ရတယ် အားမရှိပါဘူး
ကွယ်၊ မင်းဒက်ဒီ ကိုနေထွတ်ကတော့ လမ်းတွေ့တာတောင်
ကြီးကြီးကို ပြုံးမပြဘဲ မျက်နှာထားခပ်တည်တည်နဲ့ မသိချင်
ယောင်ဆောင်တာဆိုတော့ မခေါ်ချင်မဆက်ဆံချင်ဘူးလေ၊
ဆိုပြီး ကြီးကြီးလည်း သားဆီတောင် ဖုန်းတွေဘာတွေ
မဆက်သွယ်ရဲဘူးကွယ့်"

"ဟုတ်ကဲ့ ... ဒက်ဒီကတော့ အရမ်းနာကြည်းတာဆိုတော့
မာမီ့ဘက်ဆွေမျိုးတွေပါ အဲသလိုကြီး မခေါ်မပြောနေတော့
တာပဲ ကြီးကြီး၊ ခေါ်ပြောဖြစ်နေရင် အဟောင်းတွေအသစ်
ဖြစ်ပြီး သတိရစရာတွေဖြစ်လို့ ပြတ်ပြတ်နေလိုက်တဲ့သဘော
ပါ၊ တကယ်တော့ ကြီးကြီးတို့တွေနဲ့ ဘာမှဆိုင်တာမှမဟုတ်
ဘဲ၊ အဲဒါလည်း ဒက်ဒီ သဘောပေါက်ပါတယ်၊ နားလည်
ပေးပါ ကြီးကြီး"

"နားလည်ပေးပါတယ်ကွယ်၊ ကြီးကြီးတို့ညီမဘက်ကအမှား
ဆိုကော့ ကြီးကြီးတို့အဖို့ကတော့ ကိုနေထွတ်သဘောအတိုင်း
အလိုက်အထိုက်လေးနေပေးရမှာပါ၊ အခု မေသက်ကလည်း
သူ့ကို တွေ့ချင်မတွေ့ချင် သား သဘောကိုမေးပေးပါဆို
တာနဲ့ လှမ်းမေးရတာပါ"

"ကျွန်တော့်အမေပဲလေ ကြီးကြီး၊ ကျွန်တော် တွေ့ချင်ပါ
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ... ဝမ်းသာလိုက်တာကွယ်၊ မေ့သက်က အရမ်းတွေ့ချင်နေတာ သားကို၊ သူ့သားနဲ့ မတွေ့ရတာ ဆယ့်ရှစ်နှစ်ရှိပြီတဲ့၊ ပြီးတော့ ဟိုမှာ မန္တလေးက လက်ကျန် ခြံ အမွေခွဲဦးမှာဆိုတော့ သားကိုလည်း တစ်စိတ်တစ်ပိုင်း ခွဲပေးချင်တယ်တဲ့၊ မင်္ဂလာဆောင်တုန်းကလည်း လာလည်း မလာနိုင် လက်လည်းမဖွဲ့ရဆိုတော့ ..."

"အမွေတွေဘာတွေ မလိုပါဘူး ကြီးကြီး၊ ကျွန်တော့်စိတ် ထဲမှာ ဆယ့်ရှစ်နှစ်ကြာအောင် မတွေ့ဖြစ်တဲ့ အမေက တွေ့ချင်တယ်ဆိုတာကိုပဲ ဝမ်းသာလှပါပြီ၊ မာမီနဲ့ တွေ့ရ ရင် ကျေနပ်ပါတယ်"

"အေးပါ သားရယ်၊ ဒါဖြင့် သန်ဘက်ခါနေ့လယ်ပိုင်းက စပြီး သုံးရက်လောက်အတွင်း သားအဆင်ပြေတဲ့အချိန် ကြီးကြီးအိမ်လာခဲ့လေ၊ အိမ်မှတ်မိသေးတယ်မဟုတ်လား သား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"သန့်ဇင်ဦးကတော့ ခုလည်း စင်ကာပူရောက်နေတယ် မရှိဘူး"

"မစပယ်တို့ရော"

"မစပယ်က ယောက်ျားနဲ့လိုက်နေတယ်၊ နေပြည်တော်မှာ သားရဲ့၊ မန္တလေးက မင်းအမေလုပ်မယ့် အလှူကိုတော့ လာခဲ့မယ်ပြောတယ်"





"ဟုတ်ကဲ့ ... ကျွန်တော် လာတွေ့ပါမယ် ကြီးကြီးသန့်၊ မာမီကိုပြောထားပေးပါ"

"အေး အေး ... ဒါပဲနော် သား"

"ဟုတ်ကဲ့"

သက်ဖူး ဖုန်းပိတ်လိုက်လျှင် ပိုးက သက်ဖူးဘက် အကဲလေးခတ်သလို ငဲ့ကြည့်နေ၍ ...

"မာမီ လာမလို့တဲ့၊ သွားတွေ့ဦးမယ်၊ ပိုးပါလိုက်ခဲ့နော်၊ ချွေးမကိုလည်း မာမီ တွေ့ဖူးအောင်လေ"

"လိုက်ခဲ့မှာပေါ့ ကိုကိုရဲ့၊ ပိုးလည်း တွေ့ချင်တာပါ"

သက်ဖူးက အနည်းငယ်စိတ်လှုပ်ရှားမိ၍ သက်ပြင်း ကြီးတစ်ချက် ရှူခနဲ မှုတ်ထုတ်မိသည်။

"ကိုကို"

"အင်း"

"ဒက်ဒီက မာမီ့ကို ဘာတွေ အရမ်းနာကြည်းခဲ့တာလဲဟင်"

သက်ဖူးက ခပ်နွမ်းနွမ်း တစ်ချက်ပြုံးလိုက်ရင်း ...

"ဒါတွေမသိချင်ပါနဲ့ ပိုးရယ်"

ဟိုးအရင်ကတော့ သက်ဖူးက ငယ်စိတ်နှင့် မာမီ လယ်ရပ်အတွက် လူမသိအောင် ဖုံးဖိတာမျိုး မပြုလုပ်ခဲ့ပါ။ မာမီ ပြီးသွားတာအပေါ် အနည်းငယ်မျက်နှာငယ် သိမ်ငယ်မိပေမယ့် ကိုယ်မှ ဘာမှမတတ်နိုင်တာ။ ဒါပေမဲ့ လူတွေရဲ့သဘောမနောက ကော်သည်။ အရေးအကြောင်းဆို သက်ဖူးကို မာမီသားဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



မာမီနှင့်တွဲတွဲနိုင်းယှဉ် တွေးမြင်ကြတာ ကြုံဖန်များလာတော့ နောင်အခါ သက်ဖူးသည် မာမီ့ကဏ္ဍကို ပတ်ဝန်းကျင်မှာ မေးမှိန် ဖျောက်ကွယ်ထားမိပါသည်။

ပထမဆုံးထားမိတဲ့ ရည်းစားရဲ့မိဘတွေရဲ့ သူ့ကို 'မေသက်တင်သား'ဆိုတာ တစ်ချက်နှင့် သဘောမကျပါဘူး ဘာဘူး လုပ်လာတော့ သူ့ရင်မှာ ရည်းစားနှင့်ကွဲရတာထက်ပင် နာကျင်ခဲ့ရပါသည်။

သူဟာ ပိုးကိုလည်း ဒက်ဒီနှင့် မာမီ စိတ်သဘော ချင်းမတိုက်ဆိုင်၍ သူ ဆယ်နှစ်သားကတည်းက ကွဲကွာခဲ့ပြ ကြောင်း ပြောထားခဲ့ပေမယ့် တကယ့်အကြောင်းရင်းအစစ်မြစ် တော့ လုံးဝဖွင့်မပြောဖြစ်ခဲ့ပါ။

မာမီ့ကို အထင်အမြင်သေးတာ၊ အဲဒီကတစ်ဆ ဆက်စပ်၍ သူ့အပေါ် မယုံသင်္ကာ အထင်မြင်သေးမှာတွေကို လက်မခံချင်ပါ။ အမိအဘက ဒီပြစ်မှုကျူးလွန်ခဲ့၍ သားသမီး ပါ ဒီလိုကျူးလွန်လိမ့်မည်ဟု ပြောနိုင်ပါသလား။ ဒီသွေးကစီးဆင် တဲ့သား ဒီဗီဇပဲပါလာမှာလို့ အခိုင်အမာ စွပ်စွဲနိုင်ပါ့မလား။

ထိုနာကျင်ခံပြင်းမှုကြောင့်ပဲ သက်ဖူးသည် သူ့အ တစ်လျှောက်၌ မကောင်းသောပြုမှုကျင့်ကြံမှုမျိုးတွေနှင့် အဝေး မှာသာနေခဲ့သည်။ သူ့ကိုယ်ကျင့်သိက္ခာကို လူတကာအထင် လေးစားရအောင် နေထိုင်ခဲ့သည်။ လက်ညှိုးထိုးစရာ ဘာတော ကွက်မှမရှိအောင် တစ်သက်လုံး ဆင်ခြင်နေခဲ့ပါသည်။





သို့ပေမဲ့ သူ တကယ်မြတ်မြတ်နိုးနိုးချစ်တဲ့ ပိုးနဲ့ တွေ့တဲ့အခါမှာတော့ မာမီအကြောင်းကို ဖွင့်ပြောဖို့ သူ အားငယ် ဝန်လေးနေခဲ့ပါသည်။ ပိုးတို့အသိုင်းအဝိုင်းဘက်က မာမီနောက် ကြောင်းသတင်းကြောင့် သူ့ကို မလိုမလားရှိမှာကို သူ စိုးရိမ်ခဲ့ သည်။ အဲဒါကြောင့် သူ ဘာမှမပြောဖြစ်ခဲ့။

ခုလည်း ပိုးကို မျက်နှာပူပူနှင့်ပဲ ဘူးခံငြင်းကွယ်ပစ် လိုက်သည်။ မသိချင်ပါနဲ့ဆိုတော့ ပိုးကလည်း ဆက်မေးဖို့ရာ ခက်သွားသလို ဘာသံမှ ထွက်မလာတော့။ ခုအချိန်မှာလည်းပဲ ပိုးကို ပြောပြမနေချင်တော့ပါ။ ပိုး မသိလက်စနှင့် ဆက်ပြီးမသိ ဘဲနေလိုက်တာ ကောင်းပါလိမ့်မည်။

"After 2 hours ကျရင် ကိုယ်ပြန်လာကြိုမယ်နော် ပိုး"

"ကိုကို အိမ်ပြန်မှာလား၊ အိမ်ကနေပြန်ထွက်ရမှာနဲ့ ဘာမှ တောင် နားရမှာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် ကားငှားပြန် လိုက်တော့မယ်လေ"

"မိုးချုပ်ပြီ ပိုးရဲ့၊ ကားငှားမပြန်ပါနဲ့၊ ပိုးကားယူမသွားဖြစ်တဲ့ နေ့ဆိုရင်တော့ ကိုယ် အမြဲလာကြိုမှာပဲ၊ ဒက်ဒီကလည်း ပိုးကို လိုက်ပို့ပါ ပြန်ကြိုပါလို့ အမြဲပြောတယ် ပိုးရဲ့"

"ဟုတ်လား"

"အင်း"

ပိုးက ကျူရှင်ရှိရာလမ်းထဲဝင်လာလျှင် ခေါင်းလေး ဘက်ဒီဘက်လည်းကာ ဟိုဟိုဒီဒီဝေ့ဝဲကြည့်ရှု ရှာဖွေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း ဒီနေ့ အိမ်အထိပြန်မနေတော့ပါဘူး၊ မြို့ထဲမှာ မတွေ့တာကြာတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ သူ့ဆီသွားတွေ့လိုက်ဦးမယ်၊ သူနဲ့ပဲဆိုင်တစ်ဆိုင်ဆိုင် ဝင်ထိုင်ပြီး အားလူးဖုတ်နေလိုက်မယ်"

"ဟုတ်"

ပိုးရဲ့ ဟိုဒီရှာဖွေတဲ့ မျက်ဝန်းများကို သတိပြုမိကာ သက်ဖူးက ...

"ဘာကြည့်နေတာလဲ ပိုးရဲ့"

"ဩော် ... ဟို ... ဒက်ဒီ"

"ဒက်ဒီ ဘာဖြစ်လဲ"

"ဒက်ဒီ့ကားများ တွေ့မလားလို့"

"ကိုယ်တို့အိမ်ကထွက်တော့ ဒက်ဒီက အိမ်မှာကျန်ခဲ့တာပဲဟာ၊ ဘယ်လိုလုပ်ပြီး ဒက်ဒီ့ကားကိုတွေ့မလဲ ပိုးရဲ့"

အင်း ... ဘယ်လိုပြောရပါ့။ တစ်ခါတစ်ရံ အပြ... တွေမှာ ညိုသွေးတို့ သဥ္ဇာတို့ကိုပါ သက်ဖူးက လိုက်ပို့ပေးတ... ကာ ကျူရှင်လာဖို့ သက်ဖူးမပို့အားတဲ့နေ့မှန်းသိရင် သဥ္ဇာသို့မဟု... ညိုသွေးက ဒီနေ့ သူ့ကားနဲ့ပဲ အားလုံးခေါ်လိုက်မယ်ဆိုတာမျိ... တာဝန်ယူလိုက်တတ်ပါသည်။ အဲဒီနေ့ တွေကို ပိုးကိုဝင်ခေါ်ပြ... နောက်တစ်ယောက်အိမ် ထပ်ဝင်ခေါ်နေလို့ ပိုးတို့ကပင် အရော... နောက်ကျနေတတ်ကာ ဒက်ဒီ့ကားက ဒီလမ်းထဲရောက်နှင့်တာ... ကြုံတာ နှစ်ခါရှိပြီ။





"ပြီးတော့ ဒီလမ်းထဲမှာ ဒက်ဒီ့ကားက ဘယ်လိုလုပ်ရောက်နေမှာမို့လဲ"

"ဒက်ဒီ့ကားကို ဒီနားတစ်ဝိုက်မှာ တွေ့ဖူးတာ နှစ်ခါရှိပြီ ကိုကိုရဲ့"

"ဟင် ... ဟုတ်လား"

"ဒီနားမှာ ဒက်ဒီ့မိတ်ဆွေတွေ ဘာတွေရှိလား ကိုကို သိလား"

"ကိုယ်သေချာမသိဘူး၊ ရှိလို့ အဲဒီလာတာဖြစ်မှာပေါ့၊ ဒက်ဒီလည်း ခုတလော ပျင်းလို့ထင်ပါရဲ့ လမ်းထွက်တာများသလိုပဲ၊ မနေ့ကတောင်ပြောရတယ်၊ ကားတစ်စင်းနဲ့ တစ်ယောက်တည်းမောင်းပြီး လျှောက်လျှောက်သွားမနေပါနဲ့လို့၊ ကားမောင်းရင်း ရုတ်တရက် တစ်ခုခုဖြစ်မှာစိုးရိမ်လို့လေ၊ ဒရိုင်ဘာတောင်ထား ပေးမလား စဉ်းစားနေတာ၊ ဒရိုင်ဘာသာရှိရင် ပိုး နေ့လယ်ကျောင်းဆင်းတွေပါ လာကြိုလို့ရတယ်လေ"

ပိုးကျောင်းပြန်ချိန် နေ့လယ်သုံးနာရီ သုံးနာရီခွဲတွေမှာ သက်ဖူး လာမကြိုနိုင်ပါ။ တစ်လမှတစ်ကြိမ် နှစ်ကြိမ်လောက်သာ တမင်တကာထွက်လာပြီး ကြိုမှသာကြိုဖြစ်တာ။ ကျန်တဲ့ရက်တွေ ပိုးမိဘအိမ်က ကားအားရင် ကြိုပေးကာ မအားလျှင် ပိုးက ဘက်စ်ကားနှင့် ပြန်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုးက အရေးမကြီးပါဘူး၊ ဒက်ဒီ့ကိုသာ ဒရိုင်ဘာနဲ့ထား ပေးရင် ကောင်းသားပဲ ကိုကို၊ ကားမောင်းရင်း နှလုံးက တုံ့စ်ခုခုဖောက်မှာ စိုးရိမ်ရတယ်လေ"

"ဒက်ဒီက သိတဲ့အတိုင်းပဲလေ ပိုး၊ သူ့စိတ်သူ့သဘောပဲဟာ၊ သူ့ဟာသူပဲ သွားရလာရတာ လွတ်လပ်တယ်တဲ့၊ ဒရိုင်ဘာ မခေါ်နဲ့တဲ့၊ သူ မသုံးဘူးတဲ့"

"ဒက်ဒီကလည်းနော် ခွတ်ပဲ"

အဲဒီဒက်ဒီရဲ့အတွင်းသဘောကိုလည်း ပိုး လိုက်မမီနိုင်။ ဟိုတလော နေမကောင်းဖြစ်ပြီးတဲ့နောက် ပိုးကို တစ်ခါတစ်ရံ ဟက်ဟက်ပက်ပက် ချစ်ခင်ပုံနှင့် ဆက်ဆံတတ်လာတဲ့အတွက် ဝမ်းသာမိမလိုရှိသေး ကောက်ကာငင်ကာ မျက်လုံးစိမ်းနှင့်ကြည့်ကာ ခွကန့်လန့်စကားတွေလည်း ပြောချင်ပြောတတ်ပါသေးသည်။

"အဟင်းဟင်း ... ဒက်ဒီက ကြည့်ကျက်ပေါင်းရတာ ပိုးရဲ့၊ ပိုးလည်း ခုလောက်ဆို တော်တော်သိနေပါပြီ"

"ကိုကို ... ပြီးတော့လေ ဒက်ဒီ့ကို ခုတလော လမ်းမှာ တွေ့တွေ့နေတယ်"

"ဟင် ... လမ်းမှာတွေ့တွေ့နေတယ်ဆိုတာက ဘယ်လိုဟာကို ပြောတာလဲ"

"ပိုး ရောက်နေတဲ့ ရှိနေတဲ့ နေရာတချို့မှာ မလှမ်းမကမ်းမှာ ဒက်ဒီ့ကို ဒါမှမဟုတ် ဒက်ဒီ့ကားကို ဖျတ်ခနဲ မြင်လိုက်တာမျိုး သုံးလေးခါရှိပြီ"





"ဟင် ... ပိုးပြောတာ ကြားရတာ တစ်မျိုးကြီးပဲ"

"အင်း ... ပိုးလည်း တစ်မျိုးကြီးပဲမို့လို့ ပြောပြတာလေ"

"ဒက်ဒီက ပိုးရှိတဲ့နေရာနား ရောက်ရောက်လာတဲ့ သဘောလား"

"အင်း ... အဲဒီသဘောမျိုးပဲ"

"ဟင် ... တစ်မျိုးပါလား၊ ဟား ဟား ... ပိုးပြောပုံက ဒက်ဒီကပဲ ပိုးပတ်ဝန်းကျင်ကို နောက်ကလိုက်ကြည့်နေသလိုလို"

"ဟုတ်တယ် ကိုကိုရဲ့၊ တစ်ခါနှစ်ခါမကတော့ ပိုးလည်း နည်းနည်း ဘာပါလိမ့်လို့ တွေးလာမိတာ၊ ကျောင်းတို့ ကျူရှင်တို့ ဆိုတာက ဒက်ဒီ ရောက်လာဖြစ်မယ်မထင်ရတဲ့နေရာတွေလေ၊ နောက် စကော့ဈေးတို့ ရွှေပြင်းမောလ်တို့မှာပါ တွေ့နေမိတော့ ဒက်ဒီကပဲ လမ်းအရမ်းများနေပြီး ပိုးနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံဆုံနေတာလား၊ ဒါမှမဟုတ် ဘာလဲ"

သက်ဖူးက မျက်ခုံးမသိမသာ တွန့်ကာ စဉ်းစားနေမိပါသည်။

"အရင်ကတော့ ဒက်ဒီက ဒီလောက်မှ အပြင်မသွားဘူး၊ ပိုးရောက်ကာစကတောင် ခုလို အပြင်ခဏခဏမသွားဘူး ပါဘူး၊ ခုနောက်ပိုင်းတလောမှာမှ ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ခုနောက်ပိုင်း ကိုယ့်ကျန်းမာရေးနဲ့ကိုယ် သိပ်လျှော့လျှော့မသွားပါနဲ့လို့ ပြောကာမှ ဒက်ဒီက လမ်းများနေတယ်"

ပိုးက သူဆင်းရမယ့်တိုက်ရှေ့ ရောက်ပြီမို့ သက်ဖူးကို နှုတ်ဆက်သည်။

"ပိုး သွားပြီ ကိုကို"

"အင်း ... ကိုကို လာမှာနော်၊ ပိုးသူငယ်ချင်းတွေလည်း ပို့ပေးမယ်လို့၊ ကားမကြိုရင် မကြိုခိုင်းနဲ့လို့"

"ဟုတ်ကဲ့"

ပိုးက ကားပေါ်ကဆင်းကာ တိုက်ပေါ်တက်ခဲ့ပါသည်။ သေလည်းမသေချာသေးလို့သာ သက်ဖူးကိုလည်းမပြောချင်လို့။ ပိုးရဲ့စိတ်ထဲမှာတော့ ဒက်ဒီတစ်ယောက် ပိုးသွားလေရာ နေရာတချို့ကို နောက်ကများ လိုက်ကြည့်နေသလားလို့ တွေးနေမိတာ။ အဲသလိုလိုက်ကြည့်နေစရာ အကြောင်းရင်းလည်း စဉ်းစားမရလို့သာပါ။

ဒါကြောင့်လည်း လိုက်များကြည့်နေသလား တွေးမိလိုက်၊ ကြည့်စရာအကြောင်းမှမရှိတာ မဖြစ်နိုင်ပါဘူးလို့ တွေးလိုက်။ ဘယ်လိုမှ အဖြေရှာတွေးမရလို့သာ ခင်ပွန်းသည်ဖြစ်သူကို စကားအကျွံခံပြီး မပြောချင်သေးတာ။

ပိုး အရင်ရောက်ပြီးမှ ညိုသွေးနှင့် သဉ္ဇာက အတူတက်လာကြပါသည်။ သဉ္ဇာက ထုံးစံအတိုင်း ရယ်ကာမောကာ





နောက်ကာပြောင်ကာ ဝင်လာသည်။ ဆရာကြီးက စာသင်ပြီးရင် ဆေးခန်းကို ပြန်ထွက်ဦးမှာမို့ တစ်ခါတည်း အဆင်သင့် ရေချိုးအဝတ်လဲနေနှင့်သည်။

"ဟဲ့ ... ဘာတွေ ရယ်လာကြတာလဲ"

"ဟဲ့ ... ပိုး ... ပိုး ... ဒီမှာ ညိုသွေးကို စစ်စမ်းပါဟယ်"

"ဘာကိုလဲ"

"ဒါ ညိုသွေးရဲ့သံတင်းထူးတစ်ခု ရထားလို့"

"မဟုတ်ပါဘူးဆိုဟာ သဉ္ဇာကလည်း တကယ်ပဲ"

"မဟုတ်ဘူးဆိုတာ မဖြစ်နိုင်ဘူး ... ဟီး ဟီး၊ ပြောတဲ့သူက စန္ဒီဟဲ့၊ အခု အင်္ဂလန်ထွက်သွားတဲ့ စန္ဒီလေဟယ်"

"အင်း"

"စန္ဒီနဲ့ ညိုသွေးတို့က အရမ်းတွဲခဲ့တာပဲဟာလေ၊ ထရစ်ပ်တွေထွက်လည်း သူတို့ တူတူတွေပဲဟာ၊ စန္ဒီ့ဆီကသတင်းက မှန်ဖို့များတယ် ... အဟိဟိ"

"ဘာသတင်းလဲ သဉ္ဇာရဲ့"

"သဉ္ဇာနော်"

"အဟား ဟား၊ နင်လည်း သိရင်သိမှာပိုးရဲ့၊ နင်တို့ကလည်း မိဘတွေချင်းပါ ခင်ကြတယ်ဆိုတော့လေ၊ ကျောင်းမှာမတွဲပေမယ့် အပြင်မှာတော့ ဟိုးငယ်ငယ် ခုနစ်တန်း ရှစ်တန်းကတည်းက တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းခဲ့တာဆို"



www.burmeseclassic.com

www.burmeseclassic.com



ပိုးက ညိုသွေးကို ကြည့်လိုက်လျှင် ညိုသွေးမျက်နှာလေးက စိတ်ရှုပ်ရှုပ်နှင့် နီမြန်းမြန်းလေး ရှိနေပါသည်။

"နင် သိရင် အမှန်တိုင်းပြောနော် ပိုး၊ ညိုသွေးကဘူးခံနေတယ် ... အဟင်း"

"ညိုသွေးက ... တဲ့၊ လူကြီးတွေ သဘောတူတဲ့သူ ရှိခဲ့တယ်တဲ့၊ စန္ဒီကပြောတယ်၊ ညိုသွေးက သူ့အိမ်က သဘောတူထားတဲ့သူကို ချစ်ပုံလည်းရတယ်တဲ့၊ ဒါပေမဲ့ ဘာဖြစ်လို့ မယူဖြစ်ကြလဲ မသိဘူးတဲ့"

ပိုးက ညိုသွေးကို ဖျတ်ခနဲ ကြည့်လိုက်ပါသည်။ ညိုသွေးမျက်နှာက တစ်ခုခုတော့ တစ်ခုခုပဲလို့ သဏ္ဌာသက်ာမကင်းဖြစ်ချင်စရာ ကောင်းလောက်အောင်ကို ပျက်နေပါပြီ။

"အဲဒီအကြောင်း နင်သိလား"

ပိုးက ခပ်တည်တည်နှင့် ...

"အင်း ... သိသားပဲ"

"ဟယ်"

"ပိုး"

ညိုသွေးက မျက်ခုံးလေးတွန့်ကာ ပိုးကိုဟန့်သည်။ ပိုးက သဏ္ဌာ့ကိုသာကြည့်ကာ ...

"ဟုတ်တယ်လေ၊ မိဘသဘောတူတဲ့သူ ရှိတယ်၊ အဲဒါဘာဖြစ်လဲ"

"အဲဒါ ဘာလို့ မယူဖြစ်လည်းရော နင် သိလား"





"လူကြီးချင်း သဘောတူပေမယ့် သူတို့ချင်း မကြိုက်ကြလို့ပေါ့ဟဲ့"

"ဟင် ... နင်က သိတယ်ပေါ့ အားလုံး၊ ဘယ်လိုလုပ်ပြီးသိလဲ"

"သိတာပေါ့ဟယ် ... အဲဒါ ငါ့အစ်ကိုပဲ"

"ဟင်"

"ဟုတ်တယ်၊ သူ့အမေနဲ့ ငါ့အမေက သဘောတူကြပေမယ့် ညိုသွေးကလည်း မကြိုက်ဘူး၊ ကိုကိုကြီးကလည်း မကြိုက်ဘူး၊ ဒီတော့ ငြင်းကြတာပေါ့၊ အဲဒါ ဘာဖြစ်လဲ၊ စန္ဒီ့သတင်းက အခြေခံမှန်ပေမယ့် မှားနေတယ်တဲ့၊ ညိုသွေးက ကြိုက်တယ်ဆိုတာ အလကား၊ သူကလည်း မကြိုက်ဘူး"

"ဟင် ... ညိုသွေးကလည်းဟယ်၊ သူ့အစ်ကို ဒီလောက်ချောတာကိုများ"

ညိုသွေးက ငြိမ်ငြိမ်သက်သက်လေး စာအုပ်ကိုဖွင့်နေပါသည်။ စိတ်သက်သာရာ ရသွားပုံလည်း ရပါသည်။ သဏ္ဌာက "ဟွန့် ... ဒါများ ငါ့ကိုဖုံးပြီး ငြင်းနေတယ်" ဟာသည်နှင့် ဆက်စနေတော့လည်း မပြုံးတုံ့ ပြုံးတုံ့လေး လုပ်နေရှာပါသည်။

အဲဒီနေ့ ကျူရှင်အပြီး တိုက်ပေါ်က ဆင်းလာလျှင်တော့ ပိုးတို့ကားနှင့်လိုက်မည့် ညိုသွေးနှင့် သဏ္ဌာကို ...

"ဟဲ့ ... ခဏလေး၊ ဒီနားမှာ စောင့်ကြဦး"



www.burmeseclassic.com

www.burmeseclassic.com



ပိုးသည် ကားတစ်စီးနား အပြေးအလွှားလှမ်းသွားကာ သူခိုးဖမ်းလိုက်ပါသည်။

"ဒက်ဒီ ... ဘာလာလုပ်တာလဲဟင် ... ဒီနား"

"ဩော် ... အဲ ... ဟို ... ဒီနား ဒက်ဒီ့သူငယ်ချင်းရှိလို့"

"အခု အဲဒီသူငယ်ချင်းဆီ သွားမလို့လား၊ သွားပြီးပြီလား"

"သွားပြီးပြီ ပြန်မှာ၊ သက်ဖူးလာကြိုမှာလား သမီးကို"

"ဟုတ်ကဲ့"

"ဒါဆို နေခဲ့တော့၊ ဒက်ဒီသွားပြီ"

ဦးနေထွတ်ညွန့် ကားမောင်းထွက်သွားတာကို ပိုးက မျက်မှောင်လေးကုတ်ကာကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။





၁၁

သက်ဖူးနှင့် ပိုးတို့လင်မယား အိမ်ထဲလှမ်းဝင်လိုက်သည်ဆိုလျှင် ကြီးကြီးသန့်က ပြေးထွက်လာကာ ...

"မောင်သက်ဖူးရေ ... သားရေ ... အတော်ပဲ"

"ဘာလို့လဲ ကြီးကြီးသန့်"

"မေသက်က နေမကောင်းဘူး၊ လေယာဉ်ပေါ်ကတည်းက နေမကောင်း ဖြစ်လာတာ၊ သူလည်း ခုလေးတင် နာရီဝက်လောက်ပဲ ရှိသေးတယ်ရောက်တာ"

"ဩော် ... နေ့လယ်တည်းက ရောက်လားလို့"

"လေယာဉ် Delay ဖြစ်လို့ နောက်ကျမှဆိုက်တယ်၊ ခုနကမှအိမ်ပြန်ရောက်တယ်၊ လေယာဉ်ပေါ်လည်း နေမကောင်းလာတာ၊ လေဆိပ်ကျတော့လည်း မဟန်နိုင်ဘူး၊ အခု အိပ်ရာထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



သက်ဖူးက ပိုးဘက် တစ်ချက်လှည့်ကြည့်လိုက်ရင်း ...

"မာမိက ဘာဖြစ်တာလဲ၊ သွေးတိုးတာလား သွေးကျတာလား"

"မေသက်က သွေးတိုး သွေးချိုလေ၊ ခုက ဘာဖြစ်တယ် မသိဘူး ကြီးကြီးလဲ၊ ခုပဲ ဆေးရုံတစ်ခုခု ပြေးတော့မလို့ပဲ"

"ပိုး ... နည်းနည်းကြည့်လိုက်ပါလား"

"ဟုတ်ကဲ့ ကိုကို၊ အတော်ပဲ ဒီနေ့ ကျောင်းကဆရာ တစ်ယောက်ကို သွေးဖောက်စစ်ပေးဖို့ ပိုးမှာ သွေးချိုတိုင်း တဲ့ဟာရော ပရက်ရှာကာဖ်ပါ ပါလာတယ်"

ပိုးက ကားပေါ်တစ်ချက်ပြန်ကာ လိုတဲ့ပစ္စည်းတွေ ယူလိုက်ပါသည်။ ဒေါ်မေသက်တင်ရှိနေသော အခန်းတွင်း ဝင်လိုက်တယ်ဆိုလျှင် အခန်းထဲမှာ လပ်ဂေ့ဂျ်တွေရော ခုတင်ပေါ်မှာ လဲလျောင်းနေသော ဒေါ်မေသက်တင်နှင့် ခုံတစ်ခုံမှာ ငူငူလေး ထိုင်နေသည့် လူငယ်တစ်ယောက်ကိုပါ မြင်လိုက်ရပါသည်။

ဩော် ... ဒါလေးက ကိုယ့်ရဲ့ညီကလေးပေါ့။ အထေ တူတဲ့ ညီကလေး။ သက်ဖူးက ကောင်လေးကို မျက်လုံးပင့်ကာ နွေးထွေးမှုလေးနှင့် ပြုံးပြလိုက်ရင်း ခုတင်ပေါ်က ဒေါ်မေသက်တင် ကို ကြည့်လိုက်ပါသည်။

လူတွေဝင်လာတဲ့ အသံကြောင့် မျက်လုံးမှိတ်ထား ရာမှ ဖွင့်ကြည့်လိုက်သော ဒေါ်မေသက်တင်က သက်ဖူးကို စူးစိုက်ကြည့်နေရာမှ တအံ့တသြ အလန့်တကြား လူးလဲထ,လိုက်ပါသည်။

"ဟဲ့ ... ဟဲ့ ... မေသက် ဖြည်းဖြည်းလေအေ၊ နေမကောင်း ပဲနဲ့"

"သား ... သက်ဖူး"

မာမိ အလူးအလဲ ထ,လိုက်ပုံတစ်ခုတည်းနှင့်ပင် သက်ဖူးရင်ထဲ ပျားရည်မြစ်တစ်စင်း ပူပူနွေးနွေး ဖြတ်စီးသွားသလို ကြည်နူးချိုမြစွာ ခံစားလိုက်ရပါသည်။

"မာမိ"

"သက်ဖူး ... သား"

"မာမိ နေမကောင်းဘူးဆို"

"အင်း ...၊ ဒါ သားရဲ့မိန်းမလား"

"ဟုတ်ကဲ့ မာမိ၊ ပိုးပုလဲဖွေးဥတဲ့ ... ပိုးက ဆရာဝန်လေ၊ မာမိကိုကြည့်ပေးဖို့ ဝင်လာတာပါ"

"သားမိန်းမလေးက ချောလိုက်တာ၊ ငါ့သားလေးမိန်းမရ က်ကောင်းလိုက်တာကွယ်၊ ချစ်စရာလေး ... ပိုးတဲ့လား"

ပိုးက ချစ်စဖွယ်အပြုံးလေးနှင့် ဒေါ်မေသက်တင်ကို ကြည့်နေပါသည်။ ဒီအသက်အရွယ် ငါးဆယ်ပတ်ဝန်းကျင်မှာ ဒီလောက် အရွယ်တင်နုပျိုလှပတဲ့ အမျိုးသမီး အတော်ရှားပါးပါ လိမ့်မည်။ မျက်နှာကလေးလည်းချော၊ ကိုယ်ခန္ဓာလည်း မပိန်မဝ အနေတော်သွယ်လျလျ။

www.burmeseclassic.com

ပထမဆုံးအကြိမ် တွေ့ဆုံမှုမှာ ဦးနေထွတ်ညွှန့်ထံက မတင်မကျ အင်တင်တင် အမူအရာကိုသာ လက်ခံရရှိခဲ့တဲ့ ပိုးသည် အခု သူ့ကိုမြင်မြင်ချင်း လက်ကမ်းဆွဲကိုင်ကာ ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲ ရှိလှတဲ့ ဒေါ်မေသက်တင်ကို မိန်းမချင်းလည်းဖြစ်၍ ချက်ချင်းခင်မင်နှစ်လိုသွားမိပါသည်။

"ဆရာဝန်လည်း ဆရာဝန်နော်၊ တော်လိုက်တာ၊ ငါ့သား ကံကောင်းတယ်၊ ကံကောင်းတယ်၊ ဝမ်းသာလိုက်တာ"

"မာမီ အခု ဘယ်လိုနေလဲ၊ ဘယ်လိုခံစားရလဲဟင်"

"မသိဘူး သားရယ်၊ ခံစားရတာကိုကြည့်ပြီး မာမီက ဆီးချိုတက်တာလား ကျတာလား မခွဲတတ်ဘူး၊ မာမီက အစားလည်း တအားရှောင်တော့ တစ်ခါတစ်ခါကျရင်လည်း ဆီးချိုက တအားထိုးကျသွားတယ်၊ အခုလေယာဉ်ပေါ်မှာ မာမီ အန်လည်းအန်ခဲ့တယ်၊ မနက်ကတည်းက ဘာမှ သေချာမစားခဲ့နိုင်ပါဘူး၊ ရေပဲသောက်နေတာ ...

သား ... သားလေး ဆစ်ဒနီ၊ ဒါ သားရဲ့အစ်ကို တော်တယ် သိလား၊ အစ်ကို့ကို နှုတ်ဆက်လိုက်"

ကောင်လေးက ထရပ်ကာ ခါးကိုင်းပြီး လက်ကမ်းလိုက်၍ သက်ဖူးကလည်း လက်ကမ်းဆွဲကိုင်လှုပ်ယမ်းလိုက်ပါသည်။

"ဆစ်ဒနီက ဆယ့်ငါးနှစ်ရှိပြီ၊ မြန်မာနာမည်က ကျော်စွာဦးတဲ့၊ သားလေး ... ကိုကို့နာမည်က သက်ဖူးညွှန့်တဲ့"





"ဟုတ်ကဲ့"

ဒေါ်မေသက်တင်ဟာ သူ နေမကောင်းတဲ့ ဝေဒနာကို စိတ်မဝင်စားသလို မေ့မေ့လျော့လျော့နှင့် စကားတွေသာ ပြောနေပါသည်။

"ကျော်စွာက မြန်မာလို ကောင်းကောင်းပြောနိုင်တယ်၊ မာမီတို့အိမ်မှာ မြန်မာလိုပဲ ပြောကြတာလေ၊ သားလေး ... ဒီမမက ကိုကို့မိန်းမ၊ မမပိုးတဲ့ မှတ်ထားနော်"

ကောင်လေးက အေးဆေးပုံနှင့် အပြုံးလေးနှင့်သာ ခေါင်းလေးညိတ်ကာ ညိတ်ကာ ရှိနေပါသည်။

"ဝမ်းသာလိုက်တာ ညီအစ်ကိုတွေ့ခွင့်ရတာကိုလေ"

စကားပြောရင်း ရင်ဘတ်ကို လက်ဝါးလေးနှင့်ဖိလိုက်၍ ပိုးက ...

"မာမီ ခဏလေးနားနေပါလား၊ ပိုး သွေးချိုဖောက်စစ်လိုက်မယ်၊ အဆင်သင့် ပါလာပါတယ် မာမီ"

"ဟုတ်လား ... ကောင်းလိုက်တာ"

"မာမီ မနက်ကတည်းက အစာလည်းကောင်းကောင်းမစား၊ အန်လည်း အန်ထားတော့ ဆီးချိုကျနေတာဖြစ်မယ်ထင်တယ်၊ ပိုး သွေးဖောက်မယ်နော်"

"ဖောက် ... သမီး ဖောက်၊ ကောင်းလိုက်တာ၊ ချွေးမက ဆရာဝန်လေး၊ အရမ်းဝမ်းသာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးက ဒေါ်မေသက်တင်ကို ကျင်ကျင်လည်လည်ဆွဲ ဖောက်ကာ သွေးစက်လေးကို ကိရိယာထိပ်ဖူးလေးနှင့် တေ့ ယူလိုက်ပါသည်။ ပြေးလွှားနေသော ဒစ်ဂျစ်တယ်ဂဏန်းလေးများ ငြိမ်သွားသလျှင် ဒိုင်ခွက်မှာ "၅၀"ဂဏန်းသာပြနေ၍ ...

"မာမီ ကျနေတယ်၊ ကျလို့ နေမကောင်းဖြစ်နေတာ အိုဗယ်လ်တင်းလေးဖြစ်ဖြစ် သောက်လိုက်ရင် ကောင်းမယ် ထင်တယ်"

"ကြီးကြီးသန့် သွားခိုင်းလိုက်မယ်"

ကြီးကြီးသန့်က အခန်းထဲမှ ထွက်သွားပါသည်။

"မာမီ ကျနေတော့ အစာဖြည့်လိုက်ရင်ရပြီ၊ ပြန်တက်အောင် လုပ်ရလွယ်တယ်လေ၊ ပရက်ရှာချိန်ကြည့်ဦးမယ် မာမီ"

ပိုးက ဒေါ်မေသက်တင်ကို ပရက်ရှာတိုင်းပြီး ...

"ပရက်ရှာလည်း ကျနေတယ် မာမီ၊ အဖတ်လေးတစ်ခုခု စားလိုက်ရင်ကောင်းမယ်ထင်တယ်၊ သွေးချိုသိပ်ကျသွား ရင်လည်း ဒုက္ခရောက်တတ်တယ် မာမီ"

"အင်း ... ဟုတ်တယ်၊ မာမီက အစားတအားဆင်ခြင်ပြီး ရှောင်လွန်းတော့ များသောအားဖြင့် ဆီးချိုတက်တာနည်း ပါတယ်၊ ထိန်းနိုင်တယ်၊ တစ်ခါတစ်ခါ အခုလိုပဲ ကျကျ သွားတတ်တာ"

"တော်ရုံလောက်ပဲ ဆင်ခြင်ပါ မာမီ၊ တက်ရင်ဘယ်လောက် ထိ တက်ဖူးလို့လဲ"





"တစ်ခါလောက်ပဲ နှစ်ရာကျော်ဖူးတာပါ၊ တစ်ရာ့ကိုးဆယ် နှစ်ရာလောက်ပဲ"

"တချို့များ တစ်ရာ့ကိုးဆယ် နှစ်ရာလောက်ကတော့ အစာနဲ့ နှစ်နာရီခြားတိုင်းလည်း ရှိနေတတ်တာ"

"ချွေးမက ဆရာဝန်ဆိုတော့ သူတို့သားအဖ ကျန်းမာရေး တော့ မပူရတော့ဘူးပေါ့လေ ... နော်၊ ဒါနဲ့ မင်းဒက်ဒီ ရော အခြေအနေ ကောင်းရဲ့လား"

"ဟုတ် ... မဆိုးပါဘူး မာမီ"

"နှလုံးက စတဲန့်ထည့်ထားတယ်ဆို၊ ကိုကျော်မင်း ပြော တယ်"

"ဟုတ်ကဲ့"

"ထူထူထောင်ထောင်ပဲလား"

"ဟုတ်ကဲ့၊ သွားသွားလာလာပါပဲ၊ ဟိုတလောကတော့ တစ်ခါနည်းနည်းလေး ဖောက်တော့မလို ဖြစ်သေးတယ်၊ နှလုံးကတော့ သူဖြစ်ချင် ထဖြစ်တာပဲဆိုတော့ သတိနဲ့ပဲ နေရတာပဲ မာမီ"

"စီးကရက်သောက်သေးလား"

"မသောက်ပါဘူး မာမီ"

"အရက် ဘီယာကော"

"မသောက်တော့ဘူး မာမီ၊ ရှောင်ပါတယ်၊ လက်ဖက်ရည် တော့ ဒက်ဒီကသောက်တယ်၊ အဲဒါကျတော့ မဖြတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အသင့်အတင့်ဆိုရင် ပြီးတာပါပဲ"

ပိုးက ခင်ပွန်းဟောင်းရဲ့ကျန်းမာရေး အခြေအနေကို သတင်းမေးနေတဲ့ ဒေါ်မေသက်တင်ကို နှစ်လိုမှုနှင့် အကဲခတ်နေမိပါသည်။ ဒက်ဒီ့ဆီကများ ဒီလိုစကားမျိုး ကြားရဖို့ဝေးလို့ တစ်သက်တစ်ကြိမ်လောက် သက်ဖူးနှုတ်မှ သူ့မာမီနှင့်ပတ်သက်တာ တစ်ခုတလေ ညပ်ပါပြောဆိုမိလျှင် ခါးခါးသီးသီးကိုမကြိုက်တာ ပိုး တွေ့ဖူးနေတာပင်။

သဘောထားမတိုက်ဆိုင်ပြီး ကွဲကွာကြတာချင်းတူတူ မိန်းမဖြစ်သူဘက်က ပြေပြေလည်လည်ရှိသလောက် လင်ယောကျ်ားဖြစ်သူက တစ်ဖက်သတ် ခါးသီးနာကြည်းနေကာ တူးတူးခါးခါးဖြစ်နေတာပင်။ ဘာတွေ ဘယ်လိုဆိုတာ အတွင်းကျကျ လုံးစေ့ပတ်စေ့ မသိတာမှန်ပေမယ့် သဘောထားကြီးတာနှင့် သဘောထားမကြီးတာ ကွာမှာပေါ့လို့ပဲ ပိုးက အဖြေထုတ်မိသည်။

ဆယ့်ရှစ်နှစ်ကြာ မတွေ့ရဘဲ ခွဲခွာနေရတဲ့အမေနှင့်သား ပထမအကြိမ် ပြန်လည်တွေ့ဆုံပွဲက ထင်တာထက် နွေးနွေးထွေးထွေး ဖွယ်ဖွယ်ရာရာ ရှိပါသည်။ သက်ဖူး မာမီနှင့်အရှေ့အချိန်အတန်ကြာနေခဲ့ပြီးမှ သက်ဖူးနှင့် ပိုးတို့ နှုတ်ဆက်ပြန်ခဲ့ကြပါသည်။ ဖုန်းနံပါတ် ဖလှယ်ရင်း တစ်ရက်ထပ်ချိန်းကာ တွေ့ကြပြီး အပြင်မှာထွက်စားကြဖို့ တိုင်ပင်သဘောတူကာ ပြန်ခဲ့ကြသည်။





"ပိုး ... မာမီ့ဆီ ရောက်ခဲ့ကြတာ ဒက်ဒီ့ကို ပြန်မပြောနဲ့နော်"

အပြန် ကားပေါ်မှာ သက်ဖူးက နှုတ်ပိတ်သည်။ သက်ဖူးက ရုံးကစောထွက်ကာ ပိုးကို ကျောင်းအဆင်း ဝင်ကြိုပြီး သွားခဲ့ကြတာမို့ အိမ်ပြန်ချိန်က ညနေစောင်းနေပြီ။ ပိုးက မကျေနပ်နိုင်သလိုလေး သက်ဖူးဘက် ငဲ့ကြည့်ကာ ...

"အမေနဲ့သား တွေ့တာပဲဟာ ဒက်ဒီက မကြည်ဖြူခွင့်မပြုနိုင်ဘူးလား"

"ဘယ်ခွင့်ပြုပါ့မလဲ"

"ဒါတော့ ဒက်ဒီလွန်တာပေါ့၊ အမေမပဲဟာ ဘာပဲဖြစ်ဖြစ် သူ့သားနဲ့တွေ့ချင်မှာပေါ့၊ ဒါကို ဒက်ဒီ နားလည်ခွင့်ပြုသင့်တာပေါ့"

"ဒက်ဒီလည်း သူ့ခံစားချက်နဲ့သူပေါ့ ပိုးရယ်"

"ခံစားချက်ကတော့ အသီးသီး ရှိကြမှာပဲလေ ကိုကိုရဲ့၊ ဘာပဲဖြစ်ဖြစ် မာမီ့ကြည့်ရတာ သဘောထားပျော့ပျောင်းပါတယ်၊ ဒက်ဒီသာ တင်းမာနေတာလို့ ပိုးတော့မြင်တာပဲ"

"ဒက်ဒီနဲ့ မာမီ ကွဲတုန်းက မာမီ့ဘက်က အလွန်တွေရှိခဲ့တယ် ပိုးရဲ့"

"အင်းပါ ... ရှိနိုင်တာပေါ့၊ ဒါပေမဲ့ ဆယ့်ရှစ်နှစ်တောင် ကြာခဲ့ပြီပဲ၊ ကျေသင့်တာတွေလည်း ကျေဖို့ကောင်းပါပြီ ကိုကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ကိုယ်က ကာယကံရှင်မဟုတ်တော့ ဖြစ်သင့်တာ ဘယ်လိုဆိုပြီး ဝင်ဆုံးဖြတ်စီရင်ဖို့ ခက်ပါတယ် ပိုး ရယ်၊ ဘာပဲဖြစ်ဖြစ် ဒက်ဒီက တစ်ချိန်ကတော်တော်နာကျင် ခံစားခဲ့ရတာ၊ အထိနာခဲ့တာ၊ ကိုယ်အသိဆုံးပါ"

"အင်းလေ ... ပိုးနဲ့မဆိုင်ပါဘူး၊ သေချာလည်းမသိတော့ မဝေဖန်ပါဘူး ကိုကိုရယ်၊ ဒါပေမဲ့ မာမီက အိမ်ကထွက်သွား တုန်းက ကိုကို့ကို ဘာလို့ခေါ်မသွားခဲ့လဲ မသိဘူးနော်"

❖ ✦ ❖





ပုံမှန်ဆိုရင်တော့ သက်ဖူးက ဂေါ့ဖ်တွေ ဘာတွေ သွားရိုက်ခဲလှပေမယ့် အလုပ်ကိစ္စတစ်ခုနှင့် စကားပြောဖို့ရှိသော သူတစ်ယောက်နှင့် တွေ့နိုင် စကားပြောနိုင်ဖို့ရာ ထိုနေ့မနက်က အစောကြီး ဂေါ့ဖ်ကွင်းကို ထွက်သွားရပါသည်။ အဲသလို အလုပ် အတွက် လိုအပ်လာတဲ့ ရံဖန်ရံခါတွေမှာတော့ သက်ဖူးက ဂေါ့ဖ် သွားရိုက်တတ်ပါသည်။

ပိုးက သက်ဖူး အိမ်ကထွက်ချိန်မှာ အတူလိုက်ထ ကာ လိုအပ်တာလေး လုပ်ကိုင်ပေးပြီး သက်ဖူး ထွက်သွားတော့ အိပ်ရာထဲ ပြန်ဝင်နှပ်နေလိုက်ပါသည်။ ဒီနေ့က ကျောင်းပိတ်ရက် ဆိုတော့ ဘယ်မှလဲသွားစရာမရှိ။ အိပ်တော့ မပျော်တော့ပေမယ့် အိပ်ရာထဲပဲ နှပ်နေရင်း ဒက်ဒီ့အခန်း ဘက်က တံခါးသံကြားတော့ မှ ပိုးပါ အိပ်ရာကထသည်။

ယောက်ျားလည်းမရှိတုန်း ယောက္ခမနှင့် တစ်ရက် တာလေ နှစ်ယောက်တည်း ဘရိတ်ဖတ်စ် အတူစားကာ အရော တဝင် ချစ်ကြည်ရေးယူလိုက်ပါဦးမည် ... လို့ပင်။

"ဒေါ်ချစ်ကြီး ... ဒါဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးတို့ဖို့ ဝါးခယ်မမုန့်ဟင်းခါးလေး ချက်ထားတာ၊ ပိတ်ရက်ဆိုတော့ ကလေးတွေလည်း အထူးအဆန်းလေး စားရအောင်လို့ပါ၊ မောင်သက်ဖူးတော့ မနက်က အားရ ပါးရ စားသွားပြီ"

"ဝါးခယ်မမုန့်ဟင်းခါး ... ဟုတ်လား၊ စားကြည့်ရသေး တာပေါ့၊ ဟင်းရည်ပန်းကန်လုံးက သေးလိုက်တာ၊ ပန်းကန် လုံးအကြီးကြီးနှင့် အရည်များများ ထည့်ခဲ့စမ်းပါဗျာ"

"ဝါးခယ်မမုန့်ဟင်းခါးဆိုတာ အရည်များများနဲ့ ခေါက် သောက်ရတာ မဟုတ်ဘူး ဆရာကြီးရဲ့၊ ဟင်းရည်ပျစ်ပျစ် ထွေးထွေးလေးနဲ့ စိုရုံလေး လုံးထွေးပြီးစားရတာ၊ ကျွန်မ ထည့်ပေးပါမယ်၊ ဟင်းရည်နည်းနည်းပဲထည့်၊ ငါးနှစ်မျိုးနဲ့ စပ်ချက်ထားတာလေ ငါးနံ့ကို မွှေးနေတာ"

"အင်း ... မွှေးသားပဲ"

"ဟော ... အတော်ပဲ၊ ပိုးလေးလည်း နိုးလာပြီ"

"ဒေါ်ချစ်ကြီးရဲ့ဝါးခယ်မမုန့်ဟင်းခါးနံ့က တစ်အိမ်လုံးမွှေး ပျံ့နေတော့ ကာတွန်းကားထဲက ပျားရည်နံ့ရတဲ့ ဝက်ဝံ ကြီးလို လက်ကြီးနှစ်ဖက်စုံချပြီး အနံ့ခေါ်ရာလိုက်ရင်း ရောက်လာတာလေ ... ဟီး ဟီး"

ဦးနေထွတ်ညွန့်က ပိုးရဲ့စကားကို ပြုံးမိသည်။ ဒီ ကလေးမလေးက ချစ်တော့ ချစ်စရာလေးပါ။ ခေါင်းမာတာလေး





ကလွဲရင် စိတ်ကောင်း စေတနာကောင်းလေးလည်း ရှိပါရဲ့။ ဆရာဝန်သာဆိုတယ် ပြောတာ ဆိုတာလေးက တိတိတာတာ နေတာထိုင်တာလေးက ကြည်ကြည်သာသာနဲ့ အပြစ်ကင်းတဲ့ ကလေးလိုပင်။

အင်း ... တကယ်ပဲ အပြစ်ကင်းပါစေ။

အပြစ်ကျူးလွန်တတ်တဲ့မိန်းမမျိုး မဖြစ်ပါစေနဲ့။

"ဒက်ဒီ ... နေကောင်းလား"

"အင်း ... ကောင်းပါတယ်၊ သက်ဖူးက အပြင်သွားလား ဟုတ်လား"

"ဟုတ် ... ဒက်ဒီ၊ ဂေါဖ်ကွင်းသွားတယ်၊ အလုပ်ကိစ္စတွေ့ ရမယ့်သူနဲ့ ဒီနေ့ ချိန်းထားကြတာတဲ့"

"သြော်"

"ပိုး ... ထိုင်၊ ဒေါ်ကြီး ဟင်းရည်လေး ထည့်လိုက်တော့ မယ်နော်"

"ဟုတ်ကဲ့ ဒေါ်ကြီး"

ပိုးက ဒေါ်ချစ်ကြီး ဟင်းရည်အနေတော်ထည့်လိုက်တဲ့ မုန့်ဟင်းခါးပန်းကန်ကို သူ့ဘက်ဆွဲယူလိုက်ပါသည်။

"သမီး ဒီနေ့ ဘယ်မှမသွားရဘူးလား"

"ညနေမှ ဆရာကြီးအိမ် ကျူရှင်သွားရမယ် ဒက်ဒီ"

ပိုးက မုန့်ဟင်းခါးတစ်ဇွန်း ခပ်စားလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကောင်းလိုက်တာ ဒေါ်ချစ်ကြီးရယ်၊ ငါးတွေ အများကြီးပဲ၊ မွှေးလည်းမွှေး ချိုလည်းချိုနေတာပဲ"

"ကောင်းရင် များများစား ပိုးလေး"

"ဟုတ်"

ဒီကောင်မလေး ပေါင်းသင်းဆက်ဆံမှုကတော့ ကောင်းသည် တော်သည်။ တော်တာမှ နှစ်ရှည်လများ ဆက်ဆံရင်းနှီးခဲ့သော ဦးနေထွတ်ညွန့် သက်ဖူးညွန့်တို့ထက် ဒေါ်ချစ်ကြီးက ပိုးကို အချစ်ပိုနေတဲ့အထိပင်။ မိန်းမချင်းဖြစ်တာလည်း ပါမှာပေါ့လေ။ တကူးတက စကားစမြည် ထိုင်ပြောနေတာမျိုးမရှိဘဲနဲ့ကို ဒေါ်ချစ်ကြီးနှင့် ပိုးက ချစ်ခင်ရင်းနှီးလှသည်။ ဤသို့ပေါင်းတတ်သင်းတတ်ခြင်းဟာ ပိုးရဲ့ပါးနပ်သော အရည်အချင်းကိုပြတာပင်။

"တီတီ ... တီတီ"

"ဟယ် ... ဖုန်း၊ စားကောင်းနေကာမှ"

အပေါ်ထပ်ကဆင်းလာတုန်းက ယူလာခဲ့ကာ ထမင်းစားခန်းထဲ မဝင်မီ ဧည့်ခန်းကွေ့ချိုးက ပလပ်ပေါက်မှာ ချာဂျင်သွင်းထားတဲ့ ပိုးရဲ့ဟဲန်းဒ်ဖုန်းလေးက မြည်လာတာဖြစ်၍ ပိုးက ထိုင်ရာမှ ထလိုက်ရပါသည်။

"ဟယ်လို"

"........."





"ဟုတ်ကဲ့ပါ ... ပိုးပါ"

"........."

"ရှင် ... ဟုတ်ကဲ့"

သိသိသာသာ တိုးဖျော့သွားသော ပိုးလေသံကြောင့် ဦးနေထွတ်ညွန့်က ဧည့်ခန်းကွေ့ဘက် မြင်ရသလောက် ကိုင်းကာကြည့်လိုက်လျှင် ပိုးဟာ ချာဂျင်သွင်းထားတဲ့ဖုန်းအနား ဒူးတုပ်လေးထိုင်ရင်း ဖုန်းနံဘေး ပါးစပ်တစ်ဝိုက်ကိုပါ လွတ်နေတဲ့လက်နှင့်အုပ်ပြီး ကွယ်ထားတာ မြင်လိုက်ရပါသည်။

"ဟုတ်ကဲ့"

"........."

"ဟို ... ပိုး ... ပိုး အခုလာခဲ့မယ်လေ"

"........."

"ဟုတ် ... သူ မရှိဘူး ... ဟုတ်၊ ပိုး ခုပဲထွက်ခဲ့ပါ့မယ်"

ပိုးက ဖုန်းကိုပိတ်ကာ ချာဂျင်သွင်းနေရာမှ ဖြုတ်လိုက်ပါသည်။ ထိုင်ရာကထကာ အပေါ်ထပ်ပြေးတက်ဖို့ပြင်လျှင် ဦးနေထွတ်ညွန့်က ဧည့်ခန်းအကွေ့ဘက်အထိ လျှောက်လာလိုက်ရင်း ...

"သမီး ... ဘယ်လဲ"

"ဟို ... သူ ... သူငယ်ချင်းတစ်ယောက်ဆီ အပြင်ခဏပါ ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဟင်းခါးပြီးအောင် စားလိုက်ဦးလေ၊ ဘာမှလဲမစား ရသေးပဲနဲ့"

"ဟို ... ပိုး ... ပိုး ချက်ချင်းသွားရမှာမို့လို့ပါ ဒက်ဒီ"

"ဘာအရေးကြီးလို့လဲ"

"ဟို ... ဘာမှအရေးမကြီးပါဘူး၊ သူငယ်ချင်းက ခဏတွေ့ ရအောင် ဆို ... ဆိုလို့"

"ဒါများ ... မုန့်တော့ ပြီးအောင်စားလိုက်ဦးပေါ့"

"ပိုး မစားချင်တော့လို့ပါ ဒက်ဒီ၊ ဟိုလေ ... ဒက်ဒီ၊ ဒက်ဒီကား ခဏပေးလိုက်ပါနော်၊ မြန်မြန်သွားပြီး မြန်မြန် ပြန်ရောက်အောင်"

မြန်မြန်သွားပြီး မြန်မြန်ပြန်ရောက်ချင်တာက သက်ဖူး ပြန်မရောက်ခင် အရင်ပြန်ရောက်နေချင်တဲ့ သဘောလား။ ဦးနေ ထွတ်ညွန့်က မကျေမနပ် မျက်မှောင်ကုတ်ကာ တစ်ခဏရပ် စဉ်းစားမိသည်။

ကားပေးလိုက်ပါ ဆိုတာကို မပေးလိုက်နိုင်ဘူး လို့လည်း လုပ်လို့မဖြစ်။

ပိုးနောက်ကလည်း လိုက်ကြည့်ချင်သည်။ ထွက်စမ်း အကြံဉာဏ်။ ဦးနေထွတ်ညွန့်က သူ့ဟန်းဒ်ဖုန်း သူယူကာ ခြံထဲ သွက်သွက်ဆင်းလာရင်း တစ်ခြံကျော်က ဒေါ်မကြီးအိမ် ဖုန်း လှမ်းခေါ်လိုက်ပါသည်။





"ဟယ်လို"

"အစ်မကြီးရေ ... တစ်ရာသုံးဆယ့်ငါးကပါ နေထွတ်ညွန့် ပါ ခင်ဗျာ"

"သြော် ... ပြောပါ ဦးနေထွတ်ညွန့်"

ဒေါ်မကြီးတို့က နံပါတ်နီတက္ကစီခြောက်စင်း ခနစ် စင်း ထောင်ထားတဲ့အိမ် ဖြစ်ပါသည်။

"ကားတွေထွက်သွားပြီလား၊ တစ်စင်းလောက် အားလား ခင်ဗျ"

"မထွက်သေးပါဘူး၊ ခဏနေမှ ထွက်ကြမှာပါ၊ ရှိပါတယ်"

"ကျွန်တော့်ခြံရှေ့ကို ခုချက်ချင်း တစ်စင်းလွှတ်ပေးပါလား ခင်ဗျာ"

"သြော် ... ရပါတယ်၊ လွှတ်လိုက်ပါ့မယ်"

"ခြံထဲဝင်မလာနဲ့နော်၊ ခြံအပြင်မှာ အေးကပ်ရပ်ထားလိုက် ပါ၊ အခုချက်ချင်း တစ်စက္ကန့်အတွင်း ... နော်ဗျ၊ အရေး ကြီးလို့ပါ"

"ရှင် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ခြံထဲဝင်မလာနဲ့၊ ဟွန်းလည်းမတီးနဲ့လို့ သေချာပြောလိုက် ပါ၊ အရေးကြီးလို့ ချက်ချင်းလွှတ်လိုက်ပါ၊ ဒါပဲနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဦးနေထွတ်ညွန့် နေကောင်းရဲ့ လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲဒါတွေက နောက်မှသတင်းမေးလို့ ရတယ် ခင်ဗျ၊ ကားသာချက်ချင်း ခုချက်ချင်းလွှတ်ပါ၊ ဒါပဲခင်ဗျ"

ဖုန်းကိုပိတ်လိုက်ကာ အိမ်ပေါ်အပြေးပြန်တက်ပြီး အောက်ထပ်ကွန်ပျူတာခန်း စာဖတ်ခန်းထဲက စားပွဲအံဆွဲမှာ သတင်းစာဖိုး ဂျာနယ်ဖိုး ရေသန့်ဖိုး တစ်ခုခုလိုရင် လှစ်ခနဲပြေး ဝယ်ဖို့ဈေးဖိုး အလွယ်ယူဖို့ထားတဲ့ ပိုက်ဆံထောင်တန်တစ်ထပ် ထဲက ငွေနှစ်သောင်းခန့်ကို ဆွဲဖြုတ်ပြီး ရှပ်အင်္ကျီအိတ်ထဲ ထိုးထည့် လိုက်ပါသည်။

ပိုး ဆင်းလာတဲ့ခြေသံကြောင့် စာကြည့်ခန်းဝထွက် ကြည့်လိုက်လျှင် ပိုးဟာ တစ်စုံတစ်ရာ ထည့်သယ်လို့ ယူလို့ရနိုင် တဲ့ ရှော့ပင်ဘက်ဂ်လို အိတ်ခပ်ကြီးကြီး ခပ်ဖောင်းဖောင်း တစ် လုံးကိုလွယ်လျက် အသင့်အတင့်သာ အဝတ်လဲလာကာ လှေကားမှ ဆင်းလာနေပါသည်။

ဒုက္ခပဲ ... ဟိုကားမှ ရောက်သေးရဲ့လား။ သူ့ကား ထွက်တာနှင့် နောက်ကအမိလိုက်မှာမို့ အငှားကားမရောက်သေး ရင် ခက်ပြီ။

"သမီး"

"ရှင် ... ဒက်ဒီ"

"ဘယ်လောက်ကြာမှာလဲ"

အရေးထဲ စစ်ကြောနေတဲ့ ယောက္ခမကြောင့် ပိုးက မျက်ခုံးလေးရှုံ့မိကာ ...





"မသိသေးဘူး ဒက်ဒီ၊ ပိုး မြန်မြန်ပြန်လာပါ့မယ်"

"သြော် ... ဒါနဲ့ မုန့်ဟင်းခါးလေးတော့ ခပ်မြန်မြန်လေး မျိုချသွားပါဦးလား သမီးရဲ့"

ဦးနေထွတ်ညွှန့်က ရသလောက် အချိန်ဆွဲနေဝ မင်။

"တော်ပါပြီ ဒက်ဒီ၊ ပိုး တကယ်မစားနိုင်တော့လို့ပါ"

"သမီးကြည့်ရတာ တစ်ခုခု အရေးတကြီးဖြစ်သလိုပဲ"

"မဟုတ်ပါဘူး ဒက်ဒီ၊ အရေးကြီးလို့တော့ မဟုတ်ပါ ဘူး"

"ဒါဖြင့် ဘယ်အချိန် ပြန်ရောက်မယ်မသိ ဘာမသိ ဗိုက် ပြည့်အောင်တော့ စားသွားဦးပေါ့"

"ပိုး အချိန်မရ ... အဲ ... စားကိုမစားချင်တော့လို့ပါ ဒက်ဒီ၊ ဟို ... ဟို ... အဲဒီ ဝါးခယ်မမုန့်ဟင်းခါးလည်း မကြိုက်လို့ ... အဟင်း"

"ဟင်"

ပြောနေဆိုနေရင်းပဲ ခြံပြင်နားဆီက စက်သပ်ရပ် တန့်လိုက်တဲ့ကားသံတစ်ခု ကြားလိုက်ရတာမို့ ဦးနေထွတ်ညွှန့်က ထမင်းစားခန်း မှန်ပြတင်းပေါက်မှ ပါးလွှာဖြူလွှသောခန်းဆီး ကို ထွင်းဖောက်ကာ ခြံပြင်ဘက်တစ်ချက်လှမ်းအကဲခတ်လိုက်မိ ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ... ပိုး သော့ယူသွားပြီနော်"

"အင်း"

ပိုး ခြံထဲဆင်း၍ ဂိုဒေါင်ဆီ အပြေးအလွှားသွားကာ ကားထုတ်ယူနေချိန်တွင် ဦးနေထွတ်ညွန့်ကလည်း ခြံထဲဆင်း၍ ယောင်လည်လည် လုပ်နေပါသည်။ ဖုန်းလာတာနဲ့ ဒီလောက် အပြေးအလွှား ထပြေးတာ အရေးကြီးတဲ့ကိစ္စတစ်ခုခု မဟုတ်လို့ ဘာလဲ။ ကားထုတ်ပြီးလျှင် ပိုးက ခြံပြင်သို့ ခပ်ကြမ်းကြမ်းပဲ မောင်းထွက်သွားပါသည်။ ဦးနေထွတ်ညွန့်ဟာ ပိုးကား ခြံထဲက ထွက်သည်နှင့် သူပါ အပြေးတစ်ပိုင်း ခြံထဲကထွက်ကာ ခြံစည်းရိုး နားကပ်ရပ်ထားတဲ့ အငှားကားနောက်ခန်းကို ပြေးတက်လိုက်ပါ သည်။

"ငါ့ခြံထဲက ထွက်သွားတဲ့ အဲဒီကားနောက် လိုက်စမ်းဟော့ နည်းနည်းတော့ ခွာလိုက်၊ ဒါပေမဲ့ မျက်ခြည်မပြတ်စေ နဲ့"

"ဟုတ်ကဲ့ ခင်ဗျ"

ဒီလိုနှင့် ပိုးရဲ့ကားနောက် မလှမ်းမကမ်းမှ သူ့အငှား ကားပါလာပါသည်။ လမ်းမှာ ကားကဖွတ်ချုပ် ဖွတ်ချုပ် ထစ်တုံ့ ထစ်တုံ့ ဖြစ်လေလျှင် ...

"ဟာ ... ဟော့ကောင်၊ မင်းကားက ဘာဖြစ်တာတုံးကွ ကားကောင်းကောင်း ယူလာတာ မဟုတ်ဘူးကွာ ... ကျွတ်"





"ကျွန်တော်တို့က ကိုယ်ကိုင်နေကျကားပဲ အမြဲတစ်လက် ကိုင် မောင်းရတာမို့လို့ အန်တီက ကျွန်တော့်ကိုလွှတ်တော့ ကျွန်တော့်ကားနဲ့ ကျွန်တော်ပဲ လာရတာပါ၊ တခြားကား ယူခဲ့လို့ မရလို့ပါ"

"ဒါဖြင့်လည်း ကိုယ့်တစ်လက်ကိုင်ကား ကိုယ်အမြဲကောင်း နေအောင် မင်းလုပ်ထားရမှာပေါ့ကွ"

"ကားကောင်းပါတယ်ခင်ဗျ၊ မနေ့ညနေက အပြင်ဆီဝယ် ထည့်လိုက်ရလို့ ဆီမသန့်လို့ထင်တယ် အန်ကယ်"

"မင်းကလည်းကွာ"

ပိုးရဲ့ကားက သိပ်ဝေးဝေးမသွားဘဲ အင်းယားမြိုင် ရောက်လျှင် ကွေ့ချိုးဝင်သွားပါတော့သည်။

"ဟိုမှာ ... အင်းယားမြိုင်ထဲ၊ မြန်မြန်လိုက်ဟော့"

"ဟုတ်ကဲ့"

မြန်မြန်လိုက်ပါ ဆိုကာမှ ဦးနေထွတ်ညွန့်ရဲ့အငှား ကားက အင်းယားမြိုင်ထဲ ချိုးကွေ့ခါနီးမှာ တုံ့ရင်း တုံ့ရင်းက ထိုးရပ်သွားပါတော့သည်။

"ဟာ ... ငါ့လခွမ်းကွာ ... တောက်"

ဒရိုင်ဘာလေးက ကားကို တဂီးဂီး စက်ပြန်နှိုးယူ သည်။

"ဟော့ကောင် ... ရမှာလား၊ မြန်မြန်ဟော့ ... မြန်မြန်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကားကိုကျော်ကာ ,ကားသုံးလေးငါးစီး အင်းယားမြိုင်ထဲဝင်သွားကြပါသည်။ ဦးနေထွတ်ညွန့် အသည်းတယားယား ဖင်တကြွကြွ ဖြစ်နေတုန်းပင် ကားက စက်ပြန်နိုးသွားတာမို့ ...

"ဟေ့ကောင် ... လိုက် ... လိုက် ... ပျောက်သွားပလား မသိပါဘူးကွာ"

ကားကို အင်းယားမြိုင်ထဲဝင်ကာ တောက်လျှောက်ကြည့်ရှုရှာဖွေလာသော်လည်း ပိုးကားကို မတွေ့တော့။ ရွှေတောင်ကြားဘက် အချိုးနားရောက်လျှင် ဘယ်ဘက်လိုက်ရမည်မသိဖြစ်ရသည်။ လမ်းသွယ်တွေထဲပဲ ရောက်သွားပြီလား။

"ဘာ ... ဘာဆက်လုပ်ရမလဲ အန်ကယ်"

"ဘာဆက်လုပ်ရမလဲကွ၊ ဒီနားပဲ မင်းပတ်မောင်းနေ တွေ့အောင်ရှာ၊ ဒီလမ်းတစ်လျှောက်ထဲကမထွက်နဲ့၊ ထိ ရောက်ရင်ပြန်ကွေ့၊ ဒီကြားထဲက တစ်နေရာရာ တစ်ခြ မှာပဲ ရှိမှာသေချာတယ်၊ ဟိုဘက်က ပြန်ထွက်သွားမယ်ဆို ရင် အစကတည်းက အပြင်ကပဲ သူ ပတ်သွားလိမ့်မယ် ဒီချောင်ကြိုချောင်ကြားလမ်းထဲက သွားမှာမဟုတ်ဘူး၊ ဒီ အတွင်းထဲမှာပဲ ရှိကိုရှိတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"





ကားဒရိုင်ဘာက အင်းယားမြိုင် ရွှေတောင်ကြားအတွင်းဘက်လမ်းတွေတစ်ဝိုက်ပဲ လှည့်ပတ်ကွေ့မောင်းနေရှာပါသည်။ လမ်းအကွေ့တစ်ခုမှာတော့ ထိုလမ်းကွေ့ထဲက အရှိန်နှင့်ထွက်လာသော ကားတစ်စီးနှင့် ခေါင်းချင်းနီးကပ်သွား၍ နှစ်ကားလုံး ဘရိတ်အုပ်လိုက်ကြရပါသည်။ တစ်ဖက်ကားထဲက မောင်းသူနေရာကို အမှတ်တမဲ့ လှမ်းကြည့်လိုက်သော ဦးနေထွတ်ညွန့်ရင်ထဲ ဒိန်းခနဲမြည်ကာ ခေါင်းတစ်ခုလုံး ကြီးသွားသလို ခံစားလိုက်ရကာ တစ်ကိုယ်လုံး ထူပိန်းပူပြင်းလာသည်။

အဲဒါ ... ဝင်းကိုကိုပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

"ဟိုတစ်နေ့ကလိုပဲ သွေးချိုအရမ်းကျသွားပြန်တာပါ၊ မာ
က ဘာမှကို သိပ်မစားဘူးတဲ့၊ သူ့ကိုယ်သူ တစ်ခုခုအစား
များရင် ဆီးချိုအရမ်းတက်သွားမယ် တွေးပူနေတာလေ
ဟိုမှာတုန်းက ဆိုးဆိုးဝါးဝါး အတော်တက်သွားဖူးပြီးတော့
မနည်းပြန်ကုယူရတယ်ပေါ့နော်၊ အဲလိုဖြစ်ဖူးတော့ မာမီက
တက်မှာကိုပဲကြောက်ပြီး ကြွတင်ကာကွယ်နေတယ်"

"တော်ပါသေးရဲ့၊ ပိုး လိုက်သွားလိုက်နိုင်လို့"

"ကိုကို့ဖုန်းကလည်း မကိုင်တော့ ကြီးကြီးခန့်က ပိုး
ဆက်လိုက်တာလေ၊ ပြီးတော့ မာမီက ဝမ်းလည်းသွား
တယ်၊ ဒီက ဟင်းတွေ ဘာတွေနဲ့ ဗိုက်က သိပ်သဟဇာ
မဖြစ်တာနေမှာပေါ့နော်၊ သုံးလေးခါလောက် အီးပန်းပြီ
ခတ်ဆားတွေ ဘာတွေလည်း သောက်မထားဘူး၊ ပိုးရော
တော့ ဆီးချိုရော ပရက်ရှာရော ကျနေတာ၊ ဓာတ်ဆား





ဒရစ်ပ်သွင်းဖို့လိုတာတွေတို့ ပိုး တစ်ခေါက်ပြန်ထွက်ဝယ်
သေးတယ်၊ ဓာတ်ဆားလည်းဝင်သွားတော့ ချက်ချင်းလိုပဲ
ပြန်ကောင်းလာပါတယ်"

"ပိုးကို အရမ်းကျေးဇူးတင်တာပဲ"

"ကျေးဇူးတင်စရာလား ကိုကိုကလည်း၊ ကိုကို့အမေက
ပိုးအမေပဲပေါ့၊ ဒက်ဒီကိုတော့ ပိုးသူငယ်ချင်းတစ်ယောက်
က ခဏတွေ့ရအောင်လို့ခေါ်လို့ သွားမလို့လို့ပဲ ပိုး ပြော
လိုက်တယ်"

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတော့ တင်တာပဲပေါ့ ပိုးရယ်"

"မာမီ နက်ဖြန်တော့ မန္တလေးမသွားဖြစ်တော့ဘူး၊ သန်
ဘက်ခါလောက် သွားမယ်ထင်တယ်၊ နက်ဖြန်နေကောင်း
ရင်ပေါ့၊ နေကောင်းမှာပါ၊ အခုတောင် ကောင်းနေပါပြီ၊
ဆီးချိုသမားက ဒီလိုပဲ၊ ခုထဖောက် တော်ကြာအကောင်း
ပဲလေ၊ မာမီ ပုံမှန်လေးတော့ စားပေးဖို့လိုတယ်၊ ဆီးချို
ဆေးကလည်း အမြဲသောက်နေတာဆိုတော့ ပုံမှန်လေးစား
တာလောက်ကိုတော့ ထိန်းသွားမှာပါ"

"ဟိုနေ့ကလည်း ပြောတယ်လေ၊ မာမီက ဆန်ဆိုလည်း
ဆီးချိုဆန်၊ ဘာစမာတီပဲ စားတယ်တဲ့၊ ပေါင်မုန့်ဆိုလည်း
ဆီးချိုပေါင်မုန့်၊ ကော်ဖီမှုန့်၊ နို့မှုန့်၊ သကြား အားလုံးဆီးချို
အတွက် ထုတ်တဲ့ဟာချည်းပဲ စားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တအားရှောင်တာ၊ အခု ကြီးကြီးသန့်အိမ်မှာ ချက်တဲ့ဟင်းတွေလည်း ဘာမှသိပ်မစားဘူး၊ ဟိုတို့ ဒီတို့ပဲတဲ့၊ သူ့စိတ်ထဲ ဒီဟင်း သူနဲ့တည့်ပါ့မလားတွေးရင် ထမင်းနဲ့ဆီနဲ့ဆားနဲ့ပဲ စားလိုက်တာတဲ့"

"တော်ကြာကျ ကိုယ် ဖုန်းဆက်လိုက်ဦးမယ်၊ မာမီ ဖုန်းပြောနိုင်တယ် မဟုတ်လား အခြေအနေက"

"ပြောနိုင်ပါတယ်၊ ကောင်းနေပါပြီ၊ အစားလည်းကျွေး ဒရစ်ပ်ပြီးမှ အခြေအနေကြည့်၊ ခဏစောင့် အားလုံးပြန်တိုင်းကြည့်ပြီးမှ ကောင်းသွားမှ ပိုး ပြန်လာတာ"

"ပိုးအကြာကြီး နေခဲ့ရတာပေါ့၊ ပင်ပန်းသွားမှာပဲ"

"ရှစ်နာရီခွဲလောက်က ထွက်သွားတာလေ၊ နှစ်နာရီကျော် ပြန်လာတာ၊ ကိုကို မရောက်ခင်လေးတင် ပြန်ရောက်တာ ကြီးကြီးသန့်အိမ်မှာပဲ နေ့လယ်စာ စားလိုက်တယ်လေ ပင်တော့ မပင်ပန်းပါဘူး ကိုကိုရဲ့၊ သားအရင်းဖြစ်တဲ့ ကိုကိုနဲ့တောင် မတွေ့တာကြာပြီး နည်းနည်းစိမ်းသလိုဖြ နေတဲ့ ကိုကို့အမေနဲ့ မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် ရင်းနှီးခွင့်ရဖို့ ဖန်လာတာလို့ပဲ မှတ်ပါတယ် ...

မာမီက ပိုးလက်လေးကို ကိုင်ထားတာ၊ တစ ကျေးဇူးတင်နေတာ၊ ပိုးရောက်လာပြီး စောင့်ရှောက်ပေးတာ ကိုလည်း သူ အရမ်းကျေနပ်ဝမ်းသာသလိုပဲ၊ ဒရစ်ပ်မကျ ခင်ပဲ ပြုံးပြုံးရွှင်ရွှင် နေသာထိုင်သာရှိနေပါပြီ၊ စကားတွေ လည်း အများကြီးပြောခဲ့တယ်"





"မာမီ ဘာတွေပြောသေးလဲ"

"အစုံပဲ၊ ဟိုကအကြောင်းတွေ သူတို့အနေအထားတွေ၊ သားငယ်လေး အကြောင်းတွေလည်းစုံလို့၊ သူ အပင်တွေ စိုက်တာရော၊ နောက် ကိုကိုငယ်ငယ်က အကြောင်းတွေ လည်းပြောတယ်၊ ဟိုအရင်ကအကြောင်းတွေ သိပ်တော့ မပြောဘူးနည်းတယ်၊ ဒက်ဒီအကြောင်းဆို မပြောသလောက်ပဲ၊ ဒါပေမဲ့ ကျန်းမာရေးနဲ့ ပတ်သက်လို့တော့ မေးပါတယ်"

"အင်း ... လင်မယားဆိုတာ လမ်းခွဲလိုက်တော့လည်း သူစိမ်းတွေ ပြန်ဖြစ်သွားတာပေါ့ ပိုးရယ်"

"အင်းနော် ... စဉ်းစားနေတာ၊ သူစိမ်းနှစ်ယောက် သိပ်ချစ်ကြတုန်းတော့လည်း ကမ္ဘာပေါ်မှာ အရင်းနှီးဆုံးလူသား နှစ်ယောက်ပဲ၊ မချစ်ကြတော့ဘူးဆိုတော့လည်း လုံးဝသူစိမ်း ပြင်ပြင်ပေါ့နော် ကိုကို၊ ဘာမှမ မတော်စပ်တော့တာ၊ အချစ်ဆိုတဲ့ အရာလေးကပဲ လူနှစ်ယောက်ကို အနီးဆုံးဖြစ်အောင် အဝေးဆုံးဖြစ်အောင် စေစားသွားတာ"

သက်ဖူးက ပိုးကိုပြုံး၍ ကြည့်လိုက်ပါသည်။ ကဗျာဆန်ဆန်လေးလို ပြောနေတဲ့ ချစ်ဇနီးလေးကို ပခုံးလေးနှစ်ဖက်မှ ဆွဲယူဖက်ထွေးထားလိုက်မိပါသည်။ ဒက်ဒီနှင့် မာမီ အကြားက စိမ်းစိမ်းပြင်ပြင်ဖြစ်မှုကို ပိုး စိတ်မကောင်းဖြစ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



“လောကကြီးမှာ ဒီလိုပဲပေါ့ ပိုးရယ်၊ အရှုံးတို့ အနိုင်တို့ အချစ်တို့ အမုန်းတို့ အပူတို့ အအေးတို့က တစ်လှည့်စီ ဖြစ်နေပျက်နေမှာပဲ”

“အမုန်းတော့ ပိုး မလိုချင်ပါဘူး”

“ဘယ်တော့မှ မရစေရပါဘူး ပိုးရယ်”

“ကိုကို ... ဒက်ဒီက တစ်ဆိတ် မစိမ်းကား မတင်းမာလွန်းဘူးလား ... ဟင်၊ အရမ်းအသည်းမာတာလား”

“အဲဒါက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေအပေါ် ကာယကံရှင်အနေနဲ့ ဘယ်လောက်ခံစားခဲ့တယ် နာကြည်းခဲ့တယ်၊ နာကျင်ခဲ့တယ်ဆိုတဲ့ အခြေခံအချက်လေးတွေ ရှိသေးတာကိုး၊ ဒက်ဒီက အမှားအယွင်းလည်း မကျူးလွန်မိအောင်နေပြီး သူမှားတယ် ထင်ပြီဆိုရင်လည်း ခွင့်မလွှတ်ဘူးဆိုတဲ့ သဘောထားမျိုးရှိတာ ပိုးရဲ့”

“သူ မမှားဘူးလို့ ထင်တာဟာ တခြားတစ်ဖက်ကို မှားတယ်ထင်တာပဲပေါ့နော် ကိုကို”

“အင်းပေါ့၊ အဲလိုပဲနေမှာပေါ့”

“ကိုကို”

“အင်း ... ပြောလေ ပိုး”

“ဒီနေ့ ပိုး ကားမောင်းထွက်သွားပြီးတဲ့နောက်လေ ဒက်ဒီနောက်ကများ ပါလာသလားလို့ ပိုး သံသယဖြစ်နေတယ်”





“ပိုးက ဒက်ဒီ့ကား ယူသွားတာပဲ၊ ဒက်ဒီ ဘယ်လိုလုပ်နောက်ကပါလာပါ့မလဲ ပိုးရဲ့”

“အငှားကားနဲ့ ကိုကို”

“ဟင် ...”

“ဟုတ်တယ်၊ အငှားကားတစ်စီး ပိုးနောက်က လိုက်လာတယ်လို့ စိတ်ထဲထင်နေတယ်၊ မောင်းတာကတော့ ဒရိုင်ဘာပေါ့၊ နောက်ခန်းထဲမှာ လူတစ်ယောက်ပါတယ်၊ သဲသဲကွဲကွဲတော့ မမြင်ဘူး၊ အဲဒါကြောင့် သေတော့မသေချာပါဘူး၊ ဒါပေမဲ့ ဒက်ဒီလိုက်လာတယ်လို့ ပိုးစိတ်ထဲမှာထင်နေတယ်”

“လိုက်တယ်ဆိုရင် ဘာအတွက်လဲ၊ ဒက်ဒီက ပိုးနောက်ကို ဘာလိုက်လုပ်ရမှာလဲ ပိုးရဲ့”

“ပိုး ဘာလုပ်လဲ လိုက်ကြည့်တာမျိုးပေါ့”

“လုပ်မယ်မထင်ပါဘူး ပိုးရယ်”

“အတိအကျ မပြောနိုင်ပေမယ့် ဒက်ဒီ၊ ပိုးအပေါ်မှာ အခုအခံ အဖုအထစ် တစ်ခုခုရှိမယ်လို့ ပိုး အလိုလိုသိနေတယ်”

“ဘာအတွက်လဲ ပိုးရယ်၊ ဘာအတွက်ရှိရမှာလဲ”

“ပိုးရဲ့အနီးတစ်ဝိုက် ပတ်ဝန်းကျင်မှာလည်း ဒက်ဒီ့ကို မကြာခဏ အမှတ်တမဲ့တွေ့တွေ့နေတာ ကြာတောင်ကြာပြီ ကိုကိုရဲ့၊ ဒက်ဒီ ပိုးကိုစောင့်ကြည့် အကဲခတ်နေတာမျိုး လုပ်နေတယ်လို့ ပိုး ခံစားရတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ထင်ပါတယ် ပိုးရယ်"

"ကိုကိုက ကြွမနေတဲ့သူဆိုတော့ လွယ်လွယ်ဘယ်ယုံပါ့မလဲ၊ ပိုးကတော့ ကြွနေတော့ စိတ်ထဲတစ်မျိုးပဲ ဒက်ဒီ့ကို ပတ်ဝန်းကျင်မှာ ဖျတ်ခနဲ တွေ့တွေ့နေတာကြာပြီ ကိုကို ရဲ့"

တစ်ထစ်ချပြောနေတဲ့ ပိုးစကားကြောင့် သက်ဖူးမှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်ရသည်။ ပိုးကလည်း မတွေ့ဘဲနဲ့တော့ တွေ့နေပါတယ်လို့ လုပ်ကြံပြောစရာအကြောင်းမရှိ။ ပိုးကိုမယုံဘူးလို့ မပြောနိုင်။ ဒက်ဒီ့ကိုကျတော့ သက်ဖူး ကိုယ်တိုင် ဖဆေ ဖဝါပင်။ ဒက်ဒီဟာ ပိုးကို ဘာလုပ်တယ် ဘယ်သွားတယ် လိုက်ကြည့်နေတယ် ဆိုတာမျိုး မလုပ်နိုင်ပါဘူးလို့ သက်ဖူး ရဲရဲမပြောရဲပါ။

"ငါ့နောက်ကို လိုက်ကြည့်စရာ ဘာအကြောင်းရှိတာမို့လို့လဲလေ ... လို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဖြေတွေးနေရတယ်"

✦ ✦ ✦





လုံးဝ ထင်မှတ်မထားမိတာ မှန်ကန်နေကြောင်း သက်ဖူး တအံ့တသြ သိလိုက်ရတာပါ။ များမကြာမီရက်အတွင်း ပိုးကျူရှင်သွားနေတုန်း ဒက်ဒီက သက်ဖူးကို စကားခေါ်ပြောတာ ဖြစ်ပါသည်။

"သားအဖချင်း ကိုယ့်သားကိုယ် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် စကားပြောချင်တာ ချွေးမအလစ်ကို စောင့်နေရတဲ့ ဘဝပါလားဟေ့၊ ကဲ ... မင်းကို ငါပြောစရာရှိတယ်ကွာ သက်ဖူး"

"ဟုတ်ကဲ့ ဒက်ဒီ၊ ဘာဖြစ်လို့လဲ၊ ပိုးအလစ်ကို စောင့်နေရအောင် ဘာစကားမို့လို့လဲ"

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က မင်း ဂေါ့ဖ်သွားရိုက်တယ်"

"ဟုတ်ကဲ့"

"မင်း မနက်စောစော ထွက်သွားပြီး မကြာခင်ပဲ ပိုးဆီ ဖုန်းတစ်ခု ဝင်လာပြီး ပိုး ကမန်းကတန်း အရေးတကြီး ထွက်သွားတယ်၊ မင်း ပြန်မရောက်ခင်လေးတင်မှာ ပြန်ရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အဲဒါ မင်း သိတယ်ပေါ့"

"ဟုတ်ကဲ့"

"မင်းကို ပိုး ပြောတာလား"

"ဟုတ် ... ပိုးပဲပြောတာပေါ့ ဒက်ဒီရဲ့ ဘာဖြစ်လို့လဲ"

"ပိုးက ဘယ်သွားတယ်လို့ပြောလဲ"

သက်ဖူးက ဒက်ဒီကို အကဲခတ်ရင်း ...

"သူ့သူငယ်ချင်းတစ်ယောက်က လှမ်းခေါ်လို့ပါ"

"သေချာလား၊ မင်း ယုံကြည်လား"

"ဟုတ်ကဲ့"

ပြောလက်စ စကားရှိပြီဖြစ်၍ သက်ဖူးက ဖွတ်ရှေ့တိုးပြီး ခေါင်းညိတ်လိုက်ရပါသည်။ ထို့နောက် သားအဖနှစ်ယောက် သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငြိမ်သက်အကဲခတ်နေကြပါသည်။ ခဏနေမှ ဦးနေထွတ်ညွန့်က ...

"အေး ... ဆောရီးကွာ၊ မင်း ယုံပေမယ့် ငါမယုံဘူး"

"ဒက်ဒီ"

"သူငယ်ချင်းတစ်ယောက်က တွေ့ရအောင်လို့ ပြောတာကို ဘယ်သူမှ ဘရိတ်ဖတ်စ်စားနေရာက တစ်ဝက်တစ်ပျက်နဲ့ ထ,မပြေးဘူး၊ သေရေးရှင်ရေးကိစ္စဆို တစ်မျိုးပေါ့၊ အခုက သူ့ပုံစံကြောင့် ဒက်ဒီ မေးသေးတယ်၊ အရေးတကြီး ဘာ





ဖြစ်လဲလို့၊ ဘာမှမဖြစ်ပါဘူးတဲ့၊ ဒါပေမဲ့ သူ့ ထပြေးပုံက အူယားဖားယားနဲ့၊ တစ်ခုခု အရေးတကြီးဖြစ်တာ သေချာတယ်"

သက်ဖူးက သက်ပြင်းကျိတ်ချလိုက်ရင်း ...

"အင်းလေ ... ဒက်ဒီ၊ အရေးကြီးတဲ့ကိစ္စလည်း ဖြစ်ရင် ဖြစ်မှာပေါ့"

"အရေးကြီးတဲ့ကိစ္စဆိုရင် အရေးမကြီးပါဘူးလို့ သူ ညာပြောရခြင်းက ဘာအတွက်လဲ"

"ဒါတော့ ... ဟိုဒင်း ... ဒက်ဒီကလည်း သူ အဆင်ပြေသလို ပြောလိုက်တာ နေမှာပေါ့"

"မဟုတ်သေးဘူး၊ နေစမ်းပါဦး သက်ဖူး၊ ပိုးရှေ့က မင်း အမြဲကာဆီးကာဆီးလုပ်တဲ့သဘောက ဘာလဲ၊ ငါထင်ပါတယ်၊ ဒက်ဒီဟာ သူ့အတွေ့အကြုံအရ ပိုးကို ဘာလေးပဲ ဖြစ်ဖြစ် သက်မကင်းစိတ်ဝင်နေနိုင်တယ်ဆိုတဲ့ အမြင်က မင်းမှာ အခြေခံရှိနေလို့ ဖြစ်ရမယ်၊ ဒီတော့ ဘာပဲဖြစ်နေ ဖြစ်နေ ဒက်ဒီ စိတ်အပူလွန် သံသယကြီးနေတာပါလို့ မင်း အရင်တွက်လိုက်တာ ဖြစ်မယ်၊ အဲဒီအတွက် တခြားဘက်မှာ မင်းမျက်ခြည်ပြတ်နေမှာ ငါ အစိုးရိမ်ဆုံးပဲ"

"ဒက်ဒီ ... ဒက်ဒီ ဘာတွေပြောနေတာလဲဗျာ၊ ဘာတွေ စိတ်ပူနေတာလဲ၊ အဲဒါတွေ မဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သက်ဖူး ... ပိုး မင်းကို ပြောင်လိမ်လိုက်တာကို ငါ နားနဲ့ဆတ်ဆတ် ကြားဖူးပါတယ်၊ ငါမပြောချင်ဘူး သား ရာ၊ ဒါပေမဲ့ မင်းက မိန်းမကို ယုံကြည်လွန်းအားကြီးလို့ မပြောချင်ပဲ ပြောပြတာပါ"

"ဒက်ဒီ ... ပိုး ကျွန်တော့်ကို ဘာမှမလိမ်ဖူးပါဘူး"

"ဟောကောင်"

ဦးနေထွတ်ညွန့်က မျက်နှာပျက်သွားရင်း ...

"ပိုးက မလိမ်ဘူးလို့ မင်း ခုလိုပြောတော့ ပိုးလိမ်တာကို နားနဲ့ဆတ်ဆတ်ကြားပါတယ်ဆိုတဲ့ ငါ့စကားက မဖြစ်နိုင် ပါဘူး၊ ငါလိမ်တာပါလို့ ဆိုလိုတာလား၊ ငါ အထင်တွေ ပြောနေတာ မဟုတ်ဘူးနော်၊ မင်းကိုအခု ငါ့နားနဲ့ဆတ် ဆတ်ကြားပါတယ်လို့ ပြောနေတာ"

သက်ဖူးက စိတ်တွေရှုပ်လာပါသည်။ ပိုးစကားမှန် နေပြီပဲ၊ ဒက်ဒီဟာ ပိုးကို ဘာမှန်းမသိ မသင်္ကာဖြစ်နေတာ သေချာသည်။

"ဒက်ဒီ ... ဒက်ဒီ ကျွန်တော့်ကို ဘယ်နည်းနဲ့ပဲဖြစ်စေ စိုးရိမ်လို့ စိတ်ပူလို့ သတိပေးတာ ပြောတာမှန်း ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဒက်ဒီ နားလည်ပေးပါ၊ ပိုးက ဒက်ဒီ စိုးရိမ်သလိုမိန်းကလေး မဟုတ်ပါဘူး၊ ပိုးက ကျွန် တော့်အပေါ် ရိုးသားမှုအပြည့်အဝရှိပါတယ်"





"သူ့ ဖုန်းပြောရင်းနဲ့ မင်းမေးတော့ ဘလိုင်းကြီးလိမ်လိုက် တာ ငါ့နားနဲ့ ကြားတာလေကွာ"

"အဲသလိုလိမ်လိုက်ရင် သူ့မှာ ခိုင်လုံတဲ့ အကြောင်းတစ်ခုခု ရှိပါလိမ့်မယ်၊ သေချာတာကတော့ အဲဒီခိုင်လုံတဲ့အကြောင်း က ကျွန်တော့်ကို လှည့်စားဖို့ ကျွန်တော့်ကို သစ္စာဖောက် ဖို့တော့ မဟုတ်တာ သေချာပါတယ် ဒက်ဒီ"

ဦးနေထွတ်ညွန့်က မျက်ဝန်းများကိုပင် စုကျဉ်းမှေး ခင်းပြီး သက်ဖူးကို ကြည့်မိပါသည်။

"မင်းက ပိုးကို အလွန်အကျူး ယုံကြည်ထားတာကိုး"

"ဟုတ်ကဲ့ ဒက်ဒီ၊ ယုံပါတယ်"

"အေး ... အဲဒီကိစ္စက အခုဖြစ်နေတဲ့ကိစ္စထက်တောင် အန္တရာယ်ကြီးသွားပြီ၊ အခုကိစ္စက ဘာမှမဟုတ်ရင်တောင် ကိုယ့်မိန်းမကို အဲဒီလောက် အလွန်အကျူး ယုံကြည်မှုက မင်းကို အန္တရာယ်ပေးတော့မယ်"

"ဒက်ဒီ ... လင်နဲ့မယားဆိုတာ တစ်ယောက်ကိုတစ်ယောက် နားလည်မှု ယုံကြည်မှုနဲ့ ပေါင်းသင်းရတာပါ၊ အချစ်တစ်ခု တည်းနဲ့ ပေါင်းသင်းလို့ မရပါဘူး"

"အေး ... မင်းကပဲ ပြန်သင်စမ်းပါဦးကွာ"

"ကျွန်တော် ရိုးရိုးပြောတာပါ ဒက်ဒီ၊ ပြီးတော့ ပိုးနဲ့ ကျွန်တော့်အိမ်ထောင်သက်က တစ်နှစ်တောင် မပြည့်သေးပါ ဘူး၊ စိုးရိမ်ပူပန်ဖို့လည်း စောလွန်းပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... သတိဝိရိယဆိုတာ ပိုသွားတယ် စောသွားတယ် မရှိဘူး၊ မင်းနည်းနည်းပါးပါး ယောကျ်ားတစ်ယောက်လို တွေးစမ်းပါကွာ၊ မိန်းမစကားအတိုင်း လိုက်မတွေးစမ်းပါနဲ့"

"ကျွန်တော် စိတ်တောင်ညစ်လာပြီဗျာ"

"စိတ်ညစ်ဖို့လောက်လည်း မဟုတ်သေးဘူး"

"မဟုတ်ဘူး ... ဒက်ဒီ ဒီလိုသံသယတွေ ဖြစ်နေတာကို စိတ်ညစ်တာ"

"မင်းကို ငါ သေချာတဲ့ဟာတွေပဲပြောတာ၊ ဥပမာ ... ပိုးဖုန်းပြောအပြီး မင်းမေးတာကို လိမ်ပြောပြီးဖြေလိုက်တယ်ဆိုတာမျိုးပေါ့၊ အဲဒါ ငါ့နားနဲ့ဆတ်ဆတ်သေချာလို့ပြောတာ၊ ဟိုနေ့ကိစ္စဆိုရင် သူ့သူငယ်ချင်းဆီသွားတာ မဟုတ်ဘူးလို့ ထင်တဲ့အပြင် ဘယ်သူနဲ့ ချိန်းထားတာလို့တောင် ငါထင်တဲ့ အထင်ရှိပါတယ်၊ ဒါပေမဲ့ အထင်ပဲမို့လို့ မင်းကို ငါ မပြောပါဘူး သက်ဖုး"

"ကျွတ် ... ဒက်ဒီကလည်း၊ ပိုးက ဘယ်သူနဲ့ချိန်းရမှာလဲ"

"အဲဒါကို မင်းသိဖို့လိုတာ"

"ချိန်းတွေ့နေစရာ လူမှမရှိတာ"

"သက်ဖုး"

"........."





"ပိုးမှာ မင်းအရင်က ရည်းစားဦးရှိလား"

"မရှိဘူး"

ဦးနေထွတ်ညွန့်က လက်ဝါးနှစ်ဖက်ကို ဖြန့်မြှောက်ကာ ပခုံးတွန့်လိုက်ပါသည်။ သက်ဖုးက အဖေဖြစ်သူ အမူအရာကြောင့် သက်ပြင်းချသည်။ ဒက်ဒီအမူအရာက "ဘာပြောလို့ပြောရမှန်းတောင် မသိတော့ပါဘူး"ဆိုတဲ့ ပုံစံပါ။

"ရည်းစား တကယ်မရှိပါဘူး ဒက်ဒီရာ"

"သူပြောတာကိုပဲ ကြားရတာ လက်ခံရတာ မဟုတ်လား"

"ကျွန်တော်လည်း တွေ့နေတာပဲ"

"ဟော့ကောင် ... တွေ့နေတာက နောက်ပိုင်း နှစ်နှစ်သုံးနှစ်လေးလေး၊ ဒီအရင်က မင်း ဒီ ပိုးပုလဲဖွေးဥဆိုတဲ့ ကောင်မလေးတစ်ယောက် ကမ္ဘာပေါ်မှာ ရှိတာတောင် သိလို့လား၊ သူတောင်ရှိမှန်းမသိ မတွေ့ မမြင်ဖူးဘဲ နှစ်ပေါင်းများစွာနေခဲ့ရတာ မဟုတ်လား"

"ရည်းစားထားဖူးတာလောက်ကို ဖွင့်မပြောဘဲ ပိုးကဖွက်ထားပါ့မလား"

"ဒါ သူ့သဘောပဲလေ၊ အကြောင်းရှိမှာပေါ့"

"ဒက်ဒီတော့ ခက်နေပါပြီ၊ ဒီကိစ္စနဲ့ ဒက်ဒီနေမကောင်းဖြစ်မှာတောင် ကျွန်တော် စိုးရိမ်လာပြီ"

"သက်ဖုး ... ပိုးမှာ မင်းထက်အရင် ရည်းစားဦးရှိတယ်လို့ ငါထင်တယ်၊ ငါယူဆတယ်၊ ပြီးတော့ အဲဒီကောင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အခု ပိုးအနားကို ပြန်ချဉ်းကပ်လာဖို့ ကြိုးစားနေတယ်လို့ ငါ ယူဆတယ်”

“ဟင်း ...”

သက်ဖူးက သက်ပြင်းကြီး အသံမြည်အောင်ချပြီးမှ –

“ရည်းစားဟောင်းက အခု ယောက်ျားငုတ်တုတ်နဲ့မိန်းမ တစ်ယောက်ကို ဘာလုပ်ဖို့ ပြန်ချဉ်းကပ်ရမှာတုံး ဒက်ဒီ ရာ”

“ဟော့ကောင် ... ငါပြောလိုက်ရ ရိုင်းတော့မှာပဲ၊ လင်ငုတ် တုတ်နဲ့မိန်းမတွေ မယားငုတ်တုတ်နဲ့ယောက်ျားတွေကိုလည်း အကြောင်းအမျိုးမျိုးနဲ့ ချဉ်းကပ်တာတွေ ရှိနေလို့လည်း ဖောက်ပြန်ရေးတွေဆိုတာ ဖြစ်နေကြတာပေါ့ကွ၊ ဒါမလုပ် သင့်ဘူးဆိုတဲ့ သတ်မှတ်ချက်က သတ်မှတ်ချက်ပဲ၊ လုပ် ချင်တဲ့သူက သင့်သင့် မသင့်သင့် လုပ်မှာပဲ ဟော့ကောင် –

ဘာလုပ်ဖို့ချဉ်းကပ်တာလဲ ငါလည်း ဘယ်သိမလဲ ဒါပေမဲ့ မပြတ်နိုင်လို့ ငွေညှစ်ဖို့ ဘာဘာညာညာ အကြောင်း အမျိုးမျိုး ရှိနိုင်တာပေါ့”

“ငွေညှစ်ဖို့ ? ... ဟား၊ ဒက်ဒီ့ဟာက တဖြည်းဖြည်း စွပ် ချက်တွေ သံသယတွေက ကြီးထွားသထက် ကြီးထွားလာ ပြီဗျာ၊ ငွေညှစ်ရအောင် ပိုးက ဘာမသမာမှုတွေ ဘာပြစ် မကောင်းမှုတွေ လျှို့ဝှက်ကျူးလွန်ထားမှာမို့လဲ”

“အဲဒါ မင်း စဉ်းစားရမှာ၊ ငါ ဘယ်သိမလဲ”





“ခက်နေပါပြီ ဒက်ဒီရာ၊ ကျွန်တော် တစ်ခုပြောပါရစေ၊ ဒက်ဒီ အစိုးရိမ်လွန်နေပြီ၊ ဒက်ဒီ့မှာ မာမီ့ကြောင့် ဆိုက်ကို ဝင်ပြီး ကျန်ခဲ့ပြီ”

“ဟော့ကောင်၊ အဲဒီမိန်းမအကြောင်း စကားထဲထည့်မပြော နဲ့”

“စကားထဲထည့်မပြောနဲ့ဆိုရင် ဒက်ဒီလည်း အတွေးထဲထည့် ပြီး ယှဉ်ပြီး စဉ်းစားမနေနဲ့လေ”

“တောက် ... ငါ မင်းအတွက် စဉ်းစားနေတာကွ၊ နား လည်လား သက်ဖူး၊ မင်းအတွက် စိတ်ပူနေတာ”

“မလိုအပ်လို့ပါ ဒက်ဒီ၊ တကယ်မလိုသေးလို့ပါ၊ နောက် ဆယ်နှစ်လောက်မှ ဒက်ဒီ စိတ်ပူရင်တောင် ယုတ္တိရှိပါသေး တယ်ဗျာ”

“ဘယ်သူကမှတော့ ကိုယ့်အိမ်ထောင်ဖက်ကို သံသယမဝင် ချင်ဘူး၊ မကောင်းတာလည်း မလုပ်စေချင်ဘူး၊ ဖောက်ပြန်မှု ကျူးလွန်သွားမှာလည်း မကြိုက်ဘူး သက်ဖူး၊ ဒီလိုဖြစ်မယ် ထင်နေရင်လည်း ဒီအိမ်ထောင်ဖက်ကို ယူတောင်ယူနေမှာ မဟုတ်ဘူး၊ မင်းပြောသလို ယုံကြည်ချက် ယုံကြည်မှုနဲ့ ယူခဲ့ကြတာပဲ၊ မယုံကြည်ရပါလားဆိုတာ မယုံကြည်ရတော့ မှပဲ သိကြတာ၊ ကြိုမသိဘူး သက်ဖူး၊ အဲဒီကျ အားလုံး နောက်ကျသွားပြီ သား ...



www.burmeseclassic.com

www.burmeseclassic.com



မင်းမိန်းမကို မင်း ဘယ်လောက်ချစ်တယ်ဆိုတာ ဒက်ဒီ ကောင်းကောင်းကြီးသိနေလို့ ခုလို စိုးရိမ်ပေးနေတာ၊ ငါ နာကျင်ခဲ့ရသလို ငါ့သားလေး အလူးအလဲ မခံစားမနာကျင်ရစေချင်လို့ ဖြစ်နေတာ၊ ငါ အမြဲဆုတောင်းနေတာ အဲဒါပဲ"

"အဲဒါကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဒက်ဒီ့ စိုးရိမ်မှုက လွန်ကဲနေတယ်၊ ဘာမှမဟုတ်ဘဲ ဒီလောက် သံသယတွေ ကြိုထားနေရင် လူတစ်ဖက်သားမှာလည်း နစ်နာပါတယ် ဒက်ဒီ"

"မင်း နားဝေးလှချည်လား သက်ဖူးရာ၊ ခုချိန်မှာ နည်းနည်းလေးသတိပြုပြီး မင်းမိန်းမခြေလှမ်းတွေကို မျက်ခြည်မပြတ် စောင့်ကြည့်လိုက်ရင် မင်းမှာလည်း ဘာအရှုံးမှ မရှိပါဘူး"

သက်ဖူးက စိတ်ရှုပ်ထွေးစွာ သက်ပြင်းတစ်ချက်ချသည်။

"ဒက်ဒီ ပိုးနောက်ကို ရှဲဒိုးလိုက်ပြီး လိုက်ကြည့်တာလိုက် ချောင်းတာမျိုးတွေ ရှိလား"

ပိုးရဲ့သံသယကို ထုတ်မေးလိုက်မိသည်တွင် ဦးနေထွတ်ညွန့်က ပထမတော့ အံ့အားသင့်သွားပါသည်။ ထို့နောက်တော့ ရယ်မောလိုက်ရင်း ...





"ဟား ဟား ဟား ... ဒါ ပိုးဆီကထွက်တဲ့ စကားပေါ့ကွ၊ သူ သိတယ်ပေါ့"

"ဒါဖြင့် ဒက်ဒီ လိုက်တယ်ပေါ့"

"တစ်ခါတစ်ရံပေါ့ သက်ဖူးရာ၊ ခရီးသွားဟန်လွှဲပါ"

"ကျွတ် ... ဒက်ဒီကလည်းဗျာ၊ အဲလိုမလုပ်ပါနဲ့၊ လူတစ်ယောက်ရဲ့သိက္ခာကို လေးစားပြီး ဆက်ဆံပေးပါ"

"လေးစားစရာ ဂုဏ်သိက္ခာ ကိုယ်ကျင့်တရားတော့ ရှိအောင်နေပစေကွာ"

❖ ✦ ❖



www.burmeseclassic.com

www.burmeseclassic.com



၁၃

ပိုးအမေအတွက် သက်ဖူးဝယ်လာတဲ့ ပိုက်ဆံအိတ်ကြီးကို ပိုးက သဘောကျနေပါသည်။

"ကိုကိုက တော်တယ်တော့၊ အမျိုးသမီးပစ္စည်းလည်း ဝယ်တတ်တဲ့အပြင် လူကြီးနဲ့ထည်ဝါလိုက်ဖက်မယ့်ဟာလည်း ရွေးတတ်တယ်"

ပထမတော့ မေမေ့မွေးနေ့ကို Wish ပဲလုပ်လိုက်ပြီး လက်ဆောင်ပစ္စည်းကိုတော့ နောက် မေမေတို့အိမ်သွားဖြစ်တဲ့နေ့ကျမှ အေးအေးဆေးဆေး ဝယ်ပေးဖို့ပင်။ ဒါပေမဲ့ မေမေက ညနေဘက်ကို မိသားစုဒင်နာလေး အိမ်မှာလုပ်ဖို့ စီစဉ်တယ်ဆိုတာကြောင့် ကြားရက်ဖြစ်ပေမယ့် မွေးနေ့အပေါ် အတိအကျညနေမှာ မေမေတို့ဆီ သွားရပါမည်။

ပိုးက ကျောင်းမှာ။ ကျောင်းကအပြန်လည်း အဆင်ပြေချင်မှ ပြေတော့မှာမို့ သက်ဖူးထံ ဖုန်းဆက်ကာ နေ့လယ်မှာ





မေမေ့အတွက် မွေးနေ့လက်ဆောင်တစ်ခုခု ထွက်ဝယ်ထားပေးဖို့ မှာရသည်။ သက်ဖူး ဝယ်လာတဲ့အိတ်က ရှားရောင်ဖျော့ဖျော့လှလှကြီး ကြိုက်မည့် ဒီဇိုင်း။

"မေမေ ကြိုက်မှာသေချာတယ်"

"တော်ပါသေးရဲ့ မှန်သွားလို့"

"မှန်လွန်းလို့ သိပ်တောင်မကျေနပ်ချင်ဘူး"

"ဟင် ... ဘာလို့လဲ ပိုးကလည်း"

"အမျိုးသမီးပစ္စည်း ဘာလို့ဝယ်တတ်ရတာလဲ"

"ဩော် ... ပိုးကလည်း၊ ဝယ်တတ်တယ်တော့လည်း မဟုတ်ပါဘူးလေ"

"ကိုကို အရင်ကလည်း အမျိုးသမီးပစ္စည်းတွေ လက်ဆောင်ပေးဖို့ ဝယ်တတ်ပုံရတယ်။ ဟွန်း ...၊ ဝယ်ပေးနေကျမို့နေမှာပေါ့"

"ရော ... အပြစ်ကြီးလှချည်လား ပိုးရယ် ... ဟားဟား၊ ဒီလိုပဲ မေမေနဲ့လိုက်မယ်ထင်တာ ရွေးဝယ်လိုက်တာပါ၊ ဝယ်နေလည်း မကျပါဘူး ပိုးရယ်"

ပိုးက သူ့ကို ချစ်မျက်စောင်းကလေးနှင့် တုံ့ပြန်ပါသည်။ သက်ဖူးက ပိုးကို ချစ်စနိုးငဲ့ကြည့်ရင်း စိတ်ထဲမကောင်းသလို ဖြစ်မိသည်။ အပြစ်ကင်းစင်သော ပိုးကလေးကိုမှ ဒက်ဒီဘာကြောင့် အမြင်မကြည်လင်ရပါလိမ့်။ ဘာကြောင့် ရှာကြံသသင်ရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"အင်း ... ပိုး"

"ကိုကို ဒီရက်ပိုင်း မျက်နှာမကောင်းသလိုပဲ၊ တစ်ခုခုဖြစ်နေလားဟင်"

"ဘာမှမဖြစ်ပါဘူး ပိုးရဲ့"

"ဒက်ဒီကလည်း ခပ်တည်တည် ခပ်တန်းတန်းကြီးလိုပဲ၊ ဒက်ဒီနဲ့ရော တစ်ခုခု ဖြစ်ထားသေးလားဟင်"

"မဖြစ်ပါဘူး"

"မာမီ့ကို သွားတွေ့တာတွေ ဘာတွေများ ပြန်သိပြီး တင်းနေတာလားလို့"

"အဲလိုသိသွားလည်း ကောင်းတောင် ကောင်းသေးတယ်"

သက်ဖူးက ကိုယ့်အစီပွားယ်နှင့်ကိုယ် ပြောမိပါသည်။ ဟုတ်တယ်လေ။ ဟိုးတနင်္ဂနွေက မာမီဆီသွားမှန်း မသိဘဲ ဘယ်သူနဲ့ပဲ ချိန်းတွေ့သလိုလို၊ ဒက်ဒီက ပေါက်ကရတွေ တွေးနေတာ မဟုတ်လား။

မာမီ့ဆီသွားမှန်း သိသွားရင် တစ်မျိုးစိတ်တိုခံရမှာ ဖြစ်ပေမယ့် ဘာပဲဖြစ်ဖြစ် ပိုး သံသယမှတော့ ကင်းလွတ်ခံရဦးမည်လေ။

ကိုယ်တစ်ယောက်တည်း ဆိုရင်တောင် မာမီ့ကိုသွားတွေ့တာ သိရင်သိပစေ အဆူအအော်ခံရင် ခံရပစေ ချက်ချင်း





ပြောပစ်လိုက်ချင်တော့သည်။ အခုက ပိုးပါ ပါနေတော့ ဒက်ဒီ ဒေါသက နဂိုကမှ အလကားနေ အမြင်မကြည်တဲ့ ချွေးမအပေါ် သူ့သဘောထားဆန္ဒကို အာခံဆန့်ကျင်တယ်ဆိုပြီး မျက်မုန်းတွေ ပိုကျိုးနေမှာစိုးမိတာပါ။

"မာမီ မန္တလေးက ပြန်လာရင်လည်း သွားတွေ့ရဦးမှာ မဟုတ်လား၊ ဒက်ဒီ့ကို သွေးတိုးစမ်းပြီး နည်းနည်းပြော ကြည့်ပါလား ကိုကို"

"မာမီ့ကို သွားတွေ့ဖို့မပြောနဲ့ ဟိုတစ်နေ့က စကားထဲမှာ မာမီဆိုတာ တစ်လုံးလောက်ညပ်ပါမိလို့ ဒီမိန်းမအကြောင်း စကားထဲထည့်မပြောနဲ့ဆိုပြီး ဒေါ်တွေကန်နေလိုက်တာ ဆိုတာ"

"ဟင်း ... ဒက်ဒီကလည်းနော်၊ တစ်ယူသန်လိုက်တာ"

"တစ်ယူသန်တာတော့ မပြောနဲ့တော့ ပိုးရာ၊ ကိုယ့်အဖေ မို့ပဲ၊ တစ်ခါတစ်ခါကျ စကားပြောရ အရမ်းလက်ပေါက် ကပ်တာပဲ၊ ထိန်းပြောနေရတော့ စိတ်တောင်ကျဉ်းကျပ် တယ် ... တကယ်"

ပိုးက တွေးတွေးဆဆလေးနှင့် ...

"ကိုကိုနဲ့ ပိုးနဲ့ ယူပြီးမှများ နည်းနည်းပိုဆိုးလာတာလား၊ ဒက်ဒီက မိန်းမစိတ်နာပြီး ကိုကို့ကိုပါ မိန်းမမယူစေချင် တာများလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သက်ဖူးက ပိုးကို နှစ်သိမ့်ပြုံးပြရင်း ခေါင်းလေးကို အသာပွတ်လိုက်ပါသည်။ ကားကို ပိုးတို့မိဘအိမ် ခြံဝင်းထဲ မောင်းဝင်လိုက်လျှင် ပိုးတို့အမေရဲ့ညီမ မိသားစုဝင်တချို့အပြင် မြေးကလေးတွေပါ ရောက်နေကြက ခြံထဲ ဆူဆူညံညံပျော်ရွှင်မြူးနေကြပါပြီ။

စောသေးပေမယ့် မီးသွေးမီးကို အတန်းလိုက်ဖိုကာ ငါးတွေကို ဝါးညှပ်တွေနှင့် စ,ကင်နေပြီ။ အသားကင်မျိုးစုံနံ့က ခြံထဲမှာ မွှေးပျံ့သင်းသျှော်နေသည်။

"တီတီပိုး ... လာပြီ၊ တီတီပိုး လာပြီ"

"ဟေး"

"အမယ်လေး ... ချစ်တုံးလေးတွေ လာပါဦး တီတီ့ဆီ၊ ဘိုဘို လုံးလုံး ပုကော့ တာတီး ပုံ့လေး"

ပိုးက တူ,တူမဝမ်းကွဲလေးတွေနှင့် ပြေးဖက်ကာ ဝမ်းသာအယ်လဲ မြူးထူးနေပါသည်။ ပိုးရဲ့အပြစ်ကင်းစင်တဲ့ အမူအရာဟန်ပန်လေးတွေကို ပြုံးကြည့်ရင်း သက်ဖူးက ပေါ်တီကို အောက်မှာရှိနေတဲ့ ယောက္ခမထံသွားကာ ...

"မေမေ ... ဟက်ပီးဘသ်ဒေး၊ မေမေ့ဖို့လက်ဆောင်"

"ဟယ် ... ဘာများတုံး"

"အိတ် မေမေ၊ ကျွန်တော် ကောင်းမယ်ထင်တာ ရမ်းရွေးပြီး ဝယ်လာတာ၊ ပိုးကတော့ မေမေကြိုက်မယ် ပြောတာပဲ"





"ဟယ် ... ကြည့်စမ်း ကြိုက်တာပေါ့၊ ရှားရှားရောင်အနုလေး လှလိုက်တာ၊ ကြိုက်တယ်သားရေ ကြိုက်တယ်၊ ကျေးဇူးပဲ"

ပိုးတို့ရဲ့ဖတ်စ်ကာစင်တွေလည်း ရှိနေကြသည်။ သူတို့ အမျိုးအဆွေတစ်သိုက်က သိုက်သိုက်ဝန်းဝန်းကို ပျော်ပါးတတ်ကြတာ။

"ဦးနေထွတ်ညွှန့်ပါ ခေါ်လာတာမဟုတ်ဘူး၊ အိမ်မှာတစ်ယောက်တည်းကျန်ခဲ့ပြီး ညစာတစ်ယောက်တည်း ထီးထီးစားနေရမှာပေါ့၊ ဒီမှာဆို တရန်းရန်းနဲ့ ပျော်ရမှာ"

သူ့ဒက်ဒီက အဲဒီလို တရန်းရန်းကို နားငြီးမျက်စိနောက်တတ်တာ သက်ဖူးသာသိပြီး သူတို့မသိနိုင်ရှာပါ။ ဒက်ဒီကိုက အထီးကျန်ဆန်ဆန်ကြီး နေတတ်တာ။ ဒါကိုစဉ်းစားရင်းနဲ့မှ ဒက်ဒီတစ်ယောက် သူ အိမ်ထောင်ပြုပြီးနောက် တော်တော်များ အထီးကျန်ဆန်မှုကို ခံစားနေရမလားလို့ ဆက်တွေးမိပါသည်။

"ဖုန်းဆက်ခေါ်လိုက်ပါလား သားရေ၊ အေးအေးလူလူ ခဏနေမှ ထွက်ခဲ့ပေါ့လို့၊ ခုချိန်တော့ အကင်တွေလည်း မကျက်သေးတော့ ပူတာနဲ့ သျှော်တာနဲ့၊ အသားကင်တွေ ကျက်လောက်ရင် ခေါ်လိုက်ပါလား၊ ပျော်ရတာပေါ့"

"မခေါ်တော့ပါဘူး မေမေ၊ ဒက်ဒီက ဒီအကင်တွေလည်း သိပ်စားလို့မဖြစ်တာရယ်၊ ဒီရက်ပိုင်း နည်းနည်းလည်း နေမကောင်းသလို ဖြစ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ...၊ နေမကောင်းဘူးလား၊ နေသာရဲ့လား၊ ခုရော အိမ်မှာ ဟိုဒေါ်ချစ်ကြီးနဲ့ပဲ ဖြစ်ရဲ့လား၊ မတော် ဟိုတစ်ခါလို မူးပြုလဲနေဦးမယ်"

"အဲသလောက်တော့လည်း မဟုတ်ပါဘူး မေမေ"

"ဟိုတစ်ခါလည်း ဘာမှမဖြစ်နေတဲ့ အကောင်းကနေ လဲသွားတာပဲလေ၊ ဂရုစိုက်ကြနော် သားတို့၊ ပိုးကိုလည်း သူ့အဖေရော မေမေရော အမြဲတမ်းမှာတယ်၊ ယောက္ခထီး တစ်ယောက်တည်းရှိတာ ဂရုစိုက်ဖို့"

"ပိုးက ဂရုစိုက်ပါတယ် မေမေ"

"ချွေးမဆရာဝန်နဲ့ အတူတူနေရပြီး မကြာမကြာ နေမကောင်းဖြစ်နေရင် ညည်းပေါ့လျော့လို့ပဲလို့"

"နှလုံးသမားကတော့ သူဖြစ်ချင်တဲ့အချိန် ကောက်ကာငင်ကာ ထဖြစ်တတ်တာပါပဲ မေမေရယ်၊ ပြောလို့မရဘူးပေါ့"

"ဩော် ... ပိုးကတောင်ပြောတယ်၊ သားမာမီ ရောက်နေတယ်ဆို"

"ဟုတ်ကဲ့"

"ထမင်းတစ်ရက်လောက်တော့ ဖိတ်ကျွေးချင်တာ"

"ဟို ... မာမီကတော့ နည်းနည်းရက်ကျပ်တယ် မေမေ မန္တလေးမှာလည်း အလှူကိစ္စရော သူတို့အိမ်မြေကိစ္စရော ဆိုတော့ ကြာဦးမယ်၊ ပြန်ရက်မတိုင်ခင်လောက်မှ ရန်ကုန်





ပြန်လာပြီး တန်းပြန်မှာပါ၊ အဲဒါကြောင့် ထမင်းကျွေးဖို့တော့ သိပ်အဆင်ပြေမယ့် မထင်ဘူး မေမေ"

"အင်းလေ ... အဲလိုဆိုတော့လည်း မတတ်နိုင်ဘူးပေါ့ သားရယ်"

အိမ်မှာတင် ဆွေမျိုးတွေ ဝိုင်းဝန်းစုပေါင်းချက်ပြုတ်ကြတဲ့ ထမင်းကြော် ဆီးဖုတ်တဲ့ယမ်းဟင်းချို ဟင်းရွက်စုံဆလဒ် အကင်မျိုးစုံ အချိုရည်တွေ ဘီယာတွေနှင့် ညနေခင်းလေးက ပျော်ရွှင်စရာ ကောင်းလှပါသည်။

သက်ဖူးက ယောက်ဖဝမ်းကွဲများနှင့် ဘီယာဝိုင်း။ သက်ဖူးသည် ပိုးရဲ့အစ်ကိုဝမ်းကွဲ မောင်ဝမ်းကွဲ ယောက်ဖတွေနှင့်မှ ပိုပြီးရင်းနှီးသေးကာ ပိုးရဲ့အစ်ကိုအရင်းဖြစ်တဲ့ မင်းဝဏ္ဏဦးနဲ့တော့ သိပ်မရင်းနှီးလှပေ။ ဘာကြောင့် မရင်းနှီးရလဲ မတွေးဘတ်။ မင်းဝဏ္ဏဦးဟာလည်း သူ့ဟာနဲ့သူ ပျော်တတ်ရွှင်တတ်ရင်းနှီးတတ်တဲ့သူတစ်ဦးပါပင်။ တဟီးဟီး တဟားဟားနှင့် အသံကျယ်ကျယ် ကျယ်ကျယ်နှင့် ရယ်မောလန်းဆန်းနေတာပါပဲ။

သို့ပေမဲ့ ဟိုးအရင်ရည်းစားဘဝ အိမ်ရောက်ဖူးကတည်းက သက်ဖူးနှင့် တရင်းတနှီးမနေ။ ခပ်လှမ်းလှမ်းမှ ပြုံးပြယ်ပြ နှုတ်ဆက်ဆိုတာလောက်သာ။ သူကတော့ အစ်ကိုအရင်းဖြစ်နေလို့ပဲ သူ့အထာနဲ့သူ လေးစားအောင်နေတာပဲလားတော့ မသိပါ။ သက်ဖူးကလည်း တွေ့လျှင် နှုတ်ဆက်လိုက်ပြီး ကိုယ်နဲ့ အဖွဲ့ကျသူတွေနှင့်သာ ရောနှောနေလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သူလည်း ဘီယာသောက်တာပင်။ ဒါပေမဲ့ သက်ဖူးတို့ဝိုင်းထဲ လာမပါဝင်။ ဘီယာခွက်ကိုင်ကာ မတ်တတ် မတ်တတ်နှင့် ဟိုဝိုင်းကူးလိုက် ဒီဝိုင်းကူးလိုက်ကူးကာနေသည်။ ပိုးကတော့ ညီအစ်မတွေအုပ်ထဲတစ်လှည့် ကလေးတွေဆီတစ်လှည့်။

ယောက်ဖဝမ်းကွဲတွေနှင့် စကားတပြောပြောလုပ်နေရင်းက သက်ဖူးက နာရီတစ်ချက်ကြည့်လိုက်ပါသည်။ ကိုးနာရီကျော်ပြီ။ နေလို့ရသေးပေမယ့် အိမ်မှာ ဒက်ဒီတစ်ယောက်တည်း ဆိုတာ သတိရမိပါသည်။ အကြာကြီး တစ်ယောက်တည်းပစ်ထားသလို ဒက်ဒီ အထီးကျန်ခံစားနေရမှာကို မဖြစ်စေလိုပါ။

"ကိုသက်ဖူး ပြန်တော့မလား"

"ဟုတ်ကဲ့ ... အိမ်မှာလည်း ပြန်မရောက်မချင်း ဒက်ဒီ မျှော်နေမှာမို့ ခဏနေ ပြန်လိုက်တော့မယ်"

"မပိုးက အိမ်ပေါ်များ တက်သွားလား မသိဘူး၊ သွားရှာခေါ်ပေးရမလား ကိုသက်ဖူး"

"နေနေ ညီညီ၊ ကျွန်တော့်ဘာသာ တက်လိုက်ပါ့မယ်၊ ကျွန်တော်လည်း ရေချိုးခန်းဝင်ချင်လို့ပါ၊ အိမ်ပေါ်ရောက်မှ တွေ့မှာပဲ"

သက်ဖူးက ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။ ခြံထဲမရှိရင် အိမ်ထဲမှာပဲ ရှိမှာပေါ့။ ကိုယ်တိုင်လည်း





တကယ် အိမ်သာဝင်ချင်တာမို့ အိမ်ပေါ်တက်လာခဲ့ပါသည်။ ရေချိုးခန်းအိမ်သာ ဧည့်သည်သုံးက ထမင်းစားခန်းရဲ့ ကွေ့ချိုးလေးမှာရှိသည်။

ဧည့်ခန်းအဝမှာ ဖိနပ်ချွတ်အပြီး ဧည့်ခန်းမှတစ်ဆင့် ထမင်းစားခန်းဘက်သို့ ဝင်ဖို့အပြင် ...

"ကိုကိုကြီးနော် ... ပိုး ပြောရတာလည်း အာပေါက်လှပြီ"

"ဘာတွေလဲဟာ၊ နင်ကလည်း နားငြီးလိုက်တာ"

"နားငြီးမနေနဲ့၊ ပြောစရာရှိတာ ပြောရမှာပဲ၊ အဲဒါပြောချင်လို့ မျက်ရိပ်မျက်ခြည်နဲ့ ပြနေပါတယ် ဆိုနေမှ ကိုသက်ဖူးတို့ဝိုင်းနားပဲ တဝဲလည်လည် လှည့်ပတ်နေတယ်၊ တော်တော်နဲ့ လိုက်မလာဘူး"

"ဟာ ... ငါမှမမြင်တာ"

"ကဲပါ ... ပိုး ပြောတာပဲ နားထောင်၊ ဒါနောက်ဆုံးပဲ၊ ကိုဝင်းကိုကို,ကို ပိုးတို့နားရောက်မလာပါစေနဲ့၊ ဝေးဝေးမှာနေပါစေ"

"ဟာ ... နင့်ဆီလာတာမှ မဟုတ်တာ"

"ပိုးဆီလာလာ မလာလာ"

"နင်ကလည်း သည်းလွန်းတယ်၊ သူလာတော့ရော ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာတာ မကြိုက်ပါဘူးဆိုမှ လာတော့ဘာဖြစ်လဲ ပြန်မေးနေပြန်ပြီ၊ လာလို့ရမလား၊ သူ့ကို ကိုကို့နား လုံးဝမနီးကပ်လာစေချင်ဘူး"

"အင်းလေ ... နင်ပြောလို့ နင့်ယောက်ျားနဲ့ အလုပ်ဆက်စပ်ပြီး လာမလုပ်စေနဲ့ဆိုတာ ငါနားထောင်သားပဲ၊ သူ့ကို ပြောလိုက်တယ်လေ၊ သူလည်း ဆက်မသွားတော့ဘူးလေ၊ နင့်ယောက်ျားကလည်း နင်ပြောလို့မခန့်ဘူး၊ ပြီးပြီပဲ မဟုတ်လား"

"နောင် တခြားကိစ္စတွေလည်း လာမပတ်သက်စေနဲ့ ဖြစ်နိုင်ရင် မျက်စိအောက် တွေ့နေရတဲ့ နေရာမျိုး အဝန်းအဝိုင်းထဲကို ဝင်မလာနဲ့"

"ဟား ... နင်ကလည်း လွန်လွန်းတယ်"

"ဘာလွန်လို့လဲ၊ အနားရောက်လာရင် ကိုကိုနဲ့ တစ်နေ့မဟုတ်တစ်နေ့ ရင်းနီးခင်မင်သွားမှာပေါ့၊ အဲသလို တဖြည်းဖြည်းနဲ့ ပိုး ကိုကို့ကို မသိစေချင်တာတွေ ကိုကိုသိသွားလိမ့်မယ်"

သက်ဖူးသည် ရပ်နေလက်စ ခြေဖဝါးနှစ်ဖက်ကို ကြမ်းမှာ ပိရိနိုင်မာစွဲမြဲရင်း ပိုးရဲ့စကားကို အံ့အားတသင့် ဆက်နားစွင့်နေမိပါသည်။

"အေး ... အခု အဲဒါတွေ ပြီးသွားပြီ မဟုတ်လား"





"အလုပ်ကိစ္စတော့ ပြီးသွားတာပေါ့၊ ဒါပေမဲ့ တိုက်တိုက်ဆိုင်ဆိုင် သူနဲ့ ဟိုနားဒီနား ဆုံနေတွေ့နေတုန်းပဲ"

"နင်က မလွန်လွန်းဘူးလားဟာ ပိုး၊ ဟိုနားဒီနား မတော်တဆတွေ့တာဆုံတာအထိ မတွေ့မဆုံဖြစ်အောင် ငါက ဘယ်လိုလိုက်ရှောင်ခိုင်းရမှာလဲ၊ နင်ပြောပုံဆို ဝင်းကိုကိုကို အပြင်ထွက်မနေနဲ့တော့ဆိုပြီး သူ့အိမ်ထဲ အောင်းခိုင်းထားရတော့မလိုတောင် ဖြစ်နေပြီ"

"အိမ်တွင်းအောင်းဆိုလို့ ကမ္ဘာကြီးကလည်း သိပ်ကျဉ်းတာပဲ၊ အခု ကိုကို့အမေ ရန်ကုန်မှာတည်းတဲ့ ကိုကို့ကြီးတော်အိမ်ကလည်း အင်းလျားမြိုင်ထဲမှာ သူ့အိမ်နဲ့ တစ်အိမ်ကျော်တစ်ခြံကျော် ဖြစ်နေသေးတယ်"

"အဲဒါ ဘာတတ်နိုင်မှာလဲ ပိုး၊ သူ့ဟာသူ တိုက်ဆိုင်နီးစပ်နေတာကို ဘယ်လိုလုပ်ရမလဲ ... ပြော"

"အိမ်နီးနားချင်းဆိုပြီး ခင်လို့မင်လို့ စကားပြောဆိုမိရာကနေစပြီး ပိုး ဖုံးထားတာတွေ ကိုကို့နားထဲ ပြန်ပေါက်သွားတာမျိုး လုံးဝအဖြစ်မခံနိုင်ဘူး ကိုကိုကြီး၊ အဲဒါစကားကုန်ပဲ"

"နင် အဲဒီစကားကုန်ကို အရင်တစ်ခါလည်း ပြောပြီးသားလေ၊ အခု ဘာဖြစ်လို့ ထပ်ပြောနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝင်းကိုကို အခု ညီမလေး ကျူရှင်သွားတက်နေတဲ့ ဆရာကြီးရှိတဲ့လမ်းထဲမှာလည်း တွေ့တာနှစ်ခါရှိပြီ၊ သူ့ကို ကိုကိုကြီးမှာထားပေးပါ၊ နောက်တစ်ခါ လမ်းမှာ ပိုးနဲ့ မတော်တဆဆုံရင် သွားနှုတ်မဆက်နဲ့လို့"

"လာနှုတ်ဆက်မိရုံနဲ့ သက်ဖူးက ဘာတွေ သိသွားမှာမို့လဲ"

"နှုတ်ဆက်ရုံနဲ့တော့ မသိပေမယ့် ရင်းနှီးသွားရင် မကြာခင် ရိပ်မိစရာတွေ ဖြစ်လာမှာပေါ့၊ ဒီအကြောင်းတွေကို ပိုး လုံးဝလျှို့ဝှက်ထားတာ ကိုကိုကြီး၊ မတော်တဆပေါ်သွားရင် ပိုး အရှက်ကွဲမှာ သိက္ခာကျမှာ အဖြစ်မခံနိုင်ဘူး"

"ကျွတ်"

သက်ဖူးရဲ့ရင်ထဲတွင် ပူလောင်သော မီးညွှန့်တစ်ညွှန့် လာရောက်တောက်လောင်လေသည်။ နားထဲမှာလည်း ချက်ချင်း ဒက်ဒီပြောစကားတွေ ပြန်ပြီးပဲ့တင်ကြားယောင်လာပါသည်။

"... အခုဟာက မင်းမိန်းမက ယောကျ်ားတစ်ယောက်ကို ခင်မင်ထားပါရက်နဲ့ အကြောင်းတစ်ခုကြောင့်ဘာအကြောင်း ကြောင့်မှန်းမသိ သဘောမကျနိုင် ဖြစ်နေတာ၊ မင်းနဲ့နီးနီး နားနားမှာ အလုပ်တွဲမလုပ်စေချင်နေတာ ..."

.........





"မင်းမိန်းမက မင်းကို လျှို့ဝှက်ထားတာ ရှိတာကို မင်း စိတ်ထဲ ဘယ်လိုမှ မနေဘူးလား"

.........

ဒက်ဒီဟာ ဘာဖြစ်လို့ ဖြစ်နိုင်ချေရှိတာတွေကို ကြိုတင်မရိပ်မိရုံတမယ် စိတ်ထင့်ခဲ့တာပါလိမ့်။ ဒက်ဒီပြောတဲ့ အတွေ့အကြုံရင့်ကျက်မှုက စကားပြောသွားတာ ဖြစ်မှာပေါ့။ ဝင်းကိုကိုနှင့် အလုပ်တွဲမလုပ်စေလိုရခြင်း အကြောင်းရင်းမှာ တစ်စုံတစ်ရာ လျှို့ဝှက်လိုမှု ပါနေမည်ဆိုတာ ဒက်ဒီ ကြိုမြင်နေခဲ့သည်။

ကဲ ... အခု ဒက်ဒီ စိတ်ထင့်တဲ့အတိုင်းပဲလား။ တစ်ခုခုတော့ တစ်ခုခု ရှိနေခဲ့ပြီလေ။ ပိုးဟာ နောက်ကြောင်းတစ်စုံ တစ်ရာကို ဝင်းကိုကိုမှတစ်ဆင့် သူ သိသွားမှာ အကြီးအကျယ် စိုးရိမ်ခဲ့တာပဲ။ အဲဒီ လျှို့ဝှက်ကိစ္စဟာလည်း မတော်တဆ ပေါ် သွားရင် ပိုးအတွက် အရှက်ကွဲစရာ သိက္ခာကျစရာ ဆိုပါလား။

"နင် အရှက်မကွဲရ သိက္ခာမကျရအောင်ဆိုပြီး ဝင်းကိုကို က လူမြင်ကွင်းတောင် မထွက်တော့ဘဲ အိမ်ထဲအောင်းနေ ရတော့မလိုဘဲ၊ ဘယ်မှမသွားမလာဘဲ နေရတော့မလိုပဲ"

"ဟိုးတလောက နိုင်ငံခြားပဲ အပြီးသွားနေတော့မလိုလိုနဲ့၊ တစ်ခါတည်း အပြီးနေနေလိုက်တာ မဟုတ်ဘူး၊ သူ့ကိုတွေ့ ရင် ပိုး အရှမ်းစိတ်အနှောင့်အယှက် ဖြစ်ရတယ် ကိုကိုကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတထိတ်ထိတ်နဲ့ တလှပ်လှပ် ဖြစ်လာတယ်၊ ဘယ် အချက်မှာ ကိုကိုနဲ့ ဆုံသွားမလဲ၊ ကိုကို ဘယ်နည်းနဲ့ရှိ မိသွားမလဲလို့ ပူနေရတာ"

"နင် စိတ်မပူရအောင်ထိတော့ ငါလည်း ဘာမှလိုက်လုပ် မပေးနိုင်တော့ဘူး မိုမို"

"အိမ်ကယောက္ခမက အဲဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခု ရိပ်မိနေသလားတောင် မသိဘူး"

"အစိုးရယ်မရှိတာဟာ"

"ဘာလို့မရှိရမှာလဲ၊ တစ်ခုခု သံသယကို ဝင်နေတယ်"

"ဘာဖြစ်လို့လဲ၊ သံသယဝင်စရာ ဘာအကြောင်းရှိလို့လဲ"

"ဒက်ဒီက တအားဉာဏ်ပြေးတယ်၊ ဘယ်ကနေ ဘာ အကြောင်းရှိလို့လဲတော့ မိုးလည်းမသိဘူး၊ နည်းနည်း ဟိုချက် ဒီချက် လိုက်ချက်ချင်နေတာတော့ အမှန် ကိုကိုကြီး၊ မိုးယောက်ျားရော ယောက္ခမရောဆီမှာ စင်း ချော အမြင်နဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ရှိနေစေချင်တာ"

စင်းလုံးချော မြင်နိုင်အောင် ကိုယ်ကလည်း စင်း လုံးချောဖြစ်နေမှသာ ဖြစ်နိုင်မှာပေါ့ မိုး။ သက်ဖူးရင်ထဲ မကျ ပူပြင်းတဲ့ခံစားချက်တို့နှင့် ခိုးလိုးခုလု ဖြစ်လာရပါသည်။ ဒက်ဒီက ဉာဏ်ပြေးသတဲ့။ ကိုယ်လည်း ခုတော့ ဒါကိုလက်ခံ ဉာဏ်မပြေးသူက ကိုယ်သာ။ ကိုယ်သာ တုံးတဲ့သူ အ...





ဒက်ဒီ တဖွဖွပြောနေတာကိုတောင် သူက ဒက်ဒီအစိုးရိမ်ကြီးလွန်း ပိုလွန်းနေပြီလို့ စိတ်ရှုပ်ခဲ့မိသူ။

"နင်က မပတ်သက် မဆက်ဆံချင် ဖြစ်နေပေမယ့် သူ့ အမေကတောင် နင့်ကို သူ့အလှူ ရေစက်ချဖိတ်ခိုင်းထား သေးတယ်၊ '......'ကျောင်းမှာ မသွားရင် ကောင်းပါ့မလား၊ နင်နဲ့ အဘွားကြီးကလည်း ခင်နေတာလေ၊ အားလုံးသိ ကျွမ်းခင်မင်ကုန်တာကိုက နင့်ကြောင့်လေ၊ ဆယ်တန်းဖြေ ပြီး တရားစခန်းသွားဝင်လိုက်တာ အဘွားကြီးနဲ့ ခင်လာ လို့ နောက်ပိုင်း တစ်ဆင့်ပြီးတစ်ဆင့် သိကျွမ်းခင်မင်ကုန် တာ"

"သြော် ... မိုးအပြစ်ကျနေတာပဲ"

"နင်တို့ တရားစခန်းဝင်ခဲ့တဲ့ ကျောင်းမှာပဲ သူလှူထားတာ ရေစက်ချဖို့ရှိလို့ နင့်ကို မရ့ရအောင်ဖိတ်ပေးဆိုပြီး လှမ်း ပြောထားတာ"

"မသွားချင်ပါဘူး"

"မသွားချင်တော့ ကောင်းမလား။ နင် မင်္ဂလာဆောင်တော့ လည်း အဘွားကြီးက စိန်လက်စွပ်တောင် လက်ဖွဲ့ထားတာ၊ နင့်ကို ချစ်တဲ့ဟာ"

"ဟင်း ... စိတ်ညစ်တယ်၊ ဘယ်နေ့လဲ"

"နောက်အပတ်စနေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဧ။ဖ်သွားရိုက်ရင် ကောင်းမယ်၊ မသွားရင်တော့ သူ့ကိုမလိုက်နဲ့လို့ ဘယ်လိုပြောမလဲ၊ ပိုး တစ်ယောက်တည်း ဘယ်လိုလာမလဲ"

"ကိုယ့်ဟာကိုယ် ကြည့်ကျက်ပြောပေါ့"

"ခုဆို ပိုးကို ဒက်ဒီက အရမ်းစောင့်ကြည့်နေတယ်လို့ ခံစားနေရကာ"

"အဲလိုစောင့်ကြည့်စရာ ဘာအကြောင်းရှိတာမို့လို့လဲ"

"ပိုးလည်း မသိဘူးလေ"

"ကဲ ... အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ၊ နင်ကတော့ ဂျီမပဲ"

"အဲဒီ ကိုဝင်းကိုကို့ကို နောက် ပိုးနဲ့လမ်းမှာတွေ့ရင်တောင် လိုက်နှုတ်ဆက်မနေနဲ့လို့သာ ပြောထားလိုက်"

"ဒီလောက် လူရင်းချင်း မျက်နှာချင်းဆိုင်တွေ့တောင် မသိချင်ယောင်ဆောင်နေရမယ့် သဘောလား"

"ဟုတ်တယ်၊ အဲလိုသာ ပြောထားလိုက်"

"အဲဒါကျမှ ပိုတောင်မသင်္ကာစရာ ဖြစ်မလာနိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူး၊ ပိုးကလည်း သူက ကိုကိုကြီးသူငယ်ချင်းလို့ပဲ ပြောထားတာပါ။ ပိုးနဲ့လည်း ရင်းနှီးတယ်လို့တောင် မပြောထားပါဘူး၊ ပြီးတော့ သူ့ကို ကိုကိုပဲ မြင်ဖူးတာပါ ဒက်ဒီဆို မမြင်ဖူးပါဘူး"





ဝင်းကိုကိုဆိုတာ မှတ်ဆိတ်ပါးမြိုင်းတွေ ပုံသွင်းထားတဲ့သူလားလို့ ဒက်ဒီ မေးဖူးတာကို သက်ဖူး သတိရလိုက်မိပါသည်။ ဒက်ဒီ သေချာသိတာပဲ။ ဒါကြောင့် မေးတာကိုး။ ပိုးနဲ့တွဲဖက်ပြီး မြင်ဖူးလိုက်တယ် ထင်ပါရဲ့။

သက်ဖူး ရင်ထဲတွင် အမျိုးအမည် မဖော်ပြတတ်သော ခံစားချက်တစ်ခုနှင့် တင်းကျပ်ကျပ် ဖြစ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ကိုကို"

"ဟင်"

သက်ဖူးက ဖတ်နေတဲ့စာအုပ်မှ မျက်စိမခွာဘဲ ထူး လိုက်ပါသည်။

"ခုရက်ပိုင်း ဘာဖြစ်နေလဲဟင်"

"ဘာမှမဖြစ်ပါဘူး ပိုးရဲ့"

"ပိုးကို စိတ်ဆိုးနေတာရှိလား"

"မရှိပါဘူး၊ ပိုးက ဘာစိတ်ဆိုးစရာလုပ်လို့လဲ"

"သိဘူးလေ၊ ပိုးကို သိပ်ဟက်ဟက်ပက်ပက် စကားမပြော သလို ခံစားရလို့၊ စကားနည်းနေလားလို့"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ပိုးက ကိုကို့မျက်နှာကို အရိပ်ကြည့်နေ တာ၊ အမြဲအကဲခတ်နေတာ"





ဘာလို့များ အကဲခတ်နေတာလဲ ပိုး၊ လျှို့ဝှက်ချက် ရှိသူမို့ သူ သိနေပြီလား ပေါ်သွားတော့မလားဆိုတဲ့ စိတ်အထင့် နဲ့ အမြဲမပြတ် အကဲခတ်နေတာလား။

"ကိုယ် အလုပ်ကိစ္စ ခေါင်းရှုပ်ချင်စရာလေးတွေ ရှိလို့ပါ"

"အင်း ... အလုပ်ကိစ္စဆိုတော့ ပိုးလည်း ဘာမှကူညီပေးလို့ မရဘူးနော်၊ ဘာမှနားမလည်တော့ ယောကျ်ားအလုပ်မှာ တစ်ဖက်တစ်လမ်း မကူနိုင်ဘူး ဖြစ်နေတယ်"

"မလိုပါဘူး ပိုးရယ်၊ ပိုးလည်း ပိုးအလုပ်နဲ့ပိုးပဲ၊ ပိုးအလုပ် လည်း ကိုယ် ကူနိုင်တာမှ မဟုတ်ဘဲ"

"ကိုကို့အလုပ်တော့ ပိုးက ကူနိုင်ချင်တာ"

သက်ဖူးက မနေနိုင်တော့ဘဲ တီတီတာတာ ပြောနေ တဲ့ ပိုးဘက် ပြုံးလှည့်ကြည့်ကာ ပိုးနှာခေါင်းလေးကို ဆွဲညှစ်လိုက် မိပါသည်။ ပိုးရယ် ... မင်းကို ငါသိပ်ချစ်တာလေ။ စင်းလုံးချော အပြစ်ကင်းစင်တဲ့ သူကလေးလို့ပဲ ထင်မှတ်ခဲ့တာ။ ခုလည်း မင်း ကို အပြစ်မကင်းဘူးလို့ ကိုယ် မပြောရက်သေးပါဘူး ပိုးရယ်။ လျှို့ဝှက်ချက်ကိုသာ ဘာလဲဆိုတာ ရင်ထဲအဖုအထစ် ခုခံသလို ဖြစ်နေတာပါ။

ဝင်းကိုကိုနဲ့ မင်း ချစ်ကြိုက်ပတ်သက်ခဲ့ဖူးတာမျိုး ဆိုရင်လည်း ကိုယ် မင်းကိုခွင့်လွှတ်မှာပါ။ အပြစ်မြင်မှာမဟုတ် ပါဘူး။ ဒါပေမဲ့ ဒါလောက်တော့ မင်း ဖွင့်ပြောသင့်တာပေါ့။ ဒီထက်ပိုတဲ့ လျှို့ဝှက်ချက်များ ဘယ်လိုဟာမျိုးရှိနေသေးပါလိမ့် ဆိုပြီး ရင်ထဲလေးပင်နေမိတာ။



www.burmeseclassic.com

www.burmeseclassic.com



ဂ်ခေါင်းရှုပ်စရာ အရမ်းပြဿနာကြီးဘာဟင်"

"အင်း ... အဲသလောက်ကြီးလည်း မဟုတ်ပါဘူး"

"တွေ့သင့်တွေ့ထိုက်တဲ့ သူတွေနဲ့တွေ့ပြီး ဖြေရှင်းညှိနှိုင်းရမှာ မဟုတ်လား ကိုကိုရဲ့"

"အင်းပေါ့ ... ဒါပေါ့"

"ဒီစနေတနင်္ဂနွေ ကိုကို ဂေါ့ဖ်သွားရိုက်ဦးမလား"

သက်ဖူးက အနည်းငယ် တောင့်တင်းမှုပျက်မိတဲ့ ကိုယ့်ကိုယ်ကိုယ် မနည်းဟန်မပျက်အောင် အမူအရာ ပြင်ရသည်။ သူကလည်း ဟန်ဆောင်ခြင်းကို မကျွမ်းကျင်။

"ပိုး ကိစ္စရှိလို့လား"

"ဟိုလေ ... မေးကြည့်တာပါ၊ အလုပ်ကိစ္စ ပြောဆိုညှိနှိုင်းစရာလေးတွေရှိရင် ကိုကိုတို့ ဂေါ့ဖ်ကွင်းမှာ တွေ့ကြတယ် မဟုတ်လား"

"အခြေအနေ ကြည့်ရဦးမှာပါ၊ စနေ တနင်္ဂနွေ ပိုး သွားစရာရှိလို့လား၊ ပိုး သွားစရာရှိရင်တော့ ဂေါ့ဖ်ကွင်းမသွားတော့ဘူး"

"အို ... မရှိပါဘူး၊ ကိုကိုကလည်း ပိုးသွားစရာရှိရင်လည်း ကိုကို့ဟာက အရေးကြီးတဲ့အလုပ်ကိစ္စဟာကို၊ ဦးစားပေးပြီး သွားရမှာပေါ့၊ ကိုကို့ဟာကိုကို သွားပါ၊ ပိုးသွားစရာရှိရင်လည်း ကိုကို့ကို မခေါ်လည်းရတာပဲ"

သက်ဖူးက ပိုးကို စိုက်ကြည့်ရင်း ...





"ပိုးက သွားစရာရှိတာလား၊ မရှိတာလား"

ပိုးက မျက်လွှာလေးချလိုက်ရင်း ...

"အရေးတကြီးလိုမျိုးတော့ မရှိပါဘူး၊ ဒါပေမဲ့ ကိုကို ဂေါ့ဖ်ကွင်းသွားမယ်ဆိုရင်တော့ ပိုးလည်း အားနေတဲ့တူတူလေ သူငယ်ချင်းတစ်ယောက်အလှူဆီ ခဏသွားရင် သွားမယ်၊ မသွားလည်းရတယ်"

"ချိန်းထားပြီးသားလား"

"မချိန်းထားရသေးပါဘူး ကိုကိုရဲ့"

"စနေလား တနင်္ဂနွေလား"

"စနေနေ့"

သက်ဖူးက သက်ပြင်းကျိတ်ရှိုက်လိုက်ပါသည်။ ချိန်းမထားဘူးဆိုပြီး ထောက်မေးလိုက်တော့ စနေနေ့တဲ့။ သူ့ဟာနဲ့သူ သတိမမူ စိတ်စောပြီး ချိန်းမထားဘူးဆိုတဲ့နေ့ကို "စနေ"လို့ ဖြေလိုက်မိတာကိုလည်း ပိုး သူ့ဘာသာ သတိမပြုမိပါ။

"အင်းလေ ... ကိုကိုမရှိလို့ ပိုး ပျင်းမနေဘူး သွားစရာလည်း ရှိလို့ အတော်ပဲဆိုရင်တော့ ကိုကိုလည်း ဂေါ့ဖ်သွားရိုက်လိုက်မယ်လေ"

"သွားလိုက်လေ ကိုကိုရဲ့၊ သွားလိုက်ပါ။ လိုအပ်တဲ့သူတွေနဲ့ ဒီလိုပဲ မကြာမကြာလေး တွေ့ဆုံစကားလေး ဘာလေး ပြော ခင်ခင်မင်မင်နေပေါ့၊ အရေးရှိမှ ထ,အကူအညီတောင်းရတာထက်စာရင် ရင်းနှီးလက်စနဲ့မှာ ကိုယ့်ကိစ္စကို အကူညီတောင်းရတာက ပိုချောမွေ့တာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိခင်ကတည်းက ရင်းနှီးထားတာ ကောင်းတယ်လေ၊ တစ်ပတ်နှစ်ရက်လုံး မဟုတ်တောင် တစ်ရက်လောက် ဒါမှမဟုတ် တစ်လမှာ နှစ်ရက်လောက်ပဲဖြစ်ဖြစ်တော့ ဂေါ့ဖ်ကွင်းသွားဖြစ်အောင်လုပ်ပါ ကိုကိုရဲ့၊ ခင်မင်ရင်းနှီးမှုလေးရှိထားမှ အလုပ်လုပ်ရတာ အဆင်ပြေချောမွေ့မှာလေ"

တခြားမိန်းမတွေများ ကိုယ့်ယောကျ်ား ဂေါ့ဖ်သွားရိုက်တယ်ဆိုရင် ဂေါ့ဖ်ခွဲမှာစိုးရ အားရက်တစ်နေကုန် အပြင်ထွက်ကျင့်ခွဲမှာစိုးရ၊ ကယ်ဒီကိုခွဲမှာစိုးရနှင့် သိပ်ပြီးကြိုက်ချင်ကြတာမဟုတ်။ ပိုးကျမှပဲ သွားဖြစ်အောင်သွားပါနှင့် တွန်းတောင်လွှတ်နေတော့တာ။

သက်ဖူးက စနီးစနောင့် အင့်ထောင့်ထောင့်နှင့် ဖတ်လက်စစာအုပ်ကို စိတ်မပါစွာ ပိတ်ပစ်လိုက်တော့ရင်း ဘာမှဆက်မပြောတော့ဘဲ အိပ်ဖို့ပြင်လိုက်ပါသည်။

❢ ✦ ❢





ဦးနေထွတ်ညွန့်က လေ့ကားမှ ကိုယ်ရောင်ကိုယ်ဝါ တောက်ပလင်းလက်စွာ ဆင်းသက်လာသော ပိုးကိုမော့ကြည့်လိုက်ပါသည်။

ပွဲလမ်းသွားမလို့ အထူးလုပစွာ ပြင်ဆင်ကာ လက်ဝတ်ရတနာတွေပါ တောက်ပြောင်စွာ ဆင်ယင်ထားတော့ ပိုပြီးဝင့်ထည် တင့်တယ်နေပါသည်။

အင်း ... အတော်လုပတဲ့ချွေးမ။ လျှို့ဝှက်ချက်နှင့်ကလည်း ဖြစ်ပြန်တော့ ငါ့သားခမျာ စားအသင့်သွေးထားရမယ့်ပုံလား မသိတော့ပါဘူး။

"ဒက်ဒီ အပြင်သွားစရာရှိလားဟင်"

"မရှိပါဘူး"

ရှိတယ် ပြောလိုက်ရကောင်းသား။ ခုချိန်မှာကျမှ တက္ကစီလှမ်းဖုန်းဆက်ခေါ်လည်း ပိုးထွက်သွားမယ်နောက် မမီလောက်တော့ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ပိုး အလှူတစ်ခု ခဏသွားလိုက်ပါဦးမယ် ဒက်ဒီ၊ သိပ်မကြာပါဘူး၊ ကားယူသွားမယ်နော်"

"အင်း … အလှူ ဟုတ်လား၊ အလှူဆိုတော့ သက်ဖူးနဲ့ တူတူမသွားဘူးလား"

"ကိုကိုက ဂေါ့ဖ်သွားရိုက်တယ်ဆိုတော့ ပိုးကမခေါ်တော့တာပါ ဒက်ဒီ"

"အလှူက ဘယ်သူ့အလှူလဲ"

"ကိုကိုကြီး သူငယ်ချင်းအမေရဲ့အလှူပါ"

"ကိုကိုကြီး … သူငယ်ချင်း … အမေ …"

ဦးနေထွတ်ညွှန့်က တစ်လုံးချင်းခွဲကာ ပဲ့တင်ထပ်လိုက်ပြီး မျက်လုံးပင့်ကာ ကြည့်တာမို့ ပိုးကအနည်းငယ်စိတ်ညစ်သွားမိကာ …

"ဒက်ဒီ သွားစရာရှိရင် သမီး ကားမယူတော့ဘူးလေ၊ တက္ကစီပဲ ငှားသွားလိုက်ပါ့မယ်"

ဘယ်လိုပဲဖြစ်ဖြစ် သွားမှာပဲမို့ ဦးနေထွတ်ညွှန့်က ခေါင်းယမ်းရင်း …

"ဒက်ဒီသွားစရာ ဘာမှမရှိပါဘူး၊ ယူသွား … ယူသွား၊ ကားယူသွားပါ"

"ဟုတ်ကဲ့"





ပိုးက စကားမဆက်တော့ဘဲ ခပ်သွက်သွက်လေး ထွက်သွားလိုက်ပါသည်။ ပိုး အိမ်ပြင်ရောက်မှ ကားလှမ်းငှားနေလည်း တက္ကစီရောက်လာမှာနှင့် ပိုးရဲ့ကားနောက်လိုက်ဖို့ မမိနိုင်တော့တာမို့ ဦးနေထွတ်ညွှန့်က မကြိုးပမ်းတော့ပါ။ ဖတ်နေ ကဲ့ News week စာအုပ်ကို ဘေးချကာ ခပ်ငူငူ ငေးနေမိသည်။

ဖြစ်နိုင်တာက ဝင်းကိုကိုအမေရဲ့အလှူပေါ့။ အတိတ်က ဇာတ်ကြောင်းရှိခဲ့လည်းပဲ ခုနောက်ပိုင်း အဆက်အသွယ်မလုပ်ဘဲ ရပ်ဆိုင်းလိုက်ရပေါ့။ ဘာကြောင့် ဟိုကောင့်အမေအလှူကိုမသွားဘဲ မနေဝံ့ရတာလဲ။ ဟိုကောင်ကပဲ တစ်စုံတစ်ရာအကျပ်ကိုင် ခြိမ်းခြောက်ထားလေသလား။

ခြိမ်းခြောက်စရာရော ဘယ်လိုဇာတ်ကြောင်းမျိုးများ ရှိထားလဲ။ ဦးနေထွတ်ညွှန့်ရဲ့ အတွေးတွေဟာ တစ်ရစ်ချင်း တစ်ဆင့်ချင်းတက်ကာ ပိုပြီးရင်မောစရာ ဖြစ်လာပါသည်။

"တီ … တီ"

"ဟော"

ကားဟွန်းသံကြောင့် ဦးနေထွတ်ညွှန့် ခေါင်းထောင်ကာ အံ့အားသင့်သွားရသည်။ ဒါ သက်ဖူးကား ဟွန်းသံပဲ။ ခုမှ ဆယ်နာရီ။ ဟိုမှာ ရိုက်ကောင်းတုန်းရှိရမယ့်အချိန် ဘာဖြစ်ပါလိမ့်။

သူ့ကိုနတ်များ နှိုးဆော်သလား။ သူ မရှိခိုက် သူ့ခိန်းမ အပြင်ထွက်သွားတာနဲ့ ကြုံကြိုက်ရအောင် နတ်ကအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖန်နှီးဆော်လွှတ်လိုက်တာလား။ ခါတိုင်း သူ အပြင်ကပြန်လာရင် သူ့မိန်းမရှိမယ့်အချိန်ဆို ခုလိုပဲ သူ့မိန်းမထွက်လာအောင် ဟွန်းသံပေးနေကျ။

ဟွန်းသံပေးမနေနဲ့ဟော့၊ မင်းမိန်းမ မရှိဘူး။

ဦးနေထွတ်ညွှန့်က တံခါးဝမှ ဝင်လာမည့် သက်ဖူးကို ဆီးကြိုစောင့်ကြည့်နေလိုက်ပါသည်။ မှန်ချပ်တံခါးကို လက်ကိုင်ဘုလှည့်ကာ ဖွင့်ဝင်လာတဲ့ သက်ဖူးမျက်နှာက စိတ်ရှုပ်ထွေးနေပုံပင်။

"မင်းမိန်းမ မရှိဘူး သက်ဖူး၊ ခုနပဲ အပြင်သွားတယ်"

သက်ဖူးက ဘာမှမပြောဘဲ ဧည့်ခန်းထဲက ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ဒက်ဒီ့ကို ဘာမှမပြောဘဲ ဟန်မပျက်နေရကောင်းမလား၊ ရင်ဖွင့်ပြီးပြောရကောင်းမလား။ ပြောရမှာလည်း ရှက်သလိုလို ဝန်လေးနေပါသည်။ မနေ့ညကအထိ ပိုးက သူ့ကိုမသွားဘူး သွားမယ် အတိအကျ ပြောတာမဟုတ်ပါ။ သွားမယ်လိုလို မသွားဘူးလိုလို ဇဝေဇဝါ မရေမရာနှင့် မသေချာ။

"သား ... သက်ဖူး"

"........."

"မင်း တစ်ခုခု အဆင်မပြေလာသလား သား"

"........."

"ဂေါ့ဖ်ကွင်းမှာ ပြဿနာတစ်ခုခု ရှိခဲ့လို့လား"





ဦးနေထွတ်ညွှန့်က ချွေးမကိစ္စကိုမေ့ပြီး မျက်နှာမှုရာ ထူးခြားလှတဲ့ သက်ဖူးအတွက်ပဲ စိတ်တွေပူပန်လာကာ တစ်ခွန်းပြီး တစ်ခွန်း မေးခွန်းထုတ်မိသည်။

"ဒက်ဒီ"

"ဟော"

"ပိုး သွားတာ ကြာပြီလား"

"နာရီဝက်မရှိတရှိပေါ့၊ ဘာဖြစ်လို့လဲ"

"အလှူလို့ ပြောလား"

"အေး ... အလှူတဲ့၊ ဒါက ထားစမ်းပါ၊ မင်းဘာဖြစ်လာတာလဲ ငါ အရင်သိချင်တာ၊ မင်း တစ်ခုခုဖြစ်နေတယ်၊ ဂေါ့ဖ်ကွင်းမှာများ ..."

"ဂေါ့ဖ်ကွင်းမှာ ဘာမှမဖြစ်ပါဘူး ဒက်ဒီ၊ ဒီနေ့ ဂေါ့ဖ်လည်းမရိုက်ဖြစ်ပါဘူး၊ ကွင်းထဲတော့ ရောက်တယ်၊ ခဏထိုင်ပြီး စဉ်းစားနေတာ၊ ပြီးတော့ ပြန်လာတယ်၊ ဒါပဲ၊ ဘယ်သူနဲ့မှလဲ ဘာပြဿနာမှ မရှိပါဘူး"

"ဒါဖြင့် မင်းက ..."

"တမင် အပြင်ထွက်လိုက်တာပါ"

သက်ဖူးရဲ့စကားအသွားအလာကြောင့် တစ်စုံတစ်ရာ ရိပ်မိကာ ဦးနေထွတ်ညွှန့် ရင်ထဲဒိတ်ခနဲ ဖြစ်သွားပါသည်။ သက်ဖူး မျက်နှာကိုလည်း မျက်တောင်မခတ် စေ့စေ့ကြည့်ကာ သက်ဖူးပြောမည့်စကားကို အာရုံစိုက် နားစွင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ... ဒီနေ့ ပိုးက ဝင်းကိုကိုအမေရဲ့အလှူကိုသွားတာ"

"ဟေ"

ဦးနေထွတ်ညွန့်တ မျက်ခုံးပင့်သွားပြီး ...

"မင်း သိတယ် ... ဟုတ်လား"

"သိတယ် ဒက်ဒီ"

"မင်း ဘယ်လိုလုပ်သိလဲ"

"ပိုးနဲ့ ကိုဝဏ္ဏ စကားပြောနေတာကို ကျွန်တော် မတော်တဆ ကြားလိုက်တာ"

"ဟင်"

သူ ကြားခဲ့ဖူးတဲ့ စကားမျိုးတွေ ဆင်ဆင်တူကို သက်ဖူး ကြားခဲ့ရပြီပေါ့။ ဦးနေထွတ်ညွန့်က စိတ်စောစောနှင့် ရှေ့ကို ခါးကိုင်းနေမိရာမှ ဆိုဖာကျောမှီကို ခြေပစ်လက်ပစ်မှီလိုက်ပါသည်။ သူ့သားကိုလည်း သူ ကရုဏာသက်သွားမိလေသည်။

ဖြစ်မှဖြစ်ရလေ သားရယ်။

ကိုယ့်ဇနီးကိုယ် သံသယဝင်ရတဲ့ ခံစားချက်ရင်ကို ဘယ်လောက်တောင် ပြင်းပြနှိပ်စက်တယ်ဆိုတာ သူ သိတာပေါ့။ အံ့သြခြင်း တုန်လှုပ်ခြင်း ကြေကွဲခြင်း ကူကယ်ရာမဲ့ခြင်း ဝမ်းနည်းခြင်း ဒေါသဖြစ်ခြင်း မခံချိမခံသာဖြစ်ခြင်းတွေက ရင်ခွင်တစ်ခုလုံး ကလီစာတစ်ခွေလုံးကို မီးလောင်တိုက်သွင်းရသလို ဖြစ်စေတာ။





"ဒက်ဒီ"

"ဟေ"

"ပိုးက ဝင်းကိုကိုနဲ့ သူ တစ်ခုခုပတ်သက်တာကို ဘာဖြစ်လို့ ကျွန်တော့်ကိုဖုံးထားချင်တာလဲ၊ အရင်ရည်းစားဟောင်းရှိတာဟာ အပြစ်တစ်ခုမှ မဟုတ်တာ"

"အင်း"

"ခုဟာက အပြစ်တစ်ခုကို ဖုံးထားသလို ဖုံးကွယ်နေတာ"

"အင်း"

သူပြောချင်တဲ့ စကားတွေပေမယ့် သားက ကိုယ်တိုင်ပြောနေတော့ မီးလောင်ရာလေပင့် မြှောက်ထိုးပင့်ကော်ရာကျအောင် စကားတောင် ဝင်မထောက်ရဲပါ။

"အဲဒီတော့ ရည်းစားဟောင်းရှိဖူးတာထက်ကြီးတဲ့ အပြစ်တစ်ခုခု သူ့မှာရှိတယ်ဆိုတဲ့ သဘောလား"

"ဒါကတော့ မင်းကို သူက ရည်းစားမထားဖူးပါဘူးလို့ ပြောထားမိလျက်သား ဖြစ်နေပြီဆိုတော့ ခုမှ ရည်းစားရှိခဲ့ဖူးပါတယ်လို့ ပြန်ပြင်မပြောရဲတော့တာမျိုးလည်းပဲ ဖြစ်နိုင်ပါတယ်လေ"

သူကပင်ပြန်ပြီး နှစ်သိမ့်ပြောဆိုနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းကိုကို့ကို ကျွန်တော်နဲ့ကို မဆုံစေချင် မတွေ့စေချင် စကားမပြောစေချင် မရင်းနှီးစေချင် မပတ်သက်စေချင်တာ သူ လျှို့ဝှက်ထားတာတွေ ပေါ်ကုန်မှာပေါ့၊ သူ အရှက်တွဲ မှာပေါ့လို့ ကိုဝဏ္ဏကို ပြောနေတာ ကျွန်တော်ကိုယ်တိုင် ကြားနေခဲ့ရတာ"

အင်း ... ငါလည်း ကြားခဲ့တာပဲ သား။

အဲဒါကြောင့်လည်း စိတ်ထဲ စနိုးစနောင့်ထင့်ပြီး သံသယစိတ်တွေ တဖွားဖွားပေါ်ပေါက်ခဲ့တာပေါ့ သားရယ်။

"ဒက်ဒီ"

"ဟော"

"ကျွန်တော့်ကို အမှန်အတိုင်းပြောပါ၊ ဒက်ဒီ ပိုးနဲ့ဝင်းကို ကိုတွဲပြီး တွေ့ဖူးခဲ့လား"

"တွဲပြီးတော့တော့ မတွေ့ဖူးပါဘူး သား၊ ဒါပေမဲ့ မိုး ကျူးရှင်တက်တဲ့လမ်းထဲမှာ ပိုးကျူးရှင်ဆင်းချိန်မှာ ဒီကောင် က ဆေးဆိုင်လေးတစ်ခုကနေ ပိုးကျူးရှင်အဆင်းကိုစော နေပုံရပြီး ပိုးကဆင်းလာတော့ ဒီကောင်ရှိတဲ့ဆိုင်ကလေး ကိုသွားပြီး အဲ ... သူတို့နှစ်ယောက် စကားပြောဆိုကြ တော့ ငါ မြင်ဖူးတယ် သက်ဖူး၊ နောက်တစ်ခါက ...

ဟိုတစ်ခါ မင်း ဂေါ့ဖ်ကွင်းသွားတုန်း သူ အပြင် ထွက်သွားပါရောလား၊ အဲဒီတုန်းက ပိုးနောက်က ဒက်



လိုက်သွားခဲ့တယ်၊ ကားကို အင်းလျားမြိုင်ထဲရောက်မှ မျက်ခြည်ပြတ်သွားလို့ လိုက်ရှာနေတုန်း ဒီကောင် ဝင်း ကိုကိုကားနဲ့ ခေါင်းချင်းဆိုင်တိုးမလို ဖြစ်ခဲ့တယ် ...

သူတို့နှစ်ယောက် အဲဒီနားတစ်ဝိုက်မှာများ ချိန်း တွေ့ကြတာလားလို့တော့ ငါ တွေးမိတယ်၊ ဒါကတော့ မျက်စိနဲ့တပ်အပ်မြင်တာသိတာ မဟုတ်ပါဘူး"

အဲဒီတုန်းကတော့ မာမီဆီ ပိုးတကယ်သွားခဲ့တာပါ။ သူတောင် ညဘက် မာမီထံ ဖုန်းဆက်သတင်းမေးသေးတာပဲ။ သို့ပေမယ့် မာမီဆီလည်းသွားရင်း ဟိုကောင်ကိုလည်း ချိန်းတယ် ဆိုရင်ကော။

ဟင့်အင်း ... မဖြစ်နိုင်ပါဘူး။ သူ ပိုးကို အဲဒီလို မိန်းကလေးမျိုးလို့ ဘယ်လိုနည်းနဲ့မှ မထင်နိုင်ပါဘူး။ ပိုးမှာ အကယ်ပဲ မရိုးသားတဲ့ ပြစ်မှုတစ်ခုရှိခဲ့တယ် ဆိုရင်တော့ ပိုးဟာ ထင်မှတ်ရလောက်အောင် ဟန်ဆောင်ကောင်းလှတဲ့ သူတစ် ယောက်ပဲ။ ပိုးမျက်နှာလေးရဲ့ အပြစ်ကင်းစင်ပုံက သူမတူအောင် ပဲလေ။ သက်ဖူး မတွေးတတ်တော့ပါ။

"ဒက်ဒီ"

"ဟော"

သက်ဖူး တစ်ခါခေါ်လျှင် သူ့မှာ ထိတ်ခနဲ ထိတ် ခနဲ ဖြစ်ဖြစ်နေရပါသည်။

www.burmeseclassic.com



"ကျွန်တော် အခု ပိုးနောက် လိုက်သွားရင်ကောင်းလား မကောင်းဘူးလား"

"ဘယ်ကိုလိုက်ရမလဲ မင်း သိလို့လား သက်ဖူးရ"

"သိတယ် ဒက်ဒီ၊ သူ့အစ်ကိုနဲ့ ပြောနေတာ ကြားထား တာပဲဟာ၊ ဘယ်ဘုန်းကြီးကျောင်းလဲ ကျွန်တော် သိ တယ်"

"ဟာ ... သိရင်တော့ လိုက်သွားပေါ့ကွ၊ အကဲခတ်ပေ သိရက်သားနဲ့မှ သံသယလည်း ရှိးတိုးရိတ်တိတ်ရှိရက်သား နဲ့မှ မင်းလိုက်အကဲမခတ်မိခဲ့ဘူးဆိုရင် နောင်တစ်ချိန်ဒီ အခွင့်အရေး မရတော့တဲ့အခါကျမှ နောင်တတွေရနေရ ပေါ့။ တစ်ခုပဲရှိတယ်၊ မင်း စိတ်တော့ထိန်းနိုင်ရမယ်"

သက်ဖူးက သက်ပြင်းချလိုက်မိပါသည်။ သူ ထိန်းနိုင်မလား။ ထိန်းနိုင်မှာပါ။ မကြွံဖူးလို့ အပ်ချမတ်ချ မ နိုင်ပေမယ့် သူက ရန်းရင်းဆန်ခတ်မှုကို လိုလားသူမှ မဟု ဘဲ။

"နောက်ရှိသေးတယ်၊ မင်း ကြိုးစားထားရမယ်၊ ဘယ်အ အနေအထိကို ခွင့်လွှတ်နိုင်မယ်၊ ဘယ်အခြေအနေအထ ခွင့်မလွှတ်နိုင်ဘူးဆိုတာ"

"အရင်က ဘာဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်အထိ ဘယ်လော ဖြစ်ခဲ့ ကျွန်တော် ခွင့်လွှတ်မယ် ဒက်ဒီ"





"အင်း"

"ကျွန်တော်နဲ့ လက်ထပ်ပြီးနောက်ပိုင်း သူတို့ရဲ့ဆက်ဆံမှု ပတ်သက်မှု တွေ့ဆုံမှုတွေမှာ မရိုးသားရိုပ် တွေ့ရင်တော့ ခွင့်မလွှတ်ဘူး ဒက်ဒီ"

"ခွင့်မလွှတ်ဘူး ဆိုတာက"

"ဆက်မပေါင်းတော့ဘူး၊ ကျွန်တော်နဲ့ လက်ထပ်ပြီးမှ မကင်းမရှင်း ဆိုရင်တော့ ဒါဟာဖောက်ပြန်တဲ့သဘော တရားပါသွားပြီလေ၊ ခွင့်လွှတ်လိုက်တယ်ပဲထား၊ နောင် တစ်ချိန်အတွက် ဘယ်တော့မှ စိတ်ချနိုင်တော့မှာ မဟုတ် ဘူး ဒက်ဒီ၊ အခုနေမှာ ကျွန်တော်တို့မှာ ကလေးလည်းမရှိ သေးဘူး၊ သားသမီးရပြီးမှ တစ်ခုခု ဆုံးဖြတ်ရမယ်ဆိုရင် ဒီထက်အများကြီး ခက်ခဲကြေကွဲဖို့ကောင်းမှာ ဒက်ဒီ"

"အင်း ..."

"ဒါပေမဲ့"

"အင်း ..."

"ကျွန်တော် ခုချိန်ထိ ပိုးကိုယုံကြည်ချင်နေတုန်းပဲ၊ ယုံနေ တုန်းပဲ၊ အရင်က ဘာဖြစ်ဖြစ် ခုချိန်မှာတော့ ကျွန်တော့် အပေါ် သူလုပ်ရက်မှာမဟုတ်ပါဘူး ဆိုတာကိုရော သူ့ရဲ့ ဂုဏ်သိက္ခာကိုရော ကျွန်တော် ယုံနေတုန်းပဲ ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေထွတ်ညွန့် ဘာစကားမှ မပြောနိုင်ဘဲ ရင်ထဲ အတော်ဆို့နင့်ကာ စိတ်မကောင်းနိုင်အောင် ရှိလှပါသည်။ ဟုတ်တာပေါ့။ အရမ်းကို ယုံကြည်ချင်တာ။ မယုံရတဲ့အဖြစ်ကို လက်ခံရမှာကို သေလုအောင် ကြောက်ခဲ့တာပါ။

"အင်းပေါ့၊ ကိုယ့်ဘက်က ဘာမှလဲ သေချာရေရာတာ မဟုတ်သေးဘူးပဲဆိုတော့ သား ယုံကြည်မှုမပျက်ပါနဲ့ဦး၊ တော်ကြာ ဘာမဟုတ်တာနဲ့ တစ်ယောက်နဲ့တစ်ယောက် ပြဿနာတက်နေရပါဦးမယ်၊ ခေါင်းအေးအေးနဲ့စောင့်ကြည့်ပါဦး"

သူကိုယ်တိုင် စိတ်ထဲ နိုးလိုးခုလုထင်ရတဲ့ ချွေးမကို သားဖြစ်သူ မသေမချာ ရမ်းသမ်းအပြစ်ရှာမိမှာစိုး၍ သူပဲပြန်ဖျောင်းဖျရပါသေးသည်။

"ဒက်ဒီကလည်း ဘာပဲဖြစ်ဖြစ်တော့ ကျွန်တော် မသိစေချင်တဲ့ လျှို့ဝှက်ထားတာ တစ်ခုခုကတော့ သူနဲ့ဝင်းကိုကို ကြားမှာ ရှိကိုရှိနေပြီလေ၊ ဒါတော့ သေချာကိုယ်တိုင်ကြားထားတာပဲဟာ၊ ကျွန်တော်ကိုယ်တိုင် ကြားတာပါ၊ ဒက်ဒီ မယုံဘူးလား"

"ယုံပါတယ်"

ငါလည်း ကြားဖူးပါတယ် ...ကိုတော့ ပြောဖို့လည်း မလိုအပ်တော့၍ မျိုချထားလိုက်ပါတော့သည်။ စိတ်တွေလည်း ဆင်းရဲမိပါသည်။





"ကျွန်တော် လိုက်သွားဦးမယ်"

"ငါလည်း လိုက်ခဲ့မယ်"

"အာ ... ဒက်ဒီမလိုက်ပါနဲ့၊ မလိုပါဘူး"

"လိုလို့လိုက်တာ မဟုတ်ပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် ဘေးမှာ အဖော်တစ်ယောက်ပါတော့ မင်းလည်း သိပ်သွေးမဆူလောက်ဘူး၊ သွေးဆူရင်တောင် ငါ ထိန်းပေးလို့ရတယ်"

"ကျွန်တော် ဘာမှမဖြစ်စေရပါဘူး ဒက်ဒီ၊ ကျွန်တော်က ရန်းရင်းဆန်ခတ် ဖြေရှင်းတတ်တဲ့သူ မဟုတ်ပါဘူး"

"အေးပါ ... ဒက်ဒီ သိပါတယ်၊ ဒါပေမဲ့ လိုက်ခဲ့မယ်"

နောက်ဆုံးတော့ သားအဖနှစ်ယောက်သား ထွက်လာခဲ့ကြပါသည်။ အဲဒီ ဘုန်းကြီးကျောင်းဝင်းကြီးက ကျယ်ပြောလှကာ ဆွမ်းစားဆောင်တွေကလည်း တစ်ပြိုင်နက် အလှူသုံးခုလောက် လက်ခံလုပ်နေနိုင်အောင် ဟိုတစ်ဆောင် ဒီတစ်ဆောင်။ အခုလည်း အလှူတွေပြိုင်တူရှိနေပုံရကာ ဝင်းကြီးထဲမှာလည်း ဟိုနား ဒီနား ကားတွေက အလျှိုလျှိုရပ်နားထားတာ ရှုပ်ယှက်ကျပ်တောက်နေသည်။

"ဟိုမှာ ... ဟိုမှာ ... ငါ့ကား"

ကားပါကင်နေရာကိုကြည့်၍ အဲဒီဘက်က ခန်းမဆောင်ဖြစ်မယ်ဆိုတာ မှန်းနိုင်သည်။ သက်ဖူးက သူ့ကားကို ဒီဘက်ခန်းမဆောင်တစ်ခုနံဘေး ကားရပ်နားကွက်ရဲ့ကုန်းထိပ်နား



www.burmeseclassic.com

www.burmeseclassic.com



မှာရပ်လိုက်ပါသည်။ စတီယာရင်ပေါ် ကဲတောင်ထောက်၍ မေးစေ့ကို လက်ဖဝါးနှင့်အုပ်ကိုင်ကာ ငေးမျှော်စိုက်ကြည့်နေတဲ့ သက်ဖူးရဲ့နံဘေးခုံမှာထိုင်ရင်း ဦးနေထွတ်ညွန့် ရင်ထဲ မောတောတော ကျပ်တပ်တပ် ဖြစ်လာသည်။

မဖြစ်ပါစေနဲ့ လွဲပါစေ၊ ဖယ်ပါစေ။

ချွေးမလေးရဲ့လျှို့ဝှက်ကိစ္စဟာ ငါ့သားလေးရင်ကွဲရမည့်ကိစ္စမျိုးမဖြစ်ဘဲ တခြားဖြစ်ချင်ရာကိစ္စတစ်ခုခု ဖြစ်စမ်းပါစေ။ ချွေးမလေးဟာ သားအပေါ် သစ္စာရှိတဲ့ ဖြူစင်ရိုးသားတဲ့ ဇနီးကောင်းဖြစ်ပါစေ။

တစ်ချိန်လုံး သံသယမျက်လုံးမျိုးနှင့်သာ အကဲခတ်ဖို့ ထက်သန်ခဲ့သော ဦးနေထွတ်ညွန့်က အခုလို သားဖြစ်သူကပါ သံသယနှင့် စိတ်အနှောင့်အယှက် ဖြစ်လာပြီဆိုတော့ သားဖြစ်သူရဲ့စိတ်ကို လျှော့ပေးလိုတဲ့ဆန္ဒသာ ရှိပါတော့သည်။ သားက မိန်းမကို ယုံကြည်လွန်နေတယ်ထင်ကာ သူက ကြားဝင်မျက်စိဒေါက်ထောက်ကြည့်မိပေမယ့် သားဖြစ်သူဘက်က သွေးပူလှုပ်ရှားလာတော့လည်း ဒီအဖြစ်အပျက်ကို မဖြစ်စေချင်တော့ပြန်။

တစ်နေရာလေးမှာ တွေ့လွဲလွဲပြီး အထင်အမြင်တိမ်းစောင်းမှားယွင်းမိတာမျိုးသာ ဖြစ်ပါစေတော့။

"ဒက်ဒီ ဝင်ပေါက်ဝကလူက ဝင်းကိုကိုပဲ"

"အေး ... ဒက်ဒီ သိပါတယ်၊ မြင်ဖူးပါတယ်"





"ဟော ... ပိုးထွက်လာပြီ"

ပိုးရဲ့နောက်က ပိုးရဲ့အစ်ကို မင်းဝဏ္ဏဦးပါ ပါလာပါသည်။ ဝင်ပေါက်ဝမှာရပ်ကာ နှုတ်ဆက်နေကြတဲ့ မြင်ကွင်းထဲ ပိုးက မျက်နှာခပ်တင်းတင်းနှင့်ပင် ဝင်းကိုကို့ကို သေချာမကြည့်။ ဝင်းကိုကိုကတော့ ပိုးကို မျက်နှာချိုသွေးစကား ပြောဆိုပါသည်။

"သား ... လောလောဆယ် အနေအထားမှာတော့ ဒီကောင့်အပေါ် ပိုး လုံးဝ ဘာစိတ်မှမရှိပါဘူး၊ သေချာပါတယ်၊ အရင်ကသာ တစ်ခုခုပတ်သက်ရင် ပတ်သက်မယ်၊ အခုချိန်မှာတော့ ပိုးပုံစံက မတတ်သာလို့ ဆက်ဆံနေရတာမှန်း သိသာပါတယ် သား"

သက်ဖူးက သက်ပြင်းတစ်ချက်ချကာ ထွက်သွားတဲ့ ပိုးရဲ့ကားကို ငေးကြည့်နေပါသည်။



www.burmeseclassic.com

## ၁၅

"ဟယ် ... အန်တီလည်း ပါလာတယ်၊ အန်တီ ခဏဆင်းပါဦး"

ပိုးရဲ့အသံချိုချိုစာစာလေးက အိမ်ရှေ့ပေါ်တီကိုအောက်က ထွက်ပေါ်လာသည်။ အဲဒီနောက် အိမ်ထဲပါလာတဲ့ ညည်သည်သားအမိကို သက်ဖူးက ကွန်ပျူတာခန်းထဲက ထွက်လာကာ သူပါရောကြိုဆိုလိုက်ပါသည်။

"ကိုကို ... ညိုသွေးတော့ ကိုကို သိတယ်၊ ဒါ ညိုသွေးမေမေလေ၊ အန်တီချိုတဲ့၊ မေမေ့သူငယ်ချင်းပဲ"

"ကိုယ် မှတ်မိပါတယ်၊ မင်္ဂလာဆောင်တုန်းက လာတာပဲလေ၊ အန်တီနဲ့ တွေ့ဖူးတာပဲ"

"အန်တီ နေကောင်းတယ်နော်"

"အေး ... ကောင်းတယ် သမီး"





ညိုသွေးက လက်ထဲကချိုင့်ကို ထမင်းစားခန်းဝကဒေါ်ချစ်ကြီးလက်ထဲပေးရင်း ...

"အုန်းနို့ခေါက်ဆွဲ လာပို့တာ ပိုး"

"ဟယ် ... တကူးတက လာပို့နေသေးတယ်၊ ဘာအတွက်ချက်တာလဲ အန်တီ၊ အန်တီချို့ အုန်းနို့ခေါက်ဆွဲမစားရတာတောင် ကြာနေပြီ၊ ပျော်စရာကြီး"

"တနင်္ဂနွေနေ့မို့လို့ ဒီလိုပဲ ချက်လိုက်တာပါ၊ အန်ကယ့်ဆရာသမားတစ်ယောက်ကလည်း တစ်ခါစားဖူးပြီးတော့အန်တီ့အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုတာနဲ့လေ၊ သူတို့ကိုလည်းချက်ပို့ရင်း၊ သူတို့အိမ်က ဒီကနှစ်ခြံကျော်လေသမီး"

"ဪ"

"မေမေက အဲဒီအိမ်သွားပို့မယ်ဆိုတော့ ငါကလည်း ပိုးတို့အိမ်ပါ ဝင်ပို့ဦးမယ်ဆိုပြီး ချိုင့်လေးကောက်ထည့်ပြီး အကျႌတောင်မလဲဘဲ ထ,လိုက်လာတာဟဲ့"

"ဒီမှာ ခြံချင်းလည်းနီးနေတော့ သမီးလည်းကြိုက်မှာသိလို့သာ လာပို့လိုက်နိုင်တာ၊ သမီးအမေဆီတောင် မပို့ဖြစ်တော့ဘူး"

"မပို့ဖြစ်တာပဲကောင်းတယ် အန်တီ၊ မေမေ မနေ့ကတောင်သွေးတိုးနေတာနဲ့ အလှူတစ်ခုကို လာဖို့ဟာ လိုက်မလာနိုင်ဘူး၊ ကိုကိုကြီးပဲ လာတယ်"

www.burmeseclassic.com



"ခြော် ... မနေ့က ဒေါ်ဝင်းမာခင် အလှူလား၊ အန်တီလည်း မအားတာနဲ့ မရောက်ဖြစ်လိုက်ဘူး၊ ညိုသွေးတို့ညီအစ်မကို သွားလိုက်ပါဆိုတာ အမေမပါလို့တဲ့ မသွားကြဘူး၊ ကလေးတွေကျနေတာပဲ၊ ပိုးတို့တောင်ရောက်တယ်တွေ့လား၊ ညိုသွေးရေ"

"အို ... မေမေကလည်း၊ ပိုးက လင်မယားစုံတွဲသွားမှာ မကြောင်ဘူး"

"ဟင် ... ဒါဖြင့် ညည်းလည်း မြန်မြန်ယောကျ်ားယူပြီး လင်မယားစုံတွဲသွားပေါ့ ... အဟင်း ဟင်း"

အန်တီချို့စကားကြောင့် အားလုံး ရယ်မောကြရကာ သက်ဖူးက ...

"ကျွန်တော် မပါပါဘူး ညိုသွေး၊ ပိုးပဲသွားတာပါ၊ ပိုးက ကျွန်တော့်ကို မခေါ်ဘူးဗျ၊ အဲဒီအလှူကို"

တမင်တကာ ဝင်ပြောချလိုက်သော သက်ဖူးစကားကြောင့် အားလုံးက ကြောင်တက်တက် ဖြစ်သွားပါသည်။ ဘာအဓိပ္ပာယ် ဘာရည်ရွယ်ချက်နှင့် ပြောတာမျိုးပါလိမ့်ဆိုတာ ဘယ်သူမှ နားမလည်။ ပိုးကတော့ သက်ဖူးကို စောဒကတက်သော အကြည့်လေးနှင့် ...

"ကိုကို ဂေါ့ဖ်သွားရိုက်ဖို့ရှိတာမို့လို့ မခေါ်တာလေ"

"အဲဒါ ဘယ်သူ့အလှူလဲ၊ ပိုးသူငယ်ချင်းက ညိုသွေးနဲ့လည်း ခင်တာပေါ့ ... ဟုတ်လား"





ညိုသွေးတို့သားအမိက သက်ဖူး ဘာကြောင့်မေးနေသလဲ နားမလည်။ ပိုးကတော့ နှစ်ယောက်ချင်းတုန်းက မမေးဘဲ လူစိမ်းတွေရှေ့ကျမှ လာမေးနေတဲ့ သက်ဖူး အပြုအမူကို အံ့အားလည်းသင့် မလုံမလဲလည်း ဖြစ်မိကာ ...

"မေမေရော ... အန်တီချိုရော ... အန်တီဝင်းရော ခင်ကြတယ်လေ၊ သားသမီးတွေချင်းပါ ခင်ကြတာလေ၊ ဘာဖြစ်လို့လဲ ကိုကို"

"ညိုသွေးလည်း ကိုဝင်းကိုကိုနဲ့ပါ ခင်တာပေါ့"

ညိုသွေးတို့သားအမိက သက်ဖူးကိုတစ်လှည့် ပိုးကိုတစ်လှည့် နားမလည်သလို ကြည့်နေကြပါသည်။ သက်ဖူးမေးနေပုံကတစ်မျိုးပဲလို့လည်း တွေးမိနေတုန်း ပိုးကတော့ မျက်နှာလေးကွက်ခနဲ ပျက်သွားရပါသည်။ ပိုးထံမှ အဖြေစကားထွက်မလာ၍ သက်ဖူးမေးခွန်း တန်းလန်းကြီးကို ညိုသွေးကဝင်ကာ ...

"ဟင်အင်း ကိုသက်ဖူး၊ ညိုသွေးကတော့ ကိုဝင်းကိုကိုနဲ့ မခင်ပါဘူး၊ မေမေနဲ့ ဒေါ်ဝင်းမာခင်နဲ့ ခင်တာမို့လို့ပါ၊ သိတော့ သိတယ် မခင်ဘူးပေါ့၊ ပိုးကတော့ သူ့အစ်ကို သူငယ်ချင်းဆိုတော့ ခင်တယ်ထင်တယ် ... နော် ပိုး"

"ငါနဲ့လည်း သူနဲ့မခင်ပါဘူးဟာ"

တစ်မျိုးလေး ဖြစ်နေသလို အခြေအနေကို ညိုသွေးတို့သားအမိက ဘာကြောင့်ရယ် မသိပေမယ့် တစ်ခုခုပဲလို့တော့



www.burmeseclassic.com

www.burmeseclassic.com



ရိပ်စားမိကြကာ ဒေါ်ချစ်ကြီး ချိုင့်ယူလာသည်နှင့် ညိုသွေးက ထိုင်ရာက ထ,ရပ်ရင်း ...

"ပြန်လိုက်ဦးမယ် ပိုး၊ ဟိုဘက်အိမ်က ခုမှဝင်ရမှာ၊ မေမေ သိပ်အကြာကြီးမနေနဲ့နော်၊ သမီးက အိမ်နေရင်း ပုံကြီးနဲ့"

သူ့အမေလက်ကိုပါ ဆွဲထ,စေကာ သားအမိနှစ်ယောက်သား သက်ဖူးတို့ကို နှုတ်ဆက်၍ ပြန်ကြလေသည်။ အိမ်ထဲပြန်ဝင်လာတဲ့ ပိုးကို သက်ဖူးက လှမ်းကြည့်နေရင်း ...

"ညိုသွေးက ကိုဝင်းကိုကိုနဲ့ မခင်ဘူးပေါ့၊ ဟုတ်လား"

"အင်း ... မခင်ဘူး"

ပိုးက သက်ဖူးကို တအံ့တသြကြည့်ရင်း ...

"ကိုကို ဘာဖြစ်လို့ ကိုဝင်းကိုကို့ကို စိတ်ဝင်တစားရှိနေတာလဲ၊ ပြီးတော့ ဧည့်သည်တွေရှေ့မှာရော ဘာတွေမေးနေတာလဲ"

"ပိုးက မနေ့ကအလှူ ကိုဝင်းကိုကိုတို့အလှူလို့ ဘာဖြစ်လို့ မပြောတာလဲ"

"မပြောဖြစ်လိုက်တာပါ၊ တကယ်ကလည်း သူ့အမေအလှူပဲဟာ၊ သူ့အမေနဲ့ ပိုးနဲ့က အရင်ဆုံးခင်ကြတာ၊ ပိုးဆယ်တန်းဖြေပြီး တရားစခန်းဝင်ရင်း ခင်တာပါ၊ ခုလည်းသူ့အမေက ပိုးကိုဖိတ်တာပါ"





"ဒါပေမဲ့ ကိုဝင်းကိုကို့ကို ကိုယ်သိနေတာပဲ၊ သူတို့အလှူဆိုတာ ပုံမှန်ဆိုရင် ပိုး ကိုယ့်ကိုပြောရမှာပေါ့"

"ပုံမှန်ဆိုရင် ပြောရမှာပေါ့ ဆိုတာက ဘာအဓိပ္ပာယ်လဲ ကိုကိုရဲ့၊ အခုဟာက ပုံမှန်မဟုတ်ဘူးလို့ ကိုကိုကပြောချင်နေတာလား"

"ကိုယ် ဘာမှမပြောချင်ပါဘူး၊ ပိုးက ကိုယ့်ကိုပြောရမှာပါ"

ပိုးက သက်ဖူးကို စိုက်ကြည့်အကဲခတ်နေပါသည်။ ကိုကို ဘာဖြစ်နေတာလဲ။ ကိုကို့ပုံစံဟာ တစ်စုံတစ်ရာကို မတင်မကျ သံသယဝင်တဲ့ပုံ။ ထိုအသိက ပိုးကို တုန်လည်းတုန်လှုပ်စေကာ ကသိကအောက်လည်း ဖြစ်စေသည်။

"ကိုကို ဘာသိချင်တာလဲ"

"ကိုဝင်းကိုကိုနဲ့ ခင်လားမေးတော့ ညိုသွေးမျက်နှာကလည်း မခင်ဘူးဆိုပေမယ့် တစ်မျိုးပဲ၊ တစ်ခုခုရှိနေသလိုပဲ"

"ကိုကို"

ပိုးမျက်နှာလေးက စိတ်မကောင်းဖြစ်သလို နွမ်းညှိုးရင်း ...

"ကိုကို ဘာတွေသံသယဝင်နေတာလဲဟင်၊ ကိုကို တစ်ခုခုကို သံသယဖြစ်နေပုံပဲ"

"ကိုယ် မသိရတာတွေကို သိချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မသိရတာတွေထဲမှာ ဘာမှသံသယဖြစ်စရာတွေလဲ မရှိပါဘူး ကိုကို၊ ညိုသွေးက ကိုဝင်းကိုကို့ကို ကိုကိုကြီးသူငယ်ချင်းအဖြစ် သိထားပါတယ်၊ ဒါလောက်ပါပဲ"

"ဒါလောက်နဲ့ ဘာဖြစ်လို့ မျက်နှာအမူအရာ တစ်မျိုးဖြစ်တာလဲ"

"ကိုကိုကြီးသူငယ်ချင်းဆိုတာနဲ့တင် သူတစ်မျိုးဖြစ်တာပါ"

"ဘာဆိုင်လို့လဲ ပိုး"

"ကိုကိုကြီးနဲ့ပတ်သက်တဲ့ စကားတစ်ခုခုဆိုရင် ညိုသွေးတစ်မျိုးလေး ဖြစ်နေကျပါ၊ ညိုသွေးနဲ့ ကိုကိုကြီးကို ဟိုးခပ်စောစောက အမေချင်း သဘောတူပြီး စပ်ဟပ်စေ့စပ်ဖူးတယ်၊ ဒါပေမဲ့ သူတို့ချင်း လက်မတွဲဖြစ်ခဲ့ဘူး၊ ညိုသွေးက ကိုကိုကြီးကိုသံယောဇဉ်ရှိခဲ့တယ်၊ ကိုကိုကြီးက ညိုသွေးကို မချစ်ဘူး၊ အဲဒီကိစ္စ ပျက်ခဲ့တယ်၊ ကိုကိုကြီးက ငြင်းခဲ့တယ်လေ၊ အဲဒါကြောင့် ညိုသွေးက ကိုကိုကြီးနဲ့ပတ်သက်တဲ့ အကြောင်းအရာတစ်ခုခု ပြောဖြစ်တိုင်း အဲသလိုလေးပဲ တစ်မျိုးလေး ဖြစ်ဖြစ်သွားတတ်တယ်၊ အဲဒါအကုန်ပဲ"

"ဪ ... ကိုဝဏ္ဏက ညိုသွေးကိုငြင်းခဲ့ဖူးတယ် ဟုတ်လား၊ ကိုဝဏ္ဏက ချစ်သူရှိလို့လား၊ မရှိဘူး မဟုတ်လား"

"ကိုကိုကြီးက ညိုသွေးကို မချစ်ဘူး၊ လက်မခံနိုင်ဘူး"

"ကဲပါလေ ... ထားပါတော့ ညိုသွေးကိစ္စက၊ ကိုဝင်းကိုကို့ကိုရော ပိုးနဲ့လူကြီးတွေ သဘောတူခဲ့ကြဖူးတာလား"





"ဘာဆိုင်လို့လဲ ကိုကို၊ အဲလိုအတွေးမျိုး ဘာဖြစ်လို့တွေးမိရတာလဲ၊ အဲလိုဖြစ်ခဲ့ဖူးရင် ကိုကို့ဆီ ကိုဝင်းကိုကို အလုပ်ကိစ္စနဲ့ ရောက်လာကတည်းက အဲဒီအကြောင်း ပိုးစကားစပ်ပြီး ပြောမှာပေါ့"

"မသိဘူးလေ၊ ပိုးမှာ ကိုဝင်းကိုကို့ကို သဘောမကျတဲ့ အကြောင်းတစ်ခုခု ရှိတယ်လို့ ပိုးပဲပြောထားတာကိုး"

"ဟုတ်တယ် သဘောမကျဘူး၊ ဒီထက်ပြောစရာမရှိဘူး"

"ပိုး"

ပိုးက အခံရခက်နေတဲ့ မျက်ဝန်းလေးနှင့် သက်ဖူးကိုကြည့်သည်။

"သူက ပိုးကိုရော ချစ်ခဲ့ဖူးလား"

ပိုးက စိတ်ပျက်သွားသလို ...

"မချစ်ခဲ့ဖူးပါဘူး"

"သေချာလား"

"ကိုကို ဘယ်လိုဖြစ်နေတာလဲ၊ ကိုကို ပိုးကိုဘာတွေမယုံသင်္ကာဖြစ်နေတာလဲ၊ ပိုး ကိုကို့ကို ဘာမှမလိမ်ညာဖူးဘူး"

"မလိမ်ညာဖူးပေမယ့် ပိုး ကိုယ့်ကိုလျှို့ဝှက်ထားတာတစ်ခုရှိနေတယ်လို့ ကိုယ် ခံစားနေရတယ်"

ပိုးက စကားမဆက်တော့ဘဲ သက်ဖူးရှေ့က ထွက်သွားတော့ဖို့ ချာခနဲလှည့်လိုက်ပါသည်။ တစ်စုံတစ်ရာကို ချက်ချင်းပဲ သတိရမိကာ ပြန်လှည့်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က အလှူက ကိုဝင်းကိုကိုအလှူဆိုတာ ပိုးမပြောဘဲ ကိုကို ဘယ်လိုလုပ်သိတာလဲ"

"………"

"ကိုကို ပိုးကို သံသယတစ်ခုခုနဲ့ လိုက်စုံစမ်းနေတာလား"

"………"

"ကိုကို"

ပိုးအသံလေးက တုန်ယင်လာသည်။

"ကိုကို … ပိုးကို လိုက်စုံစမ်းထောက်လှမ်းနေလား၊ မနေ့ကရော၊ ပိုးနောက်ကို နောက်ရောင်ခံလိုက်ခဲ့တာလား၊ ဘာဖြစ်လို့လဲ ကိုကို၊ ပိုးကို အဲသလောက်တောင် အယုံအကြည်မရှိနိုင်တာလား"

"ပိုးကို ကိုယ်ယုံချင်တယ် ပိုး၊ အဲဒါကြောင့် ပိုးမှာလျှို့ဝှက်ချက်ရှိရင် အဲဒါကို ကိုကို သိခွင့်ရချင်တယ်"

"ကိုကို … ရုတ်တရက် ဘယ်လိုဖြစ်သွားတာလဲ၊ ဒီရက်ပိုင်းလေးအတွင်းမှာမှဖြစ်တာ ပိုး ရိပ်မိတယ်၊ အလွန်ဆုံးတစ်ပတ်ဆယ်ရက်ပဲ၊ အဲဒီအတွင်းမှာ ကိုကို အမူအရာပြောင်းလာတာ၊ ကိုကို ဘာဖြစ်နေလဲ၊ အလုပ်ကိစ္စအဆင်မပြေတာရှိလားလို့တောင် ပိုး မေးမိသေးတယ်၊ အရင်က ကိုကိုက ဒီလိုမှ မဟုတ်တာ၊ အခုမှ ဘာလို့ပြောင်းလဲလာတာလဲ၊ ဒက်ဒီ့ကြောင့်လား"





ပိုး အသံလေးက ကျိတ်ကျိတ် အုပ်အုပ်ကလေး တုန်ခိုက်နေသည်။

"ဒက်ဒီက ဒီစကားထဲ ဘယ်လိုပါလာတာလဲ၊ ဒက်ဒီနဲ့ ဘာဆိုင်လဲ"

"ဒက်ဒီက ပိုးကို အမြဲအပြစ်ရှာတွေ့ချင်တဲ့သူလေ၊ ပိုး သိပါတယ်၊ အမြဲပဲ မျက်လုံးစိမ်းနဲ့ ဒေါက်ထောက်ကြည့်နေတာ ပိုး ခံစားရတယ်၊ အရင်က ကိုကိုက ပိုးဘက်က ကာကွယ်ပြောနေခဲ့တာပါ၊ အခု ကိုကိုကပါ ပိုးကို သံသယမျက်လုံးနဲ့ကြည့်လာတာ၊ ပိုး ဘာလုပ်မိလို့လဲ၊ ပိုးဘာမှားမိလို့လဲ ကိုကို"

"………"

"ကိုကိုတို့သားအဖ ယောကျ်ားသားနှစ်ယောက်ကြားကို ပိုးက ဇနီးအဖြစ် ချွေးမအဖြစ် တစ်ယောက်တည်းဝင်လာရတဲ့ မိသားစုရဲ့တစ်ယောက်တည်းသောမိန်းမပါ၊ ဒီမိန်းမတစ်ယောက်ကို သားအဖနှစ်ယောက်လုံးက မယုံကြည်မလေးစားပဲ အမြဲသံသယနဲ့ ချောင်းမြောင်းနေတော့မှာလား …

ဒက်ဒီ ပိုးကို တစ်ခါတလေ နောက်ယောင်ခံတယ် လိုက်ကြည့်တယ်၊ အဲဒါ ပိုး ရိပ်မိတယ်၊ အံ့လည်းသြတယ်၊ အခု ကိုကိုပါ ပိုးကို နောက်ကလိုက်ချောင်းနေတာလား၊



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ပိုး အိမ်ပြန်ရောက်လာတော့ ကိုကိုတို့သားအဖ မရှိဘူး၊ ဒေါ်ချစ်ကြီးကိုမေးတော့ ဒေါ်ချစ်ကြီးက မျက်စိပျက် မျက်နှာပျက်နဲ့၊ ဘယ်သွားလဲ မသိဘူးတဲ့၊ အတူတူထွက်သွားတာပဲတဲ့ ...

လက်စသတ်တော့ ကိုကိုဂေါ့ဖ်ကွင်းက စောပြန်လာတယ်ဆိုတာ ပိုးနောက်က လိုက်ချောင်းကြည့်ဖို့ပေါ့ ဟုတ်လား၊ ပြန်လာတော့ တစ်ယောက်တကွဲနဲ့၊ ကိုကိုက ကားနဲ့အရင်ပြန်လာတယ်၊ ဂေါ့ဖ်ကွင်းက စောပြန်လာတာလို့ ပြောတယ်၊ ဒက်ဒီက ခဏနေမှ ရောက်လာတယ်၊ အတူတူသွားရက်နဲ့တောင် တကွဲစီပဲသွားသလိုလို သတ်သတ်စီပြန်လာတာ မဟုတ်လား ...

ကိုကိုတို့သားအဖက ဘယ်လိုလဲ၊ မိန်းကလေးတစ်ယောက်တည်းရှိတဲ့ ပိုးကို နှစ်ယောက်ပေါင်းပြီး စုံစမ်းထောက်လှမ်းနေတာလား ... ဟင်၊ ဒက်ဒီ့သံသယတွေ ကိုကို့ကို ကူးစက်လာပြီပေါ့ ဟုတ်လား၊ ခုလိုလုပ်ပုံက ပိုးရဲ့ဂုဏ်သိက္ခာကို လုံးဝမလေးစားရာ မရောက်ပေဘူးလား"

"တိုးတိုးပြောစမ်းပါ ပိုး၊ ဒက်ဒီ ကြားသွားမယ်"

"ကြားပါစေ၊ ဒက်ဒီ့ကိုလည်း မေးမှာပဲ၊ ပိုးကို ဘာတွေ မသင်္ကာဖြစ်နေတာလဲဆိုတာ၊ ဒက်ဒီကတော့ လူကြီးမို့လို့ ပိုးအကြောင်းလည်း သေချာသိမထားလို့ သံသယမကင်း





အစိုးရိမ်ကြီးတာ ထားပါတော့၊ ကိုကိုကပါ ဘယ်လိုဖြစ်ရတာလဲ"

"ဒက်ဒီ့ကြောင့်မဟုတ်ဘူး၊ ဒက်ဒီပြောလို့လည်း မဟုတ်ဘူး၊ ကိုယ့်ရဲ့အပြုအမူတွေ အားလုံးဟာ ကိုယ့်စိတ်နဲ့ကိုယ် ကိုယ့်အတွေးနဲ့ကိုယ်ချည်းပဲ၊ ဒက်ဒီက ကိုယ့်ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ တွန်းထိုးပရက်ရှာပေးခြင်း မရှိဘူး၊ ပေးလည်းပဲ ကိုယ်လက်ခံချင်မှ လက်ခံမှာ၊ ဒက်ဒီ့ကြောင့် လို့ ပိုးမပြောနဲ့"

ပိုးက သက်ဖူးကို စူးစူးရဲရဲလေး စိုက်ကြည့်နေပါသည်။ စိတ်ထဲမှာတော့ ဘယ်လိုပဲဖြေတွေးတွေး ယောကျ်ားဖြစ်သူဟာ အဖေနဲ့မိန်းမကြားမှာ အဖေ့စကားနားယောင်ကာ အောင်သွားပြီလို့ပဲ ခံစားနေရသည်။

သူ ချွေးမအဖြစ် ဒီကိုစရောက်လာကတည်းက မကြည်ဖြူလှဘူးဆိုတာ သိသားပဲ။ သူ့သားကိုပဲ တိုတာလား၊ ပိုးကိုပဲ ကြည့်ရတာလား၊ ဝင်းဘာ စားတာလောက်ကအစ လိုက်ပြီး မျက်စိစပါးမွေး စူးနေတာလေ။

"ဒက်ဒီ"

သက်ဖူးရဲ့အထိတ်တလန့် အသံကြောင့် ကိုယ့်ခံစားချက်နှင့်ကိုယ် နင့်နေသောပိုးက အလန့်တကြား နောက်ဘက်လှည့်ကြည့်လိုက်မိပါသည်။ အပေါ်ထပ်က ဆင်းလာတဲ့ ဦးနေထွန်းညွန့်



www.burmeseclassic.com

www.burmeseclassic.com



ဟာ အောက်ထပ်မရောက်ခင် လှေကားငါးထစ်အမြင့်လောက်မှာ လက်တစ်ဖက်က လက်ရန်းကိုဆုပ်ကိုင် နောက်လက်တစ်ဖက်က ရင်ဘတ်ကိုဖိကာ ခပ်ကုန်းကုန်း အားပြုရပ်နေသည်။

"ဒက်ဒီ"

သက်ဖူးက အပြေးရောက်သွားကာ ဦးနေထွတ်ညွန့်ကို တွဲရင်း ...

"ဒက်ဒီ ထိုင်ချလိုက်၊ ဒီမှာ ခဏထိုင်"

"နေ ... နေ ..."

"သြော် ... ဒက်ဒီကလည်း ထိုင်လိုက်ပါ၊ နေပါတွေ ဘာတွေ လုပ်မနေနဲ့"

ဦးနေထွတ်ညွန့်က လှေကားထစ်မှာပဲ ထိုင်ချလိုက်ပါသည်။ ရင်ဘတ်ထဲက ဆုပ်ဆွဲထားသလို တင်းကျပ်ပြီးနာလာကာ Chest pain ရလာသည်။ အောက်က သက်ဖူးတို့လင်မယားရဲ့ အသံသဲ့သဲ့ကြောင့် ဆင်းလာခဲ့တာ။ လှေကားထိပ်ကတည်းက ဘာကိစ္စကြောင့် ဖြစ်နေမှန်းသိကာ စိတ်လည်းမကောင်းနိုင်ဘဲ ဖျန်ဖြေဖို့ ပိုးကိုနားလည်အောင် ရှင်းပြဖို့ ဆက်ဆင်းလာခဲ့တာပါ။

"ပိုး"

"ကိုကို ...၊ ဟို ... အရင်ဆုံး ငုံဆေးလေး၊ နေ ... နေ ... ပိုး ပြေးတက်ယူလိုက်မယ်"





ပိုးမှာလည်း အလန့်တကြားဖြစ်ကာ အပေါ်ထပ်ကို လွှားခနဲ ပြေးတက်ရပါသည်။ ဒက်ဒီ့ဆေးဘူးထဲက လျှာအောက်ငုံရတဲ့ဆေးပြားကို ကမန်းကတန်း ယူခဲ့ရပါသည်။ ဒုက္ခပါပဲ။ တစ်ခုခုဆိုရင် ပိုးပယောဂပါ ကင်းမှာမဟုတ်။ နှလုံးရောဂါသည် ယောက္ခမကို တိုက်ရိုက်ပြောတာတော့ မဟုတ်ပေမယ့် အပြစ်တင်ဝေဖန်မိတဲ့စကားကို သူ ကြားသွားတာ မဟုတ်လား။

"ဒက်ဒီ ... ဒီဆေး ငုံလိုက်ပါဦး"

"အင်း"

"ဒက်ဒီထ, အောက်ထပ်မှာပဲ ငြိမ်ငြိမ်ကလေး လှဲနေလိုက်ရအောင်နော်"

သက်ဖူးက ဦးနေထွတ်ညွန့်ကို တွဲ၍ သုံးယောက်ထိုင်ဆိုဖာပေါ်ပဲ အလိုက်သင့် လှဲကာတင်ပေးလိုက်ပါသည်။

"သက်ဖူး ... မင်း ... မင်းတို့ ဒီကိစ္စကို အေးအေးချမ်းချမ်း ဖြေရှင်းစေချင်တယ်"

"သြော် ... ဒီအချိန်ကြီးမှာ ဒက်ဒီရယ်၊ ဒါတွေ ဒက်ဒီပူမနေပါနဲ့၊ ကျွန်တော့်ဘာသာ ဖြေရှင်းပါ့မယ်၊ ကိုယ့်ကိုယ်ကိုယ်သာ နေကောင်းအောင်နေပါ"

"ဟုတ်ပါတယ် ဒက်ဒီရယ်၊ ဘာမှအရေးမကြီးပါဘူး"

"ပိုး ... လျှို့ဝှက်ချက်တွေ ဘာတွေဆိုတာ လင်မယားကြားမှာ မထားကောင်းပါဘူး သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ ဘာလို့ဝှက်ချက်မှ မရှိပါဘူး ဒက်ဒီ"

အဲဒီစကားကိုက အသည်းယားစေတာ။ ရှိ ... ရှိတယ်ပေါ့။ နားနဲ့ဆတ်ဆတ်ကို ကြားခဲ့တာပဲဟာ။ စိတ်ပျက်လက်ပျက်သော အတွေးနှင့် သက်ဖူး မျက်နှာက မသာမယာမှုန်တေနေပါသည်။





၁၆

ဦးနေထွတ်ညွန့်ကို ဆရာဝန်ကြီးက အိပ်ရာထဲပဲနေဖို့ ညွှန်ကြားထား၍ အိပ်ရာပေါ်ကမထ Completely bedrest ယူနေရပါသည်။

ပိုးကျောင်းက ခွင့်ယူကာ အိမ်မှာပဲ ဦးနေထွတ်ညွန့်အနား နေပေးနေတာ သုံးရက်ရှိပါပြီ။

"ဒက်ဒီ ... ကျွန်တော် ရုံးသွားပြီ"

သက်ဖူး အခန်းထဲလာ နှုတ်ဆက်လျှင် ဦးနေထွတ်ညွန့်က သူ့အနားရှိနေသောချွေးမကို မသိမသာ ငဲ့ကြည့်မိသည်။ ပိုးက ဖတ်လက်စဆေးစာအုပ်ကိုသာ ဆက်ငုံ့ဖတ်နေသည်။ သူတို့လင်မယား ခပ်တန်းတန်း ဖြစ်နေကြတာ ဟိုတစ်နေ့ကတည်းကပင်။

"အေး ... သား"



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်ကျ ဖုန်းဆက်မယ် ဒက်ဒီ၊ အလုပ်နည်းရင် စောပြန်လာမယ်"

"ဒက်ဒီ နေကောင်းနေပါပြီ သားရဲ့၊ ပိုးကိုတောင် ကျောင်းပြန်တက်တော့လို့ ခုပဲပြောမလို့၊ ခွင့်ယူရတာ များနေပြီ"

သက်ဖူးက ဘာမှမပြောဘဲ လှည့်ထွက်သွားပါတော့သည်။ သားလုပ်သူက စိမ်းတိမ်းတိမ်း လုပ်သွားတော့ ချွေးမကို မျက်နှာပူအားနာကာ သနားမိသည်။ အိမ်ထောင်သက်ဖြင့် တစ်နှစ်လောက်ရှိသေးတာ။ နှစ်ဦးကြား ပဋိပက္ခတွေ မရှိစေချင်။ ခုဟာကလည်း သာမန်ပဋိပက္ခမျိုးမဟုတ်ဘဲ ယုံကြည်မှုနှင့် သက်ဆိုင်သောကိစ္စ ဖြစ်နေတဲ့အခါ နှစ်ဖက်လုံး စိတ်ထဲကသိကအောက် နာကျင်ခံစားရမှာ။

"သမီး"

"ရှင် ... ဒက်ဒီ"

"ကျောင်းတွေလည်း ပျက်လှပြီ၊ သမီး ပုံမှန်ကျောင်းပြန်တက်ပါ၊ ဒက်ဒီက နားနားနေနေ နေ့ရုံပါ၊ နေလို့မကောင်းဖြစ်နေတာမျိုးမရှိတော့ပါဘူး။ တစ်ခုခုဆိုလည်း ဖုန်းဆက်မှာပေါ့၊ သမီး ကျောင်းနဲ့ဆို ဘာမှလဲ ဝေးတာမဟုတ်ဘူးလေ"

"မဟုတ်ဘူး ဒက်ဒီ ... ရပါတယ်၊ ပိုးက စာမေးပွဲဖြေဖို့ Private study လုပ်ဖို့ ခွင့်လည်းယူဖို့ ရည်ရွယ်ထားပြီးသားပါ၊ အခု ဒီတစ်ပတ်ထဲမှာ ကြိုယူလိုက်ပြီး နောက်တစ်ပတ်





ကျ ပြန်တက်မယ်၊ နောက်တစ်ပတ်ကျတော့မှ ခွင့်တစ်ခါ ပြန်ယူလိုက်မယ်လို့ ရည်ရွယ်ထားတာပါ"

"ဒါပေမဲ့ ဒီတစ်ပတ်ထဲလည်း ခုတောင်သုံးရက်ရှိနေပြီ၊ နက်ဖြန် ပြန်တက်တော့၊ ဒက်ဒီ နေကောင်းတယ်"

"ဒီတစ်ပတ်လုံး ယူလိုက်တော့မယ်လေ ဒက်ဒီရဲ့၊ မထူးဘူး၊ ဒက်ဒီလည်း လုံးဝရှင်းရှင်း သက်သာသွားတဲ့အထိလေ"

ဒီချွေးမကလည်း ခေါင်းမာမာနှင့်တော့ ...။ ခေါင်းမာတယ်ဆိုရာမှာ ကလန်ကဆန် မာရေကျောရေလည်းမဟုတ်ဘဲ သူက ဒီလိုလုပ်ဖို့စိစဉ်ထားပြီးရင်ဖြင့် သူ့သဘော သူ့အစီအစဉ်ကို ဘယ်သူပြောပြော ပြောင်းမနေတော့ဘဲ ပြုံးပြုံးလေးနဲ့ပဲရအောင် လုပ်သွားတတ်တာမျိုး။

သူဖြစ်ချင်တာကိုဖြစ်အောင် သူလုပ်ဖို့ဆန္ဒရှိတာကို ရအောင်လုပ်တတ်တဲ့ မိန်းကလေးပင်။ ဒီလိုဗီဇမျိုးနဲ့လူမျိုးက ဆိုးပြီမိုက်ပြီဆိုရင် ကိုင်တွယ်ထိန်းသိမ်းရခက်ရချည်ရဲ့။ ငါ့ချွေးမလေး လိမ္မာပြီး ငါ့သားအပေါ်လည်း ကြင်နာသစ္စာရှိပြီး သူတို့အိမ်ထောင်ရေးလည်း မြဲမြဲပါစေ။

"ဒက်ဒီက သက်သာနေပါပြီကွယ့်"

"ခုလည်း ပိုးက ဒက်ဒီ့နား အလကားစောင့်ပေးနေရတာမဟုတ်ပါဘူး ဒက်ဒီရဲ့၊ စာကျက်နေတာပဲလေ၊ ပိုးအကျိုးရှိပါတယ်"

"အင်း ... အင်း ... ဒါဖြင့်လည်း ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေထွတ်ညွန့်က ချွေးမမျက်နှာ အရိပ်အကဲကြည့်ကာ လည်ချောင်းတစ်ချက်ရှင်းရင်း ...

"အဟင်း ... ဒက်ဒီ စကားတွေပြောနေတာ သမီး စာဖတ်တာတောင် အနှောင့်အယှက် ဖြစ်နေမလားပဲ"

"မဖြစ်ပါဘူး ဒက်ဒီ၊ ပြောစရာရှိတာပြောပါ၊ ရပါတယ်"

"သမီးနဲ့ သက်ဖုး ကြည်ကြည်လင်လင် ရှိရဲ့လား၊ ရန်ဖြစ်သေးလား"

ပိုးမျက်နှာလေးက ညိုသွားရင်း ...

"ရန်တော့မဖြစ်ပါဘူး ဒက်ဒီ"

"သိပ်တော့ မကြည်လင်ကြဘူးလား"

"သူကဖြစ်နေတာပါ၊ ပိုးဘက်က ဘာမှဖြစ်စရာအကြောင်း မရှိပါဘူး၊ ဒါပေမဲ့ ကိုယ့်မှာ တကယ်တမ်း အပြစ်လည်း မရှိဘဲနဲ့ သူက မကြည်မသာ လုပ်နေတာခံရတော့ အောင့်သက်သက် ဖြစ်တာပေါ့"

"သမီး ပိုး၊ သမီးအသိထဲမှာ သမီးမှာ ဘာအပြစ်မှ မရှိဘူးလို့ ကိုယ့်ကိုယ်ကိုယ် သေချာနေပေမယ့် တစ်ဖက်သားကတော့ သမီးကိုယ်တိုင်မှ မဟုတ်တာ၊ ထင်တာ မြင်တာလွဲနေနိုင်တာပေါ့"

"အဲဒါတော့ သမီးလည်း ဘာမှမတတ်နိုင်ဘူးလေ ဒက်ဒီ"





"သမီး တတ်နိုင်တာ ရှိပါတယ်"

"ဘာလဲ ဒက်ဒီ၊ သမီး မသိဘူး"

"ဘာမဆို ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်စင်းစင်းရှိဖို့ပါ၊ သမီးကို မဖြောင့်စင်းဘူး ပြောနေတာ မဟုတ်ဘူး၊ ကျေကောက်တယ်ပြောနေတာ မဟုတ်ဘူးနော်၊ လင်မယားကြားမှာ လျှို့ဝှက်ထားတာ ရှိနေတာဟာ သေးသေးလေးလည်း ပြဿနာပဲ၊ ကြီးကြီးလည်း ပြဿနာပဲ သမီး"

ပိုးက ခေါင်းလေးငုံ့နေရာမှ ...

"သမီးနဲ့ပတ်သက်တဲ့ လျှို့ဝှက်မှု ဘာမှမရှိပါဘူး ဒက်ဒီ"

"ဒါဖြင့် ဘယ်သူနဲ့ပတ်သက်တဲ့ လျှို့ဝှက်မှုရှိလဲ"

"........."

ပိုးက မျက်ရည်ရစ်လည်လာကာ ...

"သမီးတစ်သက်မှာ ရည်းစားရယ်လို့လည်း ကိုကို့တစ်ယောက်ပဲ ထားခဲ့ ချစ်ခဲ့ဖူးတာပါ၊ သမီးက အဲဒီလိုပြောထားပြီဆိုရင် အဲဒါကို ကိုကိုလေးလေးစားစား ယုံကြည်ပေးစေချင်တယ်၊ အဲသလို ပြောထားရက်နဲ့ မယုံကြည်ဘဲ စိတ်ထင့်စရာလေးရှိတာနဲ့ ချောင်းမြောင်းနောက်ယောင်ခံဆိုတာမျိုးတွေ လုပ်တာက သမီးကို ... သမီးသိက္ခာကို စော်ကားတာလို့ သမီးကမြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးနေထွတ်ညွန့်က သက်ပြင်းတစ်ချက်ချရင်း ...

"အင်း ... ဒီနေ့ ဒက်ဒီတို့ စကားရှင်းရှင်းပြောကြစို့"

"ရှင်"

"ဒက်ဒီလည်း ပြောစရာရှိတာလေးတွေ ပြောပြမယ်၊ သမီးကလည်း ပြောစရာရှိတာလေးတွေပြောပြ၊ ဒီလို အပြန်အလှန် စကားရှင်းရှင်းပြောဖြစ်တာနဲ့ ရင်းနှီးမှု ယုံကြည်မှုကို တည်ဆောက်ကြရအောင်"

"........."

"သမီးစကားထဲမှာ ဒက်ဒီပါ အကျုံးဝင်သွားတယ်"

"သမီး ... ပိုး ဒက်ဒီ့ကို ဘာမှရည်ရွယ်မပြောပါဘူး"

"ဒါပေမဲ့ ဒက်ဒီလည်း သမီးကို စောင့်ကြည့်လိုက်ကြည့်မိတဲ့အပြစ်ထဲ ပါနေတယ်၊ သမီးရိပ်မိတာကိုလည်း ဟိုတစ်နေ့ကပဲ ဒက်ဒီ ကြားရတယ်"

"ဒါဆို ဒက်ဒီ တကယ်ပဲ ပိုးကို နောက်ယောင်ခံပြီး လိုက်လိုက်ကြည့်နေကျပေါ့နော် ဒက်ဒီ"

ပိုးက အသံလေးတုန်ကာ မျက်ရည်တွေ ဝဲလာသည်။

"မငိုပါနဲ့ သမီး၊ အမြဲလည်း လုပ်နေတာမဟုတ်ပါဘူး၊ တစ်ခါတစ်ရံစိတ်ထဲ ထင့်သလိုရှိမိရင် သံသယဝင်သလိုရှိမိရင် လိုက်ကြည့်မိပါတယ်၊ ဒါကလည်း မဟုတ်တာလုပ်နေပြီဆိုပြီး အမိဖမ်းဖို့သက်သက် မဟုတ်ပါဘူး၊ ကိုယ့်





သံသယမဟုတ်မမှန်ပါဘူးလို့ မျက်ဝါးထင်ထင်တွေ့ရပါစေဆိုတဲ့ဆန္ဒက အများကြီးပါပါတယ်"

"ဘာကြောင့်များ ... ဒက်ဒီ ပိုးကို သံသယတွေ စ,ဝင်ခဲ့တာလဲဟင်"

"သမီးအစ်ကိုနဲ့သမီး ဝင်းကိုကိုအကြောင်း ဖုန်းပြောနေတာကို ဒက်ဒီ့နားနဲ့ ကြားလိုက်လို့ပဲ၊ ကိုယ်ကြားတာကတစ်မျိုး၊ ဒါပေမဲ့ အဲဒီအချိန်မှာ သက်ဖူးက သမီးကို လှမ်းခေါ်လိုက်တော့ သမီးက သူငယ်ချင်းရဲ့ဖုန်းဆိုပြီး လွှဲပြောလိုက်တာ ဒက်ဒီ အားလုံးကြားလိုက်တာကိုး"

"ဒက်ဒီ ... ဟုတ်ပါတယ်၊ ပိုး လိမ်ပြောမိတယ်၊ ဘာလို့လဲဆိုတော့ ပိုးအမှား ပိုးအပြစ်ကြောင့် မဟုတ်ပါဘူး၊ မဖြေရှင်းချင်လို့ပါ"

"အဲလိုပဲ ဖြစ်နိုင်တာလည်း တွက်မိပါတယ်၊ ဒါပေမဲ့ သမီး ဖြေရှင်းရမှာပဲ၊ မဖြေရှင်းချင်လည်း ဖြေရှင်းရမယ်၊ ဖုံးကွယ်ထားတာ လမ်းမမှန်ဘူး၊ ဒက်ဒီ့လို ဘေးလူအနေနဲ့ ဒီလို သမီးပြောင်းပြန်လှန် ပြောလိုက်တာ ကြားရတဲ့အချိန်မှာ သူ့ အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပါလေဆိုပြီး ပေါ့ပေါ့တန်တန် မထားလိုက်နိုင်ဘူးလေ သမီး၊ ပေါ့စတစ်ဖ်ကိုရော နက်ဂတစ်ဖ်ကိုရော နှစ်မျိုးစလုံးကို ထည့်စဉ်းစားထားရမှာပဲ၊ သမီး နားလည်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ၊ ပိုး နားလည်ပါတယ်"

"ဒက်ဒီ့ကိုလည်း သံသယကြီးလွန်းလိုက်တာ လူတစ်ယောက်အပေါ် မယုံသင်္ကာရှိနိုင်လိုက်တာလို့ သမီး မယူဆစေချင်ဘူး၊ နဂိုမူရင်းစိတ်က ဒက်ဒီက သံသယသတွေများ တတ်တဲ့စရိုက် မဟုတ်ပါဘူး သမီး။ ဒါပေမဲ့ ဒက်ဒီ့ဘဝ အတွေ့အကြုံက သံသယဝင်တတ်အောင် ဒက်ဒီ့ကိုပြောင်းလဲပစ်ခဲ့တာ"

ပိုးက ဦးနေထွတ်ညွန့်ကို ငေးကြည့်နေမိပါသည်။

"သက်ဖူး မာမီနဲ့ ..."

ဦးနေထွတ်ညွန့်က စကားကို ခဏရပ်လိုက်ပါသည်။ မေသက်တင်ကို နာမည်ဖြစ်စေ သက်ဖူးအမေအဖြစ်,ဖြစ်စေရည်ညွှန်း၍ သူ့စကားထဲ တစ်လုံးမှ ထည့်မပြောခဲ့တာ နှစ်ပေါင်း ဘယ်လောက်တောင်ရှိပြီမသိ။ သူ့ပါးစပ်ကပြောဖို့မဆိုထားနှင့် သူများပြောတာကိုတောင် နားနှင့် နားမထောင်ချင်ပါ။

"ဒက်ဒီ ... ဒက်ဒီ့အတွက် ခက်ခဲရင် အပန်းကြီးရင် မပြောပါနဲ့၊ ဒက်ဒီ စိတ်မကောင်းဖြစ်ပြီး နေမကောင်းဖြစ်လာမှာ စိုးပါတယ်၊ ပိုး သဘောပေါက်ပါတယ် ဒက်ဒီ၊ ဒက်ဒီ့အတွေ့အကြုံအရ ဒက်ဒီ ဒီလိုသံသယဝင်တတ်လာတယ်ဆိုရင် ပိုး နားလည်ပါတယ်"





"ဒက်ဒီ တစ်ခါမှ ပြန်မပြောဘူး သမီး၊ ဒီအဖြစ်အပျက်က ဒက်ဒီ့ကိုရော သက်ဖူးကိုရော အများကြီးထိခိုက်စေခဲ့တယ်၊ သက်ဖူးလည်း သမီးကို ပြောပြဖူးမယ် မထင်ဘူး"

"ဟုတ်ကဲ့ ... ဒက်ဒီနဲ့ သူ့မာမီ သူဆယ်နှစ်သားလောက်က ကွဲသွားကြတယ်လို့ပဲ ပိုးသိထားပါတယ်"

"တကယ်တော့ ပြောမယ်ဆိုရင် ဒါလည်း သက်ဖူးဘက်က သမီးကို အကုန်အစင် ပြောပြမထားခဲ့ဘူးဆိုတာ လျှို့ဝှက်ထားသလို ဖုံးဖိထားသလို သဘောမျိုးပဲဖြစ်နေတယ်၊ ဒါကြောင့် ဒက်ဒီ အခု သမီးကိုပြောပြမှာပါ၊ ဘယ်သူ့ဘက်မှာမှ လျှို့ဝှက်ချက်ရှိတာ မကောင်းဘူး၊ တတ်နိုင်ရင် လက်ထပ်ကြမယ်လို့ ရည်ရွယ်တဲ့ ချစ်သူနှစ်ယောက်ဟာ သူ့ဘက် ကိုယ့်ဘက် အကောင်းအဆိုး အသာအနာ အားလုံးကို အသိပေးထားသင့်တယ် ...

ကောင်းတာတွေပဲ အသိပေးထားပြီး အပြစ်အနာအဆာတွေကို ဖွင့်မပြောဘဲ မြှုပ်ထားတယ်ဆိုတာ မကောင်းဘူး၊ ဒီနောက်ကြောင်း ဒီအပြစ်အနာအဆာကို တစ်ဖက်က ခွင့်မလွှတ်နိုင်ဘူး၊ မပတ်သက်နိုင်ဘူးဆိုရင် စောစောစီးစီး ဆုံးဖြတ်လို့ရနိုင်တာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"သက်ဖူးမာမီက အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်သွားတာ"

"ရှင် ... ဩော်"

"ဟုတ်တယ်၊ ရိုးရိုးသားသား စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကွဲခဲ့ကြရတာ မဟုတ်ဘူး၊ သူ ဖောက်ပြန်သွားလို့ ကွဲရတာ"

"........."

ပိုး ဘာပြောရမှန်း မသိအောင် နှုတ်ဆွံ့နေမိသည်။

"ဒက်ဒီက အချိန်တွေအကြာကြီး သဘောပေါ်မှာ နေရတယ်၊ ဒီမှာ ဇနီးက လွတ်လွတ်လပ်လပ် ဖြစ်နေတယ်၊ သက်ဖူးအမေက သိပ်လှတယ်၊ မြင်ရတဲ့လူတိုင်း ငေးကြည့်ရလောက်အောင်လှတယ်၊ သမီးလိုပဲ လှကြောင်းမချီးမွမ်းဘဲ မနေနိုင်လောက်အောင်လှတယ် ...

သက်ဖူး မိန်းမယူတော့မယ်ဆိုတော့ သူ့မိန်းမ မလှပါစေနဲ့လို့ ဒက်ဒီက ဆုတောင်းတယ်၊ မပြည့်ဘူး၊ သမီးကလည်း ပြောစမှတ်ပြုရလောက်အောင်ချောတဲ့ လှတဲ့ မိန်းကလေးပဲ ဖြစ်နေတယ်၊ လှတဲ့မိန်းမအားလုံးကို ဖောက်ပြန်မယ်လို့ သိမ်းကျုံးပြောတာ မဟုတ်ပါဘူး၊ လှပတော့ လူကြိုက်များတယ်၊ အဲဒီလူတွေရဲ့ ချဉ်းကပ်ဆွဲဆောင်မှုကို စိတ်ဓာတ်မခိုင်မာရင် ရှန်းမထွက်နိုင်ဘဲ ပျော့ပါသွားမိနိုင်တယ် မဟုတ်လား ...





သက်ဖူးအမေကြောင့် မိန်းမတွေကို တော်ရုံတန်ရုံ စိတ်မချတော့ဘူး၊ ဘယ်လိုမှ မထင်မိဘဲ ပိပိရိရိဖုံးဖိပတ်သက်နေကြပြီးမှ ဘွားခနဲ သိလိုက်ရတာ၊ ဒက်ဒီအရမ်းအထိနာခဲ့တယ်၊ လူသတ်မှုမဖြစ်တာ ကံကောင်း၊ ရှက်တယ် နာကြည်းတယ်၊ ဒေါသဖြစ်တယ်၊ ဝမ်းနည်းတယ်၊ ခံပြင်းတယ်၊ ပတ်ဝန်းကျင်မှာလည်း မျက်နှာမဖော်ရဲအောင်ပဲ"

"မျက်နှာမဖော်ရဲရမှာက အပြစ်ကျူးလွန်သူပါ ဒက်ဒီရယ်"

"မှန်တယ် ... သိတယ်၊ ဒါပေမဲ့ ကိုယ်က အပြစ်ရှိသူမှ မဟုတ်တာဆိုပြီး မျက်နှာပြောင်ပြောင်နဲ့မနေနိုင်ဘူး သမီး၊ ကိုယ့်အတွက် ကိုယ့်မာနကြောင့်လည်း ပါမှာပေါ့၊ စိတ်ဓာတ်တွေပါ စုတ်ပြတ်သတ်ကုန်တာ ဒီသားတစ်ယောက်အတွက် မနည်းပြန်ပြီး ဆောက်တည်ထူမတ်ခဲ့ရတယ်"

"ဒက်ဒီ ... ဒက်ဒီ့ခံစားချက်ကို ပိုး နားလည်ပါပြီ၊ ဒက်ဒီ သံသယနဲ့ကြည့်မိ တွေးမိတာ ခိုင်လုံတဲ့အကြောင်းပြချက်ရှိတာပဲ၊ ပိုး ဘယ်လိုမှမနေတော့ပါဘူး၊ တော်ပါတော့နော်၊ ဒက်ဒီ စိတ်လှုပ်ရှား စိတ်ထိခိုက်ပြီး နေမကောင်းဖြစ်မှာ စိုးလို့ပါ"

"အင်းလေ ... ပြောစရာကလည်း ဒါပါပဲ၊ ဒီအကြောင်းတွေကို တကယ်ဆို သက်ဖူးလည်းပဲ လက်မထပ်ခင်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက ကြိုအသိပေးသင့်တာပဲ၊ ဒါပေမဲ့ သမီးကို သူကြို မပြောဘူး၊ ခုထိ ဖုံးထားတယ်၊ ဒါလည်း မကောင်းဘူး၊ အဲဒီလိုပဲ သမီးလည်း ကိုယ်မှအပြစ်မရှိဘဲ ကိုယ့်အမှားမှ မရှိဘဲဆိုပြီး ဖုံးကွယ်မထားစေချင်ဘူး၊ အသိပေးစရာရှိတာ ပေးထားလိုက်ရင် ကိုယ်လည်း စိတ်လုံလုံခြုံခြုံနေလို့ရတယ် သမီး"

"ဟုတ်ပါတယ် ဒက်ဒီ"

ပိုးက လက်လေးနှစ်ဖက်ကို အချင်းချင်း ဆုပ်နယ် ပွတ်သပ်ကာ ...

"ဟိုလေ ... ကိုဝင်းကိုကိုနဲ့ ကိစ္စကလည်း ပိုးနဲ့ဘာမှပတ်သက်မှု မရှိပါဘူး၊ ဟို ... ဟို ... ကိုကိုကြီး ..."

"တီတီ ... တီတီ ... တီတီ"

ရုတ်တရက် ဖုန်းခေါ်သံ မြည်လာတာမို့ ပိုးက သူ့ဖုန်းလေးကို စားပွဲပေါ် တင်ထားရာမှ လှမ်းယူလိုက်ကာ ...

"ဟယ်လို"

"ညီမလေး"

"ဟင် ... ကိုကိုကြီးလား"

"ညီမလေး ... အခု ဆေးရုံကြီး အရေးပေါ်ကို ချက်ချင်းလိုက်ခဲ့ပါ"

"ဟင် ... ဘာဖြစ်လို့လဲဟင် ကိုကိုကြီး"





"ငါ ... ငါနဲ့ ဝင်းကိုကို ကားအက်ဆီးဒင့်ဖြစ်လို့၊ ဝင်း ... ဝင်းကိုအသက်မရှင်ပါမလားတောင် မသိဘူး၊ လုပ်ပါဦးဟာ ကယ်ပါဦး။ ငါ ... ငါလည်း ဒဏ်ရာတွေနဲ့ပဲ"

"ရှင် ... ကိုကိုကြီး ဘာဖြစ်သွားလဲ"

"မသိသေးဘူး၊ အကွဲအပြဲဒဏ်ရာတွေ ရှိပေမယ့် ငါဘာမှ မဖြစ်လောက်ဘူး၊ ဝင်းကိုက လုံးဝသတိမလည်တာ လာကူညီပါဦးဟာ၊ ငါလည်း ဘာမှဆေးရုံကိစ္စ နားမလည်ဘူး၊ နင် လာမှဖြစ်မယ် ညီမလေး ချက်ချင်း ..."

"ကိုဝင်းကိုကိုက ဘာဖြစ်သွားတာလဲ"

"ငါမသိတော့ဘူး၊ နင် ချက်ချင်းသာ လာခဲ့ပါဟ"

တစ်ဖက်က မင်းဝဏ္ဏဦး အသံက ကတုန်ကယင် ဖြစ်ကာ ငိုသံတောင် ပါနေပါပြီ၊ ပိုးသည် သစ်သီးဗန်းသယ်ကာ ဝင်လာသော ဒေါ်ချစ်ကြီးကို လှမ်းကြည့်ကာ ...

"ဒေါ်ချစ်ကြီး ဒက်ဒီ့နား ခဏစောင့်ပေးစမ်းပါနော်၊ ပိုး ... ဟို ... ဆေးရုံကြီးအရေးပေါ်ကို လူနာသတင်းမေးလေး ခဏပြေးလိုက်ချင်လို့"

"သမီး ... ဘယ်သူဘာဖြစ်လဲ၊ မောင်ဝဏ္ဏ ဘာဖြစ်လဲ၊ ဝင်းကိုကိုလည်း ပါလား"

"ဘာမှမဟုတ်ပါဘူး ဒက်ဒီ၊ ကိုကိုကြီး သိပ်နေမကောင်းလို့ လူနာသတင်းမေးရုံလေး ခဏသွားလိုက်မလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါ ဖောက်ထားတဲ့ ယောက္ခမကို သွေးရဲရဲ သံရဲရဲကိစ္စတွေလည်း အသိမပေးချင်၊ လိုက်ကိုလိုက်သွားပေးမှ လည်း ဖြစ်မှာကိုသိကာ ပိုးက ကပေါက်တိကပေါက်ချာ ပါးစပ် ထဲတွေ့ကရာပြောရင်း ဒီအခန်းထဲမှ တစ်ရှိန်ထိုး ပြေးထွက်ခဲ့ပါသည်။





သက်ဖူးက ကားကို ပေါ်တီကိုအောက် ရပ်လိုက်သည်နှင့် တံခါးလာဖွင့်သော ဒေါ်ချစ်ကြီးကိုလှမ်းကာ ...

"ဒေါ်ချစ်ကြီး ဂိုဒေါင်မှာ ဒက်ဒီ့ကား မရှိပါလား၊ ဒက်ဒီ ဘာဖြစ်လဲ၊ ဘယ်သွားကြတာလဲ"

"ဆရာကြီး ဘာမှမဖြစ်ဘူး၊ နေကောင်းပါတယ်၊ ဆရာကြီး အိမ်မှာပါ"

"ဒက်ဒီက အိမ်မှာဆိုတော့ ပိုးက ဒက်ဒီ့ကား မောင့်ဘဲ ဘယ်သွားတာလဲ"

"ဟို ... ဆေးရုံကြီးဆိုလားပဲ မောင်သက်ဖူးရယ်၊ အရေးပေါ်လို့လည်း ကြားလိုက်တယ်"

"ဆေးရုံကြီးအရေးပေါ် ! ဘယ်သူ ဘာဖြစ်လို့လဲ"

"ဖုန်းဆက်တာတော့ ပိုးကိုကိုကြီးပဲ၊ ဘာဖြစ်တယ်တော့ ဒေါ်ကြီးလည်း မသိဘူး၊ ကိုဝင်းကိုကိုလည်း ပါတယ်လို့ ကြားလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သက်ဖူးက တစ်ကိုယ်လုံး တဖျဉ်းဖျဉ်းနေအောင် တောင့်တင်းသွားပါသည်။ ဆေးရုံကြီး အရေးပေါ်။ ကိုကိုကြီး ... ဝင်းကိုကို။ ဝင်းကိုကို တစ်ခုခုဖြစ်ပြီထင်သည်။ ဖုန်းဆက်သူက ကိုဝဏ္ဏဆိုတော့ သူ တစ်ခုခုဖြစ်တာ မဖြစ်နိုင်။ ဝင်းကိုကိုသာ ဖြစ်တာ ဖြစ်လိမ့်မည်။

"မောင်သက်ဖူး ... တစ်ခုခု ပြန်ယူတာလား၊ အိမ်ပြန်လာ တာလား"

"ကျွန်တော် ပြန်လာတာ၊ ဒါပေမဲ့ အခု အရေးပေါ်ကို ကျွန်တော်ပါ လိုက်သွားလိုက်ဦးမယ်"

သက်ဖူးက ကားကိုစက်ပြန်နှိုးလိုက်ပါသည်။ ဒီနေ့ ရုံးမှာဆောင်ရွက်ရမည့် အလုပ်ကိစ္စက စာရွက်စာတမ်း မပြည့်စုံ သေးတဲ့အတွက် ဒီနေ့ ဘာမှအလုပ်ဆက်လုပ်လို့ မရတဲ့တူတူ နက်ဖြန်မှ ဒီကိစ္စကို ဆောင်ရွက်တော့မည်ဟု စဉ်းစားကာ ရုံးမှာ ပုံမှန်လုပ်နေကျ အလုပ်တချို့သာ ပေးခဲ့လျက် သူကတော့ အိမ် အပြီးပြန်လာလိုက်တော့တာပါ။

လမ်းမှာ စိတ်ကောင်းဝင်ပြီး ပိုးကြိုက်တတ်တဲ့ ဖက်ထုပ်ကြော် ဝင်ဝယ်ခဲ့သေးသည်။ အိမ်ကျ မိသားစုသုံးယောက် အတူတူစားရအောင်ဆိုပြီး ခပ်မြန်မြန် ပြန်လာခဲ့တာပါ။ ဖက်ထုပ် ဘူးကို ဒေါ်ချစ်ကြီးထံ လှမ်းပေးပြီး ကားကိုတရကြမ်းပြန်မောင်း





ထွက်လာခဲ့သော သက်ဖူးသည် ရင်တွေလည်း တဒိတ်ဒိတ်ခုန်နေ သည်။

လမ်းမှာ လမ်းကြောမှားယူမိတာ၊ ကားချင်းတိုးမိ မလိုဖြစ်တာ၊ မီးဝါဖြတ်မိမတတ် ဖြစ်ခဲ့တာတွေ အကြိမ်ကြိမ်နှင့် ဆေးရုံကြီးအရေးပေါ်ဌာနရှိရာဘက် သက်ဖူး ရောက်လာခဲ့ပါသည်။ ဒီတစ်ခါတော့ ပိုးနဲ့ဝင်းကိုကို့ကို မျက်ဝါးထင်ထင်တွေ့ရတော့မှာ သေချာတာပဲ။ ဘာဆိုတာ အတိအလင်း သိရအောင် ဒီနေ့တော့ အဆုံးထိလိုက်မည်။

အရေးပေါ်ဌာနထဲ ဝင်လာခဲ့သော သက်ဖူးသည် ဘယ်နေရာမှာ ဘာမေးလို့မေးရမယ်မသိ။ ဘယ်သူ ဘာဖြစ်တာ လဲမှ မသိတာ။ တာဝန်ရှိတဲ့ ဝန်ထမ်းအမျိုးသမီးတစ်ဦးထံ ချဉ်း ကပ်လိုက်ကာ ...

"ဒီမှာခင်ဗျ၊ ကိုမင်းဝဏ္ဏဦးတို့ ကိုဝင်းကိုကိုတို့ အရေးပေါ် ရောက်လာကြတယ် ကြားလို့ပါ၊ ဘယ်မှာများ မေးရမလဲ မသိဘူး"

သူ့ကိုးလိုးကန့်လန့် ခွကျကျမေးခွန်းကို အမျိုးသမီး က စိတ်ရှုပ်ပုံနှင့် ...

"မေးရမှာက ဒီမှာပဲ မေးလို့ရပါတယ်၊ သူတို့ကဘာဖြစ် တာလဲ၊ ဘာဖြစ်လို့ အရေးပေါ်ရောက်တာလဲ"

"မသိဘူး ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘဲ ကျွန်မက ဘယ်လိုပြောပေးရမလဲ၊ ခုလောလော ဆယ် ကားအက်ဆစ်ဒဲန့်က နှစ်အုပ်စု၊ တစ်ခုကလိုင်းကား လူနာတွေက ရှစ်ယောက်တောင်၊ နောက်တစ်ခုက အိမ် ကားချင်းတိုက်တာ၊ အဲဒါလည်း ဟိုဘက်နှစ်ယောက် ဒီ ဘက်နှစ်ယောက်၊ နောက်ပြီး အပ္ပလောင်ပြီး ရောက်လာတဲ့ ကလေး"

"ဟို ... အိမ်ကားချင်းတိုက်တဲ့ လူနာထဲမှာ ကြည့်ပေးပါ လား ခင်ဗျာ"

"ဟိုဘက်ကိုသွားပြီး ဘယ်ချိုးလိုက်၊ အဲဒီနားမှာ စုံစမ်း လိုက်ပါ"

သူလည်းမပြောနိုင်ဘဲနဲ့များ မေးမြန်းနေသေးတယ်။ သက်ဖူးက ညွှန်ရာဘက် လျှောက်လာခဲ့ပါသည်။ မမေးလိုက်ရပါ။ ဘယ်ချိုးလိုက်တာနှင့် ခုံတန်းဟောင်းလေးတစ်ခုမှာ မျက်စိမျက်နှာ မသာမယာနှင့် လက်ပိုက်ပြီး ငိုင်မှိုင်မှိုင်ကလေး ထိုင်နေသော ပိုးကို တွေ့လိုက်ရပါသည်။

ပိုး ပုံစံလေးမှာ စိတ်မကောင်းခြင်း စိတ်ရှုပ်ခြင်းတွေ ရောယှက်နေသည်။

"ပိုး"

"ဟင် ... ကိုကို"

ပိုးမျက်နှာလေးက ပျက်ထွက်သွားပါသည်။





"ပိုး ... ကိုဝဏ္ဏ ဘာဖြစ်လဲ"

"ကို ... ကိုကိုကြီးကတော့ ဒဏ်ရာနည်းနည်းရရုံပါပဲ ကိုကို၊ ဟို .... ကို ... ကိုဝင်းကိုကိုကတော့ ဆုံးသွားပြီ"

"ဟာ"

သက်ဖူးက ဒီလိုကြားရတာတော့ စိတ်မကောင်းဖြစ် သွားမိကာ ခန်းဆီးလေးတွေချထားတဲ့ အရေးပေါ်ခန်း အကန့် လေးတွေဆီ လှမ်းကြည့်လိုက်မိသည်။ တစ်ဝက်မဟတဟရှိနေတဲ့ ခန်းဆီးလေးရဲ့အတွင်းတစ်ခန်းမှာတော့ သံခုတင်ပေါ်က ဝင်းကိုကို ရုပ်အလောင်းကို ဖက်တွယ်ကာ မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေတဲ့ မင်းဝဏ္ဏဦးကို စိတ်မချမ်းမြေ့ဖွယ်ရာ လှမ်းမြင်နေ ရပါသည်။

ကိုယ်လုပ်ဆောင်ကူညီစရာလည်း မရှိတာမို့ သက်ဖူး က ငိုင်ငိုင်လေး ထိုင်နေတဲ့ ပိုးနံဘေး ဝင်ထိုင်ချလိုက်ပါသည်။ မြင်ကွင်းကိုပဲလှမ်းပြီး ငေးစိုက်ကြည့်နေမိကာ သူ့စိတ်ထဲတစ်မျိုး ကြီး ဖြစ်လာပါသည်။ ပိုးထံက သက်ပြင်းချသံ အရှည်ကြီးတစ် ချက် ထွက်လာရင်း ...

"ကိုကို ... ကိုကိုကြီးက ဂေးတစ်ယောက်ပါ၊ ကိုဝင်းကိုကို လည်း တူတူပဲ၊ အဲဒါကို ပိုး လူတွေသိမှာရှက်လို့ အမြဲ ဖုံးဖိခဲ့တယ်၊ ကိုကို့ကိုလည်း မပြောခဲ့ဘူး၊ အဲဒါကို ကိုကို သိသွားနိုင်စေတဲ့ အခြေအနေမျိုး ပိုးမပေးချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ပိုးရယ်၊ ဒါများဘာဖြစ်မှာမို့လဲကွယ်"

သက်ဖူးက အံ့အားတသင့် ညည်းပြော ပြောမိကာ ပိုးပခုံးလေးတစ်ဖက်ကို လှမ်းဖက်ထားလိုက်မိပါသည်။





## ၁၇

"ဒက်ဒီ"

"ပြော ... သမီး၊ ဘယ်သွားကြမလို့လဲ ဒါက"

"ဘာမဆို ဖြောင့်ဖြောင့်ရှင်းရှင်း ပွင့်ပွင့်လင်းလင်း အသိပေးတာ အကောင်းဆုံးပဲ မဟုတ်လား ဒက်ဒီ၊ အရင်က ခိုးလုပ်ခဲ့ဖူးပြီးပေမယ့် ဒီနေ့တော့ ဒက်ဒီ့ကို အသိပေးပြီးမှ သွားမယ်လို့ ကိုကို့ကို ပိုးက ပြောနေတာ"

"ဘာများလဲ သမီးရဲ့"

"ဒက်ဒီ ... မာမီ မန္တလေးက မနေ့က ပြန်ရောက်လာပြီ၊ နက်ဖြန်ပြန်တော့မှာလေ၊ အဲဒါ ဒီနေ့ ကိုကိုနဲ့ပိုးက မာမီကို ဒင်နာလိုက်ကျွေးမလို့ပါ"

ဦးနေထွတ်ညွန့် မျက်နှာကြီးက ခပ်ညိုညိုဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက မပြောဘဲသွားမယ် လုပ်နေတာ၊ ပိုးကပြောချင်
တယ်၊ ခွင့်တောင်းချင်တယ်၊ ဒက်ဒီ ခွင့်ပြုပါ"

အင်း ... ဘယ်လိုချွေးမပါလိမ့်။ ဖွတ်ပဲ။ မပြောဘဲ ကိုယ့်ဟာနဲ့ကိုယ် ထွက်သွားကြရောပေါ့။ တကယ်ပါပဲ။ ဦးနေထွတ်ညွန့်သည် သူ့ကိုယ်သူ ခေါင်းညိတ်လိုက်လား သွား ... သွားလို့ပဲ ပါးစပ်က ခွင့်ပြုမိသလား ဘာလုပ်မိတယ်တောင် ဂရုမပြုမိပါ။ ချွေးမနဲ့သား ထွက်သွားလျှင်တော့ သက်ပြင်းတစ်ချက်နှင့် ခေါင်းတညိတ်ညိတ် ကျန်ခဲ့မိပါသည်။

ဒီချစ်စရာချွေးမချောလေးနှင့် သားရဲ့အိမ်ထောင်ရေး အရိုးမြေကျအထိ သာယာပါစေကြောင်းလည်း ဆန္ဒပြုမိပါသေးသည်။

❣ ✦ ❣

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com